တက္ကသိုလ်

# နေလင်းအောင်

## ဓားဘုရင်၏အတ္ထုပ္ပတ္တိ



## အခန်း (၁)
## ခုနစ်ဂိုဏ်း အဖွဲ့အစည်း

လီကျွန်းကျန်သည်ထူးခြားသောမိန်းကလေးဖြစ်သည့်အတိုင်း အလွန်တရာ လှပသူလည်း ဖြစ်ပါသည်။

စားသောက်ဆိုင်ထဲသို့ နောက်ဆုံးမှ ရောက်ရှိလာသော လီကျွန်းကျန်သည် ဖက်ဖူးရောင် သိုင်းဝတ်စုံကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်လာသဖြင့်သူမ၏ ကိုယ်လုံးအလှကို ပုရိသ မှန်သမျှ ငေးကြည့်ရလောက်အောင် ကျော့ရှင်း လှပနေတော့သည်။

သူမ၏ မျက်နှာလေးမှာ ပွင့်သစ်စ ပန်းကလေးနှယ် နုပျို့လှပနေပြီး ဖြူစင်သော အသားအရည်ကလည်း ဖက်ဖူးရောင်ဝတ်စုံဖြင့် လွန်စွာ ပန်တင့်နေလေ၏။

သူမ၏ ကာယအလှကို အထူးပေါ်လွင်စေသည်မှာ ဖက်ဖူးရောင်ဝတ်စုံပင် ဖြစ်သည်။ သိုင်းဒေဝီ၊ သိုင်းကေရီများသည် သူတို့၏ သိုင်းဝတ်စုံများကို လှုပ်ရှားရလွယ်ကူအောင် ပွပွရွရွ ချောင်ချောင်ချိချို

ဝတ်ဆင်လေ့ ရှိကြ၏။ ထို့ကြောင့် သူတို့၏ ကာယအလှများမှာ ပေါ်လွင်သင့်သလောက် မပေါ်လွင်ဘဲ ရှိတတ်ကြသည်။ ယခု လိကျွန်းကျွန်က သူမ၏ အမို့အမောက် အရှိက်အဝန်းများနှင့် လိုက်လျောညီညွတ်စွာ ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသောအခါ လက်ရွေးစင် စားသမားအားလုံးပင် သူမကို ငေးကြည့်ရလောက်အောင် ဖြစ်လာတော့သည်။

သို့သော် လိကျွန်းကျွန်ကတော့ ဘာမျှ ဂရုမစိုက်ပါ။ သူမသည် ဝါမေတောင်၌ ရှိသော်လည်း အမှားအယွင်း မရှိအောင် သတိထားနေလေ့ ရှိသော်လည်း ဝါမေတောင်မှလွတ်သည့် နေရာသို့ ရောက်လျှင် သူမ၏ စိတ်ကို ထိုက်သင့်သမျှတော့ လွတ်ပေးလေ့ရှိပါသည်။ ထို့ကြောင့် ယခုဝတ်လာသည့် အဝတ်အစားအတွက် သူမ စိတ်ထဲဘာမှ အနှောင့်အယှက် ဖြစ်မနေပါ။ ရှိုးတိုးရှန့်တန့် ဖြစ်မနေပါ။

မြောင်ရင်း သီလရှင်ကြီးသည် သိုင်းလောကအတွင်း ကျင်လည်ရာတွင် မည်မျှ ပရိယာယ် ဝေဝုဒ် ပြည့်စုံရသည်ကို နားလည်သဘောပေါက်၏။ ထို့ကြောင့်လည်း လိကျွန်းကျွန်သည် ဝါမေဂိုဏ်းကို ဝတ်စုံတစ်ခုသော အတိုင်းအတာအထိ ဂုဏ်မြင့်စေနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ရောက်နှင့်နေပြီးသော လက်ရွေးစင် သိုင်းသမား ခြောက်ယောက်သည် တစ်ဘက်၌ တန်းစီပြီး ရပ်နေကြသည်။ သူတို့ရပ်နေပုံမှာ ဂုဏ်ကြီးမြင့်သူကို ကြိုဆိုနေသယောင် ဖြစ်နေပါသည်။

သူမသည် ရောက်နှင့်နေပြီးသော လက်ရွေးစင် သိုင်းသမားများကို မကြည့်ဘဲ ရှန့်ရှောင်ဖုန်း၏ ရှေ့သို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။



ထို့နောက် စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ ရှန့်ရှောင်ဖုန်းကလည်း သူမကို မျက်တောင်မခတ် ပြန်ကြည့်နေလေ၏။

"ရှင်က ကြည့်လှချည်လား .... "

"ကြည့်ရတာပျော်လေ .... မင်းက ငှါရှေ့တည့်တည့် လာရပ်နေတာကိုး .... "

"ရှင် ဘာတွေ စဉ်းစားနေသလဲ .... "

"ငါ စဉ်းစားတာ .... ဟား .... ဟား .... ဟား .... ဟား ငါ စဉ်းစားတာကို မင်းကို ထုတ်ပြောရမှာလား .... "

"မပြောပါနဲ့ .... ရှင် စဉ်းစားတာကို ကျွန်မ ပြောနိုင်ပါတယ်"

"တယ်လုပ်လိုက်ပါလား .... ကဲ .... ဆိုစမ်း .... "

"ရှင် စဉ်းစားနေတယ် မဟုတ်လား .... ကျွန်မဟာ ဆန့်ကျင်ဘက်လိင်တွေကို အမြဲတမ်း မာယာနဲ့ မြှူနေတယ်လို့ .... "

အခန်းထဲရှိနေသည့် လူအားလုံးပင် ပါးစပ်အဟောင်းသားဖြစ်သွား၏။

ရှန့်ရှောင်ဖုန်း၏ ပတ်ဝန်းကျင်၌ ရှိနေသော မိန်းမလှကလေးများလည်း အနောက်ဘက် အခန်းများဆီသို့ ပြန်လည် ပြေးဝင်သွားကြပြီ။ ရှန့်ရှောင်ဖုန်း၏ လူဆိုဂျ် တစ်ဘက်စားပွဲတွင် ထိုင်နေသည့် ဆေးဆရာ ကျုန်ချွမ်ရှယ်သာ ကျန်ရှိတော့၏။

ကျုန်ချွမ်ရှယ်မှာ လောင်းကစားပါမည်ဟု စောင့်နေရာမှ စားကိုယ်စီ သယ်ပိုးကြသည့် စားသမားများကို ကြည့်ပြီး လွန်စွာ စိတ်ပျက်လက်ပျက် ဖြစ်မိတော့သည်။ ဤသူများနှင့် လောင်းကစားလျှင် ငွေကြေးဇာက် တန်ဖိုးကြီးသည့် အရာများနှင့် လောင်းကစားမှသာ ဖြစ်ပေတော့မည်။

သို့ရာတွင် ဤအခြေအနေ၌ သူ မည်သို့မျှ စွက်ဖက်ရန် မရတော့ပေ။ ပါရဂူကြီး ရှန့်ရှောင်ဖုန်း၏ အခြေအနေကို စောင့်ကြည့်ရုံမှ အပ သူ ဘာမျှမလုပ်နိုင်တော့ပေ။

ရှန့်ရှောင်ဖုန်းသည် လီကျန်းကျန်၏ နှုတ်မှ ပွင့်လင်းလှသည့် စကားကြောင့် မျက်ခုံးများ မြင့်တက်သွားမိတော့သည်။

အချို့လူများသည် မွေးဖွားလာကတည်းက ထူးခြားသော လူထူးလူဆန်းများ ဖြစ်နေတတ်ကြ၏။

သူတို့သည် ကလေးဘဝကပင် အများစု ကလေးငယ်များ ပြုမူပုံနှင့် ကွဲပြားခြားနားစွာ ပြုမူတတ်ခဲ့ကြသည်။ ကြီးပြင်းလာသော အခါတွင် လူအများ မလုပ်သော အလုပ်ကိုလုပ်၊ လူအများ မပြောသော စကားများကို ပြောတတ်ကြသည်။

လီကျန်းကျန်ဆိုသော မိန်းကလေးက ထိုသို့သော လူစားမျိုးတည်း။

ထိုကဲ့သို့ ထူးခြားသော စိတ်စရိုက်ရှိသည့် လူစားမျိုးကို ရှန့်ရှောင်ဖုန်း ကောင်းစွာ သိသည်။ သူကိုယ်တိုင်က ထိုသို့သော လူစားမျိုးပင် မဟုတ်ပါလား။

သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို လီကျန်းကျန်က မြင်လိုနေကြောင်း ရှန့်ရှောင်ဖုန်း သိ၏။

ထို့ကြောင့် ရှန့်ရှောင်ဖုန်းက ဘာမျှမဖြစ်သလို နေပြလိုက်သည်။

"မင်း အတော်ပွင့်လင်းပါလား ...."

ရှန့်ရှောင်ဖုန်းက ခပ်အေးအေး ပြောလိုက်၏။

လီကျန်းကျန်က မနိုးမခန့် တဟင်းဟင်း ရယ်နေလေသည်။



"ကျုပ် ပွင့်ပွင့်လင်းလင်း ပြောတာကိုကော .... မင်း ကြားရဲ့လား .... "

"ဟင်း .... ဟင်း .... ဟင်း .... ဝါမေဝိုက်တီးက တစ်ယောက်တည်းထွက်ပြီး သိုင်းလောကကို ခြေဆန့်လာကတည်းက ကျွန်မ ဘယ်လိုလူမျိုးဆိုတာ ရိပ်မိဖို့ ကောင်းပါတယ် .... "

လီကျန်းကျန်က မထီမဲ့မြင် မာနဖြင့် ပြန်ပြောလေသည်။

"ကောင်းပြီ .... မင်း နားထောင် .... ကျုပ် စဉ်းစားနေတာက မင်းနဲ့ ဘယ်လို ချစ်ဗျူဟာ ကျင်းရရင် ကောင်းမလဲလို့ .... စဉ်းစားနေတာကွ .... "

ရှန့်ရှောင်ဖုန်းကား ဤသို့သော ရှန့်ရှောင်ဖုန်းတည်း။ အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးတတ်သူသာတည်း။

"ဒီလိုဆိုရင် နည်းလမ်းတစ်ခုတော့ ရှိတယ် .... "

"ပြောပါဦး .... ဘာနည်းလမ်းလဲ .... "

"အလောင်းအစားတစ်ခုခု လုပ်ကြတာပေါ့ .... "

"ဟား .... ဟား .... ဟား .... တယ်ကောင်းတဲ့ အဆိုပါလား။ ရှင်းစမ်းပါဦး .... ဘယ်လို အလောင်းအစားမျိုးဆိုတာကို .... "

"ဘာလဲ ရှင်က မလိုလားဘူးလား .... "

"ကျုပ်က မလိုလားရင် မင်းကို ထပ်ပြီး ရှင်းခိုင်းမနေပါဘူး"

"ကောင်းပြီ .... ကျွန်မတို့ လောင်းလို့ ရှင်နိုင်တယ်ဆိုရင် ကျွန်မကို ရှင် ကြိုက်သလို လုပ်နိုင်တယ် .... ကျွန်မက အကုန်လုပ်ပေးနိုင်တယ် .... "

"ဩော် .... ငါ ရှုံးသွားရင်လည်း မင်းစိတ်ကြိုက် အကုန်လုပ်ပေးရမယ် ဆိုပါတော့ .... "

"မှန်တယ် .... "

"မင်းရဲ့ လောင်းကြေးက မသေးပါလား .... "

"ဘာလဲ .... ရှင်က လောင်းကြေး သေးသေးပဲ လုပ်ချင်လို့လား .... "

"မလုပ်ချင်ပါဘူး .... လူတွေဟာ လောင်းကြေးသေးသေးက စပြီး တဖြည်းဖြည်း ကြီးကြီးသွားအောင် လောင်းကစားလေ့ ရှိကြတယ် မဟုတ်လား .... "

"ဟင့်အင်း .... ကျွန်မတို့က စိတ်မလှုပ်ရှားတဲ့ အသေးအဖွဲ့ကိစ္စကလေးတွေနဲ့ အချိန်ကုန်ခံ မနေနိုင်ဘူး .... "

"လောင်းကြေးကြီးတော့ .... စိတ်ပိုလှုပ်ရှားတယ် ဆိုပါတော့ .... "

"မှန်တယ် .... "

ရှန့်ရှောင်ဖုန်းသည် လီကျုန်းကျန်အပေါ် အကဲခတ်မှု မှန်သွား၏။

သည်မိန်းကလေး ပြောနေပုံကိုကြည့်၍ မည်သည့် ဓားသမားကမျှ ဤသို့သော လောင်းကစားမှုမျိုးကို ပြုလုပ်လိမ့်မည် မဟုတ်။

ဓားသမား ခုနစ်ယောက် ရောက်လာသည့်အနက် သူမက နောက်ဆုံးမှ ရောက်လာပြီး ဦးဆောင် စကားပြောနေသည်။

သူမသည် ထူးခြားသော မိန်းကလေး ဖြစ်သည်ကား သေချာနေသည်။

"မင်းက ဘာအလောင်းအစား ကစားချင်သလဲ .... "

ရှန့်ရှောင်ဖုန်းက မေးလိုက်၏။

ထိုအခါ နောက်စားပွဲ၌ ထိုင်နေသော ကျန်စွမ်ရှယ်သည်



ခေါင်းထောင်လာတော့၏။

သူ စောင့်နေသည်မှာ လောင်းကစားရန် မဟုတ်ပါလော။

တကယ်တမ်း သူ ကစားနိုင် မနိုင်ကိုတော့ သူ မသိသေးပေ။

လီကျုန်းကျန်က စဉ်းစားနေ၏။

ရှန့်ရှောင်ဖုန်းက ....

"မင်း စဉ်းစားလို့ မရသေးဘူးလား .... "

"စဉ်းစားလို့ ရတယ်ရှင့် .... ရွေးချယ်နေတာ .... "

"ဒါဖြင့်ပြော .... "

"ဓားနဲ့ ပတ်သက်ပြီး လောင်းကြေးထပ်ကြတာပေါ့ .... "

ရှန့်ရှောင်ဖုန်း ရယ်လိုက်၏။

"မင်း တကယ်ပြောတာလား .... ကျုပ်နဲ့ ဓားပညာချင်း ယှဉ်ပြိုင်ဖို့ လောင်းကစားချင်တယ်လို့ ဆိုလိုတာလား .... "

"မှန်တယ် .... "

"မင်း စဉ်းစားစမ်းပါဦး .... "

"ဘာ စဉ်းစားရမှာလဲ .... "

လီကျုန်းကျန်က ဒေါနှင့် မောနှင့် ဆက်ပြော၏။

"ရှင်ဟာ ရှန့်ရှောင်ဖုန်း မဟုတ်ဘူးလား .... "

"ဟုတ်တယ်လေ .... ကျုပ်က ရှန့်ရှောင်ဖုန်းပဲ .... "

"ရှင်ဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်း ဓားသမားလို့ ကျော်ကြားနေတဲ့လူ မဟုတ်လား .... "

"ဟုတ်တယ် .... ငါ့ကို သိုင်းလောကရဲ့ ဓားဘုရင်ကြီးလို့တောင် ခေါ်ကြတယ် .... "

"ရှင့်လို လူမျိုးနဲ့ ဓားပညာသာ ယှဉ်ပြိုင်သင့်တာပေါ့ရှင် ....

ဘာလဲ .... ကျွန်မက ရှင်နဲ့ ကြွေအန်ပစ်ရမှာလား .... ကျွန်မက ကလေးလေးမို့လား .... ကျွန်မ ပြောမယ် .... "

ရှန့်ရှောင်ဖုန်းက ဘာမျှ ဝင်မပြောပါ။ ဆက်လက်၍ နားထောင်နေပါသည်။

"ဖဲသမားနဲ့ လောင်းကစား ယှဉ်ပြိုင်ရင် ဖဲကစားနည်းကိုပဲ အသုံးပြုသင့်တယ် .... အရက်သမားနဲ့ လောင်းကစား ယှဉ်ပြိုင်ရင် အရက်သောက်ပြီးပဲ ယှဉ်ပြိုင်သင့်တယ် .... ကျွန်မက ရှင်နဲ့ ဖဲရိုက်ပြိုင်ရမှာလား .... အရက်သောက် ပြိုင်ရမှာလား .... ဓားသမားကို ဓားချင်းပဲ ယှဉ်ပြိုင်ရမှာပေါ့.... တခြား လောင်းကစားနည်းနဲ့ ယှဉ်ပြိုင်လို့ နိုင်တဲ့လူက ဘယ်မှာ အာသာပြေပါ့မလဲ .... "

"မင်းက ဓားချင်းယှဉ်ပြိုင်ဖို့ တကယ်ကော သေချာရဲ့လား"

"ကျွန်မက ဝါမေတပည့်တွေထဲမှာ နံပါတ်တစ် ဓားသမားရှင့်"

"ဟား .... ဟား .... ဟား .... တကယ့် လီကျန်းကျန်ပဲကိုး"

လီကျန်းကျန်ကလည်း ခိုးခိုးခစ်ခစ် ရယ်သည်။

"ဪ .... ရှင်က ကျွန်မ နာမည်တောင် သိထားတာကိုး၊ သိုင်းလောကရဲ့ ပြိုင်ဘက်ကင်းဆိုတဲ့ နာမည်လည်း ရလောက်ပါပေါ့ .... "

လီကျန်းကျန် ရယ်မောခြင်းမှာ နှစ်နှစ်ကာကာ ရယ်မောနေခြင်း ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်းကို တကယ် ချီးကျူးပြီးရယ်ခြင်း ဖြစ်ပါ၏။

သိုင်းလောက ဓားဘုရင်ကြီးတစ်ယောက်အနေဖြင့် တက်သစ်စ ဓားသမားများကို ကြိုတင်သိနေခြင်းမှာ အံ့သြဖွယ်ရာပင် မဟုတ်ပါလား။



ယခုကဲ့သို့ လီကျန်းကျန် ရယ်မောရာတွင် ဟန်ဆောင်ရယ်မောခြင်း မဟုတ်၊ စိတ်လိုလက်ရ ရယ်မောခြင်း ဖြစ်၍ လွန်စွာ မိန်းမပီသလှ၏။

ရှန့်ရှောင်ဖုန်း ....

"ပုလဲဆိုတဲ့အရာကို တစ်ခါမျှ မမြင်ဘူးပေမယ့် .... တကယ့် ပုလဲနဲ့ တွေ့တဲ့အခါမှာ .... ပုလဲရဲ့ ကောင်းခြင်းအဖြာဖြာကို သိနိုင်တာပဲ .... "

သူသည် စကားကို ခေတ္တဖြတ်ပြီး သူမကို စိုက်ကြည့်လိုက်သည်။

"အဲဒီလိုပေါ့ .... မင်းကို ကျုပ်က မတွေ့ဘူးပေမယ့် သိုင်းလောကထဲကို လီကျန်းကျန်အကြောင်းတော့ ကြားဖူးထားတာပဲ .... ပုလဲကို တွေ့တဲ့အခါ တန်ဖိုးကို သိလိုက်သလို မင်းနဲ့ တွေ့တော့ မင်းဟာ လီကျန်းကျန်ပဲဆိုတာ ငါ ရိပ်မိတာပေါ့ .... "

လီကျန်းကျန်သည် တခစ်ခစ် ရယ်လေတော့သည်။

"ဒါကြောင့်လည်း သိုင်းလောကမှာ ရှင့်အကြောင်းချည်းပဲ ပြောနေကြတာ ဖြစ်ရမယ် .... ရှင့်ဆီမှာ ပုရိသ ယောကျ်ားတွေကို တုန်လှုပ်ချောက်ချားအောင် လုပ်နိုင်စွမ်းရှိတဲ့ ဓားရှိသလို ဣတ္ထိယမိန်းမတွေ အသည်းခိုက်အောင် ပြောတတ်တဲ့ ဂါးစပ်လည်း ရှိတယ်တဲ့"

သူမသည် သက်ပြင်းတစ်ချက်ချပြီး ....

"ဟင်း .... မိန်းမဆိုတဲ့ မိန်းမတွေဟာလည်း အသည်းခိုက်တဲ့ စကားတွေကို နားထောင်ကြည်နူးပြီး နောက်ဆုံး အသည်းကွဲကြရတဲ့ ဘဝနဲ့ပဲ ဇာတ်သိမ်းကြရတာပဲ .... "

ညည်းညည်းညူညူ ပြောဆိုလိုက်သည့် လီကျန်းကျန်၏

နောက်ဆုံးစကားကတော့ လူအားလုံးကို အကြီးအကျယ် အံ့ဩသွားစေ၏။

လောကကို ခါးစောင်းတင်သော မိန်းကလေးထံ၌ ဘဝသံဝေဂ စကားများကို ကြားရလိမ့်မည်ဟု မည်သူမျှ မထင်ကြပေ။

ထိုစဉ် ရှန့်ရှောင်ဖုန်းကလည်း ....

"တန်ရာတန်ဖိုးဆိုတာကို သိရဲ့လား မိန်းကလေး .... "

"ဘာ တန်ရာတန်ဖိုးလဲ .... "

"မင်း စောစောက ပြောခဲ့တဲ့ စကားနဲ့ ဆက်စပ်ပြီး ပြောချင်လို့ပါ .... သူတစ်ပါးကို အသည်းခွဲတဲ့လူ၊ သူတစ်ပါးအသည်းနှလုံး ထိခိုက်အောင် လုပ်တဲ့လူဟာ တစ်ချိန်ကျရင် သူ့အသည်းလည်း ကွဲတာပါပဲ၊ သူ့အသည်းနှလုံးလည်း ထိခိုက်တာပါပဲ .... အဲဒါ တန်ရာတန်ကြေးပဲပေါ့ .... "

ရှန့်ရှောင်ဖုန်း၏ မျက်လုံးထဲ၌ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ယှက်သန်းနေ၏။ တကယ်တော့ ရှန့်ရှောင်ဖုန်း အမှန်တရားကို ပြောနေခြင်း ဖြစ်ပါသည်။ သားဖြစ်သူကြောင့် ခံစားခဲ့ရသော ဝေဒနာသည် သူ့အား အကြီးအကျယ် ပြောင်းလဲစေခဲ့ပါသည်။

လိကျန်းကျန်က ....

"ဟုတ်ပါတယ် .... သူတစ်ပါးကို ဝမ်းနည်းကြေကွဲအောင် လုပ်တဲ့လူဟာ အနည်းနဲ့အများ ကိုယ်တိုင် တန်ပြန်ထိတတ်ပါတယ်၊ သူတစ်ပါးကို ထိခိုက်အောင် လုပ်တဲ့လူဟာ ကျောက်တောင်ကို လက်နဲ့ ရိုက်တဲ့လူလိုပါပဲ .... ဖြည်းဖြည်းရိုက်တဲ့လူဟာ ဖြည်းဖြည်းပဲ ထိခိုက်နာကျင်မှုကို ခံစားရတယ် .... ပြင်းပြင်းထန်ထန် ရိုက်တဲ့လူဟာ ပြင်းပြင်းထန်ထန် ခံစားရတယ် .... ဒီသဘောအတိုင်းပါပဲ .... ဒါကို



ကျွန်မတို့ မှတ်ထားရမှာပေါ့ .... "

ရှန့်ရှောင်ဖုန်းသည် ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်ပြီး လိုရင်းကိစ္စကို ပြောလေတော့၏။

"ကဲ .... သဘောတရားတွေ ထားလိုက်ပါတော့ .... ကျုပ်တို့ ဘယ်လို လောင်းကစားမှု ပြုကြမှာလဲ .... "

လိကျန်းကျန် မျက်နှာသည်လည်း .... တည်ကြည်သွား၏။ အပြောင်အပျက် ပြောနေရာမှ အလုပ်သဘောဆောင်သည့် မျက်နှာထားသို့ ပြောင်းသွား၏။

"ကျွန်မ ကြားဖူးတယ် .... တတိယသခင်လေး ရှန့်ရှောင်ဖုန်းရဲ့ ဓားဟာ အကြွင်းမဲ့အကောင်းမွဲဆုံးဓားတဲ့ .... "

"ဒါလည်း ဟုတ်နိုင်ပါတယ် .... "

"ရှင်ဟာ ပြိုင်ဘက်အားလုံးကို ဘယ်သူ့ကိုမှ အသက်ချမ်းသာရာ မပေးခဲ့ဘူးတဲ့ .... "

"ဒါလည်း မှန်နိုင်ပါတယ် .... "

"ရှင်နဲ့ ပြိုင်ဘက် .... အင်းလေ .... ရှင်နဲ့ မပြိုင်သေးသော ပြိုင်ဘက်လို့ ပြောရခက်တဲ့ ဓားသမားတစ်ယောက်ကတော့ သူ့ ပြိုင်ဘက်တိုင်းကို မသတ်ခဲ့ဘူးတဲ့ .... "

"မင်းပြောတဲ့ လူကို ကျုပ် သိပါတယ် .... ဒါပေမယ့် ကျုပ်သိသလောက်တော့ သူလည်း အင်မတန် သံယောဇဉ်နည်းတဲ့ လူပါ၊ ဘာကြောင့် ပြိုင်ဘက်တွေကို မသတ်သလဲဆိုတာတော့ ကျုပ်လဲ မသိပါဘူး .... "

"သူ့ဓားဟာ အကြွင်းမဲ့ မကောင်းခဲ့လို့ပေါ့ .... "

"ဓားနဲ့ မဆိုင်ပါဘူး .... လူနဲ့သာ ဆိုင်တာပါ .... "

"ကျွန်မရဲ့ ဆရာမကြီး ပြောဖူးပါတယ် .... အဲဒီ တစ်ကိုယ်တော်ဓားသမားဟာ ဓားနဲ့ လူ အတူတူပဲတဲ့ .... ကြက်ဥက စသလား ကြက်မက စသလား ဆိုတာမျိုးကို စဉ်းစားစရာ မလိုတဲ့လူတဲ့ .... "

ရှန့်ရှောင်ဖုန်းက လေးလေးနက် ပြောသည်။

"ဓားဆိုတာကို မေတ္တာတရားရဲ့ ပြယုဂ်လို့များ မင်း ထင်နေသလား .... ဓားမှာ မေတ္တာတရား၊ အကြင်နာတရား မရှိဘူး .... ဒီဓားသမားဟာ မေတ္တာတရား၊ အကြင်နာတရား ပွားများဖို့ပဲ ကြိုးစားအားထုတ်မယ်ဆိုရင်တော့ ဓားမကိုင်ဘဲ စိတ်ပုတီးကိုင်ပြီး တောတောင်ထဲမှာ တရားဘာဝနာပဲ အားထုတ်သင့်တယ် .... "

"ဒါက ရှင် ခံယူထားတဲ့ တရားသဘောပေါ့ .... "

"ငါ တစ်လျှောက်လုံး အဲဒီအတိုင်း ကျင့်သုံးခဲ့တာပဲ .... ငါဟာ သူတော်စင် မဟုတ်ဘူး .... "

"ကောင်းပြီ .... ဒါကြောင့် ရှင်က ရှင့်ပြိုင်ဘက်အားလုံးကို အသေတိုက်နိုက်ခဲ့တာလို့ ဆိုလိုတာပေါ့ .... "

"ဟုတ်တယ် .... ဒါတွေ ထားပါ .... မင်းပြောမယ့် လောင်းပွဲဟာ ဘာလဲ .... "

"အခုအထိ ရှင့်ဓားကွက် သုံးကွက်ကို ခံနိုင်တဲ့လူ မရှိသေးဘူးဆိုတာ ဟုတ်သလား .... "

"ဟုတ်တယ်လို့ ပြောရမှာပဲ .... ငါက ဒီဓားကွက် သုံးကွက်စလုံးကို အပြင်းအထန် အားထုတ်ပြီး တိုက်နိုက်တာကိုး .... ပေါ့ဆတဲ့လူ နဝိုက ပညာအားနည်းတဲ့လူဟာ ငါ့ကို ရှုံးတော့တာပေါ့ .... "

"တကယ်လို့တစ်ယောက်ယောက်က ပထမသုံးကွက်အတွင်း အပြင်းအထန် ခုခံတိုက်နိုက်နိုင်ရင် ရှင် ရှုံးနိုင်တဲ့ သဘောပဲပေါ့"



"အင်း .... ဖြစ်နိုင်ပါတယ် .... ဒါပေမယ့် ငါဟာ အမြဲပဲ ကံကောင်းခဲ့ပါတယ် .... ငါချည်း နိုင်ခဲ့တာပဲ .... ဆိုးဆိုးရွားရွားတော့ တစ်ခါမှ မကြုံရသေးပါဘူး .... "

လီကျန့်ကျန်းက မာကျောခန့်ထန်စွာ ပြောလိုက်၏။

"ဒီတစ်ခါတော့ ရှင် မကြုံဘူးတဲ့ ဆိုးဆိုးရွားရွား အဖြစ်မျိုး ကြုံရတော့မှာပဲ .... "

ရှန့်ရှောင်ဖုန်းသည် ထိုစကားကို မည်သို့မျှ မချေပချေ။ ရေငုံနှုတ်ပိတ်နေလိုက်သည်။ ဆိုးဆိုးရွားရွားအဖြစ် ဆိုသည်မှာ ကိုယ်က ကိုယ့်အရည်အချင်းကို ထိန်းသိမ်းထားနိုင်လျှင်သော်လည်းကောင်း၊ ကိုယ့်ပြိုင်ဘက်များက ထိုအခါမျိုးကျမှသာ သူ ဆိုးဆိုးရွားရွား ကြုံရမည်ဟု ရှန့်ရှောင်ဖုန်း ယုံကြည်သည်။ သူ စကားပြောရန် မလိုတော့။ အလုပ်နှင့် သက်သေပြရန်သာ လိုတော့သည်။

ယခုအချိန်ကျမှ လီကျန်းကျန့်သည် နောက်ကျောဘက်သို့ လှည့်ကြည့်သည်။ အုံးရန်ယွင်ဟို၊ ချင်တုရှု၊ မင်ချန်ဟွာ၊ တယ်ကြိုင်လုံ၊ ဝူရှိနှင့် လီဖိန်တို့သည် ငြိမ်သက်စွာ ရပ်ရင်း ရှန့်ရှောင်ဖုန်းနှင့် သူမတို့ကို အကဲခတ်နေကြကြောင်း တွေ့ရှိရ၏။

လီကျန်းကျန့်က ထိုလူများအား ဝှေ့ယမ်းပြရင်း ရှန့်ရှောင်ဖုန်းအား မေးလိုက်၏။

"သူတို့ဟာ သိုင်းဂိုဏ်းကြီး ခြောက်ဂိုဏ်းက နံပါတ်တစ် ဓားသမားတွေပဲ .... သူတို့ကို ရှင် သိရဲ့လား .... ရှင့်ကိုတော့ တတိယမြောက် သခင်ငယ်လေး ရှန့်ရှောင်ဖုန်း ဖြစ်ကြောင်း အားလုံးက သိကြတယ် .... "

ရှန့်ရှောင်ဖုန်းက ခေါင်းညိတ်၏။

"သူတို့ကို ငါ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘူး .... ဒါပေမယ် ပုံသဏ္ဍာန်တွေ ကြည့်တာနဲ့ သူတို့ဟာ ဘယ်သူတွေဆိုတာ ငါ သိ တယ် .... "

"အခု သူတို့နဲ့ ရှင် ယှဉ်ပြိုင်ရမယ် .... ကျွန်မက သူတို့ဘက်က လောင်းမယ် .... "

ရှန့်ရှောင်ဖုန်း အံ့သြသွား၏။

လိကျုန်းကျုန်က ....

"ရှင် အံ့သြသွားသလား .... "

"နည်းနည်းပါးပါးပါ .... တိစ္ဆ မရှိဘူး .... ပြောစရာရှိတာက် သာ ဆက်ပြောပါ .... "

"သူတို့အားလုံး ရှင့်ရဲ့ တိုက်ကွက် သုံးကွက်ကို ခံနိုင်စွမ်းရှိ မရှိ ကျွန်မတို့ အလောင်းအစား ပြုမယ် .... "

လိကျုန်းကျုန်က ဆက်ပြော၏။

"ဒါက ကျွန်မတို့ကချည်း ပြောနေတာတွေ .... တကယ်လို ရှင် သဘောမကျရင် ငြင်းပယ်ခွင့်ရှိတယ် .... လောင်းကစား ပြုရာမှာ နှစ်ဦးနှစ်ဖက် တရားမျှတမှု ရှိသင့်ပါတယ် .... "

လိကျုန်းကျုန်ကပင် ဆက်ပြောပြန်သည်။

" ကြံယောက်တည်းက ခြောက်ယောက်ကို ယှဉ်ပြိုင်ရတာ ဆိုတော့ ခြောက်ယောက်မြောက်နဲ့ တိုက်ရချိန်မှာ ရှင့်အဖို့ အင်အား ကုန်ခမ်းနေကောင်း ကုန်ခမ်းနိုင်တယ် .... ဒါကြောင့် ဒီပြိုင်ပွဲကို လက် မခံချင်ဘူးဆိုရင်လည်း ရှင် ပယ်ချခွင့် ရှိပါတယ် .... "

ရှန့်ရှောင်ဖုန်းက ရယ်လေ၏။

"အဆင့်မြင့် သိုင်းသမားတွေရဲ့ ပညာပြိုင်ပွဲဟာ နွားသတ်ပွဲ



မဟုတ်ပါဘူး .... ခွန်အားဗလ ယှဉ်ပြိုင်ပွဲလည်း မဟုတ်ပါဘူး .... "

လိကျုန်ကျုန်း၏ မျက်လုံးများ အရောက်တောက်လာလေ၏။

"ဒါဖြင့် ရှင်က ဒီပြိုင်ပွဲကို ယှဉ်ပြိုင်ဖို့ သဘောတူတယ်ပေါ့"

"မင်းတို့ကို မြင်ပြီးကတည်းက ငါ ဒီနေ့ အကြီးအကျယ် လောင်းကစားဖို့ ပိုင်းဖြတ်ပြီးပါပြီ .... "

"ဒီလောင်းကစားမှုထက် ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ တခြား လောင်းကစားမှုကော ရှိသေးလို့လား .... "

သူသည် ထိုသို့မေးပြီးမှ ခေါင်းမော့ပြီး လေးလေးနက်နက် ထပ်မံ ပြောဆိုပြန်လေ၏။

"လူဆိုတာ ထူးထူးဆန်းဆန်း အံ့ဘနန်း အလုပ်တစ်ခုကို လုပ်ရတဲ့အခါ ဘယ်သူမဆို စိတ်ဝင်စားတာ

ချည်းပါပဲ ....."

"အံ့ဘနန်းအလုပ် .... "

"ဟုတ်တယ် .... အံ့ဘနန်းအလုပ်ပဲ .... တစ်နေ့တည်းမှာ ဓားသမားတစ်ယောက်ဟာ ဂိုဏ်းကြီးခုနစ်ဂိုဏ်းက နံပါတ်တစ် ဓား သမားခုနစ်ယောက်နဲ့ ယှဉ်ပြိုင်ခွင့်ရတယ်ဆိုတာဟာ အံ့ဘနန်းအလုပ် ကြီး မဟုတ်ဘူးလား .... ဒီပွဲမှာ ရှုံးတာနိုင်တာဟာ အဓိကအလုပ် မဟုတ်ပါဘူး .... ပြိုင်ခွင့်ရခြင်းသာ ဂုဏ်ယူစရာပါ .... "

လိကျုန်းကျုန်က ခေါင်းညိတ်၏။

"အဲဒါဟာ ရှန့်ရှောင်ဖုန်းဆိုတာကို ပြောပြလိုက်တာပဲ"

သူမက မြှောက်ပြောခြင်း မဟုတ်ပါ။ စိတ်ရင်းအမှန်အတိုင်း ချီးကျူးလိုက်ခြင်းသာ ဖြစ်ပါသည်။ ဤလို အရေးကြီးသော ပွဲများတွင်

မည်သည့် ဓားသမားမဆို အစစအရာရာ ကြိုတင်တွက်ချက်ပြီးမှ လက်ခံကြပေမည်။ ရှန့်ရှောင်ဖုန်းကတော့ ဒါတွေ ဂရုမစိုက်ပေ။

ဂိုဏ်းကြီး ခုနစ်ဂိုဏ်းမှ နံပါတ်တစ် ဓားသမား ခုနစ်ယောက်။
ရှန့်ရှောင်ဖုန်းက တစ်ယောက်။

※

## အခန်း (၂)
## မရဏာဓားသိုင်း

ဓားပြိုင်ပွဲကတော့ သေချာပေါက် ဖြစ်မြောက်သွားပါပြီ။ ရှန့်ရှောင်ဖုန်းပြောသည့်စကားမှာ အမှန်ပင် ဖြစ်သည်။ ဓားသိုင်းဂိုဏ်းကြီး ခုနစ်ဂိုဏ်းမှ သိုင်းထိပ်သီးများကို တစ်နေ့တည်း တစ်နေရာတည်း စုဝေးတွေ့ဆုံဖို့ရန်မှာ အလွန့်အလွန် မလွယ်ကူသော ကိစ္စဖြစ်လေသည်။ ထိုသူခုနစ်ယောက်နှင့် တစ်ဆက်တည်း ယှဉ်ပြိုင်ဖို့ဆိုသည်က ပို၍ပင် မလွယ်ကူသော ကိစ္စဖြစ်ပါသည်။

"မင်းက ငါ့ကို ပထမဆုံး ယှဉ်ပြိုင်လိုစိတ် ရှိနေသလား"

ရှန့်ရှောင်ဖုန်းက မေးလိုက်ရာ လိကျန်းကျန်က တခစ်ခစ် ရယ်မောလေတော့၏။

"တတိယမြောက်သခင်လေး ရှန့်ရှောင်ဖုန်းဆိုတာ မိန်းမသား ဓားသမားကို အနိုင်ကျင့်ခဲ့တဲ့ စိတ်ထားမျိုး လုံးဝ မရှိဘူးလို့ ထင်ပါတယ် .... ဒါကြောင့် ကျွန်မဟာ ပထမဆုံး ယှဉ်ပြိုင်မယ့် ဓားသမား မဖြစ်နိုင်တော့ပါဘူး .... "

သူမ၏ စကားက မဆုံးသေးချေ။

"တတိယမြောက်သခင်လေးက ကျွန်မကို မနစ်နာစေချင်သလို၊ ပေဟာဒီက တန်းစီနေတဲ့ ကျွန်မအစ်ကိုကြီးများကလည်း ကျွန်မကို မထိခိုက် မနစ်နာစေချင်ကြပါဘူး .... အဆင့်မြင့် သိုင်းသမားတွေရဲ့ သိုင်းပြိုင်ပွဲဟာ ခွန်အားဗလပြိုင်ပွဲ မဟုတ်ပေမယ့် ပထမဆုံး ယှဉ်ပြိုင်ရတဲ့လူကိုတော့ အနည်းနှင့် အများ ထိခိုက်မှုရှိတာပါပဲ .... ဒီက ကျွန်မ အစ်ကိုကြီးတွေက ကျွန်မကို အဲဒီလို ထိခိုက်နစ်နာစေချင်မှာ မဟုတ်ပါဘူး .... "

ရှန့်ရှောင်ဖုန်းက ခေါင်းညိတ်၏။

လိကျန်းကျန်က ပြုံးလိုက်ပြီး ....

"မိန်းကလေးဆိုတာတော့ နွဲ့ဆိုးဆိုးတဲ့ အမျိုးပါ .... ကျွန်မရဲ့ စကားမှာ အမှားပါရင်တော့ ခွင့်လွှတ်ပါ .... "

အုံးရန်ယွင်ဟိုု၊ ချင်တုရှု၊ မင်ချန့်ဟွာ၊ တယ်ကြိုင်လုံ၊ ဝူရှိနှင့် လိဖိန့်တို့သည် မတုန်မလှုပ် ကျောက်ရုပ်ကြီးများနှယ် လိကျန်းကျန်ကို ကြည့်နေကြ၏။ စကားတစ်လုံးမျှ မပြောကြပေ။

လိကျန်းကျန်၏ စကားအရ ပထမဆုံး ယှဉ်ပြိုင်မည့်သူမှာ လိကျန်းကျန် မဖြစ်နိုင်တော့ပေ။ ထိုသို့ဆိုလျှင် ရပ်နေသည့် ယောကျ်ားသားသမား ခြောက်ယောက်ထဲမှာ တစ်ယောက်သာ ဖြစ်ရပေမည်။

"ကဲ .... ပထမဆုံးယှဉ်ပြိုင်မယ့်သူက ဘယ်သူလဲ"

ရှန့်ရှောင်ဖုန်းက မေးခွန်းထုတ်လိုက်၏။

ထိုအခါ လူတစ်ယောက်သည် ရှေ့သို့ ထွက်လာ၏။

"ကျုပ်ပါ .... "

"ဟင်း .... ဖြစ်ရမယ်လေ .... မင်းပဲ ဖြစ်ရမယ်လို့ ငါက



ကြိုတင် တွက်ချက်ထားပြီးပါပြီ .... "

ထိုလူကား အုံးရန်ယွင်ဟို ဖြစ်ပါ၏။

သိုင်းလောကတွင် ရှောင်လင်ကျောင်းတော်သည် ရှေ့ဆောင်ဂိုဏ်းကြီးဖြစ်သော်လည်း ဘာသာရေးဖက်နေသော ဂိုဏ်းကြီးဖြစ်၍ နရာတကာတွင် မပါဝင်နိုင်ချေ။ ထို့ကြောင့် ဟူတန်းဂိုဏ်းသည်သာ နရာတကာ ဦးဆောင်နေရသည်။

သိုင်းလောက၏ အခြားဂိုဏ်းများကလည်း ဟူတန်ဂိုဏ်း ဦးဆောင်မှုကို မငြိုငြင်ကြပေ။ အဘယ်ကြောင့်ဆိုသော် ဟူတန်းဂိုဏ်းင်သည် ခေါင်းဆောင်ပီသသည်။ အနစ်နာခံစရာရှိလျှင် ရှေ့ဆုံးမှ အနစ်ခံတတ်သောကြောင့် ဖြစ်ပေသည်။ သိက္ခာကျမည့် အဖြစ်မျိုးကို ရောက်မခံနိုင်ပါ။ အနည်းငယ်မျှ နောက်တွန့်မနေခဲ့ပါချေ။

ရှန့်ရှောင်ဖုန်းက ....

"အကယ်၍ ပထမဆုံး ယှဉ်ပြိုင်သူဟာ မင်း မဟုတ်ရင် ငါ့မျှော်လင့်ချက်တွေ အလကားဖြစ်ကုန်မှာပဲ .... မင်းက ပထမဦးဆုံး ယှဉ်ပြိုင်သူ ဖြစ်တယ်ဆိုတာ သေချာသွားပြန်တော့လည်း ငါ့စိတ်စာတ်ကျချင်သလိုလို ဖြစ်ရပြန်တယ် .... "

အုံးရန်ယွင်ဟိုကား တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး င် ရှိနေပါသည်။ သူသေတော့မည့် အချိန်တွင်လည်း ဤသို့ပင် ရှိနေ ည်မှာ သေချာလှပါ၏။ သူ မေးလိုက်သည်။

"ခင်ဗျား ဘာကြောင့် ဒီလိုပြောရတာလဲ .... "

"အကြောင်းရှိတယ် .... "

"သိခွင့်ရှိရင် သိချင်ပါတယ် .... "

"ယေဘုယျအားဖြင့် ပထမဆုံး ထွက်တိုက်မယ့်သူဟာ မင်းပဲ

ဖြစ်မယ်လို့ တွက်ထားပေမယ့် တခြား ဖြစ်နိုင်တဲ့လူ တစ်ယောက်ကို
လည်း ငါ တွက်ထားပါသေးတယ် .... ”

“ဘယ်သူလဲ .... ”

“ခုံးတုံ့ဂိုဏ်းကပဲ .... ခုံတုံ့ဂိုဏ်းက လျှို့ဝှက်ဆန်းကြယ် တာ
သိုင်းတစ်ခုကို တီထွင်နိုင်ခဲ့တယ်လို့ ကြားကြတယ် မဟုတ်လား”

“ခင်ဗျား မသိသေးတာ ဘာများ ရှိသေးသလဲ .... ”

“ဒါက သိုင်းလောကတစ်ခုလုံး ပြောနေကြတဲ့ သတင်းပါကွ
မဆန်းပါဘူး .... ဒါကြောင့် ခုံးတုံ့ဓားသမားများ ထွက်လာလေမလာ
ဆိုပြီး ငါက မျှော်လင့်မိပါသေးတယ် .... ”

ရှန့်ရှောင်ဖုန်း၏ စကားမှာ ခုံးတုံ့ဂိုဏ်းသားအား ထိကပါ
ရိကပါး ပြောရာ ကျပါသည်။ တစ်နည်းဆိုလျှင် ခုံးတုံ့ဂိုဏ်းသားအာ
စော်ကားသလို ဖြစ်နေပါသည်။ ချင်တုရှူသည် ရှန့်ရှောင်ဖုန်း၏ စကာ
ကို မကြားသယောင် ဟန်မပျက်နေပါ၏။

တကယ်တော့ ချင်တုရှူအနေဖြင့် ဤသို့သာ မသိသယော
နေရပါမည်။ သူ့ ဂိုဏ်းမှ မည်မျှဆန်းကြယ်သော သိုင်းပညာကို တီထွ
ထားသည်ဖြစ်စေ ရှန့်ရှောင်ဖုန်းနှင့်တော့ ပထမဆုံး မယှဉ်ပြိုင်နိုင်ပါ

ရှန့်ရှောင်ဖုန်းအား ပထမဆုံးသော ယှဉ်ပြိုင်သင့်သည်မှာ အုံ
ရန့်ယွင်ဟိုသာ ဖြစ်ပါသည်။ အုံးရန့်ယွင်ဟိုသည် သိုင်းလောက အတွေ
အကြုံ ကြီးမားသူ ဖြစ်ပါသည်။ တိုက်ပွဲကြီး အတော်များများကိုလည်
ယှဉ်ပြိုင်ခဲ့ပြီး ဖြစ်ပါသည်။

အုံးရန့်ယွင်ဟိုက ....

“ခင်ဗျားဟာ သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သူ ဖြ
ပါတယ် .... ဟူတန်ဂိုဏ်းနဲ့ ခုံးတုံ့ဂိုဏ်းဟာ အလွန့်အလွန် ကွဲပြားခြာ



နားတဲ့ ဂိုဏ်းတွေ မဟုတ်ပါဘူး .... ခုံးတုံ့ဂိုဏ်းဟာ ဟူတန်က ခွဲခွက်
သွားတာဖို့ သိုင်းပညာအားဖြင့် အလွန့်အလွန် ခြားနားတာ မဟုတ်ပါ
ဘူး .... ဒါကြောင့် ကျုပ်တို့နှစ်ဦးမှာ ဘယ်သူက အရင်ထွက်စေ ဘာမှ
မထူးခြားဘူးလို့ ကျုပ် ယူဆပါတယ် .... ”

ရှန့်ရှောင်ဖုန်းက ခေါင်းညိတ်လိုက်၏။

“အင်း .... အတူတူပါပဲ .... ”

သူသည် စကားဆုံးသည်နှင့် ရုတ်တရက် လှုပ်ရှားလိုက်လေ
၏။ ဓားသမား ခြောက်ယောက်ထဲတွင် ရှန့်ရှောင်ဖုန်းနှင့် အဝေးဆုံး
ရပ်နေသူမှာ တင်းချန်ဂိုဏ်းမှ ဝူရှူဖြစ်၏။ လျှပ်ပြက်သကဲ့သို့ လှုပ်ရှား
လိုက်သူ ရှန့်ရှောင်ဖုန်းသည် ဝူရှူ၏ဓားကို ဆွဲနုတ်ယူသွားပြီး ရောက်
ရှိလာလေ၏။

“ရော့ .... ”

ရှန့်ရှောင်ဖုန်းက သူ့လက်ထဲမှ ဓားရှည်ကို ဖြန်းခနဲ ချင်တုရှူ
အား လှမ်းပေးလိုက်ရာ ချင်တုရှူမှာလည်း ကြောင်အမ်းအမ်းဖြင့် ထို
လှမ်းပေးသော ဓားရှည်ကို ယူလိုက်မိတော့သည်။

ယခုပွဲမှာ အုံးရန့်ယွင်ဟိုနှင့် ယှဉ်ပြိုင်သောပွဲ မဟုတ်သေးပေ။
ရှန့်ရှောင်ဖုန်းက သူ့ ဘာသာ တစ်ဦးတည်း လှုပ်ရှားနေသောပွဲ ဖြစ်
ပါသည်။

ချင်တုရှူသည် ဝူရှူ၏ဓားကို ဘုမသိဘမသိ ကိုင်ထားရခိုက်
ရှန့်ရှောင်ဖုန်း၏ လက်ထဲမှ ဓားတစ်လက်သည် အလင်းရောင်တန်း
တစ်ခုအဖြစ် ဖြတ်သန်းပြီး ချင်တုရှူ၏ မျက်နှာပေါ်သို့ ကျလာ၏။

မည်သည့်ဓားသမားမဆို မိမိမျက်နှာဆီသို့ အန္တရာယ် ဝင်
ရောက်လာလျှင် ခုခံမည်သာ ဖြစ်ပါသည်။ ကျောက်ရုပ်ကြီးကဲ့သို့ ငိုင်

ကြည့်နေမည် မဟုတ်ပါ။ ထို့ပြင် ကိုယ့်ဓားကိုပင် မထုတ်ရဘဲ အခြား တစ်လက်ကို အသင့်ကိုင်ထားရသော ချင်တုရှအနေဖြင့် ပို၍ပင် ငိုင် မကြည့်နိုင်ပါ။ ဓားရိပ်ဝင်လာသည်နှင့် သူ့လက်ထဲမှ ဓားဖြင့် ခုခံလိုက် ရတော့သည်။

"ထန်း .... "

ဓားနှစ်လက် ထိခိုက်သံသည် အခန်းထဲ၌ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

စိမ်းပြာရောင်သန်းနေသော ဓားတစ်လက်မှ လက်မှလွတ် ထွက်သွားပြီး အပေါ်သို့ မြောက်တက်သွား၏။ စိမ်းပြာရောင် သန်းနေ သော ထိုဓားရှည်ကို "ချင်ယွင်" ဓားရှည်ဟု ခေါ်သည်။ ချင်ယွင်ဓားမှာ ခုနစ်လက်တိတိရှိပြီး ကိုင်ဆောင်သည့် ဓားများအနက် တစ်လက်ဖြစ် သည်။

အလေးချိန် အချိန်အဆကောင်းကောင်း ထက်မြက်မှု ကောင်းကောင်းဖြင့် သံမဏိသံကောင်းဖြင့် ပြုလုပ်ထားသော ထိုဓား သည် ဓားကောင်းတစ်လက် ဖြစ်ပါသည်။ ထိုဓားသည် ဝူရှီ၏လက်ထဲ သို့ ချင်တုရှ၏ လက်ထဲမှ ယခုလေထဲသို့ မြောက်တက်သွားနေပါပြီ။

ထို့နောက် ချင်ယွင်ဓားသည် ရှန့်ရှောင်ဖုန်း၏ လက်ထဲသို့ ပြန်လည်ကျရောက်သွား၏။ လူအားလုံး မျက်လှည့်ကဲ့သို့ မြင်လိုက်ရ သည့်အဖြစ်မှာ ရှန့်ရှောင်ဖုန်း၏ လက်ထဲသို့ ဓားတစ်လက် ရောက်ရှိ လာသည့် အဖြစ်ပါ။

ဖြစ်စဉ်မှာ ဝူရှီ၏ဓားကို ရှန့်ရှောင်ဖုန်းက လုသွားသည်။ ဝူရှီ ဓားကို ချင်တုရှ၏ လက်ထဲသို့ ထည့်ပေးသည်။ ထို့နောက် ဓားတစ် လက်သည် ရှန့်ရှောင်ဖုန်း၏ လက်ထဲသို့ လျှပ်တစ်ပြက် ရောက်ရှိသွား



ပြီ၊ ဝူရှီ၏ ချင်ယွင်ဓားကို ကိုင်ဆောင်ထားသော ချင်တုရှအား တိုက် ခိုက်လိုက်သည်။ ရှန့်ရှောင်ဖုန်း၏ လက်ထဲသို့ ထပ်မံရောက်ရှိနေသည့် ဓားသည် မည်သူ့ဓားနည်း။

ရှန့်ရှောင်ဖုန်းတွင် ဓားတစ်လက်မှရှိမနေသဖြင့် တခြားသူ တစ်ယောက်၏ ဓားဖြစ်ရမည်မှာ သေချာနေပါသည်။

မှန်ပါသည်။ ဤဓားမှာ အခြားသူ၏ဓားပါ။ ချင်တုရှ၏ ဓား ပါ။ ချင်တုရှ၏ ဓားကို ရှန့်ရှောင်ဖုန်း ဆွဲယူသွားပုံမှာ လျှင်မြန်လှသဖြင့် ရုတ်တရက် မျက်စိများ ရှုပ်ထွေးကုန်ပါသည်. ဓားနှစ်လက် ခုတ်မိပြီး ချင်တုရှ၏ လက်ထဲမှ ဓားလွတ်ထွက်သွားချိန်တွင် ရှန့်ရှောင်ဖုန်းက ချင်တုရှ၏ ဓားအိမ်ထဲသို့ သူ့ဓားကို ပြန်ထည့်ပေးလိုက်ပါ၏။

ချင်တုရှ ကြက်သေသေနေပါသည်။ လက်ထဲမှ ဓားလည်း လွတ်သည်။ ခါးမှဓားလည်း အလုခံရသည်။ သူမှ မျက်နှာမပျက်လျှင် အဘယ်သူ မျက်နှာပျက်လေမည်နည်း။

ချင်တုရှအဖို့ အိပ်မက်ဆိုးကြီး မက်ရသကဲ့သို့ ရှိနေသည်။ သို့ ရာတွင် အိပ်မက်ဆိုးကား မဟုတ်။ တကယ့်အဖြစ်ဆိုး ဖြစ်နေလေ၏။

တကယ်တော့ ချင်တုရှ တစ်ယောက်တည်း မဟုတ်ပါ။ ကျန် လူအားလုံးပင် ပါးစပ်အဟောင်းသားနှင့် မျက်စိမျက်နှာ ပျက်နေပါ သည်။ ဓားဘုရင်ကြီးသည် ဓားပဉ္စလက်ကို ပြသသွားသည် မဟုတ်ပါ လော။

ရှန့်ရှောင်ဖုန်းသည် တင်ချန်ဂိုဏ်းသား ဝူရှီရာသို့ တစ်လှမ်း ချင်၊ လျှောက်သွားပြီး ....

"ရော့ .... ဒါဟာ မင်းရဲ့ဓားပါ .... "

ရှန့်ရှောင်ဖုန်းသည် ဓားကို လက်နှစ်ဖက်နှင့် ကမ်းပေးလိုက်

သည်။ သူ့အပြုံအမူသည် ထိပ်ခေါက်စော်ကားပြီးမှ ပြန်တောင်းပန်သူနှင့် အလားသဏ္ဌာန် တူ၏။

ဝူရှိသည် ဖြူရော်သောမျက်နှာ၊ တုန်ယင်သောက်များဖြင့် သူ၏ ချင်ယွင်ဓားကို ပြန်လည်လက်ခံလိုက်သည်။

သူ့မျက်နှာမှာလည်း ကြေကွဲသကဲ့သို့ ဖြစ်နေသည်။

သူက တုန်ယင်အက်ကွဲစွာဖြင့် ....

"ကျုပ် အရေးနိမ့်ပြီး မပြိုင်ခင်ကဘဲ အရေးနိမ့်တယ်ဆိုတော့ ကျုပ်ဟာ နှစ်ခါရှုံးရတဲ့ လူလိုပါပဲ .... "

ထိုစဉ် လီကျန်းကျန်က ကြားဝင်လာပြီး ....

"ရှင် တကယ်ရှုံးနိမ့်သွားပြီလို့ သတ်မှတ်သလားဟင်"

ဝူရှီက ခေါင်းညိတ်လိုက်၏။

"တကယ်ပဲ ရှုံးနိမ့်တာပေါ့ .... ဒါပေမယ့် မင်း စိတ်မပူပါနဲ့ ငါပေးခဲ့တဲ့ ကတိကို ငါ လုံးဝ မမေ့ပါဘူး .... "

လီကျန်းကျန်၏ မျက်နှာပေါ်၌ ကျေနပ်သော အမူအရာများ ပေါ်လာသည်။

"ဟုတ်ကဲ့ .... ကျွန်မ ယုံကြည်ပါတယ် .... "

ဝူရှီသည် ရှန့်ရှောင်ဖုန်းနှင့် မျက်နှာချင်းဆိုင်လိုက်၏။ သူသည် တစ်စုံတစ်ခုကို ပြောတော့မည်ကဲ့သို့ နှုတ်ခမ်းများကို တလှုပ်လှုပ် တရွရွ လုပ်ပြီးနောက် ဘာသံမျှ ထွက်မလာဘဲ ရှိနေသည်။ ရှန့်ရှောင်ဖုန်းကလည်း ဝူရှီဘာပြောမည်နည်းဟု စောင့်နေသေးသည်။

နောက်ဆုံး ဝူရှီ ဘာမျှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားလေရာ ဝူရှီပြောမည့် စကားကို ငံ့လင့်စောင့်နေသူများမှာ အားမလိုအားမရ ဖြစ်သွားကြလေ၏။



ဝူရှီသည် စားသောက်ဆိုင်ထဲမှ လုံးဝ ထွက်ခွာသွားလေတော့ရာ ဂိုဏ်းကြီး ခြောက်ဂိုဏ်းမှ သိုင်းသမားများသာ ကျန်ရစ်ခဲ့တော့၏။

ရှန့်ရှောင်ဖုန်းသည် ဝူရှီ ပျောက်ကွယ်သွားသည်အထိ လှမ်းကြည့်နေခဲ့လိုက်သည်။ နောက်ဆုံး လုံးဝ ပျောက်ကွယ်သွားတော့မှ ....

"ကောင်းတယ် .... ဒါဟာ သိပ်ကောင်းတယ် .... "

လီကျန်းကျန်က မကျေမနပ် ဝင်ပြော၏။

"ဘာလဲ .... ရှင့်ကို အရှုံးပေးသွားတဲ့အတွက် ရှင် သိပ်ကျေနပ်နေသလား .... "

"ငါ့ကို အရှုံးပေးလို့ ပြောနေတာ မဟုတ်ဘူး .... သူ ထပ်လိုက်ချင်ရင်လည်း ငါက အချိန်မရွေးပါ .... ရှုံးရင် ရှုံးတယ် .... နိုင်ရင် နိုင်တယ်လို့ ဝန်ခံရဲတာဟာ ယောကျ်ားကောင်းတို့ရဲ့ သတ္တိပဲ .... တင်ချန့်ဂိုဏ်းမှာ လူကောင်းကလေးတွေ အတော်များများ စုနေပါတယ်၊ သူတို့ဟာ ရဲရင့်တယ် .... သတ္တိရှိတယ် .... ဖြတ်သားတယ် .... သူတို့ဂိုဏ်းဟာ မကြာခင် သိုင်းလောကကို စိုးမိုးလိမ့်မယ်လို့ ငါ ကြိုတင်ဟောကိန်း ထုတ်လိုက်တယ် .... "

"ခစ် .... ခစ် .... ခစ် .... ဒါဟာ ဓားဘုရင်ကြီးရဲ့ ဗေဒင်ဟောကိန်းပေါ့ .... "

ရှန့်ရှောင်ဖုန်းသည် သူ့အား လှောင်ပြောင်နေသည့် လီကျန်းကျန်ကို တည်ကြည်စွာ ကြည့်လိုက်၏။

"သိုင်းလောကမှာ သစ္စာတရားနဲ့ သတ္တိဟာ ပဓာန ကျတယ်၊ ဒီနှစ်ခုကို တိုးတက်လာမှာပဲ .... ဒီလိုဂိုဏ်းမျိုးကို ဘယ်သူမဆို ကြိုတင်ဟောကိန်းထုတ်လို့ ရတယ် .... "

ထိုစဉ် တောင်ပင်လယ်ဝိုက်း(သို့မဟုတ်) ဟိုင်နန်ဝိုက်းမှ ဖိန်က ရုတ်တရက် ဝင်ပြောလာလေ၏။

"ကျုပ်ကတော့ ဒီလောက် သစ္စာစောင့်သိတဲ့ လူမျိုး မဟု ဘူးဗျ .... "

ရှန့်ရှောင်ဖုန်းက လီဖိန်ကို အေးစက်စက် လှမ်းကြည့်လို သည်။

လက်တစ်ဖက်ပြတ် ရုပ်ဆိုးဆိုး ဓားသမားသည် ဓားပညာ တစ်ဘက်ကမ်းခတ် ကျွမ်းကျင်မည့်သူ ဖြစ်ကြောင်း ရှန့်ရှောင်ဖုန်း သိ မိ၏။

သို့သော် ဓား၏ လျှို့ဝှက်ချက်တစ်ရပ်ကို ရိပ်မိခြင်း ရှိမရှိ တော့ ရှန့်ရှောင်ဖုန်း မသိပေ။ ဓား၏ လျှို့ဝှက်ချက်တစ်ရပ်ကို သိရှိ ဖြစ်လျှင် သူ၏ ဓားသုံးကွက်ကို ခံနိုင်ရုံမျှမက သူ့ကိုပင် သတ်ဖြတ်နို စွမ်း ရှိသူ ဖြစ်ပေလိမ့်မည်။

လီဖိန်ကလည်း အေးစက်စက်ပင် ပြန်ကြည့်နေသည်။ ရှ ရှောင်ဖုန်းက တစ်လုံးချင်း ပြောလိုက်၏။

"သစ္စာ မစောင့်သိတဲ့ လူဟာ သူတော်ကောင်း မဟုတ်ဘ ဗျ .... "

လီဖိန်က အေးစက်စက်ရယ်သည်။

"ခင်ဗျားပြောတာ မှန်ချင်မှန်မှာပေါ့ .... ကျုပ်ဟာ သူတေ ကောင်း မဟုတ်တဲ့အတွက် ပထမဆုံး ယှဉ်ရမယ့်သူဟာ ထွက်ရမ အချိန်မှာ ကျုပ်ဟာ ကုပ်ကုပ်လေး ငြိမ်ရပ်နေခဲ့တာပေါ့ .... "

သူက ကောက်ကျစ်စွာ တစ်ချက်ပြုံးလိုက်ပြီး ....

"ဟင်း .... ဟင်း ... ဟင်း .... လူတိုင်းသိကြတဲ့ အချက်တ



ချက် ရှိတာပဲ .... ဒါက ဘာလဲဆိုတော့ နောက်ဆုံးမှ ယှဉ်ပြိုင်တဲ့လူ ဟာ အခွင့်အရေးတွေ အများကြီး ရရှိတတ်တယ်ဆိုတာပဲ .... နောက် အခွင့်အရေးတစ်ခုက ခင်ဗျားရဲ့ ဓားသိုင်းကွက်တွေကို လေ့လာခွင့် ရတာပဲ .... ဒီဓားသိုင်းကွက်ကို ကြိုတင် သိရတဲ့အတွက် ခင်ဗျားရဲ့ ဓားကွက်သုံးကွက်ကို တောင့်ခံနိုင်တဲ့ နည်းလမ်းကို တွေ့ကောင်း တွေ့ နိုင်တာပေါ့ .... "

ရှန့်ရှောင်ဖုန်းက အေးစက်စက် ပြောလိုက်၏။

"ခင်ဗျားဟာ တစ်ကိုယ်ကောင်းဆန်ပြီး စိတ်သဘောထား သေးသိမ်တဲ့ လူပဲကိုး .... "

"ဟား .... ဟား .... ဟား .... ကျုပ် အဲဒီလို လူမျိုးဖြစ်တယ် ဆိုတာ ထုတ်ပြကတည်းက ခင်ဗျားတို့ အားလုံး ကျုပ်ကို အထင်ကြီး ဖို့ ကောင်းတယ် .... "

"ဘာ .... တစ်ကိုယ်ကောင်းဆန်တဲ့ လူကို အထင်ကြီးရမယ် ဟုတ်လား .... "

"တစ်ကိုယ်ကောင်း ဆန်ခြင်းကိုတော့ အထင်ကြီးစရာ မလို ဘူး .... ထုတ်ဖော်ပြောပြခြင်းကိုတော့ အထင်ကြီးသင့်တယ် .... တချို့ ပျားရည်အိုးတွေက အဝမှာ အဆိပ်တွေ ဖုံးနေတတ်တယ် .... တချို့ ပျားရည်အိုးကျတော့ အဝမှာပဲ ပျားရည်ရှိတာ .... အထဲမှာ အဆိပ် အပြည့်ရှိတယ် .... ကျုပ်တို့ကတော့ အတွင်းပြင်ရော အဝမှာပါ အဆိပ် ရှိတဲ့ အဆိပ်အိုးပဲ .... ကျုပ်ဟာ ရန်သူမှန်း သိသာတဲ့အတွက် ကျုပ်ရဲ့ ပြိုင်ဘက်တွေဟာ ကျုပ်နဲ့ မျက်နှာချင်းဆိုင်တာနဲ့ အမြဲတမ်း သတိ ရှိ နိုင်တယ် .... ပြင်ဆင်နိုင်တယ် .... "

ရှန့်ရှောင်ဖုန်း ခေါင်းညိတ်လိုက်၏။ ဂိုဟ်းကြီးခုနစ်ဝိုက်းမှ

ဓားသမား ခုနစ်ယောက်အနက် ဤရန်သူသည် အထင်ကြီးစ
အကောင်းဆုံး ရန်သူ ဖြစ်နေခဲ့လေပြီ။

လီဖိန်က ရုပ်ဆိုးစွာ ပြုံးလိုက်ပြီး ....

"ကျုပ်ဟာ သူတော်ကောင်းယောင် မဆောင်ဘူး .... အဲ
အတွက် တစ်နည်းတစ်လမ်းအားဖြင့် ကျုပ်ဟာ မြင့်မြတ်တဲ့ လူပဲ ဖြ
ပါတယ် .... "

"ကျုပ် လက်ခံပါတယ် .... ခင်ဗျားဟာ တစ်နည်းတစ်လ
အားဖြင့်တော့ မြင့်မြတ်တဲ့လူ ဖြစ်ပါတယ် .... "

ရှန်ရှောင်ဖုန်းက တကယ့်ကို လှိုက်လှဲစွာ ပြောလိုက်ခြ
ဖြစ်ပါလေသည်။

❋

အခန်း (၃)

## တောင်ပင်လယ် ဓားသမား

မင်ချန်ဟွာက အေးစက်စက် ပြောသည်။

"ကျုပ်ကတော့ နောင်ကြီး လီဖိန်လောက် အစွန်းမရောက်ပါဘူး .... ရှေ့ဆုံးကလည်း မတိုက်ချင်ပါဘူး .... နောက်ဆုံးကလည်း မနေချင်ဘူး .... အလယ်အလတ်ကပဲ နေချင်တယ် .... "

သူသည် ရှန်ရှောင်ဖုန်းအား လှမ်းမေးလိုက်၏။

"ဝူရှီကတော့ ထွက်သွားပြီး သူ အရှုံးပေးသွားတော့ တိုက်ရမယ့် လူတစ်ယောက် လျော့သွားတာပေါ့ .... အခု ခင်ဗျားက ဘယ်သူ့ဓား ငှားဦးမှာလဲ .... "

ရှန်ရှောင်ဖုန်းက အေးစက်စက်ပင် ပြောလိုက်သည်။

"မင်းရဲ့ ဓားပဲ .... "

မင်ချန်ဟွာ၏ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏။ သူ့လက်သည် သူ့ ဓားလက်ကိုင်ရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိသည်။

ဓား ....

ဓားဟူသည်မှာ အဓိပ္ပာယ် အမျိုးမျိုးဆောင်၏။ အရပ်သူ အရပ်သားများအတွက် ဗာဟီရကိစ္စ အရပ်ရပ်အတွက် အသုံးချရသည့် ပစ္စည်းတစ်ခု ဖြစ်သည်။

အချို့သော သူများအတွက်မူ သံမဏိဖြင့် ပြုလုပ်ထားသော ဓားသည် ကိုယ့်အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် လက်နက် ဖြစ်၏။ အချို့သော လူများအတွက်မူ ဓားသည် လူသတ်ရန် လက်နက် ဖြစ်၏။

သို့သော် အချို့သော လူများအတွက်မူကား ဓား၏ အဓိပ္ပာယ်သည် ဝိဉာဉ် အရာဝတ္ထုထဲသို့ လုံးဝ မြုပ်နှံထားခြင်း ဖြစ်ပါသည်။ သူတို့၏ ဘဝသည် ဓားဖြစ်ပြီး ဓားသည် သူတို့၏ ဘဝဖြစ်နေလေသည်။

အဘယ်ကြောင့် ဓားနှင့် ဘဝသည် တစ်ထပ်တည်း တစ်သားတည်း ဖြစ်နေရပါသနည်း။ အကြောင်းမှာ ဓားသည် သူတို့၏ နာမည်ကျော်ကြားခြင်း၊ ဥစ္စာစနေ ကြွယ်ဝခြင်း၊ ဂုဏ်သိက္ခာဖြစ်ခြင်း စသည့် အကျိုးတရားနှင့် ဆက်နွယ်နေသောကြောင့်ပေတည်း။

အချို့အတွက်မူ ဓားသည် သေမင်း၏ သင်္ကေတ အဖြစ်သာ သတ်မှတ်သည်။ အနက်ရောင် သင်္ကေတသည် သူတစ်ပါးအတွက် သာမက မိမိအတွက်ပါ ဖြစ်သည်ဟု အဆိုးမြင်ထားသူ အောက်လမ်း ဂိုဏ်းသားများက ဓားကို ထိုသင်္ကေတအဖြစ် မှတ်ယူကြသည်။

ဓားရှိမှ အသက်ရှိရမည်။

ဓားမရှိလျှင် အသက်မရှိရ။

ဤသို့ သတ်မှတ်ထားသော သိုင်းဂိုဏ်းကလည်း ရှိပေသည်။ ထိုသူများအတွက် ဓားသည် လက်နက်ဖြစ်သလို ချစ်ခင်တွယ်တာရ



သော အဖော်မွန်လည်း ဖြစ်ပေ၏။

အချို့ ဂိုဏ်းများမှ ဓားအတွက် ဆောင်ပုဒ်သက်သက် မရှိသော်လည်း ဂိုဏ်းသားတိုင်းက လက်ထဲမှ ဓား(သို့မဟုတ်) လက်နက် လွှတ်မသွားစေရ .... လက်ထဲမှ လက်နက် လွှတ်ထွက်သွားသည်နှင့် မိမိ၏ သိက္ခာလည်း ကျသွားပြီဟု အလိုအလျောက် နားလည်ထားကြ၏။

ဓားရှိမှ အသက်ရှိရမည်။ ဓားမရှိလျှင် အသက်မရှိရဟု ဆောင်ပုဒ်ဖြင့် ပညက်ထားသည့် ဂိုဏ်းများတွင်မူ ဓားသည် ထိုဂိုဏ်းသားတို့၏ အသက်ဝိဉာဉ် ဖြစ်သွားတော့၏။ ထိုကဲ့သို့သော ဂိုဏ်းမှ သိုင်းသမားတို့သည် ဓားနှင့် ဓားသိုင်းပညာကို အရူးအမူး တပ်မက်ကြသဖြင့် သူတို့၌ ချစ်ရေးချစ်ရာ ကိစ္စများ လျော့ပါးသွားတော့၏။ ထိုအခါ မိန်းမ မလိုချင်။ ဓားကိုသာ လိုချင်သည်ဟူသော စကားလည်း ပေါ်လာတော့၏။

ဓားကောင်းတစ်လက် ထွက်ပေါ်လာပြီဟု သတင်းကြားလိုက်လျှင် ထိုဂိုဏ်းသားများသည် ရှေ့ဆုံးမှ ရောက်ရှိသွားကာ သောက်သောက်လဲ သေဆုံးကြရတော့၏။ ထို့ကြောင့် ဓားသည် သူတို့အတွက် စိပ္ပဓာဝိညာဉ် ဖြစ်သွားတော့သည်။

ဂူရှိဆိုသည်မှာ အထက်ပါ လူစားမျိုးပင်။ မည်သည့် အခြေအနေပဲ ဖြစ်ဖြစ်၊ မည်သည့်အချိန်ပဲ ဖြစ်ဖြစ် ဓားသမားသည် မိမိ၏ လက်ထဲမှ ဓားကို မလွှတ်စေရဟု ဂူရှိ ယူဆသည်။ ဓားလွှတ်သွားလျှင် ထို ကာယကံရှင်၏ မဟာအမှား၊ မဟာအံ့ဖြစ်ဟုသာ ယူဆသည်။ သူသည် သူ့ကိုယ်သူပင် သတ်သေရန် ဆုံးဖြတ်ခဲ့သေးသည်။ သို့သော် အကြောင်းမျိုးမျိုးကို ထောက်ပြီး သူ့ကိုယ်သူ သတ်မသေတော့ပေ။

သို့ရာတွင် ဤနေရာ၌ကား သူ ဆက်မနေတော့ပေ။ အရှက်မရှိသေ မျက်နှာဖြင့် သူ ဆက်မနေလိုတော့ပေ။

သူ့နည်းတူ မင်ချန်ဟွာလည်း ဓားနှင့် ပတ်သက်လျှင် အ အလမ်း ကြီးမားသူ ဖြစ်၏။ ထို့ကြောင့် သူ့ဓားကို ရှန့်ရှောင်ဖုန်း မသွားနိုင်အောင် သတိကြီးစွာ ထားနေရပါသည်။ ရှန့်ရှောင်ဖုန်း သူ့ဓားကို လုမည်ဟု အတိအလင်း ကြေညာပြီးခဲ့ပြီ မဟုတ်ပါလော

မင်ချန်ဟွာသည် ဟန်မပျက် ရယ်မောနေသော်လည်း လက်များကမူ ဓားလက်ကိုင်ရိုးကို ကျစ်လစ်မြဲမြံစွာ ဆုပ်ကိုင်ထာ ရပါသည်။ သူ၏ လက်မှ အကြောများသည်ပင် ထောင်ထ,နေ၏။

ယခုအချိန်၌ သူ့လက်ထဲမှ ဓားသည် မည်သူမျှ လွယ်လွယ်နှ ဆွဲယူနိုင်မည် မဟုတ်ပါ။ လွယ်လွယ် လာဆွဲလျှင် ဓားဖျား၌ အသက်ပ သွားမည်မှာ သေချာလှပါသည်။

တစ်ခုတော့ ရှိသည်။ သူ့ဓားကိုင် လက်မောင်းကို ဓားဖြ ခုတ်ဖြတ်ချနိုင်လျှင်တော့ ဓားကိုရကောင်း ရမည်။ ဒါတောင် ထိုလက် မောင်းနှင့် ဓားကို ခွဲထုတ်ဖို့ ခက်နေပေဦးမည်။

ရှန့်ရှောင်ဖုန်းက ရယ်မောပြီး ....

"မင်းက သတ္တိတော့ ရှိပါတယ် .... ဘာကြောင့်လဲဆိုတော့ ရှေ့ဆုံးက "ကဲရဲဘူးဆိုပေမယ့် အခု မင်းဟာ ပထမဦးဆုံး တိုက်တဲ့ လူ ဖြစ်နေလို့ပဲ ...."

"ဒါက အခြေအနေအရပါ .... "

"မင်း နောက်ဆုံးမှ တိုက်ချင်ရင်လည်း ရပါတယ် .... "

"ကိစ္စမရှိပါဘူး .... ကျုပ်တိုက်ဖို့ အဆင်သင့်ပဲ .... "

"ကောင်းပြီ တိုက်ပြီ .... "



ရှန့်ရှောင်ဖုန်းသည် အသိပေးပြီး စတင်တိုက်ခိုက်လေတော့ ၏။

သူ စတင်တိုက်ခိုက်သည့်နေရာမှာ မင်ချန်ဟွာ၏လက်မောင်း ကိုလည်း မဟုတ်။ ဓားကိုလည်း မဟုတ်ပေ။ မင်ချန်ဟွာ၏ မျက်လုံး ဆီသို့ စတင်တိုက်ခိုက်ခြင်း ဖြစ်သည်။

ရှန့်ရှောင်ဖုန်း၏ လှုပ်ရှားမှု မည်မျှမြန်ဆန်သည်ကို မည်သူမျှ ပြောပြ၍ မရပါ။ သူ့အပြောင်းအလဲ မည်မျှများပြားသည်ကို မည်သူမျှ မှန်းပြနိုင်ပါ။ အနီးကပ်ဆုံး ဥပမာ တစ်ခုတော့ ပေး၍ရပါသည်။ ကြွက် တစ်ကောင်သည် သူ့ဘာသာ ပြေးလွှားလှုပ်ရှားလျှင် လွန်စွာ လျင်မြန် ပါသည်။ လူတစ်ယောက်က တုတ်နှင့် စောင့်ရိုက်ပါက တော်ရုံတန်ရုံ လျင်မြန်သူပင် ထိုကြွက်ကို ထိအောင် မရိုက်နိုင်ပါ။ ကြွက်၏ ပြေးလွှား လှုပ်ရှားမှုမှာ အတော်ကလေး လျင်မြန်လှပါသည်။

သို့သော် ကြောင်တစ်ကောင်ကို လွှတ်ပေးကြည့်ပါ။ ကြောင် ခုန်အုပ်ဖမ်းဆီးခြင်းကို သင် ကြည့်ရှုပါ။ ကြွက်၏ လှုပ်ရှားမှုကို နှေးကွေး သွားသည်ဟု သင် ထင်ပါလိမ့်မည်။ တကယ်တော့ ကြွက်၏လှုပ်ရှား မှု နှေးကွေးသွားခြင်း မဟုတ်ပါ။ ကြောင်၏ ခုန်အုပ်ပုံ အလွန်လျင်မြန် လှသောကြောင့်သာ ဖြစ်ပါသည်။

ယခု ရှန့်ရှောင်ဖုန်း၏ လှုပ်ရှားမှုမှာ ဤသို့သာ ဖြစ်ပါသည်။

မင်ချန်ဟွာသည် အံ့အားသင့်သွားပြီး ခေါင်းကို စောင်းငှဲ ရှောင်တိမ်းလိုက်ရပါသည်။ သူ ဓားကိုလည်း ရွှမ်းခနဲ ထုတ်လိုက်ပါ ၏။ ဓားဆွဲထုတ်ခြင်းသည် ဓားသိုင်းပညာရပ်၌ အရေးပါသော ပညာ တစ်ရပ် ဖြစ်ပါသည်။ ဓားထုတ်နှေးခြင်းကြောင့် အသက်ပေးခဲ့ရသော သိုင်းသမား မြောက်မြားစွာ ရှိခဲ့ဖူးသည်။

သူသည် ဓားကိုဆွဲထုတ်ပြီး ရှောင်တိမ်းရင်းမှ ဓားကွက်တ ကွက်ထုတ်ကာ ခုန်ခဲ့သည်။ လေထဲ၌ တရွှမ်းရွှမ်း အသံမြည်သွားပြီ လျှပ်ရောင် ပြိုးပြိုးပြက်ပြက် လက်သကဲ့သို့ ဓားရောင်များ ဝင်းလ သွား၏။

အလင်းတန်းသည် ရှန့်ရှောင်ဖုန်း၏ ဘယ်ဘက်နံကြားထဲ ဦးတည်သွား၏။ သို့သော် ရှန့်ရှောင်ဖုန်းက နေရာပြောင်းသွားပါသည် ရှန့်ရှောင်ဖုန်း၏ လက်တစ်ဖက်က မင်ချန့်ဟွာ၏ လက်မောင်းတ ဖက်ကို အသာအယာ ပင့်တင်ပေးလိုက်ရာ မင်ချန့်ဟွာ၏ ခန္ဓာကိုယ ယိမ်းယိုင်သွားတော့၏။ ထိုအချက်ကလေးတစ်ချက် မည်သို့ အရေး သည်ကို သိနိုင်ပါသည်။ မင်ချန့်ဟွာ ဟန်ချက်ပျက်သွားခဲ့ပါပြီ။

သိုင်းသမားတစ်ဦးအဖို့ သေရေးရှင်ရေးအချိန်၌ ဟန်ချက် ပျက်ခြင်းမှာ သေရေးသို့ ဦးတည်ခြင်းပင် ဖြစ်ပါသည်။ သူသည် လေထ သို့ လွင့်မျောသလို ခံစားလိုက်ရသည်။ သူ့ခန္ဓာကိုယ်ကို ထိန်းရန် ကြိုး စားသည့်တိုင် စိတ်ထဲကတော့ ပြာခနဲ ခံစားလိုက်ရပြီ။

သူ ဟန်ချက် ထိန်းနိုင်မည်မှ မကြံသေး။ လက်မောင်းတစ လျှောက် ပူခနဲ၊ ကျဉ်ခနဲ ဖြစ်သွားပြီး လက်ထဲမှဓားလည်း လွတ်သွား ပါတော့သည်။

ဓားသည် ရှန့်ရှောင်ဖုန်း၏ လက်ထဲသို့ ရောက်ရှိသွားပါပြီ။ ထိုအဖြစ်အပျက်သည် မျက်လှည့်မဟုတ်။ ပဥ္စလက်မဟုတ်၊ မှော်ပညာ မဟုတ်ချေ။ ကြာမြင့်စွာ တည်တန့်ခဲ့သော ရှန့်မျိုးရိုးကြီးသည် သူတို့၏ ရှန့်မိသားစု အဆက်ဆက်က သင်ကြားပေးခဲ့သည့် ဓားလုပညာ (လက်နက်လုပညာ)သာ ဖြစ်ပါတော့၏။

ရှန့် ဆွေစဉ်မျိုးဆက်တို့သည် ထိုပညာရပ်ကို "ထိုးအင်းတွမ်



လဲ"ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ ရှန့်ရှောင်ဖုန်းသည် ထို သိုင်းကွက်ကို ငြိမ့်ငြိမ့်ရှင်းရှင်းကလေး သုံးသွားသော်လည်း ကွက်ပြောင်း များပြားလှသဖြင့် အခြား သိုင်းသမားများ မမြင်လိုက်ကြပါ။

ဤသိုင်းကွက်မှာ ယခုမှ အဆန်းတကြယ်သုံးသည့် သိုင်းကွက် မဟုတ်ပါ။ သူ့ရှေးကြီးလောက်ပန်၏ ဂေဟာ၌ ထင်ကျွမ်း၏ အမှာ သိုင်းသမားငါးယောက် ရောက်လာပြီး ဆရာကြီးမော်တို့နှင့် ပြေရှင်းခဲ့ကြစဉ်က အဖြစ်အပျက်ကို သင်တို့ သတိရမှတ်မိကြပါလိမ့်မည်။ ထိုသိုင်းသမားများထဲ၌ ဝါးစိမ်းဝါးလှူ့ကူကျူဆိုသူပါ ပါ၏။ ထိုသူ၏ ဝါးစိမ်းဝါးကို ရှန့်ရှောင်ဖုန်း လုယက်ခဲ့သည်မှာလည်း ဤ"ထိုးအင်းတွမ်လဲ"ပင် ဖြစ်ပါသည်။

ထို့ပြင် တစ်ဝ ရှန့်ရှောင်ဖုန်းနှင့် မုယုံချူးထိတို့ တောင်ကုန်းကလေးတစ်ခုအနီးသို့ ရောက်နေစိုက် ဝါစွန်းယီ၊ ရှန့်ဖုန်ဝါနှင့် ရှန့်ကျန်ကွေ့တို့ ရောက်ရှိလာပြီး ရှန့် မိသားစုအား ဂုဏ်သိက္ခာပျက်အောင် လုပ်ခဲ့သည့်အတွက် ရှန့်ရှောင်ဖုန်းအနေဖြင့် အပြစ်ဒဏ်ခံယူရန် ဒူးထောက်ပါဟု ရှန့်ဖုန်ဝါက တောင်းဆိုခဲ့ပါသည်။ ရှန့်ဖုန်ဝါ ကိုင်ထားသည့် ဓားသည် ရှန့်မိသားစုပိုင် အမှန်အဖြတ် ဓားလေးချောင်းအနက်မှ ဓားတစ်ချောင်းဖြစ်ပြီး ထိုဓားဖြင့် ရှန့်ရှောင်ဖုန်းအား အမိန့်ပေးခဲ့သည့် အဖြစ်ကို သတိရ မှတ်မိကြပါလိမ့်မည်။

ထိုအခါ ရှန့်ကျန်ကွေ့က ရှန့်ဟုန်ဝါ၏လက်ထဲမှ ဓားကို လုယူခဲ့သဖြင့် အားလုံးက အံ့အားသင့်ခဲ့ရပါသည်။ ရှန့်ကျန်ကွေ့က ဤပညာမှာ ရှန့်ကျန်ဂေဟာမှ ရှန့်သခင်ကြီး ရှန့်ဟွမ်စွန်က သင်ကြားပေးခဲ့သည့် ဓားလုပညာဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ထို ဓားလုပညာမှာလည်း ထို"အင်းတွမ်လဲ"ပင် ဖြစ်ပါသည်။

မင်းချန်ဟွာမှာ သူမည်သို့မျှ လက်လွှတ်မခံနိုင်သောဓား လက်လွှတ်ဆုံးရှုံးသွားရသဖြင့် ကျောက်ရုပ်ကြီးကဲ့သို့ တောင့်တောင့်ကြီး ဖြစ်နေပါတော့သည်။ သူ့မျက်နှာကလည်း လူသေမျက်နှာလို ဖြူ ရော်ရော်ကြီး ဖြစ်နေသည်။

မင်းချန်ဟွာ ဝေဒနာတစ်ရပ် ခံစားရသလို နာကျင်နေစဉ် ကောင်းကင်ပြင် တိမ်တောင်များအကြားမှ နဂါးတစ်ကောင် အော် ဟစ်ပြေးထွက်လာသံမျိုး မာန်သွင်းသံတစ်သံ ကြားလိုက်ရသည်။ ဝင်းခနဲ လက်ခနဲ ဖွေးခနဲ အလင်းရောင်တန်းသည် အခန်းတစ်ခန်းလုံး လွှမ်းခြုံသွားသည်။ ထို့နောက် ဓားရောင်သည် မိုးကြိုးသွားကဲ့သို့ စု စည်းသွားပြီး ရှန့်ရှောင်ဖုန်းထံသို့ ထိုးစိုက်လာတော့သည်။

ထိုသို့ လျှပ်တစ်ပြက် တိုက်ခိုက်လာသူကား စွန်းလွှန့်သူရဲ ကောင်း တယ်ကြိုင်လုံတည်း။ ထိုသိုင်းကွက်မှာ စွန်းလွှန့်ဂိုဏ်း၏ "နဂါး ကိုးကောင်" သိုင်းကွက်မှ သိုင်းတစ်ကွက်ပင် ဖြစ်သည်။

မာန်သွင်းသံ၏ ပြင်းထန်ကျယ်လောင်ပုံမှာလည်း ကြောက် ခမန်းလိလိ၊ ဓားရောင်ဖွေးလက် ဝင်းပြောင်ပုံမှာလည်း အသည်းထိတ် ရင်ဖိုစရာ၊ တိုက်ကွက်၏ အားပါပုံမှာလည်း မုန်တိုင်းတိုက်သလို စားသောက်ဆိုင်ကြီး တစ်ဆိုင်လုံး ပြိုကျတော့မလိုလို ခေါင်မိုးကြီး ပွင့် ထွက်သွားတော့မလိုလို ပြင်းထန်လှသော သိုင်းကွက်သည် ဂိုဏ်းကြီး ငါးဂိုဏ်းမှ သိုင်းသမားများကိုပင် ကြက်သီးဖြန်းဖြန်း ထစေလေတော့ ၏။

"နဂါးကိုးကောင်"သိုင်းကွက်ဆိုသည့်အတိုင်း တိမ်တောင် များအကြားမှ နဂါးကိုးကောင် အော်ဟစ်ပြေးထွက်လာသလို သည်း ထိတ်စဖွယ် ရှိလှသော်လည်း တယ်ကြိုင်လုံ ရင်ဆိုင်ရသူကား အခြားလူ



ဟုတ်။ သိုင်းလောကဘုရင်ကြီး ရှန့်ရှောင်ဖုန်း ဖြစ်နေလေ၏။

မင်းချန်ဟွာကား မတ်တတ်ရပ်ရင်း သတိလစ်နေသူကဲ့သို့ ...မှုမပြင်၊ ဘာမှုမကြား ဖြစ်နေသည်။ တကယ့်ဖြစ်ရပ်တွင်ကား မင် ...န်ဟွာ ရှုံးသွားပြီကို သိသည်နှင့် တစ်ပြိုင်နက် တယ်ကြိုင်လုံသည် ...ဟုတ်ပြင်းစွာ တိုက်ခိုက်လိုက်ခြင်းသာ ဖြစ်ပါသည်။

ရှန့်ရှောင်ဖုန်း၏ စွမ်းရည်ကို မြင်ပြီးဖြစ်သဖြင့် တယ်ကြိုင်လုံ ...ည် လုံးဝ ပေါ့ဆခြင်း မရှိပေ။ အကောင်းဆုံး၊ အပြင်းထန်ဆုံး သိုင်း ...ကွက်ကိုထုတ်သည့်တိုင် အကျိုးအပြစ် မည်သို့ဖြစ်လာမည်ကို သူ မခန့် ...န်းနိုင်ပေ။ သူ့အတွက် အနိုင်ရလိမ့်မည်ဟုလည်း အပိုင်မတွက်ပါ။ ...ပြင်းထန်ဆုံး တိုက်ခိုက်ထားမှ တော်ရုံရှိမည်။ ဒူးလောက်တင်မှ ရင် ...လောက်ကျမည်ဟု တွက်ချက်ပြီး ထိုသို့ တိုက်ခိုက်လိုက်ခြင်းသာ ဖြစ် ...သည်။

အလွန် အင်အားကြီးမားလှသော နဂါးကြီးသည် အရှိန်အဟုန် ...င်းစွာဖြင့် ပျံသန်းလာစဉ် နတ်ကျောက်တောင်နှင့် တိုက်မိပြီး ပင် ...ယ်ထဲသို့ ပြုတ်ကျသကဲ့သို့ တယ်ကြိုင်လုံခမျာ လေထဲမှပင် ဝုန်းခနဲ ...ှင့်မဉ်သွားရတော့သည်။

ရှန့်ရှောင်ဖုန်းဆိုသည်မှာ သာမန်လူ မဟုတ်။ ပါရမီရှင် ဓား ...ရင်ကြီး ဖြစ်သည်။ သူ့ ပတ်ဝန်းကျင်၌ လေနုအေးကလေး လွှမ်းခြုံ ...သလို ဖြစ်လာခြင်းမှာ သူ့လက်ထဲ၌ ရှိသော မင်းချန်ဟွာ၏ ဓားကို ...ည်းညွှင်းစွာ ဝှေ့ယမ်းပြီး ဓားကွက်ထုတ်လိုက်သောကြောင့် ဖြစ်၏။

စွန်းလွှန့်ဂိုဏ်း၏ ပြင်းထန်သော ဓားသိုင်းနှင့် ရှန့်ရှောင်ဖုန်း ... သိမ်မွေ့သော ဓားသိုင်းတို့ ထိပ်တိုက်ရင်ဆိုင်လျှင် သာမန်အားဖြင့် ...ရှောင်ဖုန်း ရှုံးနိမ့်သွားမည်ဟု ထင်မှတ်ဖွယ် ရှိ၏။ ဘာကယ်တော့

ဤသို့ မဟုတ်ပါ။ ဤသည်မှာလည်း ရှန့်ရှောင်ဖုန်း၏ တစ်ဇာတ္ထိဉာဏ်ပင် ဖြစ်ပါသည်။ ပါရမီရှင်မှသာ ဤသို့ လျှပ်တစ်ပြက်နည်းလမ်း ရွေးချယ်နိုင်ပါသည်။

ဓွန့်လွန်းသူရဲကောင်း တယ်ကြိုင်လုံသည် ဘေးမှရပ်ရှု အတွင်းအား အပြည့်အဝထည့်ကာ အပြင်းထန်ဆုံး တိုက်ခိုက်ခြင်းဖြ ၍ သာမန်လူတစ်ယောက်ဆိုလျှင်လည်း တယ်ကြိုင်လုံကို အ အကောင်းဆုံး ခံစစ်အဖြစ် တန်ပြန်ခုခံမိမည်သာ ဖြစ်၏။ တယ်ကြ လုံကတော့ ပြင်းထန်သော သိုင်းကွက်ကို မရွေးချယ်ဘဲ အလွန်သ မွေ့နူးညံ့သော သိုင်းကွက်ကို ရွေးချယ်ပြီး ခုခံလိုက်၏။

ထိုအခါ ရှန့်ရှောင်ဖုန်းသည် မုန်တိုင်းထဲ၌ ယိမ်းနွဲ့နေသေ ပန်းပြားပင်ကလေးကဲ့သို့ ဖြစ်သွားသည်။ တယ်ကြိုင်လုံ၏ သိုင်းကွ သည် ပန်းပြားပင်ကလေးကို ပျဉ်းကတိုး၊ အင်ကညင်ပင်ကြီးများကဲ့ အပိုင်းအပိုင်း အပြတ်ပြတ် အမြစ်ပြုတ်ထွက်အောင် မပြုနိုင်တော့ပေ

ရှန့်ရှောင်ဖုန်းသာ အပြင်းကို အပြင်းဖြင့် ခုခံလျှင် အင်ကည ပင်ကြီးများ မုန်တိုင်းအောက်၌ လဲကျသကဲ့သို့ လဲကျသွားပေလိမ့်မည ထို့နောက် လက်ဝဲလက်မှ ရိုက်ချက်တစ်ချက်ကို ရိုက်ထုတ်လိုက် အားအလွန်သာသော တယ်ကြိုင်လုံ၏ ညှပ်ရိုးကိုရိုက်မိပြီး အခေ ထောင့်တစ်နေရာသို့ ဝုန်းခနဲ လွင့်စဉ်သွားရတော့သည်။ တယ်ကြိုင် သည်လည်း တစ်ကိုယ်လုံးရှိသွေးများ အေးခဲသွားမတတ် ခံစားလို ရလေတော့သည်။

အခန်းထဲရှိ သိုင်းသမားများသည် အသက်ရှူရပ်မတတ် ဖြ သွားကြ၏။

အတန်ကြာမှ အုံးရန်ယွင်ဟို၏ ရှည်လျားသော သက်ပြင်း



ထွက်ပေါ်လာသည်။

"တကယ့်ကို ပြိုင်ဘက်ကင်းတဲ့ ဓားသိုင်းပညာပါပဲလားဗျာ"

အုံးရန်ယွင်ဟို၏ ချီးမွမ်းစကားသည် ကျောက်ရုပ်များကဲ့သို့ ဖြစ်နေသော အခန်းထဲမှလူများကို ပြန်လည်အသက်သွင်းလိုက်သကဲ့ သို့ ရှိလေ၏။

သို့သော် ခနဲ့လှောင်ပြောင်သော စကားသံသည် ဆက်တိုက် ပင် ထွက်ပေါ်လာ၏။ ထိုစကားကို ပြောသူက လီကျန်းကျန် သည်။

လက်စသတ်တော့ တတိယသခင်လေး ရှန့်ရှောင်ဖုန်းဆိုတာ လို အခွင့်အရေးယူတတ်တဲ့ လူမျိုးပဲကိုး .... ဟင်း .... မြင်ရတော့မှ ရတာပဲ .... သူများပြောရင် ယုံမိမှာတောင် မဟုတ်ဘူး .... "

ထိုစဉ် ကျန်ချွမ်ရှယ်က ဝင်ပြောလာသည်။

"ဒါဟာ အခွင့်အရေးယူတာ မဟုတ်ဘူးဗျ .... သူဟာ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိထားတဲ့သူပါ .... ဒီလို ဒဏ်ရာရလျက်နဲ့ ခင်ဗျား ကိုလို ထိပ်သီးခုနစ်ယောက်နဲ့ ယှဉ်ပြိုင်ရတာဆိုတော့ မြန်မြန်ဆန်ဆန် ကို ဖြတ်ရတာပါ .... ကြာရင် သူ့အတွက် ဒုက္ခရောက်နိုင်တယ် မဟုတ်လား .... "

ကျန်ချွမ်ရှယ်က ရှန့်ရှောင်ဖုန်းဘက်မှ ဝင်၍ ချေပခြင်း ဖြစ် သည်။

တကယ်တော့ သူ အေးအေးဆေးဆေး ထိုင်နေသင့်ပါသည်။ ကနှင့် သွေးနှင့် သံသရာလည်နေသော သိုင်းလောကသည် ဆေးလော ထက်ပို၍ ရှုပ်ထွေးကြောင်း သူ သိထားသင့်ပါသည်။

လီကျန်းကျန်သည် သိုင်းပညာ တတ်ပုံမပေါ်သော ကျန်

ချွမ်ရှယ်ကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ....

"ရှင်က ဓားပညာကို တတ်ကျွမ်းလို့လား .... "

"ကျွန်တော်က ဓားပညာ မတတ်ကျွမ်းပါဘူး .... ဒါပေမယ့် အဖြစ်အပျက်ရဲ့ အခြေအနေကိုတော့ နားလည်သဘောပေါက်ပါတယ်"

"ရှင်က ဘာတွေများ နားလည်သဘောပေါက်နေတာလဲ"

"သူ အနိုင်ယူ တိုက်ခိုက်နေတာကို သဘောပေါက်တာပေ့ ဗျာ .... "

"ဩော် .... တယ်ဟုတ်ပါလား .... သူက ဘာကြောင့်များ ဒီလို အနိုင်ယူ တိုက်ခိုက်နေရတာလဲ .... ရှင်းစမ်းပါဦး .... "

"ဘာကြောင့်လဲဆိုတော့ သူဟာ ရှန့်ရှောင်ဖုန်း ဖြစ်နေလို့ ပါပဲ .... "

"တယ် ဟုတ်ပါလား .... အကြောင်းပြချက်ကလည်း တယ် ကောင်းပါလား .... "

"ဒီထက် ကောင်းတဲ့ အကြောင်းပြချက် မရှိတော့ပါဘူး .... တကယ်ပါ .... သူ ရှန့်ရှောင်ဖုန်း ဖြစ်နေတဲ့အတွက် သူဟာ အစဉ်အလာ ကို အပျက်မခံနိုင်ပါဘူး .... သူ အသက်ရှင်နေသရွေ့ သူ အရှုံးမခံနိုင် ပါဘူး .... သူ နိုင်ရပါမယ် .... ဒါမှ ရှန့်ကျုံဂေဟာရဲ့ သိက္ခာ၊ ရှ မိသားစုရဲ့ ဂုဏ်သိက္ခာ၊ ရှန့်ရှောင်ဖုန်းရဲ့ ဂုဏ်သိက္ခာတို့ကို ထိန်းနိုင်မှာ ဖြစ်ပါတယ် .... သူ အနိုင်တိုက်ရမှာက သူ့ရဲ့ တာဝန် ဝတ္တရားပေကိုး

လီကျုန်းကျန်က ရယ်မောလေ၏။

"အင်း .... ဟုတ်ပေသားပဲ .... ရှန့် မျိုးရိုးက ရှန့်ရှောင်ဖုန် ဟာ ဘယ်တုန်းကမှ ရှုံးနိမ့်ခဲ့တာမှ မဟုတ်တာဘဲ .... သူဟာ အစဉ် အမြဲ အနိုင်တိုက်ခဲ့တဲ့ လူပေပဲ .... "



သူမသည် အတော်ကြာကြာ ရယ်မောနေသဖြင့် ကျန့်ချွမ်ရှယ် မရှင်းမလင်း မေးလေ၏။

"ခင်ဗျား ဘာကြောင့် ဒီလောက်လှရတာလဲ .... "

"ရှင် မသိဘူးလား .... "

"ကျွန်တော်က ခင်ဗျားစိတ်ထဲမှာ ရှိနေတဲ့ အရာတွေကို ဘယ်သိနိုင်မှာလဲဗျာ .... ခင်ဗျားပြောမှာ သိရမှာပေါ့ .... "

"ခစ် .... ခစ် .... ခစ် .... ရှင် မသိတာ ရှိနေသေးတာကိုး၊ ဖြစ်ရမယ်လေ .... တစ်ခါတလေ ဒီလိုလည်း ဖြစ်ရမှာပေါ့ .... "

သူမသည် ရုတ်တရက် အရယ်ရပ်သွား၏။

ထို့နောက် ခက်ထန်မာကျောစွာ ကျန့်ချွမ်ရှယ်အား ငေါက် ငန်းလိုက်လေ၏။

"ဟင်း .... ရှင် မသိတာကို ကျွန်မက ဘာဖြစ်လို့ ပြောရမှာ လဲ .... ရှင်က ဘာကောင်မို့လို့လဲ .... "

"ဟား .... ဟား .... ဟား .... "

တစ်ခန်းလုံး ရယ်သံ သိမ့်သိမ့်ညံသွားလေ၏။

ထိုသို့ ရယ်သူမှာ လီကျုန်းကျန် မဟုတ်ပါ။ တောင်ပင်လယ် ရှိ ကျားသား လီဖိန် ဖြစ်ပါသည်။

လက်တစ်ဖက်ပြတ် လီဖိန်သည် တဟားဟား ရယ်ရင်းမှ ရယ်ရှိန်သတ်ကာ ....

"မင်း မပြောရင် ကျုပ်က ပြောရလိမ့်မယ် .... "

ထိုစကားကို ကြားလိုက်ရသောအခါ လီကျုန်းကျန် အကြီး အကျယ် မျက်နှာပျက်သွားလေတော့၏။

စိုးရိမ် ထိတ်လန့်သော အရိပ်အရောင်များလည်း ပေါ်လာ

သည်။

"ရှင် .... ရှင် .... ဘယ်လို ပြောလိုက်တာလဲ .... "

"ကျုပ်က ဘာများ ပြောလို့လဲ .... "

"ရှင် ပေးခဲ့တဲ့ကတိကို ရှင် မေ့သွားပြီလား .... "

"အာ .... မေ့သွားပြီ .... "

"ဘာ .... "

"ငါကတော့ မမေ့သေးပါဘူး .... "

ထိုစကားကို ဝင်ပြောလာသူကား အုံးရန်ယွင်ဟိုတည်း။ အ
ရန်ယွင်ဟိုသည် တည်ကြည်သော မျက်နှာ၊ အေးဆေးသော ခြေလှ
များဖြင့် တစ်လှမ်းချင်း ထွက်လာပြီး လီကျန်းကျန်နှင့် မျက်နှာချ
ဆိုင်လိုက်၏။

"မင်းကို ငါ ပြောခဲ့တယ် မဟုတ်လား .... အနိုင်အရှုံး မပေ
သေးသရွေ့ ငါတို့ရဲ့ လျှို့ဝှက်ချက်ကို မဖော်ထုတ်ဘူးလို့ ငါ ပြော
တယ် .... အဲဒီစကားကို ငါ လုံးဝ မမေ့သေးပါဘူး .... "

လီကျန်းကျန် သက်ပြင်းချလိုက်၏။ သူမ များစွာစိတ်သ
သာရာ ရသွားသည်။ သူမဘက်က ရပ်တည်သူ ရှိသေးသည်ဆိုတေ
သူမအဖို့ အခြေအနေကောင်းဆဲဟု သတ်မှတ်နိုင်သေးသည် မဟုတ်
လော။

လီကျန်းကျန်က ....

"ဟင်း .... တော်ပါသေးရဲ့ .... ရှင်က ကတိသစ္စာတည်
လူဖြစ်နေပေလို့ .... ရှင်ဟာ သူတော်ကောင်းကြီးပါ .... "

အုံးရန်ယွင်ဟိုက ခေါင်းညိတ်ပြလိုက်သည်။

လီဖိန်က အေးစက်စက်ရယ်ပစ်လိုက်ပြီး ....



"အဲဒီ သူတော်ကောင်းဆိုတာ သူနေ၁် .... ကျုပ်နဲ့ လုံးဝဆိုင်
.. မဟုတ်ဘူး .... ကျုပ်ဟာ တစ်ကိုယ်ကောင်းဆန်တဲ့လူ .... သိမ်
..တဲ့လူ .... ယုတ်ညံ့တဲ့လူ .... ဒါကြောင့် ကျုပ်ပြောတဲ့ စကားတွေ
.. ခင်ဗျားတို့ တန်ဖိုးမထားကြပါနဲ့တော့ .... ကျုပ် ပြောမယ့် စကား
..ဟာ အလကား စကားတွေပါ .... "

သူသည် ပြောရင်း သူ၏ ဓားလက်ကိုင်ရိုးပေါ်သို့ သူ့ လက်ငါး
..ကို တင်လိုက်သည်။ တင်းကျပ်မှာ ဆုပ်ကိုင်လိုက်သည်။

ရှန့်ရှောင်ဖုန်း၏ မျက်လုံးများသည် အရောင်တလက်လက်
..ကာက်ပြောင်လာ၏။ ဤမျှ လျှို့လျှို့ဝှက်ဝှက် ပြောနေကြလျှင် ကြီး
..သော လျှို့ဝှက်အကြံအစည်ကြီးတစ်ခု ရှိနေမည်မှာ သေချာလှ
..ည်။ အတွေ့အကြုံများက စကားပြောနေသဖြင့် ရှန့်ရှောင်ဖုန်း မျက်စိ
..ဖွင့် နားကိုစွင့် နေရပေပြီ။

"လီဖိန် .... ခင်ဗျား ပြောစရာရှိတာကိုသာ ဆက်ပြောပါ၊
..ဗျား၏ စကားက တခြားသူတွေ တန်ဖိုးမထားပေမယ့် ကျုပ်ကတော့
..န်ဖိုးထားပါတယ် .... "

ရှန့်ရှောင်ဖုန်းက လီဖိန်အား တိုက်တွန်းလိုက်၏။

လီဖိန်ကလည်း ခေါင်းညိတ်သည်။

"ကောင်းပြီ .... ကျုပ် ပြောမယ် ... "

သူသည် လီကျန်းကျန်ကို ကြည့်လိုက်ပြီးမှ ရှန့်ရှောင်ဖုန်းအား
..၏။

"ကျုပ်တို့ ဒီကိုရောက်လာတာကို ခင်ဗျား ဘယ်လိုထင်
..လဲ .... "

"ကျုပ်ကတော့ လောင်းကစားဖို့ လူစုနိုင်း၄ .... "

"ကျုပ် ဆိုလိုတာက ကျုပ်တို့ တစ်စုတစ်ဝေးကြီး ရော
လာတာကို မအံ့ဩဘူးလားလို့ မေးတာပါ .... "

"ခင်ဗျားတို့ တစ်ယောက်ချင်း ရောက်လာကြတာပဲ ....
ပေမယ့် ရောက်လာသူတွေအားလုံးဟာ ဂိုဏ်းကြီးခုနစ်ဂိုဏ်းရဲ့ နံပါ
တစ် ပုဂ္ဂိုလ်တွေချည်း ဖြစ်နေတယ် .... အဲဒီအတွက်တော့ အံ့ဩတ

"ကျုပ်တို့ တစ်ယောက်ချင်း ရောက်လာတာ ဖြစ်ပေမ
အားလုံးဟာ လီကျန်းကျန်ကြောင့် ဒီကိုလာခဲ့ကြတာပါ .... "

"အင်း .... တစ်ယောက်ချင်း ရောက်လာတဲ့ အတွက်
ကျုပ်က သံသယ မဖြစ်ပေမယ့် ဂိုဏ်းကြီးခုနစ်ဂိုဏ်းကလူတွေ ဖြစ်
တဲ့အခါမှာတော့ မရိုးသားဘူးဆိုတာ ကျုပ် ရိပ်မိပါတယ် .... "

"ခင်ဗျား တော်တယ် .... ကျုပ်တို့ ဒီကို ရောက်မလာခ
လီကျန်းကျန်နဲ့ အလောင်းအစား လုပ်ခဲ့ကြတယ်ဗျာ .... ဒါကို
ခင်ဗျား ရိပ်မိနိုင်မယ် မထင်ပါဘူး .... "

"ဆိုစမ်းပါဦး .... ဘယ်လို အလောင်းအစားများလဲ ....

"သူက ပြောတယ် .... ကျုပ်တို့ ခြောက်ယောက်ဟာ ခင်
ရဲ့ တိုက်ကွက် သုံးကွက်ကို ဘယ်လိုမှ မခံနိုင်စေရဘူးတဲ့ .... သ
ခင်ဗျားဘက်ကပေါ့ .... ခင်ဗျား စဉ်းစားကြည့်လေ .... ကျုပ်တို့
ဂိုဏ်းကြီးခြောက်ဂိုဏ်းထဲက နံပါတ်တစ် ဓားသမားတွေချည်းပဲဗျ
သူ့စကားကို ဘယ်သူက ခံချင်မှာလဲ .... ခင်ဗျားဘာသာ ခင်
ဘယ်လောက်ပဲ နာမည်ကြီးကြီး ကျုပ်တို့က ဂရုစိုက်တာ မဟုတ်
ဗျာ .... သိုင်းသမားရဲ့ အတ္တကို နားလည်တယ် မဟုတ်လား ...

"ကျုပ် နားလည်ပါတယ်ဗျာ .... ကျုပ်ကိုယ်တိုင် ခင်ဗျာ
လို စိတ်ထားမျိုး ရှိနေတဲ့သူပါပဲ .... ဆက်စမ်းပါဦး .... "



"သူက ခင်ဗျားဘက်က လောင်းတယ်လေ .... တကယ်
ပွဲမှာ သူ တိုက်ဖို့ အစီအစဉ် မရှိပါဘူး .... ကျုပ်တို့ ခြောက်
ယောက်နဲ့ ခင်ဗျားနဲ့ တစ်ယောက်ချင်း တိုက်ရမှာပါ .... "

"ဩော် .... သူဟာ ကျုပ်ကိုတော့ ရှုံးမယ် .... ခင်ဗျားတို့
ခြောက်ယောက်ကိုတော့ နိုင်မယ်ပေါ့ .... "

"ဟား .... ဟား .... ဟား .... အဲဒီအတိုင်းပဲ .... "

လီဖိန်က ထီမထင်သော မျက်နှာဖြင့် ရယ်နေ၏။ လီဖိန်
အလျှန်ရုပ်ဆိုးပြီး လောကကြီးကို ခါးစောင်းတင်လိုသည့် နေရာ
တစ်ကိုယ်တော် ဓားသမား ယန်ဆယ်စန်း၊ ယန်ဆယ်စန်း၏ မိတ်
ကျိုးကန်တို့နှင့် အလွန်တူသည်။

ထိုစဉ် လီကျန်းကျန်က တခစ်ခစ်ရယ်ရင်း ဝင်ပြောလာလေ

"ကျွန်မဟာ ကိုယ်အကျိုးမရှိတဲ့ အလုပ်ကို ဘယ်တော့မှ
လုပ်ဘူး .... အဲဒါကို ရှင်တို့ သိသွားတာပေါ့ .... "

ရှန့်ရှောင်ဖုန်း ဘဝင်မကျပေ။ ဤအလောင်းအစားကလေး
လောက်ကတော့ ဘာမှ မထူးခြားပေ။ ထို့ကြောင့် လီဖိန်အား ထပ်
မေးလိုက်၏။

"နောက်ထပ်ကော သူနဲ့ ဘာလောင်းထားသေးလဲ .... "

လီဖိန်က ရှန့်ရှောင်ဖုန်းအား ပြန်မေးလိုက်၏။

"ခင်ဗျား သိုင်းလောကနဲ့ အဆက်မပြတ်ဘူး မဟုတ်လား"

ရှန့်ရှောင်ဖုန်းက စဉ်းစားပြီး ပြော၏။

"အင်း .... အခုနောက်ပိုင်း မပြတ်ဘူးလို့ ပြောနိုင်ပါတယ်၊
ဖြစ်လို့လဲ .... "

"ထင်ကျွမ်းဆိုတဲ့ အဖွဲ့အစည်းတစ်ခုဟာ သိုင်းလောကမှ ပေါ်ပေါက်နေတယ် .... အဲဒါ ကြားဖူးရဲ့လား .... "

ရှန့်ရှောင်ဖုန်း မရှိုပြုံး ပြုံးလိုက်၏။ ထင်ကျွမ်းကို သူ ကောင်းကောင်း သိသည်ပေါ့။ တောင်ပင်လယ်ဂိုဏ်းသား အနေဖြင့်ကတော့ ဤသို့သာ မေးပေလိမ့်မည်။

"သိပါတယ်ဗျာ .... "

"သိုင်းလောကထဲမှာ အဲဒီ ထင်ကျွမ်းဆိုတဲ့ အဖွဲ့အစည်းဟာ တစ်နေ့တခြား အင်အား ခိုင်မာတောင့်တင်းလာတယ်လို့ သိရတယ် သူ့ အင်အားဟာ ကြောက်စရာ အဆင့်ကို ရောက်နေပြီလို့ အထက် လမ်း ဂိုဏ်းသား တော်တော်များများက ပြောဆိုနေကြတယ် ....

"ဟုတ်တယ် .... ကျုပ်လည်း ကြားပါတယ် .... "

"ဒီဂိုဏ်းကြီးဟာ သိုင်းပညာမြင့်မားအောင် တီထွင်ဖို့ထက် တန်ခိုးဩဇာ ကြီးမားအောင် ကျော်စောကိတ္တိကြီးအောင် လုပ်ဖို့ကို အရေးပေးတဲ့ ဂိုဏ်းကြီးဖြစ်လို့ ဂိုဏ်းကြီးခုနစ်ဂိုဏ်းဟာ ဒီဂိုဏ်းထဲက ဝါစဉ်ကြီး ပုဂ္ဂိုလ်အချို့ဟာ ဒီကိစ္စထဲ ဝင်မပါလိုပြန်ဘူး .... ဒီတော့ လူငယ်သိုင်းသမားတွေ စုစည်းပြီး ထင်ကျွမ်းအဖွဲ့အစည်း တားဆီးရေး ကိစ္စကို ခေါင်းရွက်ကြရတယ် .... "

"...ဒါတော့ ကျုပ် မကြားမိဘူး .... ဒါပေမယ့် အစီအစဉ်က ကောင်းပါတယ် .... "

"ဒီအစီအစဉ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခုက ထင်ကျွမ်းအဖွဲ့ အစည်းကို တားဆီးမယ့် ကိစ္စအတွက် ခေါင်းဆောင်တစ်ယောက် ရွေး ချယ်ဖို့ ကိစ္စပဲ .... အများသဘောတူ ဂိုဏ်းကြီးခုနစ်ဂိုဏ်းကိုယ်စား ဆောင်ရွက်မယ့် ခေါင်းဆောင် ရွေးချယ်ရပါမယ် .... "



"သြော် .... သြော် .... ကျုပ် နားလည်ပါပြီ .... ခင်ဗျားတို့ ခြောက်ယောက် သူ့ကို ရှုံးခဲ့ရင် သူ့ကို ဂိုဏ်းကြီးခုနစ်ဂိုဏ်းရဲ့ ခေါင်း ဆောင်အဖြစ် လက်ခံရမယ်ဆိုပါတော့ .... "

လီဖိန်က အေးစက်စက်ရယ်ရင်း ....

"ရှန့်တယ် ဒီအတိုင်းပဲ .... "

ထိုအခါ ငြိမ်ငြိမ်သက်သက် နားထောင်နေသော လီကျိန်း ကျန်က ဝင်ပြောလာလေ၏။ သူ့လေသံက အေးအေးဆေးဆေးပင်။

"ရှင်က ဘာဖြစ်နေတာလဲ .... ကျွန်မကို ရှင်တို့ရဲ့ မန်ကြူ အဖြစ် တင်မြှောက်လိုက်ရလို့ ရှင်တို့ ဘာများ နစ်နာသွားမှာလဲ"

လီဖိန်က တည်ကြည်စွာ ပြောသည်။

"ဟာ .... ထိခိုက်နစ်နာတာပေါ့ .... ဘာဖြစ်လို့ မထိခိုက် . ရမှာလဲ .... "

"ဘယ်လိုများ ထိခိုက်မှာလဲ လင်းစမ်းပါဦး .... "

လီဖိန်က ....

"မင်းဟာ ညဏ်ရည်ညဏ်သွေး အင်မတန် ထက်မြက်တဲ့ မိန်းကလေးပဲ .... သိုင်းပညာရပ်မှာဆိုရင်လည်း သူတစ်ပါးလေးစား လောက်အောင် တတ်မြောက်တယ် .... အကယ်၍ မင်းကိုသာ ငါတို့ ရဲ့ မန်ကြူအဖြစ် တင်မြှောက်လိုက်မယ်ဆိုရင် ထိုက်ဆန်းတောင်အစည်း အဝေးကြီးဟာ ဒုတိယမြောက် ထင်ကျွမ်းဆိုတဲ့ "အာဏာလောဘသား ကောင်" တစ်ယောက်ကို မွေးထုတ်ပေးလိုက်သလို ဖြစ်သွားမှာပေါ့"

လီဖိန်၏ လေသံက သာမန်ပင်။ မျက်နှာထားကလည်း တည်တည်ကြည်ကြည်ပင် ရှိသဖြင့် လီကျိန်းကျန်အား တားဆီးနေခြင်း မှာ ချစ်၍ မုန်း၍ မဟုတ်။ ဖြစ်စဉ်အရ သိုင်းလောက၌ အာဏာရမှုက

ငမ်းငမ်းတက်မည့်သူတစ်ဦး မပေါ်ပေါက်စေရန် စေတနာမှန်နှင့် တား
ဆီးနေခြင်းသာ ဖြစ်ကြောင်း ထင်ရှားလှသည်။

ထိုသို့ စိတ်စေတနာ ရှိနေသည်မှာ ချီးကျူးဖွယ်ရာပင်။ တကယ်တော့ တောင်ပုင်လယ်ဂိုဏ်းသည် ပြည်ပမှ သိုင်းဂိုဏ်းကြီးများနှင့် အလှမ်းဝေးပြီး အနေစိမ်းလှသည်။ လီဖိန်၏ စိတ်ထဲ၌ ပူးပေါင်းဆောင်ရွက်ချင်စိတ်ရှိကြောင်း သူ့ အပြောအဆို စေတနာများက ပြသနေပေသည်။

သူ၏ နိုင်မာတိကျလှသော စကားများကြောင့် ရှန့်ရှောင်ဖုန်းမှာ အံ့အားကြီး သင့်သွားတော့၏။ လိကျန်းကျန့်သည် ထက်မြက်သော မိန်းကလေးဖြစ်သည်ဟုတော့ သူ သတ်မှတ်ပါသည်။ သို့ရာတွင် ထင်ကျွမ်းအဖွဲ့အစည်းနှင့် ပတ်သက်လာသည်အထိတော့ အလှမ်းကျယ်လာလိမ့်မည်ဟုတော့ မထင်မိခဲ့ပေ။ ယခုတော့ ထင်ကျွမ်းအဖွဲ့အစည်းနှင့် ပတ်သက်နိုင်သည်သာမက ဒုတိယမြောက် ထင်ကျွမ်းဖြစ်ရန် ခြေလှမ်း ပြင်နေခဲ့ပြီတဲ့။

ဟင်း .... ထင်ကျွမ်းဟာ လက်တံရှည်လှချည်ကလား။

ရှန့်ရှောင်ဖုန်း သက်ပြင်းချလိုက်မိတော့သည်။

❋

## အခန်း (၄)

## အဃုံသွင်း လုပ်ကြံမှု

လိကျန်းကျန့်သည် မထူးတော့ပြီ .... အားလုံးသိလည်း အကြောင်း မဟုတ်တော့ပြီ ဟူသည့် သဘောမျိုးဖြင့် ဟက်ဟက်ပက်ပက် ရယ်ကာ လီဖိန်အား မေးခွန်း ထုတ်လိုက်လေ၏။

"တန်ချန်းဂိုဏ်းလည်း ရှုံးနိမ့်သွားပြီ .... ဝါဆန်းနဲ့ ခုံးတုံလည်း ရှုံးနိမ့်သွားပြီ .... အခုလေးတင် စွန်းလွန်ဂိုဏ်းလည်း ခွေးကျဝက်ကျကျပြီး ရှုံးနိမ့်သွားပြီ .... ဂိုဏ်းကြီးလေးဂိုဏ်းစလုံး ရှုံးနိမ့်သွားပြီ .... ရှင်ကကော ရှန့်ရှောင်ဖုန်းရဲ့ တိုက်ကွက်သုံးကွက်ကို ခုခံနိုင်မယ်လို့ ထင်နေတုန်းပဲလား .... "

လီဖိန်က အေးစက်စက်ကြည့်နေသည်။

လိကျန်းကျန့်က ဆက်ပြောပြန်၏။

"စွန်လွန်ဂိုဏ်းရဲ့ နဂါးကိုးကောင်တိုက်ကွက်ဟာ .... ဘယ်လောက် ပြင်းထန်သလဲ .... သူလည်း ရေမြေလောက် ဖြစ်သွားတာပဲ .... ရှင်ကကော ရှင့်ကိုယ်ရှင် စိတ်ချယုံကြည်မှု ရှိရဲ့လား .... "

"မရှိဘူး .... "

လီဖိန်က ပြတ်သားစွာ ပြောလိုက်၏။

"မရှိဘူး ဟုတ်လား .... "

"ဟုတ်တယ် .... လုံးဝကို ယုံကြည်မှု မရှိဘူး .... ဒါကြောင့် ကျုပ်တို့ လောင်းကြေးထပ်ထားတဲ့ အလောင်းအစားကိစ္စကိုပယ်ဖျက်ဖို့ ကျုပ် ဆုံးဖြတ်လိုက်ပြီ .... "

လီကျန်းကျန် မျက်မှောင်ကြုတ်သွား၏။

"ဟင် .... ရှင် ဘယ်လိုပြောလိုက်တာလဲ .... ဒီလိုပဲ ကတိကို လွယ်လွယ်ဖျက်လို့ ဖြစ်မှာလား .... ရှင်ဟာ သစ္စာ ခဲ့တဲ့ လူတစ်ယောက် ဖြစ်သွားမှာပေါ့ .... "

လီဖိန်က တဟားဟားရယ်ရင်း ....

"ကျုပ် ပြောခဲ့တာပဲ .... ကျုပ်ဟာ သူတော်ကောင်း မဟုတ်ပါဘူးလို့ .... လူညံ့လူဖျင်းပါလို့ .... "

"ရှင် ဒီလို မလုပ်သင့်ပါဘူး .... ရှင့်ကြောင့် တောင်ပင်လယ်ဂိုဏ်းကြီးတစ်ဂိုဏ်းလုံး နာမည်ပျက်တာတော့ မဖြစ်သင့်ပါဘူး .... "

"ဟား .... ဟား .... ဟား .... သိုင်းဂိုဏ်းကြီးတွေထဲမှာ သစ္စာမဲ့တဲ့ သိုင်းသမားတွေ အများကြီး ပေါ်ခဲ့တာပါပဲ .... သူတို့ကြောင့် သူတို့ရဲ့ ဂိုဏ်းကြီးတွေ မျက်နှာအိုးမည်းပေတာ အနည်းအကျဉ်းတော့ ရှိတာပါပဲ .... ဒါပေမယ့် အဲဒီဂိုဏ်းကြီးတွေဟာ လုံးဝ အရှက်တကွဲ အကျိုးနည်းတော့ ဖြစ်မသွားပါဘူး .... ဒါပေမယ့် ကျုပ်ကြတော့ ထူးခြားပါတယ် .... ကျုပ်က အမှန်တရားအတွက် သစ္စာမဲ့တာပါ .... မကောင်းမှုကို သစ္စာမဲ့တဲ့အတွက် ကျုပ်ဂိုဏ်းတောင် ကျုပ်ကို ပြန်ပြီး ကျေးဇူးတင်ပါလိမ့်မယ် .... ဒါကြောင့် မင်းနဲ့ ပတ်သက်တဲ့ကိစ္စမှာ

---



ကျုပ်ဟာ ကတိသစ္စာ မစောင့်ထိန်းတော့ပါဘူး .... "

"ကျုပ်လည်း ဒီလိုပါပဲ .... "

အုံးရန်ယွင်ဟိုး၏ ပြောင်းလဲသွားသော လေသံကြောင့် လီကျန်းကျန်မှာ ဣန္ဒြေ မပျက်စေဘူး အပျက်ထူးသွားလေသတည်း။ သူမ၏ မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်လျက် ရှိနေသည်။

သူမသည် အလွန့်အလွန် အံ့ဩသော မျက်နှာဖြင့် အုံးရန်ယွင်ဟိုးကို စိုက်ကြည့်လျက် ရှိပါသည်။

ထို့နောက် တုန်ယင်လိုက်လှဲသောလေသံဖြင့် ....

"ရှင်ကလည်း သူလိုလူစား ဖြစ်သွားပြန်ပြီလား .... "

အုံးရန်ယွင်ဟိုးသည် လေးလံသောလေသံဖြင့် ....

"ငါ ဒီလိုမလုပ်လို့ မဖြစ်တော့ဘူးလေ .... "

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ .... ရှင် ကတိပေးခဲ့တာပဲ ဦးစွာ"

"မဖြစ်တော့ပါဘူး .... သိုင်းလောကထဲက ထင်ကျွမ်းဟာ အင်မတန် ကြောက်စရာကောင်းတဲ့ သွေးဆာသူပဲ .... သူဟာ ရက်စက်လွန်းတော့ သူ့ ကွန်ယက်ထဲ ရောက်သွားသူတွေဟာ သူ့ကို ဖိန့်ဖိန့်တုန် ကြောက်ကြတယ်လို့ ငါတို့ သိထားပြီးပြီ .... ဒီတော့ သူ့လူမျိုး နောက်တစ်ယောက် ထပ်မံမပေါ်ပေါက်သင့်တော့ပါဘူး .... သူတစ်ယောက်တည်းတောင် အလွန်များနေပါပြီ .... "

သူ့စကားကြောင့် လီကျန်းကျန် ပို၍ပို၍ မျက်နှာပျက်သွားတော့သည်။ အုံးရန်ယွင်ဟိုးသည် စကားဆုံးသောအခါ လီဖိန့်ရှိရာသို့ ပြည်းညှင်းစွာ လျှောက်သွားတော့၏။ သူ့ အမူအရာအရ သူသည် ကတိကို မတတ်သာဘဲ ဖျက်လိုက်ရသည့် အသွင်သဏ္ဍာန်မျိုး ဖြစ်နေပေသည်။

လီဖိန်သည် သူနှင့် စိတ်ထားတူသူတစ်ယောက်ကို ရှိလိုက်ပြီဖြစ်၍ လွန်စွာ ကျေနပ်ဝမ်းသာသွား၏။

သူသည် ရယ်မောရင်း အုံးရန်ယွင်ဟို၏ ပခုံးကို ဖက်လိုက်သည်။

"ခင်ဗျားဟာ ဒီပုံအတိုင်းဆိုရင်တော့ သူတော်ကောင်း မဖြစ်နိုင်တော့ဘူး .... ဒါပေမယ့် လူကောင်းတစ်ယောက်တော့ ဖြစ်နိုင်ပါသေးတယ် .... "

"လူကောင်း ဖြစ်နိုင်သေးသလား .... "

"ကောင်းကောင်း ဖြစ်နိုင်တာပေါ့ .... ဒုတိယ ထင်ကျွမ်းကို မလိုချင်တဲ့လူဟာ စိတ်ရင်းမှန်တဲ့ သိုင်းသမားပါ .... သိုင်းလောက အပေါ် စေတနာထားတဲ့ သိုင်းသမားပါ .... "

လီဖိန်က ချီးကျူးလိုက်၏။

အုံးရန်ယွင်ဟိုက သက်ပြင်းချလိုက်ကာ ....

"ကျုပ်လည်း အစကတည်းက လူကောင်း မဟုတ်ခဲ့တာပါ"

သူ၏လက်သည် စကားမဆုံးမီပင် လျှပ်တစ်ပြက် လှုပ်ရှားသွားရာ မကြာမီကာလမှာပင် လီဖိန်၏ တစ်ဘက်တည်းသော တံတောင်ဆစ်ဆီမှ ဂျွတ်ခနဲ အရိုးကျိုးသံ ကြားလိုက်ရသည်။

ထိုအသံနှင့် မရှေးမနှောင်းပင် ရွှမ်းခနဲ ဓားထုတ်သံ ကြားလိုက်ရပြီး ဓားရောင် ဝင်းခနဲ လက်ခနဲ ဖြစ်သွား၏။

ထို့နောက် နီရဲသော သွေးများ ဖြာခနဲ ကျလာတော့သည်။

လီဖိန်၏ မျက်လုံးများသည် ငါးမျက်လုံးများကဲ့သို့ ပြူးထွက်လာ၏။ သူသည် မယုံကြည်နိုင်သော မျက်လုံးကြီးများဖြင့် အုံးရန်ယွင်ဟိုကို ကြည့်နေသည်။



သူသည် တစ်စုံတစ်ခုကို ပြောလိုသော်လည်း ပြော၍ မရတော့ပါ။ စကားလုံးများကို ဖွင့်ထုတ်ရန် ကြိုးစား၍ မရတော့ပါ။

အုံးရန်ယွင်ဟိုသည် မည်သူ့ ဘက်တော်သား ဖြစ်ကြောင်း သူ အမှန်တကယ် သိသွားသော်လည်း သူ့ အသိက နောက်ကျနေပါပြီ၊ သူ့ နှုတ်ခမ်းထောင့်မှ သွေးများ ယိုကျလာပြီးနောက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကျသွားတော့သည်။

သူကား ပထမဆုံး သွေးမြေကျရသူတည်း။

လီဖိန်သည် နှစ်နှစ်ဆယ်အတွင်း တောင်ပင်လယ်ဂိုဏ်းမှ အတော်ဆုံး သိုင်းသမား ဖြစ်ပါသည်။

သို့သော် ပြည်မ သိုင်းလောက၏ အယုံသွင်း လုပ်ကြံမှုကို ခံလိုက်ရပါတော့သည်။

ဓားရှည်မှ သွေးများ တစ်စက်စက် ယိုစီးကျနေသည်။ အုံးရန်ယွင်ဟိုသည် သူ့ဓားကို မသိမ်းဘဲ ကြမ်းပြင်၌ ထောက်ပြီး ကိုင်ထားသည်။

ချင်တုရှု၊ မင်ချန်ပွာနှင့် တယ်ကြိုင်လုံတို့သည် ဖြူရော်ရော် မျက်နှာများဖြင့် အုံးရန်ယွင်ဟိုကို ကြည့်နေကြသည်။

အုံးရန်ယွင်ဟိုက ....

"ကျုပ်ကတော့ ကတိမတည်တဲ့လူ .... သစ္စာမစောင့်ထိန်းတဲ့လူဆိုရင် သိပ်မုန်းတယ် .... ဒီလို လူမျိုးကို ကျုပ် သတ်ဖို့ ဝန်မလေးပါဘူး .... အကယ်၍ အခုလို လုပ်တာကို ကျုပ် မှားတယ်လို့ ယူဆရင် ခင်ဗျားတို့ကိုယ်တိုင် ကျုပ်ကို လာသတ်နိုင်ပါတယ် .... "

တကယ်တော့ အုံးရန်ယွင်ဟိုက ခြိမ်းခြောက်လိုက်ခြင်းသာ ဖြစ်ပါသည်။

စိတ်ဓာတ်ကျနေသူများကိုဖိ၍ ဟိန်းဟောက်ခြိမ်းခြောက်ခြင်းသည် အရာရောက်သော နည်းပရိယာယ် တစ်ခုပင်။

လိကျန်းကျန့်ချီသာ ပျော့ပျောင်းစွာ ဝင်ပြောလာသည်။

"သူတို့ ဒီလို လုပ်မယ် မထင်ပါဘူး .... ရှင်ဟာ ဘယ်လိုလူစားဆိုတာ သိထားမှတော့ သူတို့ ဘာဖြစ်လို့ ကြမ်းကြမ်းလုပ်ကြတော့မှာလဲ .... "

အုံးရန်ယွင်ဟိုက ....

"ရှုံးရင် ရှုံးတယ်ပေါ့ .... နိုင်ရင် နိုင်တယ်ပေါ့ .... ခင်ဗျားတို့အားလုံး ယောကျ်ားကောင်းတွေပါ .... ကတိတည်မယ့် လူတွေ .... သစ္စာစောင့်ထိန်းမယ့် လူတွေလို့ ကျုပ် ယုံကြည်ပါတယ် .... "

စွန်လွန်သူရဲကောင်း တယ်ကြိုင်လုံသည် ရှန့်ရှောင်ဖုန်းအားရှုံးနိမ့်ပြီးသွားသူ ဖြစ်၏။

ရှန့်ရှောင်ဖုန်းအား အပြင်းထန်ဆုံး တိုက်သူဆို၍ သူ တစ်ယောက်တည်းသာ ရှိသေးသည်။ သူက သရော်ပြုံး ပြုံးလိုက်ပြီး ....

"ကျုပ်ကတော့ ယောကျ်ားကောင်း မဟုတ်ဘူး .... ဒီလိုမြှောက်ပင့် ခေါ်ဝေါ်တာကို ကျုပ် ကြားရတိုင်း အော့ချင် အန်ချင်စိတ်ပေါက်မိတယ်ဗျ .... "

လိကျန်းကျန့်၏ မျက်နှာ၌ ဒေါသရောင် လွှမ်းသွား၏။

အုံးရန်ယွင်ဟို၏ မျက်နှာမှာ ညှိုးပုပ်သွားသည်။ သူအား တယ်ကြိုင်လုံတို့ ကြောက်သွားမည်ဟု ထင်သော်လည်း တယ်ကြိုင်လုံက သူ့ သဘောထားကို ထုတ်လှစ်ပြသလိုက်လေပြီ။

"ခင်ဗျားဆိုလိုတဲ့ သဘောက .... "

"ကျုပ်က ဘာသဘောမှ မဆိုလိုဘူး .... ထိုက်ဆန်းတောင်



အစည်းအဝေးကို ကျုပ် မတတ်တော့ဘူး .... ခင်ဗျားတို့ဘာသာ ကြိုက်တဲ့ ခေါင်းဆောင်ကို ရွေးပေတော့ .... ဘယ်သူမှ မရွေးလဲ ကိုယ့်ဘာသာ တင်ချင်တင် .... ဒါပဲ .... "

"ခင်ဗျား မသွားရင် ကျုပ် မသွားတော့ဘူး .... "

ချင်တုရှူက ဝင်ပြောခြင်း ဖြစ်သည်။ ထိုအခါ မင်ချန်ဟွာကလည်း စိတ်တူသဘောတူ ဝင်ပြောလာသည်။

"ဟုတ်တယ် .... ကျုပ်လည်း မသွားတော့ဘူး .... သူတို့ဘာသာ သွားချင်တဲ့လူ သွား .... တင်ချင်တဲ့လူ တင် .... ကျုပ်တို့နဲ့ မသက်ဆိုင်တော့ဘူး .... "

စွန်လွန်သူရဲကောင်း တယ်ကြိုင်လုံသည် ရဲရဲဝံ့ဝံ့ အုံးရန်ယွင်ဟိုနှင့် လိကျန်းကျန့်တို့ကို ဆန့်ကျင်လိုက်ခြင်း ဖြစ်သည်။

မဖျော်လင့်ဘဲ ချင်တုရှူနှင့် မင်ချန်ဟွာတို့က သူ့ကို ထောက်ခံလာသောအခါ အခွန်တရာ အားရ တက်ကြွသွားသည်။

"ဟား .... ဟား .... ဟား .... ဒီလိုဆိုရင် ပြီးပြီပေါ့ .... ကျုပ်တို့ သုံးယောက် ဒီက ထွက်သွားရုံပဲ ရှိတော့တာပေါ့ .... ကျုပ်တို့ကို ဘယ်သူ တားဆီးရဲသလဲဆိုတာ စောင့်ကြည့်ရုံပဲ ရှိတော့တာပေါ့ .... "

"သွားကြတာပေါ့ .... "

သူတို့ သုံးယောက်သည် စိတ်ဝမ်း အညီအညွတ်ဖြစ်လျက် စားသောက်ဆိုင်ထဲမှ ရင်ဘောင်တန်း ထွက်ခွာသွားကြလေတော့၏။

တယ်ကြိုင်လုံက အလယ်၊ ချင်တုရှူနှင့် မင်ချန်ဟွာတို့က တစ်ဘက်တစ်ချက်မှ ခြံရံလျက် ထွက်သွားကြလေ၏။

စားသောက်ဆိုင်ထဲ၌ ရုတ်တရက် တိတ်ဆိတ်သွားသည်။

အုံးရန်ယွင်ဟိုထံမှ ဘာသံမျှ မကြားရသကဲ့သို့ လိကျန်းကျန်ထံမှလည်း ဘာသံမျှ မကြားရချေ။

ထိုစဉ် ချင်တုရှနှင့် မင်ချန်ဟွာတို့သည် တစ်ဘက်တစ်ချက်စီမှနေ၍ တယ်ကြိုင်လုံအား ရုတ်တရက် ညှပ်လိုက်၏။

"အား .... အင့် .... "

သူတို့နှစ်ယောက် ပြန်ခွာလိုက်သောအခါ တယ်ကြိုင်လုံ၏ ဘယ်ညာ နံကြားများဆီမှ နီရဲသောသွေးများ စီးကျလာလေတော့၏။ သိုင်းလောကဆိုသည်မှာ လူယုံသတ်သည့် လောကပါတကား။

တယ်ကြိုင်လုံသည် ဒယီးဒယိုင်ဖြစ်ကာ ရပ်နေသေး၏။ ထို့နောက် ဒူးထောက်ကျသွား၏။

သူသည် ဓားကိုဆွဲထုတ်ရန် ကြိုးစားပါသေးသော်လည်း မအောင်မြင်တော့ချေ။

"မင်း .... မင်းတို့ ရက်စက်လှချည်လား .... "

သူသည် ထိုစကားကို နောက်ဆုံးပြောပြီး မှောက်လျက်လဲကျကာ အသက်ထွက်သွားတော့သည်။ ကြောက်မက်ဖွယ်ရာ သိုင်းလောကကြီးပါတကား။

အခန်းထဲ၌ တိတ်ဆိတ်ခြင်း ကြီးစိုးသွား၏။

တင်ချန်ဓားသမား ဝူရှိကား ထွက်ခွာသွားခဲ့လေပြီ။ တောင်ပင်လယ်ဂိုဏ်းသား လီဖိန်နှင့် စွန်းလွန်ဂိုဏ်းသား တယ်ကြိုင်လုံတို့ကား အယုံသွင်း အသတ်ခံရလေပြီ။ အခန်းထဲ၌ အုံးရန်ယွင်ဟို၊ လိကျန်းကျန်၊ ချင်တုရှနှင့် မင်ချန်ဟွာတို့သာ ကျန်တော့သည်။

တစ်ဘက်၌ ငြိမ်သက်စွာ ရပ်ကြည့်နေသော ရှန့်ရှောင်ဖုန်းရှိပြီး သူ့နောက် စားပွဲတွင် ကျန်ချွမ်ရှယ် ထိုင်ကြည့်နေသည်။



ရှန့်ရှောင်ဖုန်းလက်ထဲတွင် ဓားတစ်လက် ရှိနေသည်။ ထိုဓားမှာ မင်ချန်ဟွာ၏ဓား ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်းက ထိုဓားကို လက်ဖြင့်သပ်ကြည့်သည်။

မင်ချန်ဟွာသည် ရှန့်ရှောင်ဖုန်း၏ အပြုအမူကို တွေ့သဖြင့် လှမ်းပြောလိုက်သည်။

"ဒီဓားဟာ ဓားကောင်းတစ်လက်ပါ .... "

ရှန့်ရှောင်ဖုန်းက ခေါင်းညိတ်၏။

"ငါ လက်ခံပါတယ် .... "

မင်ချန်ဟွာက ဆက်ပြော၏။

"ဒီဓားသမိုင်းကိုတော့ ခင်ဗျား သိမယ် မထင်ဘူး .... "

"ဒါတော့ ငါ မသိပါဘူး .... "

"ဒီဓားဟာ တန်ဖိုးကြီးတဲ့ဓားပါ .... ဝါဆန်ဂိုဏ်းရဲ့ ခေတ်အဆက်ဆက် ဂိုဏ်းကြီးတွေ ကိုင်ဆောင်ခဲ့ပါတယ် .... ဒီဓားရဲ့ သက်တမ်းဟာ နှစ်ပေါင်းသုံးရာ ကျော်ပါပြီ .... တစ်ကြိမ်တစ်ခါမှ ဒီဓားဟာ သူများလက်ထဲ မရောက်ခဲ့သေးပါဘူး .... ကျုပ်ရဲ့ ဘေးဝေဘိုးတော်တွေဟာ အရည်အချင်း အဲဒီလောက် မြင့်မားခဲ့ကြပါတယ်၊ ကျုပ်ကတော့ အင်မတန် ညံ့ဖျင်းခဲ့ပါတယ် .... ကျုပ်လက်ထဲ ရောက်တော့မှပဲ ဒီ သမိုင်းဝင်ဓားဟာ သူတစ်ပါးလက်ထဲ ရောက်ခဲ့ရပါတော့တယ် .... "

"အင်း .... ငါ ယုံကြည်ပါတယ် .... "

"ခင်ဗျား စိတ်ထဲ ဘယ်လိုခံစားနေရသလဲတော့ ကျုပ် မသိပါဘူး .... တယ်ကြိုင်လုံကို ကျုပ် မသတ်သင့်ဘူးလို့ ယူဆရင် ကျုပ်ကို ခင်ဗျား သတ်သင့်ပါတယ် .... "

ရှန်ရှောင်ဖုန်းက ....

"သူ သေသွားပါပြီ .... တကယ်တော့ ငါဟာ သူ့ထက် ဦးသေ
သင့်ပါတယ် .... "

"ဗျာ .... ဘာဖြစ်လို့လဲ .... "

"ငါ သေသင့်တာပေါ့ .... ငါဟာ အထင်မမှားသင့်တဲ့လူတွေ
ကို အထင်မှားခဲ့လို့ပါ .... "

"ဒါနဲ့ပဲ ခင်ဗျားက ပိုသေရသေးသလားဗျာ .... "

"လူတစ်ယောက်ရဲ့ အယူအဆပေါ့ကွာ .... ဒါတွေ ထားပါ
အခုဆိုရင် ထင်ချန်ဂိုဏ်းက ဝူရှီ ထွက်သွားပြီ .... တောင်ပင်လယ်
လီဖိန်နဲ့ စွန်လွန် တယ်ကြိုင်လုံတို့လည်း မမျှော်လင့်တဲ့ သေခြင်းမျိုး
နဲ့ သေသွားခဲ့ရပြီ .... သူတို့ရဲ့ သေခြင်းမျိုးတော့ လုံးဝ နှစ်မြို့စရာ
မကောင်းပါဘူး .... "

"ဒါကလည်း အခြေအနေအရ လုပ်ကြရတာပါ .... သိုင်း
လောကဟာ ဒီလိုပဲ ညစ်ညမ်းမှုတွေ ရှိပါတယ် .... ခင်ဗျားလို လူမျိုး
က ဒါတွေ ပိုသိနိုင်ပါတယ် .... "

"ထိုက်ဆန်းတောင် အစည်းအဝေးရဲ့ အဖြေဟာ မင်းတို့ လူစု
ထဲကို ရောက်သွားပြီပေါ့ ဟုတ်လား .... "

ရှန်ရှောင်ဖုန်းသည် မင်ချန်ဟွာ၏ စားကို ပြန်မပေးပေ။ စား
များကို လက်ဖြင့်ပွတ်သပ်ရင်း မေးလိုက်ခြင်း ဖြစ်ပါသည်။

အခြေအနေမှာ အမှားမခံသော အခြေအနေ ဖြစ်ပါသည်။
ထစ်ခနဲ ဖြစ်သွားသည်နှင့် တစ်ခန်းလုံး သွေးရဲရဲ သံရဲရဲ ဖြစ်သွားရမည်မှာ
သေချာသလောက် ရှိပါသည်။

ထိုအခါ အုံးရန်ယွင်ဟိုက စကားဝိုင်းထဲ ဝင်လာတော့သည်။



စကားပြောခြင်းသည် တိုက်ပွဲကို ခေတ္တဆိုင်းငံ့စေသည်။ ထို့ကြောင့်
စစ်ပွဲများ၌ သံတမန်ရေးရာ စကားပြောခြင်းများ အရေးပါလာခြင်း
ဖြစ်ပေသည်။

"ဒါတွေအားလုံးဟာ ပရန်းပတာ ဖြစ်လာတာ မဟုတ်ပါဘူး"

"ဟုတ်လား .... "

"အားလုံးဟာ ကျုပ်ရဲ့ စီမံကွပ်ကဲမှုအတိုင်း ဖြစ်လာတာပါ"

"ငါဟာ သေခါနီးလူတစ်ယောက်ဆိုတာ မင်းတို့ သိပြီးကြ
ပြီလား .... "

ရှန်ရှောင်ဖုန်းက ရုတ်တရက် မေးခွန်းထုတ်လိုက်ခြင်း ဖြစ်
လေသည်။

အုံးရန်ယွင်ဟိုက ခေါင်းညိတ်၏။

"သိပါတယ် .... ခင်ဗျားဟာ အလွန်ဆုံး နောက်သုံးရက်ပဲ
အသက်ရှင်မယ်ဆိုတာကို ကျုပ်တို့ သိထားပါတယ် .... "

"မင်းကို တယ်လည်း အကြားအမြင် ကောင်းပါလား .... "

"နံရံတွေမှာ နားရှိတယ်လို့ ပြောကြတာပဲဗျာ .... တကယ်
တော့ လျှို့ဝှက်ချက်ဆိုတာ မရှိပါဘူး .... "

"အခု ငါဟာ အတော်လှုပ်လှုပ်ရှားရှား လုပ်လိုက်ပါတယ်၊
ဒါတွေကို မင်းတို့ မြင်မှာပါ .... ဘာကို သတိပြုမိကြသလဲ .... "

"ဒါတော့ ကျုပ်တို့ မပြောတတ်ဘူး .... ကျုပ်တို့ အမြင်မှာ
တော့ ခင်ဗျားဟာ သုံးရက်အတွင်း သေမယ့်လူလို့ မထင်အောင်ကို
လှုပ်ရှားနိုင်စွမ်း ရှိနေပါတယ် .... "

"အခုလို လှုပ်ရှားလိုက်တဲ့အတွက် ငါ့ ဒဏ်ရာတွေဟာ ပြန်
လည် ပေါက်ကွဲထွက်ကုန်ပါတယ် .... သေဖို့ ပိုနီးစပ်သွားပါတယ်"

"ခင်ဗျားလို လူမျိုးဟာ ဘယ်တော့မှ မညာဘူးဆိုတာ ကျုပ်တို့ နားလည်ပါတယ် .... ကျုပ်တို့ ဗဟုသုတ အရလည်း ဒါမျိုး ဖြစ်တတ်တယ်ဆိုတာ သဘောပေါက်ပါတယ် .... "

"ငါ့လို လူမျိုးဟာ သူတစ်ပါးရဲ့ ပြဿနာထဲ ဝင်ရှုပ်တာ မသာတော်ဘူးလို့ မင်းတို့ ထင်နေတယ် မဟုတ်လား .... "

အုံးရန်ယွင်ဟိုက လေးလေးနက်နက် ပြောသည်။

"ဒါပေမယ့် ကျုပ်တို့အားလုံးဟာ ခင်ဗျားကို လေးစားလျက်ပါ .... ခင်ဗျား သေသည်ဖြစ်စေ .... ရှင်သည် ဖြစ်စေ .... ခင်ဗျားဟာ ရှန့်ကျန်ဂေဟာနဲ့ ရှန့်မျိုးရိုးတို့ကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့တယ်လို့ ကျုပ်တို့ ယူဆပါတယ် .... "

ထိုအခါ လိကျန်းကျန်က မျက်နှာချိုသွေးလျက် ဝင်ပြောလာ၏။

"ကျွန်မတို့အားလုံး ရှင့်လက်အောက်မှာ ရှုံးနိမ့်ခဲ့တယ်ဆိုတာ ကျွန်မတို့ ဝန်ခံဖို့ ဝန်မလေးပါဘူး .... "

ရှန့်ရှောင်ဖုန်းသည် ဓားကို မကြည့်တော့ဘဲ ပြတင်းပေါက်ကို ကြည့်လိုက်၏။ အပြင်၌ နှင်းမြူများ ဆိုင်းနေသဖြင့် ဝေးဝေးလံလံကို မမြင်ရဘဲ ရှိနေသည်။

"မင်းတို့အားလုံး ဒီလို ဝန်ခံရဲလိမ့်မယ်လို့ ငါ မျှော်လင့်ထားပါတယ် .... မင်းတို့ အချက်တစ်ချက်ကိုတော့ မေ့လျော့နေကြတယ်"

လိကျန်းကျန်က အရေးတကြီး ဝင်မေး၏။

"ရှင် ဘာကို ဆိုလိုတာလဲဟင် .... "

"ငါရှိနေတဲ့ အချိန်မှာ တောင်ပင်လယ် လီဖိန်နဲ့ စွန်လွှန် တယ်ကြိုင်လုံတို့ လုံးဝ မသေသင့်သေးပါဘူး .... "



"ရှင့်အနေနဲ့ သူတို့ကို ကယ်တင်ရမယ့် တာဝန် ရှိနေတယ်လို့ ပြောတာလား .... တကယ်တော့ ရှင်ဟာ တောင်ပင်လယ်ဂိုဏ်းနဲ့ ပတ်သက်သူလည်း မဟုတ် .... စွန်လွှန်ဂိုဏ်းနဲ့ ပတ်သက်သူလည်း မဟုတ်ပါဘူး .... "

အုံးရန်ယွင်ဟိုကလည်း ....

"သူတို့ဟာ သူတို့ ပြဿနာနဲ့ သူတို့ပါ .... ခင်ဗျား အနေနဲ့ စားရုတ်ရာ လက်လျှိုဖို့ မဟုတ်ပါဘူး .... "

လိကျန်းကျန်က အုံးရန်ယွင်ဟိုကို လှမ်းပြော၏။

"မဟုတ်ဘူး .... သူ ပြောတာက သူ့ကြောင့် ဟိုလူတွေ သေရတာ .... သူ့မှာ တာဝန်ရှိတယ်လို့ ဆိုလိုတာရှင့် .... "

အုံးရန်ယွင်ဟိုက ခေါင်းခါ၏။

"သူ့မှာ တာဝန်မရှိပါဘူး .... "

ရှန့်ရှောင်ဖုန်းသည် လိကျန်းကျန်နှင့် အုံးရန်ယွင်ဟို စကားပြောနေသည်ကို ကြည့်နေ၏။

လိကျန်းကျန်က ....

"သူတို့အတွက် .... ရှင်က ပြန်ပြီး လက်စားချေမယ်ဆိုပါတော့ .... ဟုတ်လား .... ဒါ့အတွက် ရှင့်မှာ တာဝန်ရှိတယ်လို့ ပြောနေတာလား .... "

ရှန့်ရှောင်ဖုန်းက ခေါင်းခါ၏။

"မချေပါဘူး .... ငါ့စိတ်ထဲမှာ ထိနိုက်နေတာကို ပြောတာပါ .... "

"ရှင် သိရဲ့လား .... ရှင် သဘောမပေါက်တဲ့ကိစ္စတွေ အများကြီး ရှိသေးတယ် .... ရှင် မသိတဲ့ကိစ္စတွေ အများကြီး ရှိသေးတယ်ဆို

တာ သိရဲ့လား .... "

ရှန့်ရှောင်ဖုန်းသည် တွေးနေ၏။ ဂိုဏ်းကြီး ခုနစ်ဂိုဏ်းမှ လူများ တစ်နေရာတည်း၌ လာရောက်စုဝေးခြင်း၏ အနက်အဓိပ္ပာယ်သည် လွန်စွာ ကျယ်ဝန်းပါလိမ့်မည်။

ဤလူစုသည် လူနှစ်ယောက်ကိုလည်း နှုတ်ပိတ်သုတ်သင်ပြီးပါပြီ။

မည်သို့ပင်ဖြစ်စေ .... သူတို့၏နှုတ်မှ ထွက်ပေါ်လာမည့် အကြောင်းအရာများသည် သူ့အတွက် သိသင့်သိထိုက်သောအကြောင်းအရာများ ဖြစ်မည်ကား သေချာလှသည်။

လီကျန်းကျန့်က ဆက်၍ ပြော၏။

"ရှင်ဟာ အပေါ်ယံကြော ပြဿနာကိုတော့ တွေ့သွားပါပြီ ဒီအပေါ်ယံ ပြဿနာကိုကြည့်ပြီး ရှင် ဆုံးဖြတ်ချက်ချမှာလား .... မသင့်ပါဘူး .... လုံးဝ မသင့်ပါဘူးရှင် .... "

ရှန့်ရှောင်ဖုန်းအဖို့ ဆက်၍ နားထောင်ရုံသာ ရှိပါသည်။

လီကျန်းကျန့်က ဆက်လက်၍ ပြောပါသည်။

"တကယ့် အတွင်းပိုင်းကျကျ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေတွေကို ရှင့်အနေနဲ့ ကျွန်မတို့ကို မေးမြန်းသင့်ပါတယ် .... ရှင်ဟာ ဘာမှ မမေးမြန်းနဲ့ .... "

"ငါက ဘာတွေကို မေးရမှာလဲ .... "

"အခု ရှင့်ရှေ့မှာပဲ ထူးထူးခြားခြားတွေ ဖြစ်ပျက်သွားခဲ့တာပဲ .... လီဖိန်နဲ့ တယ်ကြိုင်လုံသေတဲ့ ကိစ္စမျိုးကို ရှင်က ရှင့်မှာ တာဝန်ရှိတယ်လို့ ထင်နေတယ် .... တကယ်ဆိုရင် သူတို့ သေသင့်သလား မသေသင့်ဘူးလားဆိုတာ ရှင် မေးသင့်ပါတယ် .... "



ရှန့်ရှောင်ဖုန်းက ခေါင်းညိတ်လိုက်၏။

"သူတို့ သေသင့်ရဲ့လား .... "

"သေသင့်တာပေါ့ရှင် .... တကယ့်ကို သေသင့်ပါတယ်"

"ဘာကြောင့်လဲ .... "

"ဘာကြောင့်လဲဆိုတာကို အတိုချုံး ဖြေရရင်တော့ သူတို့သာ မသေရင် ဂိုဏ်းကြီး ခုနစ်ဂိုဏ်း ညီညွတ်မှုဟာ အကောင်အထည် မပေါ်ဘဲ ပျက်စီးသွားမှာ သေချာလို့ပါပဲ .... "

ထိုစဉ် အုံးရန်ပွင်ဟိုက ဝင်ပြောလာ၏။

"အကယ်၍ သူတို့သာ မသေဘူးဆိုရင် သည့်ထက်မက များပြားတဲ့ လူတွေ သေရပါလိမ့်မယ် .... "

ရှန့်ရှောင်ဖုန်းက အေးစက်စက် မေးလိုက်သည်။

"နိုင်လုံတဲ့ အကြောင်းပြချက်ကိုသာ ပြောကြစမ်းပါ .... "

လီကျန်းကျန့်က ....

"လီဖိန် ဘယ်လိုလူဆိုတာ ရှင် သိပါတယ် .... သူဟာ ပြည်မှာလည်း အနေဝေးတဲ့သူပါ .... အဓိက,ကတော့ သူဟာ အလွန့်အလွန် တစ်ကိုယ်ကောင်းဆန်တဲ့လူပါ .... အတ္တကြီးပါတယ် .... သူ ပါလာလို့ကတော့ သိုင်းဂိုဏ်းကြီး ခုနစ်ဂိုဏ်းရဲ့ သွေးစည်းညီညွတ်မှုကို ဘယ်တော့မှ မရနိုင်ပါဘူး .... "

ရှန့်ရှောင်ဖုန်းက ရယ်လိုက်၏။

"ဒါက လီဖိန်ကိုသတ်ဖို့ အကြောင်းပြချက်တဲ့လား .... ဒီလိုဆိုရင် တယ်ကြိုင်လုံကျတော့ကော .... "

အုံးရန်ပွင်ဟိုက ....

"ခင်ဗျား သိမှာပါ .... အရာမရောက်တဲ့ ပေါင်းမြက်တွေ ရှိ

နေရင် တကယ့် အပင်တွေ မသန်စွမ်းပါဘူး .... ဒီမတော့ အသုံးမကျ ပေါင်းမြက်တွေကို သုတ်သင် ခုတ်ထွင်းရတာပေါ့ .... "

ရှန်ရှောင်ဖုန်း အေးစက်စက် ရယ်လိုက်၏။

"မင်းတို့ကတော့ အဖိုးတန် အရာရောက်တဲ့ အပင်တွေပေ ကိုယ့်ကိုယ်ကို ဒီလို တန်ဖိုးဖြတ်ထားတာကတော့ သူတော်ကောင်းတွေရဲ့ လုပ်ရပ်မဟုတ်ဘူး .... တန်ဖိုးဆိုတာ တစ်ပါးသူဖြတ်မှ ကောင်းပါတယ် .... "

အုံးရန်ယွင်ဟိုက ပျာပျာသလဲ ဖြေ၏။

"မဖြတ်ပါဘူး .... ကိုယ့်ကိုယ်ကို မဖြတ်ပါဘူး .... ခင်ဗျာ ကိုယ်တိုင်ပဲ ဖြတ်နိုင်မှာပါ .... "

လီကျန်းကျန်က ....

"ကျွန်မတို့က အရမ်းကာရော သူများကို အပြစ်တင်နေတာ မဟုတ်ပါဘူး .... တယ်ကြိုင်လုံအနေနဲ့ ဆယ်ခါပြန် သေသင့်တဲ့ အကြောင်းတွေ ရှိနေပါတယ် .... "

"ကြမ်းလှချည်လား .... သူက ဘာကြောင့် ဆယ်ခါပြန် သေ ရမှာလဲ .... "

"-- ကြောင့် ဆယ်ခါပြန် သေသင့်သလဲဆိုတော့ .... သူဟာ ရန်သူရဲ့ လျှို့ဝှက် ဖြစ်နေလို့ပါပဲရှင် .... "

"သူလျှို .... "

သည်တစ်ကြိမ် လန့်သွားသူမှာ ရှန်ရှောင်ဖုန်း ဖြစ်၏။ သိုင်း လောကဆိုသည်မှာ အလွန်တရာ ရှုပ်ထွေးသည့် လောကဖြစ်၍ ယုံ သင့်သည့် အရာနှင့် မယုံသင့်သည့် အရာများကို လွန်စွာ ဆန်းစစ်ခွဲ ခြမ်းရသည်။



တစ်ခါတစ်ရံ အကျိုးအကြောင်း သဘာဝယုတ္တိ ဆီလျော် ချက်နှင့်ပင် မှားယွင်းနေကြောင်း တွေ့ရှိရတတ်၏။ ထို့ကြောင့် ရှန် ရှောင်ဖုန်းသည် လီကျန်းကျန် ဆက်ပြောမည့် စကားကိုသာ နား ထောင်ရပေလိမ့်မည်။

"ဘယ်လို သူလျှိုမျိုးလဲ .... "

ရှန်ရှောင်ဖုန်းက သေချာအောင် ထပ်မံ မေးမြန်းလိုက်၏။

✻

အခန်း (၅)

## ဓားဘုရင်ကြီး၏ အဆုံးအဖြတ်

လီကျွန်းကျွန်က လေးလေးနက်နက် ပြောသည်။

"သူလျှိုဆိုတာ ကျွန်မတို့ဆီက သတင်းတွေကို သူ့ သစ္စာခံ အဖွဲ့အစည်းဆီကို ပေးပို့နေတဲ့ သူလျှိုလို့ ပြောတာပါ .... သူများဆီက သတင်းကို ဒီလို ယူလာတဲ့လူ မဟုတ်ပါဘူး .... "

"သူ့ သစ္စာခံ အဖွဲ့အစည်းက ဘာလဲ .... "

"ထင်ကျွမ်းလေ .... "

ရှန်ရှောင်ဖုန်း ထိတ်လန့်သလို ဖြစ်သွား၏။ စွန်ပွန်ဝိုက်း၏ နံပါတ်တစ် ဓားသမားသည် ထင်ကျွမ်းအဖွဲ့၏ သစ္စာခံတဲ့ ဖြစ်နိုင်ပါမည်လား။ ရှန်ရှောင်ဖုန်း စိတ်လျှော့လိုက်သည်။ ဆန်းကြယ်လှသော သိုင်းလောကထဲ၌ ဘာမဆို ဖြစ်နိုင်သည်ပဲလေ။

"ကျွန်မက ဒီလိုပြောလိုက်တော့ တော်ရုံတန်ရုံ လူအဖို့ ယုံနိုင်စရာ မရှိပါဘူး .... "

"ငါ မယုံဘူးလို့ မပြောပါဘူး .... "



"ရှင်ကတော့ သိုင်းလောက အတွေ့အကြုံ များပြားတဲ့လူကိုး၊ တယ်ကြိုင်လုံလိုလူမျိုးကို ဘယ်သူကသူတို့လက်အောက်ရောက်အောင် စည်းရုံးသိမ်းသွင်းနိုင်မှာလဲ .... ထင်ကျွမ်းလိုလူမျိုးကသာ စည်းရုံးသိမ်းသွင်းနိုင်ပါတယ် .... "

"ငါ မယုံဘူးလို့တော့ မပြောဘူး .... သက်သေမပြဘဲနဲ့ ယုံမယ်လို့လည်း ငါ မပြောနိုင်ပါဘူး .... "

"သက်သေ .... "

"ဟုတ်တယ် .... နိုင်မှာကဲ့ သက်သေအထောက်အထားတော့ ပြနိုင်ရမယ် .... ဒါမှ ငါ ယုံနိုင်မယ် .... "

"ရှင်က ဒီသက်သေကို ကြည့်ချင်တယ်ပေါ့ .... "

"သိပ်ကြည့်ချင်တယ် .... "

"ကျွန်မရဲ့ သက်သေ အထောက်အထားက ဝေးဝေးမှာ မဟုတ်ပါဘူး .... ဒီအခန်းထဲမှာပဲ ရှိပါတယ် .... "

ရှန်ရှောင်ဖုန်းသည် အခန်းထဲသို့ လှည့်ပတ်ကြည့်မနေချေ။

"ငါ့ကို ပဟေဠိဖွက်နေဖို့ မလိုပါဘူး .... "

"ကောင်းပါပြီ .... သက်သေဟာ ဟိုမှာပဲ .... "

လီကျွန်းကျွန်က တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်၏။ သူမ၏လက်ညှိုးသည် ထက်မြက်သော ဓားတစ်ချောင်းပမာ ကျိန်ချွမ်ရှိရာသို့ ထိုးညွှန်လျက်ရှိလေ၏။

"ဒီလူဟာ ကျွန်မတို့အတွက် သက်သေပဲ .... "

ကျိန်ချွမ်ရှယ်သည် ငြိမ်ငြိမ်သက်သက် မဟုတ်တော့ပေ။ ဂနာမငြိမ် ဖြစ်နေသည်။

ရှန်ရှောင်ဖုန်း လှည့်ကြည့်သောအခါတွင်လည်း ရှန်ရှောင်ဖုန်း

နှင့် မျက်နှာချင်း မဆိုင်ရဲဘဲ ဖြစ်နေသည်။

သိုင်းလောကသည် ဖြစ်သင့်တာလည်း မဖြစ်၊ မဖြစ်သင့်တာလည်း ဖြစ်တတ်သောလောကပင် မဟုတ်ပါလား။

လိကျုန်းကျုန်၏အသံသည် အဝေးမှ ပြောလိုက်သည့်အသံလို ရှန့်ရှောင်ဖုန်း၏ နားထဲသို့ တစ်လုံးချင်း တိုးဝင်လာသည်။

"ရှင်ဟာ ရှန့်မျိုးရိုးထဲက တတိယမြောက် သခင်လေးပါ .... အညတရ မျိုးရိုး မဟုတ်ပါဘူး .... အညတရ လူတစ်ယောက် မဟုတ်ပါဘူး .... "

မှန်ပါသည်။ ရှန့်ရှောင်ဖုန်းဆိုသူမှာ အလွန်ဉာဏ်ကောင်းသူ ဖြစ်ပါသည်။ စဉ်းစားတတ်သောသူ ဖြစ်ပါသည်။ ထိပ်တန်း ဓားသမားတစ်ယောက် ဖြစ်လာသူတိုင်း ဉာဏ်ကောင်းရပါသည်။ ဆန်းပြားသော ဓားကွက်များကို ဉာဏ်မကောင်းသူသည် မည်သို့မျှ မမှတ်သားနိုင်ပါ။

လိကျုန်းကျုန်က ....

"ကျွန်မတို့ဟာ ရှင် သုံးရက်ပဲ အသက်ရှင်ခွင့်ရမယ်ဆိုတာ သိနေကြတယ် .... ဘာကြောင့် သိနေတယ်လို့ ထင်ပါသလဲ .... ရှင် စဉ်းစားကြည့်စမ်းပါ .... "

ရှန့်ရှောင်ဖုန်းအနေဖြင့် ရှည်ရှည်ဝေးဝေး စဉ်းစားရန် မလိုပါ။ ထိုကိစ္စနှင့် ပတ်သက်၍ မကြာမီ လူတိုင်းသိရှိကြပါလိမ့်မည်။ မနက်ဖြန်လောက်ဆိုလျှင် လူတိုင်းနီးပါးလောက် သိသွားနိုင်ပါသည်။ လောလောဆယ် သိနိုင်သူများကို လက်ချိုးရေတွက်ပြီး စဉ်းစားနိုင်ပါသည်။

ရှန့်ရှောင်ဖုန်း ခြောက်ကပ်စွာ ရယ်လိုက်၏။ လုံးဝ အသက်မပါသော ရယ်သံဖြစ်၍ သည်တစ်တွင်တော့ ရှန့်ရှောင်ဖုန်း လုံးဝ ဟန်မဆောင်နိုင်ကြောင်း အားလုံးက သိရှိနိုင်ခွင့် ရလိုက်ကြပါသည်။



ကျန်ချွမ်ရှယ်သည် ပထမပိုင်းက လွန်စွာ ဣန္ဒြေရခဲ့ပါသည်။ ရှန့်ရှောင်ဖုန်းအတွက်ပင်၊ စကားဖြင့် အကာအကွယ်ပေးခဲ့ပါသေးသည်။ ယခုတော့ သူ ခေါင်းငုံ့နေရပါပြီ။

ကျန်ချွမ်ရှယ်က တိုးညင်းစွာ ပြော၏။

"ကျွန်တော် ပြောပါရစေ .... "

ရှန့်ရှောင်ဖုန်းက ကျန်ချွမ်ရှယ်ကို စိတ်ပျက်လက်ပျက် ကြည့်မိပါသည်။ ဘာမျှတော့ မပြောပါ။

ကျန်ချွမ်ရှယ်က ဆက်ပြော၏။

"ကျွန်တော်ဟာ ထင်ကျွမ်းဂိုဏ်းသားတစ်ယောက်ပါ"

"အင်း .... "

"ထို့နည်းတူ တယ်ကြိုင်လုံကလည်း ထင်ကျွမ်းဂိုဏ်းဝင် တစ်ယောက် ဖြစ်ပါတယ် .... သူက ကျွန်တော့်ထက်ပိုပြီး ဝါစဉ်ကြီးပါတယ် .... "

"မင်းက သူ့ကို အကြောင်းကြားလိုက်တာလား .... "

"ဟုတ်ပါတယ် .... "

"ငါ သိပ်အံ့ဩတယ် .... မင်းနဲ့ ငါနဲ့ ထွက်လာကတည်းက မင်းဟာ ငါ့မျက်စိအောက်မှာ အမြဲရှိနေခဲ့တာပဲ .... တယ်ကြိုင်လုံကို မင်း သတင်းပေးနိုင်တာကို ငါ သိပ်အံ့ဩတယ် .... "

ကျန်ချွမ်ရှယ် ခေါင်းငုံ့သွား၏။

"ကျွန်တော်က လျှို့ဝှက်အမှတ်အသားနဲ့ အချက်ပြလိုက်တာပါ .... ဒါကို တယ်ကြိုင်လုံ သိပါတယ် .... "

"ငါ မှားခဲ့တယ် .... အကြီးအကျယ်ကို မှားယွင်းခဲ့တာပါပဲ၊ သိုင်းလောကမှာ ငါ ကျင်လည်ခဲ့တာ ကြာပါပြီ .... မပြောပလောက်

တဲ့ အမှားကလေးတွေပဲ ဖြစ်ခဲ့ဖူးပါတယ် .... ဒီအမှားကတော့ ငါ့အ[illegible] အတော်ကြီးကျယ်ပါတယ် .... သေခါနီးအချိန်ဖြစ်နေတဲ့အတွက်သာ[illegible] ငါ ဖြေရာရှိပါတော့တယ် .... "

သည့်စကားကို ရှန့်ရှောင်ဖုန်း ပါးစပ်မှ မပြောပါ။

စိတ်ထဲမှ ပြောခြင်း ဖြစ်ပါသည်။ သူ တကယ်နှုတ်ထွက်ပြော[illegible] ဆိုလိုက်သည့်စကားကတော့ ....

"မင်းကို ငါ ဖွေမယူပါဘူး .... "

"ဗျာ .... "

ကျန်ချွမ်ရှယ်မှာ သူ သေပြီဟုသာ ယူဆခဲ့ပါသည်။ သူသည် ရှန့်ရှောင်ဖုန်းအား နောက်ကျောမှ ဓားနှင့် ထိုးသလို လုပ်ခဲ့ခြင်း ဖြစ်ပါ[illegible] သည်။ ရှန့်ရှောင်ဖုန်းက ဖွေမယူပါဟု ပြောသောအခါ သူ အလွန်အံ့ဩ[illegible] သွားပါသည်။

"ခင် .... ခင်ဗျား .... ကျွန် .... ကျွန်တော့်ကို ခွင့်လွှတ်နိုင် တယ် .... "

"ခွင့်လွှတ်ပါတယ်ကွာ .... တို့က ငယ်ငယ်ကတည်းက သိ ကျွမ်းခင်မင်ခဲ့ကြသူတွေ မဟုတ်တာဘဲ .... "

ငယ်စဉ်က ပေါင်းသင်းရင်းနှီးခဲ့သူများပင် သစ္စာဖောက်သည့် အဖြစ်မျိုး ရှိခဲ့လေရာ ကျန်ချွမ်ရှယ်ကဲ့သို့ ယခုမှတွေ့ ယခုမှ ရင်းနှီးသူ က သစ္စာဖောက်ခြင်းမှာ အကြောင်းမဟုတ်ပါဟု ဆိုလိုခြင်း ဖြစ်သည်။

ကျန်ချွမ်ရှယ် နှုတ်ဆိတ်သွား၏။ အတန်ကြာမှ ....

"ဟုတ်ပါတယ် .... ကျွန်တော်တို့ဟာ ငယ်ငယ်ကတည်းက သိကျွမ်းခင်မင်ခဲ့ကြသူတွေ မဟုတ်ပါဘူး .... "

"အဲဒါကြောင့် ငါ ခွင့်လွှတ်တာပေါ့ .... "



"ကျွန် .... ကျွန်တော် ဘာဆက်လုပ်ရမှာလဲဗျာ .... "

ရှန့်ရှောင်ဖုန်း သက်ပြင်းချလိုက်၏။

"မင်း ထွက်သွားပါတော့ .... ငါ့ရှေ့ကနေ အမြန်ဆုံး ထွက်ခွာ သွားပါတော့ .... "

ကျန်ချွမ်ရှယ်သည် ရှက်ရွံ့စွာ ခေါင်းငိုက်စိုက်ချပြီး ထွက်ခွာ သွားလေတော့သည်။ ကျန်ချွမ်ရှယ် ပျောက်ကွယ်သွားသောအခါမှ အုံး ရန်ယွင်ဟိုက သက်ပြင်းချပြီး ပြောကြားလေ၏။

"ရှန့်ရှောင်ဖုန်းဆိုတဲ့ ဓားဘုရင်ကြီးဟာ တကယ့်ကို စိတ်ထား မြင့်မြတ်လှပါပေတယ်ဗျာ .... "

"ကျွန်မသာ ရှင့်နေရာရောက်နေရင် သူ့ကို ကျွန်မ လုံးဝ ခွင့် မလွှတ်နိုင်ဘူး .... သူဟာ တစ်ချိန်လုံး ရှင့်ကို လိမ်ညာနေခဲ့တာပဲ မဟုတ်လား .... "

လီကျန်းကျန် ဝင်ပြောလေတော့၏။

ရှန့်ရှောင်ဖုန်းက ခပ်တိုးတိုး ပြန်ပြော၏။

"မင်းဟာ .... ငါမှ မဟုတ်တာဘဲ .... "

"မှန်ပါတယ် .... ရှင်ဟာလည်း ကျွန်မ မဟုတ်ပါဘူး .... အုံးရန်ယွင်ဟိုလည်း မဟုတ် .... ချင်တုရှူလည်း မဟုတ် .... မင်ချန် ဟွာလည်း မဟုတ်ပါဘူး .... "

မဟုတ်ပါ။ ရှန့်ရှောင်ဖုန်းသည် မည်သူမျှ မဟုတ်ပါ။ အုံးရန် ယွင်ဟို မဟုတ်၊ ချင်တုရှူ မဟုတ်၊ မင်ချန်ဟွာ မဟုတ်သကဲ့သို့ ဤသူ အားလုံးပေါင်းလည်း မဟုတ်ပါ။ ရှန့်ရှောင်ဖုန်းဆိုသူမှာ ရှန့်ရှောင်ဖုန်း ပင် ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်းကို မည်သူကမျှ အတုခိုး၍ မရပါ။

"အေး .... အဲဒီလို ကွဲကွဲပြားပြား သိထားဒင့်တယ် .... "

"သိထားပါတယ်လေ .... ရှင်က .... ကျွန်မတို့ မဟုတ်တဲ့အတွက် ကျွန်မတို့ဘက်က ရှင် နားမလည် သဘောမပေါက်နိုင်တာပေါ့ .... "

ထိုအခါ အုံးရန်ယွင်ဟိုက ဝင်ထောက်သည်။

"ဒါကြောင့်လည်း လီဖိန်နဲ့ တယ်ကြိုင်လုံကို အသက်မသေသင့်ဘူးလို့ သူက ယူဆနေတာပေါ့ .... "

လီကျွန်းကျန်က ....

"ရှင် သိပြီ မဟုတ်လား .... ထင်ကျွမ်းကိုဏ်းဝင်ကို ဘာကြောင့် မသတ်ဝံ့ရမှာလဲ .... ကျွန်မတို့ဟာ ဆုံးဖြတ်ချက်ချခဲ့ပြီးပါပြီ၊ ကျွန်မတို့ရဲ့ ရည်ရွယ်ချက် အောင်မြင်ဖို့ဆိုရင် ကျွန်မတို့ဟာ လက်မတွန့် နောက်မဆုတ်ဘဲ ရဲရဲဝံ့ဝံ့ လုပ်ရမှာပါ .... "

သူမသည် တည်ကြည်ပြတ်သားသော လေသံဖြင့် ဆက်ပြောသည်။

"ကျွန်မတို့အနေနဲ့ အမှန်တရားဘက်က စောင့်ရှောက်ရမယ်၊ ထင်ကျွမ်းအဖွဲ့အစည်းကို အမြစ်ပြုတ်အောင် ချေမှုန်းပစ်ရမယ် .... ချေမှုန်းပစ်လို့လည်း သန္နိဋ္ဌာန်ချထားတယ် .... ကျွန်မတို့လုပ်ရပ်ဟာ မှားယွင်းကောင်း မှားယွင်းမယ် .... ဒါပေမယ့် ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ မှန်ကန်ပါတယ် .... လုံးဝ မှန်ကန်တယ်လို့ ယုံကြည်ပါတယ်"

အုံးရန်ယွင်ဟိုက ....

"ဟုတ်ပါတယ် .... လုံးဝ မှန်ကန်တယ်လို့ ကျုပ်တို့အားလုံး ယုံပါတယ် .... ထင်ကျွမ်းအဖွဲ့အစည်းဟာ သိုင်းလောကအတွက် အဆိပ်ပင်ကြီးပါ .... "

မင်ချန်ဟွာကလည်း ....



"အကယ်၍ ကျုပ်ကို့ ဆောင်ရွက်ချက် မှားယွင်းနေတယ်လို့ ယူဆရင် ခင်ဗျား ထောက်ပြပါ .... တကယ် မှားနေရင် ခင်ဗျား လက်ထဲကဓားနဲ့ ကျုပ်တို့ကို စိတ်ကြိုက် ပိုင်းနိုင်ပါတယ် .... "

အုံးရန်ယွင်ဟိုက ခေါင်းညိတ်ပြီး ....

"ဟုတ်တယ် .... ကျုပ်တို့ လက်တစ်ချက် မဖြောက်ပါဘူး၊ ကျုပ်တို့ မှားရင် အမှားအတွက် ပြစ်ဒဏ်ကို ခေါင်းစင်းခံပါမယ် .... "

လီကျွန်းကျန် ....

"ကျွန်မဟာလည်း မိန်းမ တစ်ယောက်ပါ .... ဘာပဲပြောပြော မိန်းမတွေဟာ ယောကျ်ားတွေလောက် သတ္တိမကောင်းပါဘူး၊ သေရမှာလည်း အင်မတန် ကြောက်ကြပါတယ် .... ဒါပေမယ့် ဒီကိစ္စမှာ ကျွန်မတို့ မှားတယ်ဆိုရင် ကျွန်မရဲ့ အသက်ကို စွန့်ဖို့ ဝန်မလေးပါဘူး .... "

ကျန်သူများ ဤသို့ပြောနေသည်မှာ အကြောင်းမဲ့ မဟုတ်ပါ။ ရှန့်ရှောင်ဖုန်း၏ လှုပ်ရှားမှု၊ သိုင်းပညာ စွမ်းရည်ကို သူတို့အားလုံး တွေ့ရှိပြီး ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်းနှင့် ရင်ဆိုင်တိုက်မည်ဆိုလျှင် သူတို့ထဲမှ မည်သူမျှ မနိုင်ပါ။ သူတို့ လေးယောက်ပေါင်းတိုက်လျှင်လည်း မည်သို့မျှ အနိုင်မရနိုင်ပါ။ သူတို့အားလုံး ထိပ်သီးသိုင်းသမားများဖြစ်၍ အပွေးမြင် အပင်သိပြီး ဖြစ်ပါသည်။

ရှန့်ရှောင်ဖုန်း၏ လက်ထဲတွင် ဓားတစ်ချောင်း ရှိနေပြီး ထိုဓားဖြင့် မည်သူ့ကိုမဆို သတ်နိုင်ပါသည်။ ထို ပျော့သတ်လက်နက်ဖြင့် တစ်ယောက်ချင်းကိုသော်လည်းကောင်း၊ လေးယောက်စလုံးကိုလည်းကောင်း ရှန့်ရှောင်ဖုန်း သတ်နိုင်ပါသည်။ အချိန်မရွေး သတ်နိုင်ပါသည်။

သို့သော် မေးခွန်းတစ်ခုကတော့ ကျန်နေပါသေး၏။

ထိုလူများကို သတ်သင့်သလော .... ။

ခွင့်လွှတ်သင့်သလော .... ။

ယခု ကြားသိရသော အဖြစ်အပျက် အားလုံးကို ဆန်းစစ်ကြည့်သောအခါ လီဖိန်သည် ဂိုဏ်းကြီးခုနစ်ဂိုဏ်း သွေးစည်းညီညွတ်မှုကို ကလန်ကဆန် လုပ်မည့်သူဖြစ်၍ သတ်ပစ်ရသည်ဟု လီကျန်းကျန်တို့က ဆိုပါသည်။

တယ်ကြိုင်လုံကိုတော့ ထင်ကျွမ်းဂိုဏ်း၏ သစ္စာခံဂိုဏ်းကြီးခုနစ်ဂိုဏ်း၏ လျှို့ဝှက်သတင်းများကို ထင်ကျွမ်းဆီသို့ ပို့ပေးနေသည့်သူလျှိုဖြစ်၍ သတ်ဖြတ်ရသည်ဟု ဆိုပါသည်။

လီဖိန် သေသည့်အတွက် တောင်ပင်လယ်ဂိုဏ်းနှင့် အဆက်ပြတ်သွားပါသည်။ ဂိုဏ်းကြီးခြောက်ဂိုဏ်းသာ ကျန်ပါသည်။ စင်စစ်လီဖိန်ကို မသတ်သင့်ပါ။ သူ့၌ သူ ကြိုက်သည့် ဆန္ဒကို တင်ပြနိုင်ခွင့်ရှိပါသည်။ ထားပါတော့ အားလုံး အကျိုးအတွက်ဆိုတော့ ထားပါတော့။

တယ်ကြိုင်လုံ ....

တယ်ကြိုင်လုံကတော့ ကောင်းကောင်းကြီး သေသင့်သည်ဟု သူတို့က ဆို၏။ ထင်ကျွမ်း၏ သူလျှိုဆိုလျှင်တော့ သေသင့်သည်ပေါ့လေ။

ရှန့်ရှောင်ဖုန်း စိတ်လျှော့လိုက်သည်။ နောက်သုံးရက်သာ အသက်ရှင်ခွင့်ရမည့်သူက သိုင်းလောက ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ဆုံးဖြတ်သင့်တော့မည်လော။

သူသည် အဝေးသို့ ငေးကြည့်လိုက်သည်။

ညနေစောင်းပြီ။ မြူခိုးနှင့် နှင်းများဆိုင်းနေသဖြင့် ပြင်ပသို့



ပီပီပြင်ပြင် မမြင်နိုင်တော့ပါ။

အခန်းထဲ၌ လူအားလုံး တိတ်ဆိတ်စွာ ရပ်နေပါသည်။ ရှန့်ရှောင်ဖုန်းသည် တစ်ချက် ဝေ့ကြည့်လိုက်ပြီး လက်ထဲမှ ဓားကို ကြမ်းပြင်၌ ပစ်စိုက်ပါသည်။ ထို့နောက် သူလည်း ဆိုင်ပေါက်ဝသို့ လျှောက်သွားပြီး မြူနှင်းဖုံးသော လမ်းမကြီးပေါ်သို့ တက်သွားတော့သည်။

လီကျန်းကျန်၊ အုံးရန်ယွင်ဟို၊ ချင်တုရှူနှင့် မင်ချန်ဟွာတို့ ကျောက်ရုပ်ကြီးများကဲ့သို့ မတုန်မလှုပ် ငေးမော ရပ်ကျန်နေခဲ့ကြ၏။ ရှန့်ရှောင်ဖုန်းကား နှင်းမြူမှုန်မှုန်ထဲ၌ တစ်လှမ်းချင်း လျှောက်သွားနေလေပြီ။ သူ့ မြင်ကွင်းများ မှုန်ဝါးနေသလို ရှန့်ရှောင်ဖုန်း၏ အတွေးများကလည်း မှုန်ဝါးနေခဲ့ပေသည်။

"ကျွန်မတို့ဟာ လူသားတွေပါ .... သိုင်းလောကထဲက လူသားတွေပါ .... ကျွန်မတို့ကြောင့် ဒီလို လုပ်ရတယ်ဆိုတာ ရှင် သိသင့်ပါတယ် .... "

လီကျန်းကျန်၏ စကားများကို နားထဲ၌ ကြားယောင်လာပါသည်။

"ကျွန်မတို့ကတော့ သန္နိဋ္ဌာန်ချထားပြီးပြီ .... ကျွန်မတို့ ရည်မှန်းချက် အောင်မြင်အောင် နောက်မဆုတ်တမ်း ရဲရဲဝံ့ဝံ့ လုပ်မှာပဲ"

လီကျန်းကျန်၏ ပြတ်သားသော စကားသံများက သူ့နားထဲသို့ အဆက်မပြတ် ဝင်နေပါသည်။

ရှန့်ရှောင်ဖုန်းသည် စဉ်းစားဉာဏ်ကြီးသူ ဖြစ်ပါသည်။ လီကျန်းကျန်တို့အုပ်စု ပြောပြသည့် အကြောင်းအရာများကို သေချာစွာ စဉ်းစားပါသည်။ သူတို့ လျှို့ဝှက်ဖုံးကွယ်ထားသည့် အရာများကိုလည်း ဆက်စပ် စဉ်းစားပါသည်။ ထို့ကြောင့် လီကျန်းကျန်တို့အား မသတ်ဘဲ

ထားပစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

စားသောက်ဆိုင်ထဲ၌ မသေသင့်ဘဲ သေခဲ့ရသူမှာ တောင်ပ... လယ်စားသမား လီဖိန်သာ ဖြစ်ပါသည်။ အကျိုးအကြောင်း အပြည့်အ... မသိနိုင်ခဲ့သဖြင့် သူ မကာယ်တင်နိုင်ခဲ့ပါ။ လီဖိန်သည် ဆက်လက်... အသက်ရှင်သန်ခွင့် ရပါလျှင် နာမည်ကျော်သည် ဆက်လက် အသက်... ရှင်သန်ခွင့် ရပါလျှင် နာမည်ကျော် စားသမားတစ်ဦး ဖြစ်နိုင်ပါသည်။ သိုင်းလောကတစ်ခုလုံးကို ချောက်ချားနိုင်စွမ်းရှိမည့် အလားအလာ ရှိပါသည်။

ယခုတော့ လွန်သွားပါပြီ။ ဘာမျှ မတတ်နိုင်တော့ပါ။ လီဖိန်လည်း ပြန်ရှင်လာနိုင်မည် မဟုတ်တော့ပါ။

လီကျန်းကျန်နှင့် အုံးရန်ယွင်ဟိုတို့သည် သူတို့ မှန်သည်ထင်သည့် အရာအတွက် စွတ်တင်နေကြခြင်း ဖြစ်ပါသည်။

သိုင်းလောကထဲတွင် ရှုထောင့်အားလုံးအတွက် မှန်ကန်သည့် အဖြေဟူ၍ မရှိပါ။ ကိုယ့်ရှုထောင့်နှင့်ကိုယ် မှန်နေကြခြင်း ဖြစ်ပါသည်။

ရှန့်ရှောင်ဖုန်းသည် အတွေ့အကြုံ များနေပြီဖြစ်၍ အကြောင်းအရာအချက်အလက် အားလုံး မသိရမီ ဆုံးဖြတ်ချက် မချမိအောင် ကြိုးစားနေလေ့ ရှိခဲ့ပါ၏။

ငါ၏စိတ်တွင်၊ ထင်၏မလွဲ၊ လိပ်ခဲတည်းလည်း၊ ဟုတ်တည်းဧကန်၊ အာ မသန်နှင့် မှန်သည်တစေ၊ မရှိချေ ဟူသော စကားကို နှလုံးမူပြီး ချင့်ချိန် စဉ်းစားလေ့ ရှိသည်။

လီကျန်းကျန်မှအစ မင်ချင်ပွာအဆုံး သိုင်းသမားများသည် ထိုမဖွယ်မရာ နည်းလမ်းများကို နှစ်နှစ်ခြိုက်ခြိုက် သုံးချင်စိတ် ရှိချင်မှ ရှိပါလိမ့်မည်။

သူတို့၌ တခြား ရွေးချယ်စရာ နည်းလမ်း မရှိသောအခါ ထိုမဖွယ်မရာ နည်းလမ်းကိုပင် သုံးစွဲကြဟန် တူပါသည်။

သို့သော် သိုင်းလောကသား အများစုသည် စိတ်ရင်းအမှန်ကို ဝန်ခံလေ့ မရှိကြပါ။ တစ်နည်းတစ်ဖုံ ဖုံးကွယ်၍သာ ပြေကြားလေ့ ရှိကြပါသည်။

သူသည် လီကျန်းကျန်ကို သဘောမကျပါ။ မိန်းကလေးတစ်ယောက် ထက်မြက်လွန်းလျှင် မကောင်းပါ။ လီကျန်းကျန်သည် ထက်မြက်သော မိန်းကလေး ဖြစ်နေပါသည်။

သူမကို ရှင်းပစ်လျှင် ရပါသည်။ သို့သော် မကြာမီ နောက်ထပ် လီကျန်းကျန်တစ်ယောက် ပေါ်လာဦးမည်မှာ သေချာပါသည်။

သူသည် အုံးရန်ယွင်ဟို၏ စကားကို ကြားလာမိပြန်သည်။ ထိုစကားကို အုံးရန်ယွင်ဟို ခပ်တိုးတိုး ပြောခဲ့ပါသည်။

"ကျုပ်တို့က သူ့ကို မန်ကြူအဖြစ် ရွေးတယ် .... အကြောင်းရှိလို့ ရွေးတာပါ .... သူမ တစ်ယောက်တည်းသာ ထင်ကျွမ်းလို့ ခေါ်တဲ့ မှယ့်ချူးထိကို ယှဉ်ပြိုင်နိုင်လို့ပါပဲ .... သူဟာ သိုင်းပညာထက်မြက်သလို ဉာဏ်နီဉာဏ်နက်လည်း အတော်ထုတ်နိုင်ပါတယ် .... ကျုပ်တို့ကတော့ မထုတ်နိုင်ပါဘူး .... "

အုံးရန်ယွင်ဟိုသည် အလွန်တရာ ဣန္ဒြေသိက္ခာရှိသော သိုင်းသမား ဖြစ်ပါသည်။ သို့သော် သူသည် သူ၏ ဂုဏ်သိက္ခာများကို မထောက်ဘဲ လီဖိန်ကို အယုံသွင်း လုပ်ကြံခဲ့ပါသည်။

သိုင်းသမားကောင်းတို့ မည်သည် ဤနည်းကို မသုံးသင့်ဟု လူ ယူဆသော်လည်း ဓလေ့စောက အယူအဆအတိုင်း အခြားနည်း

လမ်း ရွေးချယ်ပြီး ဆောင်ရွက်နေလျှင် အဖြေတစ်မျိုး ဖြစ်ကောင်း ဖြစ်မည်ဟု တွေးပြီး ဤနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းသာ ဖြစ် လိမ့်မည်ဟု အကောင်းဘက်မှ တွေးကာ ခွင့်လွှတ်ခဲ့ပါသည်။

ယခုလို အုံးရန်ယွင်ဟိုကဲ့သို့သော လူမျိုးက လိကျန်းကျန်ကို ယုံကြည်အားထားနေသည်ဆိုသည့် အချက်ကပင် လိကျန်းကျန်၏ စွမ်း ရည်ကို အထင်ကြီးရန် သက်သေပြနေပါ၏။

အသေအချာ စဉ်းစားလေလေ နက်နက်နဲနဲ အတွင်းသား အဓိပ္ပာယ်တစ်ခု သိမြင်လာလေလေ ဖြစ်ပါသည်။

ထိုအချက်ကား လိကျန်းကျန်နှင့် မုယုံချူးထိတို့သည် အတော်ကလေး တူညီသော မိန်းမနှစ်ယောက် ဖြစ်နေသည်ဆိုသည့် အချက်တည်း။

လူတွင် အမျိုးအစားနှစ်ခု ရှိသည်။ အမျိုးအစား တစ်ခုမှာ သူတို့ အမြဲတမ်း အနိုင်ရကျေနပ်သော လူစားမျိုးဖြစ်ပါသည်။

သူတို့သည် အမြဲတမ်း အနိုင်ရစေမည့် နည်းလမ်းဟူသမျှ အသုံးပြုရန် အဆင်သင့် ရှိနေကြခြင်းပင်တည်း။

နောက် အမျိုးအစားတစ်ခုမှာ အမြဲ ရှုံးတတ်သောလူမျိုး ဖြစ် ပေသည်။

ထို ။ချူးသည် ပထမပိုင်း၌ မည်မျှ နိုင်ထားစေ၊ နောက် အကြောင်းကို တွေးပြီးနောက် သူ့အကြောင်းသူ တွေးသည်။

ထို့နောက် မည်သည့် အမျိုးအစား၌ သူ ပါဝင်သည်ကို ဆန်း စစ်သည်။

"ငါသည် ပထမလူစားလော၊ ဒုတိယ လူစားလော ...."

သူ အနိုင်ရခဲ့သည်ဆိုသည်မှာ



နှစ်အပိုင်းအခြားတစ်ခုစီအတွင်း၌သာ ဖြစ်ပါသည်။

ဘဝတစ်ခုလုံးဆိုသည်မှာ ထိုနှစ်အပိုင်းအခြားများကို ပေါင်း ထားခြင်းသာ ဖြစ်ပါသည်။ ဘဝတစ်ခုလုံးနှင့် ဆက်ပြီး အရှုံးအနိုင် ကိုကြည့်လျှင် သူသည် အမြဲတမ်း အနိုင်ရခဲ့သည့်လူ ဖြစ်ပါမည်လော။

ရှန်ရှောင်ဖုန်း မသိပါ။ သူ သိသည်မှာ နောက်ဆုံးရက်သာ အသက်ရှင်ခွင့် ရမည်ဆိုသည်ကိုသာ ဖြစ်သည်။

❋

## အခန်း (၆)

## ဆေးဆရာ၏ သံယောဇဉ်

ရှန့်ရှောင်ဖုန်း နှင်းမှုန်ထဲ လျှောက်နေရာ သူ့ ဆံပင်များပေါ် တွင်ပင် နှင်းမှုန် နှင်းစက်ကလေးများ အတော်တင်လာ၏။

မျက်ခုံးများပေါ်တွင်ပင် ဖြူဖြူဖွေးဖွေး နှင်းဖက်ကလေးများ တင်နေသဖြင့် ရုတ်တရက်ကြည့်လျှင် ရှန့်ရှောင်ဖုန်းဟုပင် မသိနိုင် တော့ချေ။

ဤဒေသ၌ နှင်းမကျခဲ့သည်မှာလည်း အတော်ကြာခဲ့ပါပြီ။ အခုမှ တိုက်တိုက်ဆိုင်ဆိုင် နှင်းများ တစ်ဖွဲဖွဲ တသဲသဲ ကျထားခြင်း ဖြစ်ပါသည်

လမ်းများလည်း နှင်းဖြူဖြူများ ဖုံးလွှမ်းကုန်ပါပြီ။

နှင်းဖြူလွှမ်းခြုံသော ပတ်ဝန်းကျင်ကို ရှန့်ရှောင်ဖုန်း လွန်စွာ နှစ်ခြိုက်ပါသည်။ အေးချမ်းမှုကိုလည်း နှစ်သက်သည်။ ဖြူဖွေးသော နှင်းပွင့်နှင်းဖက်များကိုလည်း နှစ်သက်သည်။ နှင်းများ ဝိတ်ဖုံးကာဆီး နေသဖြင့် မြင်ကွင်းများ ပျောက်ကွယ်နေခြင်းကိုလည်း နှစ်သက်သည်။



...ပေါ်၌ကျမှ သူ့ ခံစားလိုသည့် ရာသီ သဘာဝကလေးကို ခံစားလိုက် ရသဖြင့် ရှန့်ရှောင်ဖုန်းသည် သဘာဝတရားကြီးကို လွန်စွာ ကျေးဇူး တင်နေမိလေ၏။

သို့သော် သဘာဝကြီးက သူ့အလိုကျ ဖန်တီးပေးထားသော် လည်း၊ လူသားများကမူ သူ့အလိုကို မလိုက်လျောကြပါ။ နှင်းမှုန်ထဲ လူတစ်ယောက်သည် ဘွားခနဲ ပေါ်လာသည်။ မည်သူကိုမျှ မတွေ့ ချင် မမြင်ချင် ဖြစ်နေသော ရှန့်ရှောင်ဖုန်းအဖို့မူ အိပ်မက်ကောင်းမက်နေ စဉ် အလန့်တကြား လှုပ်နှိုးခံလိုက်ရသူကဲ့သို့ ဖြစ်သွားပါသည်။

"မင်းကိုး .... "

ရှန့်ရှောင်ဖုန်း သက်ပြင်းချပြီး ပြောလိုက်၏။

ထိုသူကား ဆေးဆရာ ကျန့်ချွမ်ရှယ်ပင်တည်း။

ကျန့်ချွမ်ရှယ်၏ မျက်နှာ၌လည်း နှင်းမှုန်နှင်းဖက်များ လိမ်းကျံ ကပ်လျက် ရှိနေပါသည်။ သူသည်လည်း နှင်းမှုန်ထဲလမ်းလျှောက်နေ ဟန် တူပါ၏။

"ဟုတ်ကဲ့ .... ကျွန်တော်ပါ .... "

သူ့အသံသည် အက်ကွဲဝမ်းနည်းနေသည်။ သူ အဘယ်ကြောင့် ပြန်လာရသနည်း။ ရှန့်ရှောင်ဖုန်း ရေငုံနှုတ်ပိတ်ပြီး နားထောင်နေသည်။

ကျန့်ချွမ်ရှယ်က ....

"ကျွန်တော်ဟာ ထင်ကျွမ်း အဖွဲ့အစည်းဝင် တစ်ယောက်ပါ၊ ပထမ အဲဒီအချက်ကို ကျွန်တော် ရှင်းရပါမယ် .... ဒီအဖွဲ့အစည်းထဲကို ကျွန်တော် လိုလိုချင်ချင် ဝင်ခဲ့တာ မဟုတ်ပါဘူး .... မတတ်သာလို့ ဝင်ခဲ့ရတာပါ .... သေမလား ဂိုဏ်းထဲဝင်မလားဆိုတာမျိုး ရွေးချယ်ရ ရင် ခင်ဗျား ဘာကို ရွေးချယ်မလဲဗျာ .... "

ရှန့်ရှောင်ဖုန်း အနည်းငယ် စိတ်ပြောင်းသွား၏။ ကျန်ချွမ်ရှ အပေါ် အနည်းငယ် ကရုဏာသက်သွားသည်။

"ငါ သဘောပေါက်ပါတယ် .... တယ်ကြိုင်လုံဟာ စွန့်လွှ ဂိုဏ်းမှာ နံပါတ်တစ် ဓားသမားပါ .... သူလို လူမျိုးဟာ ထင်ကျွ အဖွဲ့အစည်းထဲကို ဘယ်လိုမှ ခေါင်းလျှိုဝင်မယ့် လူမျိုး မဟုတ်ပါဘူ အချိန်တန်ရင် သူဟာ စွန့်လွှန့်ဂိုဏ်းချုပ် ဖြစ်ကောင်း ဖြစ်နိုင်တဲ့ လူမျိ ပါ .... ဒါပေမယ့် သူဟာ ထင်ကျွမ်းရဲ့ လက်အောက်ကိုဝင်ပြီ နိုင်းရ ကို လုပ်နေရတယ် .... သူ အကြပ်ကိုင်ခံရတာ ဖြစ်မှာပါ .... မင်းလည် ထိုနည်း လည်းကောင်းပေါ့ .... "

ကျန်ချွမ်ရှယ် များစွာ စိတ်သက်သာရာ ရသွား၏။ အားတက် သွား၏။ ဟင်းခနဲ သက်ပြင်းချပြီး ....

"ခင်ဗျားဟာ တကယ့်ကို စာနာတတ်သူပါ .... တယ်ကြိုင်လုံ ဟာ အကြပ်ကိုင်ခံရတာပါ .... ဘယ်အချက်ကို အကြပ်ကိုင်သလဲဆို တာတော့ ကျွန်တော် မသိရပါဘူး .... သူနဲ့ ကျွန်တော်ဟာ အတော် ကွဲပြားခြားနားပါတယ် .... သူဟာ ကျွန်တော့်လို အသက်နဲ့ ငြိမ်း ခြောက်ရင် အသေခံမယ့် လူမျိုးပါ .... သူဟာ တခြား .... "

ရှန့်ရှောင်ဖုန်းက ဝင်ပြော၏။

"ငါ သဘောပေါက်ပါတယ် .... သူက ဓားသမားကိုး .... သေမှာကို ဘယ်ကြောက်မလဲ .... မင်းနဲ့တော့ မတူဘူးပေါ့ .... "

"အဲ .... ဟုတ်ပါတယ်ဗျာ .... သူ ကျွမ်းကျင်တဲ့ ပညာက ဓားပညာပါ .... ကျွန်တော် ကျွမ်းကျင်တဲ့ ပညာက ဆေးပညာပါ။ ကျွန်တော်ဟာ ကိုယ်သေမှာ ကြောက်သလို တခြား သေမှာကြောက် တဲ့ လူနာတွေရဲ့ အသက်ကိုလည်း ကုသပေးသူ ဖြစ်ပါတယ်"



"ငါ သဘောပေါက်ပါတယ် .... "

"ကျွန်ုပ်တော် ထင်ကျွမ်းအဖွဲ့အစည်းထဲရောက်တာ မကြာ သေးပါဘူး ခင်ဗျာ .... လပိုင်းလောက်ပဲ ရှိပါသေးတယ် .... ကျွန်တော် ဆေးပညာသင်ကြားခဲ့တာကတော့ ကြာပါပြီ .... တကယ့်ကို ကြာပါ ပြီ .... ကျွန်တော်ဟာ ကျွန်တော့် ဆေးပညာကို တန်ဖိုးထားတယ်၊ လေးစားတယ် .... မြတ်နိုးတယ် .... "

ကျန်ချွမ်ရှယ်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး စကားပြောနေ၏။ သူ ခံစားချက်နှင့် ပြောနေခြင်းဖြစ်ကြောင်း ရှန့် ရှောင်ဖုန်း ကောင်းစွာသိရှိပါသည်။

"ဒါကြောင့် ကျွန်တော်ဟာ ထင်ကျွမ်းက ဘယ်လိုပဲ ခိုင်းခိုင်း ကျွန်တော့် လူနာနဲ့ ပတ်သက်လာတဲ့အခါ ကျွန်တော်ဟာ အင်မတန် သတိထားပြီး ထင်ကျွမ်းရဲ့ အမိန့်ကို ဝိနည်းရှောင်ကုသခဲ့တာချည်းပါ ပဲ .... "

ရှန့်ရှောင်ဖုန်း၏ မျက်နှာ၌ ကျန်ချွမ်ရှယ်အား လေးစားသည့် အရိပ်အယောင်များ ပထမဆုံးအကြိမ် ပြန်ပေါ်လာလေသည်။

"ကျွန်တော် ကုသရတဲ့ လူနာမှန်ရင် အမြဲတမ်း စေတနာ ထားခဲ့တာချည်းပဲ .... ဘယ်သူမဆိုပါ .... ဒီအထဲမှာ ခင်ဗျား အပါအဝင် ပါပဲ .... "

ရှန့်ရှောင်ဖုန်းက ခေါင်းညိတ်၏။

"အင်း .... ငါ ယုံပါတယ် .... ကံဆိုးချင်တော့ ငါက မင်း ကယ်လို့ မရတဲ့ အခြေအနေ ရောက်နေတာကိုး .... "

"ရောဂါပျောက်ကင်းဖို့ မျှော်လင့်ချက် ဘယ်လောက်ပဲ နည်း နည်း၊ အသက်ရှင်ဖို့ မျှော်လင့်ချက် ဘယ်လောက်ပဲ နည်းနည်း ....

ကျွန်တော်ဟာ မလျှော့သောစိတ်ဓာတ်၊ နိုင်မာတဲ့ ဖွဲ့သတ္တိနဲ့ ပျောက်ရမယ် .... ရှင်ရမယ်ဆိုတဲ့ ယုံကြည်ချက်ထားပြီး အမြဲတမ်း ကုသခဲ့ပါတယ် .... "

"ငါ့ဒဏ်ရာတွေအတွက်တော့ မင်းကို အပြစ်မတင်ပါဘူးကွာ"

"တယ်ကြိုင်လုံဟာ ထင်ကျွမ်းအဖွဲ့ဝင် တစ်ယောက်ပါ .... သူ့ ဓားကိုင်ပညာကလည်း တကယ့်ကို ထက်မြက်ပါတယ် .... သူ့ လက်ချက်နဲ့ ခင်ဗျား သေရအောင် ထင်ကျွမ်းက အစီအစဉ် ရေးဆွဲခဲ့ပါတယ် .... "

"တယ်ကြိုင်လုံရဲ့ လက်ချက်နဲ့ ကွက်တိသေဖို့ အစီအစဉ်ကတော့ မလွယ်ပါဘူးကွာ .... ထင်ကျွမ်းဟာ စိတ်ကူးစိတ်သန်း အင်မတန် ကောင်းပါတယ် .... ဒါပေမယ့် သူဟာ နတ်ဘုရား မဟုတ်ပါဘူး .... အားလုံး ကွက်တိဖြစ်အောင် သူ မဖန်ဆင်းနိုင်ပါဘူး .... "

"သူ ဖန်ဆင်းနိုင်ပါတယ် .... "

"ဘာ .... "

"ဟုတ်တယ် .... သူ ကောင်းကောင်း ဖန်ဆင်းနိုင်ပါတယ်၊ အဲဒီကိစ္စမှာ အဓိက သောချက်ကတော့ ကျွန်တော်ပေါ့ .... "

ရှန့်ရှောင်ဖုန်း၏ မျက်ခုံးများ မြင့်တက်သွား၏။

"ရှင်းစမ်းပါဦးကွာ .... "

"ကျွန်တော်တို့ သမားတော်ကြီး ဆယ်ယောက်ဟာ ခင်ဗျားရဲ့ ဒဏ်ရာတွေကို စစ်ဆေးကုသခဲ့တာ ခင်ဗျား မှတ်မိမှာပါ .... "

"မှတ်မိတာပေါ့ .... "

"ဒီဆယ်ယောက်စလုံးဟာ ဓားဒဏ်ရာ .... လက်တလော ထိခိုက်ရှနာတဲ့ ဒဏ်ရာတွေနဲ့ ပတ်သက်ရင် တစ်ဘက်ကမ်းခတ် ကျော်



ကြားတဲ့ လူချည်းပါပဲ .... ဒါပေမယ့် ခင်ဗျားကို စစ်ဆေးတုန်းက အဓိက လူကတော့ ကျွန်တော်ပဲ .... သူတို့ဟာ သာမန်မျှပဲ ကြည့်ရှုကြပါတယ် .... ကျွန်တော့် အဖေတောင် ခင်ဗျား ဒဏ်ရာတွေကို သေသေချာချာ မကြည့်ခဲ့ပါဘူး .... ဒါကြောင့် သူ ဂဃနဏ မပြောနိုင်ခဲ့တာပေါ့ .... အဖြစ်ကတော့ ကျွန်တော် ကုဆိုပြီး လွဲလိုက်တဲ့သဘောပါပဲ"

"အင်း .... သဘောပေါက်ပါပြီ .... "

"အဲဒီတုန်းကသာ အရိုးဆွေးစေတဲ့ အဆိပ်ဆေးမှုန့်ကို ခင်ဗျား ဒဏ်ရာတွေထဲ အနည်းငယ်စီ ဖြူးချပေးခဲ့မယ်ဆိုရင် ခင်ဗျားဟာ တယ်ကြိုင်လုံကို ဘယ်နိုင်လိမ့်မလဲ .... တယ်ကြိုင်လုံကို ခင်ဗျား လုံးဝ မခုခံဘဲ အသက်ပေးသွားရမှာပဲ ဖြစ်ပါတယ် .... "

ရှန့်ရှောင်ဖုန်း ငြိမ်သက်စွာ စဉ်းစားလိုက်သည်။ ဤကျန်ချွမ်ရှယ်ဆိုသူမှာ တကယ့်သမားတော်တစ်ဦးသာ ဖြစ်သဖြင့် သူ ပြောသလို လုပ်နိုင်မည့်သူ ဖြစ်ကြောင်း ဆင်ခြင်၍ ရသည်။ သူသာ အဆိပ်ဆေးမှုန့် ဖြူးထည့်ခံရလျှင် တယ်ကြိုင်လုံ၏ ပြင်းထန်သော တိုက်ကွက်ကို ဖိမခံနိုင်ကြောင်း စဉ်းစားမိသည်။ တယ်ကြိုင်လုံ၏ ဟူးဟူးထ ပြင်းထန်သော တိုက်ကွက်ကို မျက်စိထဲ၌ပင် ပြန်လည်မြင်ယောင်လာခဲ့သည်။

"ငါ့ကိုသာ သတ်နိုင်ခဲ့ရင် အဲဒီလူဟာ မန်ကြူလို့ခေါ်တဲ့ ခေါင်းဆောင်ကြီးလည်း ဖြစ်ဦးမှာနော် .... အဲဒါကို သူတို့ အလောင်းအစား ပြုခဲ့သေးတာ မဟုတ်လား .... "

ရှန့်ရှောင်ဖုန်းက မေးလိုက်၏။

ကျန်ချွမ်ရှယ်က ခေါင်းညိတ်လိုက်၏။

"သူတို့ လောင်းစားနေတဲ့ အထဲမှာ အဲဒီအချက်ဟာ အရေး

အကြီးဆုံးပါပဲ .... "

"မင်းတို့ စိစဉ်ထားပုံကို ငါ ပြောမယ် .... ဂိုဏ်းကြီးခုနှ ဂိုဏ်းက သိုင်းသမားတွေဟာ အလောင်းအစား ပြုလုပ်ပြီး ငါနဲ့ သ ပြိုင်မယ် .... ဥပမာအားဖြင့် တယ်ကြိုင်လုံသာ အနိုင်ရခဲ့ရင် သူဟ ဂိုဏ်းကြီးခုနစ်ဂိုဏ်းရဲ့ "မနကြ"ဖြစ်သွားပြီး ဂိုဏ်းကြီးခုနစ်ဂိုဏ်း ထင်ကျွမ်းအဖွဲ့ရဲ့ လက်အောက်ကို အလိုအလျောက် ရောက်သွားမ ပေါ့ .... တယ်ကြိုင်လုံဟာ ထင်ကျွမ်းရဲ့ လျှို့ဝှက်သစ္စာခံဖြစ်နေတ ကိုး .... အဲဒီလို မဟုတ်လား .... "

"မှန်ပါတယ်ဗျာ .... အဲဒီအတိုင်းပါပဲ .... "

"အင်း .... မင်းပြောတာ မှန်တယ် .... ထင်ကျွမ်းဟာ သူလို ချင်တာကို ကွက်တိ ဖန်ဆင်းနိုင်တယ်ဆိုတာ အင်မတန် မှန်လှပ သကွာ .... "

"ဒါပေမယ့် အခု ဖြစ်မသွားဘူးလေဗျာ .... "

"ဟုတ်ပါတယ် .... မင်းကမှ သူခိုင်းတဲ့အတိုင်း မလုပ်ခဲ့တာ ကိုး .... ဒါကြောင့် ပညာရှင်တွေကို အထင်မသေးနဲ့လို့ ပြောကြတာ ပဲ .... "

"ကျွန်တော် လုပ်မပေးနိုင်ပါဘူး .... လုပ်လည်း မလုပ်ရက်ပါ ဘူးဗျာ .... "

"အင်း .... မင်းဟာ ဆေးသမားပီသတဲ့ လူပါပဲ .... မင်းဟာ သမားတော်ကြီးတွေဆီမှာ ရှိရမယ့် ဖြူစင်တဲ့ နှလုံးသားမျိုး တကယ် ရှိတဲ့လူပါပဲ .... "

"ရှိအောင် ကြိုးစားတာပါဗျာ .... "

ကျန်ချွမ်ရှယ်က နှိမ့်ချစကား ဆိုလေ၏။



"ဒါပေမယ့် မင်းလုပ်ခဲ့တာ အောင်မြင်တယ်လို့ ထင်သလား"

"ဘာလဲ .... ဘာကိုလဲဗျာ .... "

"ငါ့ကို တယ်ကြိုင်လုံလက်အောက်မှာ မသေစေခဲ့တာတော့ မင်း အောင်မြင်မှုတွေပါ .... ဒါပေမယ့် ဂိုဏ်းကြီးခုနစ်ဂိုဏ်းကို ထင် ကျွမ်းလက်အောက် မရောက်အောင်တော့ မင်း မလုပ်နိုင်ခဲ့တာလေ"

"ဗျာ .... တယ်ကြိုင်လုံ သေသွားပြီပဲဗျာ .... တယ်ကြိုင်လုံကို ဒီလိုလုပ်ပေးရမယ် .... ဒီအကွက်ထွင်ရမယ်လို့ ကျွန်တော်တို့ လက်ဝါး ရိုက်ခဲ့တာပဲ .... အဲဒီကိစ္စက ပြတ်သွားပြီ .... ထင်ကျွမ်း အနေနဲ့ နောက်ထပ် ကြိုးစားပေါ့ဗျာ .... ဒါပဲ ရှိပါတယ် .... "

"ဟင်း .... ဟင်း .... ဟင်း .... မင်းဟာ သိုင်းလောကသား မဟုတ်တဲ့အတွက် ထင်ကျွမ်းကို အထင်သေးခဲ့တာကိုး .... "

"ဟင့်အင်း .... ကျွန်တော် အထင်မသေးပါဘူး .... ဒါကြောင့် လည်း သူ့ဂိုဏ်းထဲ ကျွန်တော် ဝင်ခဲ့ရတာပေါ့ဗျာ .... "

"စားသောက်ဆိုင်ထဲမှာ ထင်ကျွမ်းအဖွဲ့ဝင် ဘယ်နှစ်ယောက် ရှိသလဲ .... "

"နှစ်ယောက် .... "

"မင်းနဲ့ တယ်ကြိုင်လုံဆိုပါတော့ ဟုတ်လား .... "

"ဟုတ်တယ် .... "

"ငါ သုံးရက်အတွင်း သေမယ်ဆိုတာကို မင်း တယ်ကြိုင်လုံ ကို ဘယ်လိုအချက် ပြသလဲ .... "

"ကျုပ်တို့ ထင်ကျွမ်းအဖွဲ့ဝင်တွေမှာ လျှို့ဝှက်အချက်ပြ အမှတ်အသားတွေ ရှိပါတယ် .... "

"အဲဒါကို တယ်ကြိုင်လုံပဲ သိတယ်လို့ မင်း ထင်သလား ...."

သုံးရက်အတွင်း သေမယ်ဆိုတာကို တယ်ကြိုင်လို့ ပါးစပ်က တစ်ခွန်း ထုတ်မပြောဘူး .... လိကျန်းကျန်နဲ့ အုံးရန်ယွင်ဟိုတို့ကသာ ထုတ်ပြော တာကွ .... "

"ဗျာ .... ဒီ .... ဒီလိုဆိုရင် .... "

"ဟား .... ဟား .... ဟား .... မင်း လျှို့ဝှက် အချက်ပြတာ တွေကို လိကျန်းကျန် သိနေတယ်ကွ .... မင်းက ပြဿနာတွေ ဟုန်နေ တော့ ဒါကိုတောင် သတိမပြုခဲ့ဘူး .... "

"အုံးရန်ယွင်ဟိုလည်း ဒီလျှို့ဝှက်ပြချက်တွေကို သိတယ်ဆို ပါတော့ .... "

"အုံးရန်ယွင်ဟိုကတော့ လိကျန်းကျန်ဆီက သိတာနေမှာပါ"

"ဒါဖြင့် လိကျန်းကျန်ဟာ .... "

"သူ ထင်ကျွမ်းအဖွဲ့ဝင် ဖြစ်တယ်ဆိုတာကို မင်း တကယ် မသိဘူးလား .... "

ရှန်ရှောင်ဖုန်းက စိတ်မပါသလို မေးခွန်းထုတ်လိုက်လေ၏။

ကျန်ချွမ်ရှယ်မှာ လုံးဝ စကားမပြောနိုင်တော့ပေ။ ထိုအမူ အရာကို ကြည့်ရုံမျှဖြင့် သူသည် လိကျန်းကျန် ထင်ကျွမ်းအဖွဲ့ဝင် ဖြစ် သည်ကို မသိကြောင်း ထင်ရှားနေလေသည်။

အတန်ကြာမှ စိတ်ပျက်စွာ ပြောသည်။

"ဒါဖြင့် .... "

ရှန်ရှောင်ဖုန်းက ခေါင်းညိတ်ပြီး ကြားဖြတ်ပြောလေ၏။

"တကယ်တော့ မင်းဟာ သိုင်းလောကသား မဟုတ်တာ လည်း တစ်ကြောင်း၊ ထင်ကျွမ်းရဲ့ စွမ်းရည်အပြည့်အဝကို မသိတာလည်း တစ်ကြောင်း၊ အဲဒီအကြောင်းတွေကြောင့် အဖြစ်မှန်ကို မရိပ်မိနိုင်ခဲ့



တာပါ .... "

ကျန်ချွမ်ရှယ် ခေါင်းငိုက်စိုက် ကျသွားလေ၏။

ရှန်ရှောင်ဖုန်းက ဆက်ပြောသည်။

"မင်း တစ်ခုကိုတော့ သတိပြုမိဖို့ ကောင်းတာပေါ့ .... "

"ဘာကိုလဲဗျ .... "

"တကယ့် ညဏ်ရည်ညဏ်စွမ်းကောင်းတဲ့လူဟာ ထောင် ချောက်ကို ဘယ်တော့မှ တစ်ခုတည်း မဆင်ဘူးဆိုတာကိုပဲ .... ထောင်ချောက်ကို နှစ်ခု ဆင်တတ်ကြတယ် .... သဘောကတော့ တစ်ခုလွတ်သွားရင် နောက်တစ်ခုနဲ့ မိနေအောင်ပေါ့ .... ဒါမျိုးဟာ ငါတို့ သိုင်းလောကမှာ သိပ်မဆန်းလှပါဘူး .... "

"အမြဲတမ်း သုံးနေကျပဲလားဗျာ .... "

"အမြဲတမ်း နီးပါးပါပဲ .... တိုက်ပွဲတစ်ခုမှာ အကြိတ်အနယ် ယှဉ်ပြိုင်လာရပြီဆိုရင် ယောင်ပြတိုက်ကွက်ဆိုတာ ရှိတယ် .... ယောင် ပြတိုက်ကွက်ဟာ ရန်သူကို ထိထိမိမိ သေအောင် သတ်မယ့် တိုက် ကွက် မဟုတ်ဘူး .... ရန်သူ အထင်မှားအောင် ကြောက်လန့်ပြီး ဒီ ဘက်ကို အာရုံစိုက်လာအောင် ဟန်ပြတာပဲ ဖြစ်တယ် .... ဒီဘက်ကို အာရုံစိုက်နေတုန်းမှာ တစ်ဘက်က တိုက်ကွက်နဲ့ အလဲထိုး အနိုင်ယူ ရတာပဲ .... "

ကျန်ချွမ်ရှယ် နားထောင်နေသည်။ သူ နားမလည်သော ကိစ္စ များကို ရှန်ရှောင်ဖုန်းက ဥပမာ ပေးနေသဖြင့် သူဘာမျှ ဝင်မစွက်နိုင် ပေ။

"အခုဟာကတော့ နှစ်ဆင့်ထောင်ချောက် သဘောပါပဲ .... သေချာအောင် လုပ်ထားတာပါ .... တယ်ကြိုင်လို့ လွဲသွားပေမယ့်

လိကျန်းကျန်ကတော့ သေချာပေါက် ကျန်နေခဲ့တာပဲ .... "

"အင်း .... ထင်ကျွမ်းရဲ့ ဉာဏ်ရည်ကိုတော့ ကျွန်တော် လိုက်မမီတာ အမှန်ပါပဲဗျာ .... "

"တစ်ခုတော့ ရှိတာပေါ့ကွာ .... တချို့က ဉာဏ်ကောင်းပေမယ့် အကွက်အကွင်း အားလုံးကို မြင်ခွင့်မရှိတော့ သူလို ဉာဏ်ကောင်းတဲ့လူ ဘယ်အကွက်ထွင်လိုက်တယ် .... ဘယ်အကွက် ချိုးလိုက်တယ်ဆိုတာမျိုးလဲ မသိနိုင် ဖြစ်တတ်ပါတယ် .... "

"ဒီလိုဆိုတော့ လိကျန်းကျန်ဟာ ထင်ကျွမ်းရဲ့ အဓိက အားထားတဲ့ လူပေါ့နော် .... "

"အနေအထားကို ကြည့်ပါလား .... လိကျန်းကျန်ဟာ တယ်ကြိုင်လုံထက် ပိုပြီး အရေးပါတယ် .... တယ်ကြိုင်လုံဟာ အရန်ကျားပါ .... "

ကျန်ချွမ်ရှယ်က ရှန့်ရှောင်ဖုန်းအား ‌ေလးစားစွာ ကြည့်လိုက်ပြီး ....

"ဒါ .... ဒါဆိုရင် ခင်ဗျားဟာ ဒီပရိယာယ်တွေ အားလုံးကို သိနေတာပဲပေါ့နော် .... "

ရှန့်ရှောင်ဖုန်းသည် တဟားဟား အော်ရယ်လိုက်၏။ သည်တစ်ကြိမ်တွင် သူ စိတ်လွတ်လက်လွတ် ရယ်လိုက်ခြင်း ဖြစ်ပေသည်။

"မင်းက ငါ့ကို ဒီလောက်အ,တဲ့လူလို့ ထင်နေသလား .... အင်း .... မင်း ထင်ကျွမ်းအဖွဲ့ဝင် ဖြစ်နေတာကို မသိတာတော့ ခြင်းချက်ပေါ့ကွာ .... "

ကျန်ချွမ်ရှယ်မှာ ပြုံးချင်သော်လည်း မပြုံးနိုင်ပေ။

"ဒါဖြင့် ခင်ဗျား လိကျန်းကျန်ကို သတ်ပစ်ခဲ့ပြီပေါ့ .... "



"ဟင့်အင်း .... မသတ်ပါဘူး .... "

"ဟင် .... "

ကျန်ချွမ်ရှယ်မှာ အလွန်တရာ အံ့ဩသွားသည်။ ရှန့်ရှောင်ဖုန်းသည် ထင်ကျွမ်း၏ အစီအမံများကို သိပြီးဖြစ်ပါလျက် အဘယ်ကြောင့် လိကျန်းကျန်ကို မသတ်ဘဲ ထားပစ်ခဲ့ရပါသနည်း။ ဤသည်မှာ အဆိပ်ပင်ရေလောင်းခြင်းပင် မဟုတ်ပါလား။

ကျန်ချွမ်ရှယ်က မျက်နှာ အပျက်ပျက်ဖြင့် ....

"အဲဒါ ခင်ဗျား မှားပြီပေါ့ .... သူဟာ ရန်သူဖြစ်ကြောင်း သိနေပြီပဲ .... ခင်ဗျား သူ့ကို သတ်ပစ်ခဲ့ရမှာပေါ့ .... ဘာလဲ .... သုံးရက်ကြာရင် ငါ သေရတော့မှာပဲ .... မထူးတော့ပါဘူးဆိုတဲ့ စိတ်နဲ့ လိကျန်းကျန်ကို မသတ်ခဲ့တာလား .... "

"မဟုတ်ပါဘူး .... "

"ခင်ဗျားနေနဲ့ ဂိုဏ်းကြီးခုနစ်ဂိုဏ်းကို မကယ်တင်တော့ ဘူးလား .... "

ရှန့်ရှောင်ဖုန်းက ပြုံး၍ ပြောသည်။

"ငါ့မှာ ရည်ရွယ်ချက်ရှိလို့ပါ .... "

"ဘာရည်ရွယ်ချက်လဲ .... "

"လိကျန်းကျန်ဟာ အခု ထင်ကျွမ်းရဲ့ လက်အောက်ခံ ဖြစ်ပေမယ့် သူဟာ ထင်ကျွမ်းအောက်မှာ အမြဲတမ်း ဦးခေါင်းလျှိုနေမယ့် မိန်းကလေး မဟုတ်ပါဘူး .... သူဟာ ထင်ကျွမ်းက စေလိုရာစေနိုင်း‌လိုရာနိုင်း လုပ်နေတာကို အမြဲနာခံမယ့် မိန်းမ မဟုတ်ဘူး .... ဂိုဏ်းဆန်းတောင် အစည်းအဝေးဟာ လိကျန်းကျန်အတွက် အခွင့်ကောင်းတစ်ရပ်ပဲ .... "

"ဘယ်လို အခွင့်ကောင်းလဲ .... "

"အဲဒီမှာမှ "မန်ကြူ"ကို တရားဝင် ရွေးချယ်မှာပဲ .... သူဟာ "မန်ကြူ"ဖြစ်သွားရင် ဂိုဏ်းကြီးခုနစ်ဂိုဏ်းကို ပိုင်အောင် လုပ်လိမ့်မယ် ဂိုဏ်းကြီး ခုနစ်ဂိုဏ်းကိုပိုင်ရင် ထင်ကျွမ်းကို ပုန်ကန်မှာပဲ .... လိကျွန်းကျန်ဟာ ဘယ်လိုမိန်းကလေးလဲဆိုတာ ငါ ခန့်မှန်းပြီးပါပြီ .... သူဟာ ခြသေ့ရဲ့ အမြီးအဖြစ် ထက်မြည်းရဲ့ ဦးခေါင်းဘဝကို ပိုလိုလားတဲ့ မိန်းကလေးမျိုးပါ .... သူဟာ ထင်ကျွမ်းလိုပဲ ထက်မြက်တဲ့ ... မိန်းကလေးပါ .... "

ရှန့်ရှောင်ဖုန်းက အသေအချာ ရှင်းပြလိုက်၏။

ကျန်ချွမ်ရှယ်မှာ အလွန်အမင်း တုန်လှုပ်ချောက်ချားလာသဖြင့် ချွေးစေးများပင် ထွက်လာသည်။ သူသည် ထုံထိုင်းသော လူတစ်ယောက်တော့ မဟုတ်ပါ။ သို့သော် လိကျွန်းကျန်၏ ဤသို့ ကြံစည်ရဲလိမ့်မည်ဟုတော့ ဤသို့ လုံးဝ မထင်မှတ်ခဲ့ပါ။ လိကျွန်းကျန်သည် အလွန်တရာ ရည်မှန်းချက် ကြီးမားသူ ဖြစ်နေချေသည်တကား။

ကျန်ချွမ်ရှယ်သည် နဖူးမှစီးကျလာသော ချွေးများကို လက်ဖြင့် သပ်ချလိုက်၏။ ဤမျှ အေးမြနေသော အချိန်၌ ဤကဲ့သို့ ချွေးသီးချွေးပေါက် ထွက်နေသည်ကို ကြည့်ရုံဖြင့် သူ မည်မျှ စိတ်လှုပ်ရှားနေသည်ကို ခန့်မှန်းသိရှိနိုင်ပါသည်။

"သူတို့ဟာ ကြောက်စရာချည်းပါလားဗျာ .... "

ကျန်ချွမ်ရှယ် ဒါပဲ ပြောနိုင်သည်။

ရှန့်ရှောင်ဖုန်းက ....

"ထင်ကျွမ်းဟာ လိကျွန်းကျန်ကို အရေးပါတဲ့နေရာတိုင်းမှာ အသုံးချခဲ့တယ် .... လိကျွန်းကျန်ဟာလည်း ထင်ကျွမ်းကို တန်ပြန်



အသုံးချခဲ့တာပါပဲ .... "

"ဒါကို ထင်ကျွမ်းက မသိဘူးလား .... "

"သတိမမူ ဂူမမြင် ဆိုတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ် .... အလှမ်းကျယ် အလယ်လပ် ဆိုတာလည်း ဖြစ်ချင်ဖြစ်မယ် .... ထင်ကျွမ်းဟာ လိကျွန်းကျန်ရဲ့ တန်ပြန်လုပ်ရပ်တွေကို မျက်စိ လျှမ်းနေတာတော့ အမှန်ပဲ .... "

"လိကျွန်းကျန်ဟာ အကြွပ်ကိုင်ခံရပြီး ထင်ကျွမ်းအဖွဲ့အစည်းထဲ ရောက်နေတာမျိုးလား .... "

"မဖြစ်နိုင်ဘူး .... သူဟာ အသေခံမယ့် လူမျိုးပဲ .... နောက်ပြီး ကြက်ခေါင်းဆိတ်မခံ စိတ်ဓာတ်ရှိလျက်နဲ့ ထင်ကျွမ်းအဖွဲ့အစည်းထဲ ခေါင်းလျှိုဝင်တာဟာ ရည်ရွယ်ချက် ရှိလို့ပဲ ဖြစ်လိမ့်မယ် .... အခုဆိုရင် ပိုပြီး ရှင်းသွားပြီပေါ့ .... "

"ဒါဖြင့် သူဟာ မြွေပွေးခါးပိုက် ပိုက်သလို ဖြစ်နေတာပေါ့နော် .... "

"အင်မတန်မှ ကောင်းမွန်တဲ့ ဥပမာစကားပဲ .... ဒါ အမှန်ပဲ .... တကယ်တော့ ထင်ကျွမ်းဟာ မြွေပွေးပဲ .... တစ်ချိန်မှာ သူ့ကို ပြန်ကိုက်မှာပဲ .... အခု အချိန်အခါ ရောက်လာပြီ .... မြွေပွေး အစွမ်းပြတော့မယ် .... "

"ဒီမြွေပွေးဟာ ထင်ကျွမ်းရဲ့ အဖွဲ့အစည်းကို ဖြိုခွဲနိုင်ပါ့မလား"

ရှန့်ရှောင်ဖုန်း ပြုံးလိုက်၏။

"လိကျွန်းကျန်ဟာ အခု အဆင့်အထိ ထင်ကျွမ်း ယုံကြည်အောင် နေပြနိုင်မှတော့ ထင်ကျွမ်းအဖွဲ့အစည်းအကြောင်း နောကျေအောင် သိနေပြီပေါ့ .... ထင်ကျွမ်းရဲ့ ပျော့ကွက် ဟာကွက်တွေကို

သိနေပြီပေါ့ .... သူဟာ သူ့အတွင်း စိတ်မချရဘဲနဲ့ မပုန်ကန်ဘူး .... ပုန်ကန်ပြီဆိုတာနဲ့ ဘာပြောပြော ထင်ကျွမ်းအဖွဲ့အစည်းကြီး တစ်ခုလုံး ပြိုမကျသွားတောင် အထိနာမှာတော့ အသေအချာပဲ .... "

"တစ်ကြိမ်တည်းနဲ့ ပြိုကျသွားအောင်တော့ လီကျန်းကျန် မလုပ်နိုင်ဘူးလို့ ထင်ပါတယ် .... "

"အဲဒါမှ ပိုကောင်းတာပေါ့ .... "

"ဗျာ .... ဘာဖြစ်လို့လဲ .... "

"လုံးဝ မပျက်စီးသေးတော့ လုံးဝ ပျက်စီးသွားအောင် တိုက်ခိုက် ဖျက်ဆီးရဦးမှာပေါ့ .... ထင်ကျွမ်းကလည်း အငြိုးနဲ့ ပြန်တိုက်ရမှာပဲ .... သူတို့ချင်း တိုက်လေလေ သူတို့ကို ဖြိုခွင်းမယ့် ကြားလူအတွက် လွယ်ကူလေလေပေါ့ .... "

"အဲဒီလိုဆိုရင်တော့ အကောင်းဆုံးပေါ့ဗျာ .... "

"ဒါကတော့ ဖြစ်နိုင်ရင် ပြောတာပါ .... ကံကြမ္မာ ဘယ်လို ဖန်လာမယ်ဆိုတာတော့ ဘယ်သူမှ ကြိုတင် မသိနိုင်ပါဘူး .... "

ထို့နောက် ရှန့်ရှောင်ဖုန်းက ဆက်၍ ပြောသည်။ ထိုစကားများ၌ ဝမ်းနည်းကြေကွဲသော လေသံများ ပါလာသည်။

"ကံကြမ္မာဆိုတာ ဘယ်သူမှ ကြိုတင်မသိနိုင်ဘူး .... ငါ ဒီ သုံးရက်အ .. လေမယ်လို့ အိပ်မက်တောင် မမက်ဖူးဘူး .... ငါက သေမှာကြောက်လို့ ပြောနေတာ မဟုတ်ပါဘူး .... ငါတင် မကဘူး၊ သိုင်းလောကမှာ ကျင်လည်နေတဲ့ လူအားလုံး ဒီလိုချည်းပါပဲ .... လေထဲလွင့်တဲ့ ရွက်ဝါလို ရေထဲမျောတဲ့ ဗေဒါတွေလိုပါပဲ .... မရေမရာနဲ့ ဟိုလွင့် ဒီမျော ဖြစ်နေကြတာပါပဲ .... "

ကျန်ချွမ်ရှယ်မှာလည်း ငိုင်၍ နားထောင်နေသည်။



"ငါ့အဖို့တော့ ထင်ကျွမ်းအဖွဲ့နဲ့ လီကျန်းကျန်တို့ရဲ့ အဖွဲ့အချင်းချင်း တိုက်ခိုက်ပျက်စီးသွားပြီဆိုရင်ပဲ ကျေနပ်ပါပြီ .... "

ကျန်ချွမ်ရှယ် ဆက်၍ မမေးပါ။ ရှန့်ရှောင်ဖုန်း ဆိုသူမှာ ...ကယ်ကို တစ်ယောက်တည်း ရှိပါသည်။ သူ မသိသည်မှာ မရှိ ...လောက်ပင်။ ယခု လီကျန်းကျန်ကို သူ ချန်ထားပစ်ခဲ့ပါသည်။ လီကျန်းကျန် မီးစ ဖြစ်သည်ကို သိလျက်နှင့် တမင် ထားပစ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို မီးစဖြင့် ထင်ကျွမ်းအဖွဲ့အစည်းကို လောင်ကျွမ်းစေရန် ...ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် သူသည် ထင်ကျွမ်းကို လည်းကောင်း၊ လီကျန်းကျန်ကို လည်းကောင်း၊ ရှန့်ရှောင်ဖုန်းကို လည်းကောင်း၊ ကောင်းစွာ နားလည်ဖို့ လိုအပ်သေးကြောင်း ကျန်ချွမ်ရှယ် သိနေပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် သိုင်းလောကသား မဟုတ်သောကြောင့် ...ည်။

ယခု သူ့အမြင်၌ပင်လျှင် ရှန့်ရှောင်ဖုန်းသည် အမျိုးမျိုး အဖုံ ...ဖြစ်နေပါသည်။

ရှန့်ရှောင်ဖုန်းဆိုသည်မှာ သူ့ စကားအရ လေတွင် ဝဲလွင့် ...သော ရွက်ဝါနှင့် တူပါသည်။ ရေဝယ် မျောသော ဗေဒါနှင့်လည်း တူ ...ပါသည်။

ရှန့်ရှောင်ဖုန်းဆိုသည်မှာ ဆောင်းရာသီ နံနက်ခင်းကဲ့သို့ မှုန် ...ဝါး ဖြစ်နေသူပါတည်း။ အကောင်အထည် ဖမ်းပြ၍ မရနိုင်သူ ဖြစ် ...ပါသည်။

ရှန့်ရှောင်ဖုန်း ဆိုသည်မှာ တစ်ခါတစ်ရံ ပျော်ပျော်ပါးပါး နေ ...တတ်သူ ဖြစ်ပြီး တစ်ခါတစ်ရံလည်း သူတော်စင်များကဲ့သို့ တည်ကြည်

လေးနက်နေသူ ဖြစ်ပါသည်။

ရှန့်ရှောင်ဖုန်းဆိုသည်မှာ ပြိုင်ဘက်ရန်သူများကို ရက်ရက်စက်စက် သတ်ဖြတ်တတ်သူ ဖြစ်သော်လည်း သူ့လို ဘာမသိ ညာမသိသူများကိုမူ ခွင့်လွှတ်တတ်သူ ဖြစ်ပါ၏။

ထို့ကြောင့် ရှန့်ရှောင်ဖုန်း ဘယ်လိုလူဟု တိတိကျကျ ထုတ်ဖော်ပြောဆိုရန်မှာ လွန်စွာ ခက်ခဲလှပါသည်။ ထင်ကျွမ်းနှင့် လိကျန်ကျန်တို့ဆိုလျှင် ပိုဆိုးပါသည်။ ရှန့်ရှောင်ဖုန်းလောက်ပင် သူ့အနေနှင့် ရင်းရင်းနှီးနှီး နေခွင့်မရခဲ့သဖြင့် ခန့်မှန်းရန် ပိုခက်ပါသည်။

ရှန့်ရှောင်ဖုန်းသည် နှင်းမှုန်ထဲ ငေးနေသည်။ ကျန်ချွမ်ရှယ်ကတော့ ရှန့်ရှောင်ဖုန်းကို ငေးနေသည်။

သူတို့နှစ်ဦး တွေးနေကြသော်လည်း အတွေးများက မတူကြပါပေ။ ကျန်ချွမ်ရှယ်သည် သက်ပြင်းချရင်း ....

"ကျွန်တော် ဒီကို လာတာဟာ အရေးကြီးတဲ့ အချက်တစ်ချက်ကြောင့် လာတာပါဗျာ .... "

ရှန့်ရှောင်ဖုန်းသည် အဝေးသို့ ငေးနေရာမှ ကျန်ချွမ်ရှယ်ထံသို့ ခေါင်းပြန်လှည့်လာ၏။

"ဘာအကြောင်းတစ်ချက်လဲ .... "

" ..ား၏ ဒဏ်ရာနဲ့ ပတ်သက်ပါတယ်ဗျာ .... "

"ပြောပါ .... "

"ဒီဒဏ်ရာကို ကျွန်တော်နဲ့တကွ .... သမားတော်ကြီးကိုးယောက် မကုသနိုင်ပေမယ့် ခင်ဗျားဒဏ်ရာဟာ မပျောက်နိုင်တဲ့ ဒဏ်ရာတော့ မဟုတ်ပါဘူးဗျာ .... "

ထိုစကားကို ကြားလိုက်ရသောအခါ ရှန့်ရှောင်ဖုန်း၏ မျက်နှာ



သည် ဝင်းထိန်သွား၏။

ဤအချက်က ရှန့်ရှောင်ဖုန်းအား သာမန် လူသားတစ်ဦးသာ ဖြစ်ကြောင်း ဖော်ပြနေပြန်သည်။

မည်သည့်လူသားမဆို ဆက်လက် အသက်ရှင်သန်လိုကြသည်သာ ဖြစ်တော့သည်။

သို့သော် သူက မယုံကြည်သလို မေးလိုက်၏။

"ဟုတ်ရဲ့လားကွ .... မင်းတို့ မကုသနိုင်ပေမယ့် ငါ့ဒဏ်ရာကို ကုသပေးနိုင်တဲ့ လူတော့ ရှိသေးတာပေါ့ .... ဟုတ်လား .... "

"ဒါပေါ့ဗျာ .... ကျွန်တော်တို့ မကုသနိုင်တာနဲ့ပဲ ခင်ဗျား သေရတော့မှာလား .... ကျွန်တော်တို့ထက် တတ်တဲ့ တော်တဲ့ လူရှိနိုင်သေးတာပေါ့ဗျာ .... "

ရှန့်ရှောင်ဖုန်းက စိုက်ကြည့်လိုက်၏။

"မင်း ပြောချင်တာ ဒါပဲလား .... "

ကျန်ချွမ်ရှယ်သည် တွေးနေသည်။ ထို့နောက် မပြောချင်ပြောချင်လေသံဖြင့် ....

"ခင်ဗျားကို ကယ်နိုင်မယ့်လူ တစ်ယောက်တော့ ရှိပါတယ်ဗျာ .... "

"ဟေ .... ဟုတ်လား .... သူ ဘယ်သူလဲကွ .... "

"သူဟာ ခင်ဗျားလို လူပါပဲ .... အလွန်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပါ .... သူ့ အသွင်အပြင် အကျင့်စရိုက်ကို ပုံဖမ်းလို့ မရတဲ့လူပါ .... ထူးဆန်းတဲ့ စိတ်နေသဘောထားရှိတဲ့ လူတစ်ယောက်ပါ .... "

ရှန့်ရှောင်ဖုန်းသည် သက်ပြင်းချလိုက်၏။

သူ့ကဲ့သို့စိတ်နေသဘောထားထူးဆန်းသောလူတစ်ယောက်ထံ

အကုသခံရမည့် အလုပ်မှာ အလွန့်အလွန် မလွယ်ကူသော အလုပ်ဖြ
ကြောင်း သူ ရိပ်မိလိုက်သောကြောင့်တည်း။

ကျန်ချမ်းရှယ်ကလည်း သက်ပြင်းချသည်။

"ဒီမျှော်လင့်ချက်ဟာ ခင်ဗျားအတွက် အလွန့်အလွန် သေ
ငယ်တဲ့ မျှော်လင့်ချက်ကလေးပါဗျာ .... ဒီအတွက် ကျွန်တော် စိ
မကောင်းပါဘူး .... "

"ဘာဖြစ်လို့လဲကွ .... "

"အဲဒီလူ ဘယ်သူ ဖြစ်တယ်ဆိုတာ ကျွန်တော် လုံးဝ မှ
မပြောပြနိုင်လို့ပါဗျာ .... "

ရှန့်ရှောင်ဖုန်းသည် ကျန်ချမ်းရှယ်ကို မကြည့်တော့ဘဲ တ
ကျနေသော နှင်းမှုန်များကိုသာ ပြန်ကြည့်နေလေတော့သည်။

အခန်း (၇)

## သစ္စာမေတ္တာ သက်သေ

အစဉ်အလာအားဖြင့် ရှန့်ရှောင်ဖုန်းသည် သေရမည်ကို မကြောက်ခဲ့ပါ။

သိုင်းသမားများစွာသည် တိုက်ဟယ်ခိုက်ဟယ် သတ်ဟယ် ဖြတ်ဟယ် လုပ်နေကြသဖြင့် သေခြင်းတရားသည် သူတို့ မျက်စိရှေ့တွင် ရိုးအီနေသောအရာ ဖြစ်နေပါသည်။

ထို့ကြောင့် သေခြင်းကို အထူးတလည် ကြောက်ရွံ့မနေကြချေ။

အထူးသဖြင့် ရှန့်ရှောင်ဖုန်းအဖို့ ပို၍ မကြောက်ရန် ဖန်တီးနေခြင်းမှာ သူသည် ကလေးဘဝကပင် သိုင်းသူရဲကောင်းအဖြစ် ကျော်ကြားနေခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် သူသည် ရှေးယခင်က ပေါ်ပေါက်ခဲ့ကြသော သိုင်းလောက သူရဲကောင်းများ၏ အံ့ဖွယ်သရဲ တိုက်ခိုက်ပုံ၊ ရဲရဲဝံ့ဝံ့ စွန့်စားပုံ၊ မကြောက်မရွံ့ အသေခံပုံတို့ကို နားလျှံအောင် ကြားဖူးခဲ့သဖြင့်

သူ့ နှလုံးသားထဲ၌ သူရဲကောင်းဟူသည် သေရမည် တို့လုံးဝမကြောက်ကြောက်လျှင် သူရဲကောင်းမဟုတ်ဟူသော အသိသည် စွဲလမ်းနေခဲ့ပေ၏။

ရှေးအတိတ်ကာလက သိုင်းဂိုဏ်းကြီးတစ်ခုကို အခြား သိုင်းဂိုဏ်းကြီးတစ်ခုကို ဝင်ရောက် ဖျက်ဆီး တိုက်ခိုက်ရာ သူရဲကောင်းတစ်ယောက်သည် အငိုက်မိခံရသော သူ့ဂိုဏ်းသားများအား လျှို့ဝှက်ဝှပေါက်မှ စွန့်ခွာသွားစေပြီး သူကတော့ ဝှဝမှာ ရဲရဲဝံ့ဝံ့ တိုက်ခိုက်ခဲ့ပုံသည် ရှန့်ရှောင်ဖုန်း၏ နှလုံးသားထဲ၌ စွဲနေသေး၏။

ထို သူရဲကောင်းသည် ခန္ဓာကိုယ်ပေါ် မြားအစင်း သုံးဆယ်၊ ဓားရှည် သုံးစင်း၊ ဓားမြှောင် လေးစင်း အထိခံခဲ့ရပြီး ကျောက်နံရံကို ကျောမှီကာ သေဆုံးခဲ့ကြောင်း ရှန့်ရှောင်ဖုန်း ကြားနာခဲ့ရသည်။

ထိုအကြောင်းများကြောင့် ရှန့်ရှောင်ဖုန်းဘဝ၌လည်းကောင်း၊ မားကိုဘဝ၌ လည်းကောင်း သူ ရရှိခဲ့သည့် ဒဏ်ရာများကို သူသည် ဒဏ္ဍာရီသူရဲကောင်း၏ ဘဝနှင့် နှိုင်းယှဉ်ပြီး မာန်တင်းခံနိုင်ရည်ရှိခဲ့ခြင်း ဖြစ်ပေသည်။

ရှန့်ရှောင်ဖုန်း သေရမှာ မကြောက်သည့် နောက်တစ်ချက်မှာ သေခြင်းတရားကို သူ တစ်ယောက်တည်း ခံယူရခြင်း မဟုတ်ဆိုသည့် အချက်ကို သိထားသောကြောင့်တည်း။ လူဆိုသည်မှာ မွေးဖွားလာပြီးသည်နှင့် သေခြင်းတရားကို ရင်ဆိုင်ကြရကြောင်း၊ သေခြင်းတရားကို မည်သူမျှ ငြင်းဆန်၍ မရကြောင်း သူသိထားသောကြောင့်တည်း။

ယခု သူသေရမည်ဆိုသောအခါ ဝမ်းပန်းတနည်းတော့ မဖြစ်မိချေ။



ဆက်လက် အသက်ရှင်သန်ခွင့်ရမည်ဆိုလျှင်တော့ ဝမ်းသာသည်။ မည်သို့ပင်ဖြစ်စေ သူ့ ပြိုက်ဘက်အားလုံးကို သူက သေခြင်း၏ အရသာကို မြည်းစမ်းစေခဲ့သည်။ ယခု သူ့ အလှည့်တွင် သေခြင်း၏ အရသာကို ဝမ်းပန်းတသာ မမြည်းစမ်းသင့်ပါသလော။ ထိုအရသာသည် လူတစ်ဦးတစ်ယောက်အဖို့ ဆန်းသစ်သော အရသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးသည် တစ်သက်တွင် တစ်ကြိမ်သာ သေရသောကြောင့်တည်း။

ကျန်ချွမ်ရှယ်က သူ့အား ကုသနိုင်သူ ရှိပါသေးသည်ဟု ပြောဆိုလာသောအခါ သူ့မျက်နှာ ဝင်းထိန်သွားခဲ့သည်။ သူ ဝမ်းသာသွားခဲ့သည်။ အကြောင်းမှာ သူ့တွင် ပြုဖွယ်ကိစ္စတစ်ခု ရှိခဲ့သောကြောင့် ဖြစ်သည်။ သူ တာဝန်မကျေပွန်ခဲ့ခြင်း၊ လျစ်လျူရှုခဲ့ခြင်း၊ ပစ်ပယ်ခဲ့ခြင်းအတွက် လူငယ်ကလေးတစ်ယောက်သည် ဘဝကို အဆိုးမြင်ခဲ့ပြီ မဟုတ်ပါလား။

တကယ်တော့ ရှန့်ရှောင်ဖုန်း၏ ဘဝမှာ ဖြစ်တည်ခြင်းကို လွန်စွာ မက်မောဖွယ်ရာကောင်းသော ဘဝ ဖြစ်ပါသည်။

နာမည်ကျော်ကြားခြင်း၊ ချမ်းသာ ကြွယ်ဝခြင်းတည်းဟူသော ဂုဏ်ခြပ်သည် ရှန့်ကျန်ဂေဟာနှင့် ရှန့်မိသားစုတို့ကို ဝန်းပတ်အုပ်ဆိုင်းထားသောအရာ ဖြစ်သည်။

သိုင်းလောက၏ ဓားဘုရင်ဟူသော ဂုဏ်ခြပ်မှာလည်း သေးကြီး ဘဝင်မြင့်လောက်စရာပင် မဟုတ်ပါလား။

သူသည် လေးနှစ်သားအရွယ်ကပင် ဉာဏ်ရည်ထူးချွန်သူ ဖြစ်ခဲ့ရပြီး လူတကာ ချီးမြှင့်မြှောက်စားမှုကို ခံခဲ့ရသည်။

သူတစ်ပါး ဆယ်နှစ်ခန့် လေ့ကျင့်ရသော သိုင်းပညာကို သူက

နှစ်နှစ်မျှသာ လှေကျင့်ရသည်။ ဤမျှအထိ ဉာဏ်ကောင်းသည်။ ဘဝတစ်လျှောက်လုံး သိုင်းထိပ်သီး အများအပြားနှင့် ယှဉ်ပြိုင်ခဲ့ သူကပင် နိုင်ခဲ့သည်။

သူသည် တစ်ကြိမ်တစ်ခါမျှ ရှုံးနိမ့်ခဲ့ခြင်း မရှိပေ။

ထို့ကြောင့် သူ့ဘဝသည် သေချင်ဖွယ်ကောင်းသော ဘ မဟုတ်။ နေချင်ဖွယ်ကောင်းသော ဘဝသာ ဖြစ်သည်။

သို့သော် ရှန့်ရှောင်ဖုန်းသည် ထိုအကြောင်းများကြောင့်တော့ သူ့ဘဝကို မခင်တွယ်ခဲ့ပါချေ။ ဤသည်မှာလည်း ရှင်းပါသည်။ သူ ကျော်ကြားခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းကိုသာ မက်မော တပ်မ နေခဲ့ပါလျှင် အဘယ်မှာလျှင် သူသည် ရှန့်ကျန်ဂေဟာကို စွန့်ခွာပြ အားကျိုး ဘဝထဲသို့ ဝင်သွားပါမည်နည်း။

သူသည် အားကျိုးဘဝဖြင့် ဆင်းဆင်းရဲရဲ နှစ်အတော်များမျှ စာတတ်မြုပ်နေခဲ့သည် မဟုတ်ပါလား။ ယခု ရှန့်ရှောင်ဖုန်းဘဝသို့ ပြ လည်ရောက်ရှိလာခြင်းမှာလည်း မှယ့်ချူးထိက လိုက်လံတူးဖော်လာ ခြင်းကြောင့် ဖြစ်ပါသည်။

မှယ့်ချူးထိ၏ အငြိုးက ဤမျှ ကြီးမားလှသည်။ ပြေချိန်တ လျက် မပြေနိုင် ငြိုးနေသေးသည်။ မိန်းမဆိုး အမုန်းကြောင့် သူသည် သားဖြစ်သူနှင့် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရပြန်သည်။

သားနှင့်တွေ့၍ ပြေပြေလည်လည် မဖြစ်မီမှာပင် ကံကွက် ကျား၍ ငမိုက်သား သေလေတော့ ဟူသော ဖြစ်လာပုံမှာ သုံးရက် အတွင်း သူ သေဆုံးရတော့မည်ကို သိရှိလာရခြင်းပင်တည်း။

ယခုတစ်ဖန် ကံဇာတ်ဆရာက သူ့အား လှောင်ပြောင်လာ ပြန်လေပြီ။



သူ့အသက်မသေအောင် ကုသနိုင်ရန် ရှိပြန်သေးသည် ဟူ သတည်း။ ဟော ထပ်မံဖြစ်လာပြန်သည်က ထိုကုသနိုင်သူကို သူ့နှုတ် မှ ထုတ်ဖော်မပြောနိုင်ပါဟု ကျန်ချွမ်ရှယ်က ဆိုလာခြင်းပါတည်း။

"ဟား .... ဟား .... ဟား .... "

ရှန့်ရှောင်ဖုန်းသည် အားရပါးရ ရယ်မောလေတော့သည်။ အရူးတစ်ယောက်လို မနားတမ်း ရယ်နေသဖြင့် ကျန်ချွမ်ရှယ်သည် ရှန့်ရှောင်ဖုန်းတစ်ယောက် တကယ်ပင် ရူးသွပ်သွားလေပြီလားဟု စိုး ရိမ်ကြီးစွာ ကြည့်နေမိတော့သည်။

ယောဘုယျအားဖြင့်တော့ ရှန့်ရှောင်ဖုန်းသည် စိတ်ဓာတ်ကျ သူ ဖြစ်ပါသည်။ ယခုကဲ့သို့ ဖြစ်လေ့ဖြစ်ထ မရှိပါ။ အတန်ကြာ ရယ်မော ပြီးမှ ရပ်ဆိုင်းသွားပါ၏။

ကျန်ချွမ်ရှယ်သည် မတုန်မလှုပ် ရပ်ကြည့်နေပါသည်။ သူသည် ရှန့်ရှောင်ဖုန်းကို အမှန်တကယ် ကြည်ညိုလေးစားခဲ့ပါသည်။ ရှန့်ရှောင် ဖုန်းသည် ပထမအကြိမ် သူ့ကို မသတ်ဘဲ လွှတ်ပေးခဲ့ပါသည်။ ယခု တစ်ကြိမ်တွင်လည်း သူမှားသည် မှန်သည်လား မသိဘဲ လျှို့ဝှက်ချက် အစအဆုံးကိုတော့ ဖော်ပြ၍ မဖြစ်ပါ။ ထို့အတွက် ရှန့်ရှောင်ဖုန်း သူ့ အား သတ်နိုင်ပါသည်။

"မင်းက ငါ့ကို ရှင်းအောင် ထုတ်မပြောနိုင်ရင် ငါကလည်း မင်းကို အရှင်မထားနိုင်ပါ .... "

ဟု ပြောပြီး ရှန့်ရှောင်ဖုန်းက သတ်ချင် သတ်ပါလိမ့်မည်။ ခွင့်လွှတ်ချင်လည်း ခွင့်လွှတ်ပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ရှန့်ရှောင် ဖုန်း သတ်လျှင် သူ အသေခံလိုက်မည်ဟု ကျန်ချွမ်ရှယ် ဆုံးဖြတ်ချက် ချထားပါသည်။

ရှန့်ရှောင်ဖုန်း မလှုပ်ပါ။ လုံးဝ မလှုပ်ပါ။ သူ့အား အသက်မဲ့သော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေပါ၏။

"ခင်ဗျား ကျွန်တော့်ကို သတ်နိုင်ပါတယ်ဗျာ .... ကျွန်တော့်မှာလည်း .... ဟို .... ကုသနိုင်တဲ့လူကို ထုတ်ဖော်ပြောပြခွင့် မရှိပါဘူး .... "

ကျန်ချွမ်ရှယ် တုန်တုန်ယင်ယင် ဖြစ်နေပါသည်။ သူ့ အသံများကလည်း တုန်ယင်နေပါသည်။ ရှန့်ရှောင်ဖုန်းက ဘာမှ မပြောပါ၊ ငေးစိုက်၍သာ ကြည့်နေပါ၏။

"ခင်ဗျား ဘယ်လို လူစားဆိုတာ အရင်က လုံးဝ မသိပါဘူး၊ လုံးဝ မခန့်မှန်းနိုင်ပါဘူး .... အခုလေးတင်မှ ခင်ဗျား ဘယ်လိုလူစားဆိုတာ ကျွန်တော် သိပါတော့တယ် .... "

ရှန့်ရှောင်ဖုန်းက ခြောက်ကပ်စွာ မေးလိုက်၏။

"ပြောစမ်းပါဦး .... ဘယ်လို လူစားဆိုတာ .... "

"ခင်ဗျားဟာ ကိုယ့်အသက်ကိုတောင် မနှမြောတဲ့လူစားပဲ၊ ဒီတော့ သူတစ်ပါး အသက်ဆိုတော့ ဘယ်နှမြောတော့မှာလဲ .... "

"ဒါကြောင့် ငါ သေသွားလည်း အေးတာပဲဆိုပြီး ဟိုလူ ဘယ်သူဆိုတာ ဖွင့်မပြောတာပေါ့ ဟုတ်လား .... "

ကျန်ချွမ်ရှယ်က ဦးခေါင်းကို သွက်သွက်ယမ်းလိုက်သည်။

"ဒါတော့ မဟုတ်ပါဘူးဗျာ .... ကျွန်တော်က ခင်ဗျားကို လေးစားကြည်ညိုတဲ့ လူပါ .... "

"ကျွန်တော်က ခင်ဗျားကို မသေစေချင်ပါဘူး .... ဟိုလူ့ကို အကာအကွယ်ပေးရမယ့် ဝတ္တရား ရှိနေလို့ပါ .... "

"ဘာ .... မင်းက သူ့ကို အကာအကွယ်ပေးရမယ် ဟုတ်လား .... "



"ဟုတ်တယ် .... ပေးရပါမယ် .... သူဟာ ခင်ဗျားကို တွေ့ရင် မကြီးလက်ခတ်မလွဲ ခင်ဗျားရဲ့ အသက်ကို ကယ်မှာပါ .... အဲဒါကြောင့် သူ့ကို ကာကွယ်ပေးရမယ်လို့ ကျွန်တော် ပြောနေတာပေါ့"

ရှန့်ရှောင်ဖုန်း ခေါင်းရှုပ်သွားသည်။ ကျန်ချွမ်ရှယ်သည် ရှန့်ရှောင်ဖုန်းကဲ့သို့ ဉာဏ်ကောင်းသောသူကိုပင် ဦးနှောက်ခြောက်အောင် စကားပြောတတ်ပါပေသည်။

"မင်း ဘာတွေ ပြောနေမှန်း ငါက မသိတာလား .... ဒါမှမဟုတ် မင်းက ငါမသိအောင် တမင်ပြောနေတာလားဆိုတာ ငါတော့ မခွဲခြားတတ်တော့ပါဘူးကွာ .... "

"ကျွန်တော်က တမင် ရှုပ်အောင်ပြောနေတာ မဟုတ်ပါဘူး၊ အဖြစ်ကကို ရှုပ်နေတာပါ .... ခင်ဗျား မသေတော့ဘူးဆိုရင် သူဟာ ခင်ဗျားရဲ့ ဓားအောက်မှာ မုချ သေဆုံးရပါလိမ့်မယ်ဗျာ .... ဓားရေးအရ ခင်ဗျားဟာ ဘယ်လိုမှ မသေနိုင်ပါဘူး .... "

"မင်းပြောနေတာတွေက ပဟေဠိဝှက်နေတာလိုပါပဲကွာ"

"ဟုတ်တယ် .... ခင်ဗျားတို့နှစ်ယောက်ဟာ ရင်ဆိုင်တိုက်ခိုက်ကြမယ့် လူတွေပဲဗျာ .... တိုက်ခိုက်ရင် တစ်ယောက်ယောက်တော့ သေမှာပဲ .... ဒါပေမယ့် အဲဒီ သေတဲ့လူဟာ ခင်ဗျား မဖြစ်နိုင်ဘူး .... "

"မင်းရဲ့ ထပ်မံ ရှင်းလင်းချက်ဆိုရင် ငါ ထပ်မံရှုပ်သွားပြီဆိုတဲ့အကြောင်း အသိပေးပါတယ်ကွာ .... "

ကျန်ချွမ်ရှယ် အနည်းငယ် ရပ်ဆိုင်းသွားသည်။

သူသည် ပြောရမည့် စကားလုံးများကို ရွေးချယ်နေ၏။

ပြီးမှ ....

"ဒီလိုပါဗျာ .... ခင်ဗျားကို ကျွန်တော် တစ်ခု မေးပါရစေ"

"မေးပါဗျာ .... "

"ခင်ဗျားတိုက်တဲ့ တိုက်ပွဲအားလုံး ခင်ဗျား နိုင်တယ်နော်"

"နိုင်တယ် .... "

"ရှုံးသူတွေထဲမှာ အသက်ရှင်တဲ့လူ ကျန်ရှိရဲ့လားဗျာ .... "

"မကျန်ဘူး .... ငါနဲ့ တိုက်လို့ ရှုံးတဲ့လူဟာ အသက်ပါ ပါသွားတာပဲ .... ငါက မလျှော့တမ်း တိုက်တာကိုး .... ငါက အမှား မခံနိုင်ဘူးလေ .... "

ရှန့်ရှောင်ဖုန်းသည် ထိုစကားကို စိတ်ပါလက်ပါ ပြောလိုက်ပြီးမှ အပြောမှားသွားသူကဲ့သို့ ရုတ်တရက် ရပ်တန့်သွား၏။

ထို့နောက် သူက တိုးညင်းသော လေသံဖြင့် ဆက်ပြောသည်။

"ငါ့ကို အထင်မလွဲပါနဲ့ .... ဒီလူဝေ့ကို ပျော်လို့ သတ်တာ မဟုတ်ဘူး .... ငါက အတင်းပြိုင်ရမယ် .... မပြိုင်ရင် သတ်မယ်လို့ ခြိမ်းခြောက် ပြိုင်နိုင်းတာ မဟုတ်ပါဘူး .... သူတို့ဘာသာ လာပြိုင်တာပါ .... ပြိုင်တဲ့အခါကျတော့ ငါက အလျှော့မပေးနိုင်တော့ပါဘူး .... တစ်ပွဲမှ မရှုံးဘူးတဲ့လူအနေနဲ့ အရှုံးကို လက်မခံနိုင်ပါဘူး .... သည့်ထက် ဆိုးတာက ငါဟာ ရှန့်မျိုးရိုးက တတိယမြောက် သခင်လေး ရှန့်ရှောင်ဖုန်းဆိုတာ ဖြစ်နေတဲ့အတွက်ပါပဲ .... ရန်သူကို ပေါ့ပေါ့ဆဆ လုပ်လို့ ရှန့်ရှောင်ဖုန်း ရှုံးသွားတယ်ဆိုတာမျိုး ငါ အဖြစ်မခံနိုင်ပါဘူး"

ရှန့်ရှောင်ဖုန်းသည် သက်ပြင်းချရင်း ဆက်ပြောသည်။

"ခြသေ့တွေ သားကောင်လိုက်တာကို မင်း မြင်ဖူးသလား၊ ခြသေ့တွေဟာ သားကောင် ကြီးသည်ငယ်သည်မဟူ အားလုံးကို တစ်



...ဖက်တည်း အင်အားစိုက်တုတ်ပြီး လိုက်တယ် .... ငါ ဘာလဲ .... ...တယ်လိုပြိုင်ဘက်မျိုးမဆို သူဟာ ရန်သူကို အမြန်ဆုံး သုတ်သင် ...ယ်တဲ့ဆို စိတ်တစ်ခုတည်းပဲထားပြီး တိုက်ခိုက်ပါတယ် .... ဒီတော့ ...ပြိုင်ဘက်တွေအားလုံး သေကုန်ကြတာပေါ့ .... "

ရှန့်ရှောင်ဖုန်းသည် အတော်ကလေး ရှည်လျားစွာပြောပြီး ...ဖြစ် လှည့်ထွက်သွားတော့၏။ သူသည် ကျန်ချွမ်ရှယ်ကို လုံးဝ လှည့် ကြည့်တော့ပေ။

ကျန်ချွမ်ရှယ်သည် သူ့အား ကျောခိုင်းထွက်သွားသည့် ဓားဘု ...ကြီးကို ငေးကာကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ရှန့်ရှောင်ဖုန်း ဤမျှ စကားများများ ပြောခဲ့ခြင်းမှာ သူ မသေ ...နောက်ဆုံးပြောခွင့်ရသော စကားများဟာ ထင်မှတ်ထားသော ...ကြောင့် ဖြစ်ပေမည်။ သူသည် သုံးရက်အတွင်း သေနိုင်သူဟုသာ ကျန် ...ရှယ်က ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ ကံကောင်းပါမှ သုံးရက်အထိ ...နေရမည်။ ဤသို့ မဟုတ်ဘဲ တစ်နေရာရာတွင် လဲကျသေဆုံး ...ကောင်း သေဆုံးနိုင်သည်။

ရှန့်ရှောင်ဖုန်းသည် သူ့အသက် ဆက်လက်ရှင်နိုင်မည့် နည်း ...လမ်းတစ်ခုကိုတော့ တွေ့ရှိခဲ့ရသည်။ ထိုနည်းကို လမ်းဖွင့်ပြသသူကား ကျန်ချွမ်ရှယ်တည်း။ သို့သော် ကျန်ချွမ်ရှယ်သည် ပို့မယ့်ပို့ ကူးတို့ရောက် ...အောင် မပို့ခဲ့ချေ။ အသက်ကယ်နိုင်သူကို ဖွင့်မပြောဘဲ ထားခဲ့သည်။

ရှန့်ရှောင်ဖုန်းအနေဖြင့် ကျန်ချွမ်ရှယ်၏ နှုတ်မှ ထိုလူ မည်သူ ...ဖြစ်သည်ကို နှိပ်စက်မေးမြန်း ယူနိုင်ပါသည်။ သို့မဟုတ် တောင်းပန် ...၍ မေးမြန်းနိုင်ပါ၏။

သို့ရာတွင် ရှန့်ရှောင်ဖုန်းသည် အနိုင့်အထက်ပြုလည်း မလုပ်။

ဒူးထောက် တောင်းပန်ခြင်းလည်း မလုပ်ခဲ့ချေ။ ကျန်ချွမ်ရှယ်ကို သထွက်ခြင်း၊ မုန်းတီးခြင်းလည်း မဖြစ်ခဲ့ပေ။ သူသည် လုံး၀ ဥပက္ခာ ပြီး သေခြင်းတရားကို ရင်ဆိုင်ရန် ရဲရဲဝံ့ဝံ့ ထွက်ခွာသွားခဲ့သည်။ ဤကား ရှန့်ရှောင်ဖုန်းပင် ဖြစ်ပါတော့၏။

သူသည် ဓားဖြင့် ရှုံးရသည့် အရှုံးသာ မဟုတ်။ မည်သူ့ အရှုံးကိုမျှ လက်ခံလိုသူ မဟုတ်ပေ။ သူ့အသက်အတွက် ဒူးထော တောင်းပန်ရမည့်အလုပ်ကို သူ မည်သည့်အခါမျှ လုပ်မည် မဟုတ်ချေ သို့သော် သူသည် သားဖြစ်သူ၏ မေတ္တာကိုတော့ ဆုံးရှုံးရပေသည်။

နေမင်းကြီးသည် အနောက်ဘက်သို့ စောင်းစိုက်စပြုလာ ပြီ။ ရှန့်ရှောင်ဖုန်း၏ ပိန်လှီရှည်လျားသော ခန္ဓာကိုယ်သည် နှင်းမှုန် ၌ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ သူသည် လုံး၀ ပျောက် ကွယ်သွားသည်အထိ နောက်ဘက်သို့ တစ်ကြိမ်တစ်ခါမျှ လှည့်မကြည့် သွားချေ။

မိမိ၏အသက်ကိုပင် ဤမျှ အလေးမထားသူသည် အဘယ် မှာလျှင် သူတစ်ပါး၏အသက်ကို တန်ဖိုးထားပါမည်နည်း။

ကျန်ချွမ်ရှယ်သည် မျက်ရည်များ ရစ်ဝိုင်းလျက် နှင်းမှုန်ထဲ သို့ စိုက်ကြည့်နေ၏။ သူသည် လက်သီးများကိုလည်း ကျစ်ကျစ်ပ အောင် ဆုပ်ထားမိသည်။

ရှန့်ရှောင်ဖုန်းဆိုသည့် လူသည် သူ့အသက်ကို မည်သို့မျှ တန် ဖိုးမထားသော်လည်း သူ့အသက်ကိုမူ နှစ်ကြိမ်တိုင်တိုင် ခွင့်လွှတ် ပေသည်။ ပထမအကြိမ်ကလည်း သာမန်လူဆိုလျှင် သူ့အား သတ်မည် မှာ သေချာသည်။ ဒုတိယအကြိမ်၌ ပို၍ပင် ခွင့်လွှတ်ရန် မလွယ်ပေ အမျိုးမျိုး စစ်ဆေးမည်။ ကယ်တင်ရှင် မည်သူဖြစ်သည်ကို မသိရလျှင်



နောက်ဆုံး သတ်ပစ်မည်မှာ သေချာသည်။

တကယ်တော့ ရှန့်ရှောင်ဖုန်းသည် သူ့ ကျေးဇူးရှင်သာ ဖြစ် ပေသည်။ ယခု ကျေးဇူးရှင် စိတ်ထိခိုက်သွားပေပြီ .... ကျေးဇူးရှင်ကို သူ စိတ်ထိခိုက်အောင် လုပ်သင့်ပါသလော .... ။

စာပေဗဟုသုတများစွာ လိုက်စားခဲ့ဖူးသော သမားတော် ကျန်ချွမ်ရှယ်သည် ကျေးဇူးရှင်၏ ကျေးဇူးကို သိတတ်နားလည်တတ် ပါသည်။ ထို့ကြောင့် သူသည် ရှန့်ရှောင်ဖုန်း နောက်သို့ အားကုန်ထုတ် ၍ ပြေးလိုက်လေတော့၏။

နှင်းမှုန်ထဲ၌ သူ့အော်ဟစ်သံသည် လွင့်ပျံ့လာ၏။

"ရှန့်ရှောင်ဖုန်း .... ရှန့်ရှောင်ဖုန်း .... ကျွန်တော့်ကို စော င့်ပါဦး .... "

သူသည် တစ်ဟုန်ထိုး ပြေးလိုက်၏။ သူ သိုင်းပညာမတတ် ပါ။ ကိုယ်ဖော့ပညာ မတတ်ပါ။ ထို့ကြောင့် စိတ်ဆောင်ပြီး ခပ်မြန်မြန် ပြေးထွက်သွားသော ရှန့်ရှောင်ဖုန်းကို လိုက်၍ မမီပါ။ သူသည် နှင်း မှုန် နှင်းဖက်များအပေါ် ဒယီးဒယိုင် ပြေးလွှားနေရာမှ နောက်ဆုံး လဲကျသွားပါတော့သည်။

သူ လိုက်၍ မမီတော့ပါ။ ရှန့်ရှောင်ဖုန်း နှင်းမှုန်ထဲ ပျောက် ကွယ်သွားပါပြီ။

ကျန်ချွမ်ရှယ်သည် နှင်းမှုန် နှင်းလွှာများ ဖုံးအုပ်နေသော မြေ ကြီးပေါ် မျက်နှာမှောက်ကာ ငိုကြွေးမိတော့သည်။ သူသည် ရှန့်ရှောင် ဖုန်း၏အသက်ကိုလည်းကောင်း၊ တစ်ဘက်လူအတွက် အန္တရာယ်ကို လည်းကောင်း ကယ်ဆယ်ကာကွယ်ပေးချင်သည့်ပြင် သူ့ ကတိများ ကိုလည်း မပျက်ချင် အစရှိသည့် အချက်ပေါင်းများစွာကို တွေးပြီး

အကြီးအကျယ် စိတ်သောကရောက်လျက် ရှိပါသည်။ ရှန့်ရှောင်ဖု[illegible] သည် စိန်ခေါ်တိုက်ခိုက်သူများအပေါ် နေပမာ မီးပမာ တိုက်ခိုက်သေ[illegible] လည်း ထိုကိစ္စများနှင့် လုံးဝ မပတ်သက်သူများကို ကြင်ကြင်နာနာ[illegible] ဆက်ဆံတတ်ကြောင်း သူ သိလာသဖြင့် ဤသို့ စေတနာထားမိခြင်[illegible] သာ ဖြစ်ပါသည်။

သူ အနည်းငယ် ခေါင်းမော့သောအခါ ရုတ်တရက် [illegible] ထောက်တစ်စုံကို တွေ့လိုက်ရသဖြင့် သူ လန့်သွားသည်။ သူ ခေါ[illegible] မော့လိုက်သောအခါ သူ့အား ကြင်နာစွာ ငုံ့ကြည့်နေသော ရှန့်ရှော[illegible] ဖုန်းကို တွေ့လိုက်ရတော့၏။

ကျန်ချွမ်ရှယ် မျက်ရည်များ မပြတ်သေးပါ။ သူသည် ကမ[illegible] ကတန်း ထထိုင်ပြီး ရှန့်ရှောင်ဖုန်းအား ပြောသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ .... ကျွန်တော် သူဘယ်သူ[illegible] တာ ဖွင့်မပြောပြနိုင်ခြင်းကို ခွင့်လွှတ်ပါဗျာ .... ခင်ဗျားကို သေစေချ[illegible] တဲ့စိတ် ကျွန်တော့်မှာ မရှိပါဘူးဗျာ .... "

"ငါ နားလည် သဘောပေါက်ပါတယ်ကွာ .... "

ရှန့်ရှောင်ဖုန်းက ကြင်နာစွာ ပြော၏။ သူ့ မျက်လုံးထဲ၌ ကျ[illegible] ချွမ်ရှယ်အပေါ် ကရုဏာသက်သည့် အရိပ်အယောင်များ ယှက်သ[illegible] ဖုံးလွှမ်း[illegible]သည်။ ကျန်ချွမ်ရှယ်၏ ခံစားနေရသော စိတ်ဝေဒနာက[illegible] လည်း သဘောပေါက်ပုံရပါသည်။

"အကယ်၍ ကျွန်တော်က ထုတ်ပြောလိုက်ရင် .... သူ[illegible] ကျွန်တော် ပြစ်မှားမိတဲ့ သဘောမျိုး သက်ရောက်သွားပါလိမ့်မယ် ကျွန်တော်ဟာ ကြီးလေးတဲ့ အပြစ်ကြီးကို ကျူးလွန်ရာ ရောက်သွား[illegible] လိမ့်မယ် .... "



"ငါ သိပ်ကို နားလည်ပါတယ်ကွာ .... မင်းရဲ့ စိတ်ကိုဖြေပါ။ [illegible] .... မင်းကို ခွင့်လွှတ်နိုင်ပါတယ် .... သေခြင်းတရားကို ငါ [illegible]ကြောက်ရွံ့တာ မင်း သိပါတယ်ကွာ .... "

"ခင်ဗျားကို ကျွန်တော် လုံးဝ မသေစေချင်ပါဘူး .... "

"ငါ သိပါတယ် .... ငါ့အဖို့ သေလည်း အကြောင်း မဟုတ်[illegible] .... လူ့လောကမှာ ကျော်ကြားခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ပြည့်[illegible]ခြင်း အစရှိတဲ့ ချမ်းသာသုခ အတော်များများကို ငါ ခံစားပြီးပါပြီ၊ [illegible] လုပ်ချင်တာတွေလည်း တော်တော်များများ လုပ်ပြီးပါပြီ .... ဒီတော့ [illegible]မယ်ဆိုရင် ငါ သေပျော်ပါပြီ .... ဒါပေမယ့် .... "

"ဒါပေမယ့် ဘာဖြစ်သလဲဗျာ .... "

"သိုင်းလောက အကျိုး .... လူ့လောကအကျိုးတော့ ငါ ဘာ မထမ်းဆောင်နိုင်ခဲ့သေးပါဘူး .... ဒီတစ်ချက်ပဲ ရှိပါတယ် .... [illegible]အချက်ကို ထုတ်ပြောလို့ ငါ မသေရဲဘူးလို့တော့ မထင်ပါနဲ့၊ သဘော[illegible] ပြောတာပါ။ ငါ သေရဲပါတယ်၊ ဒါကြောင့် ငါသေမယ့် ကိစ္စအတွက် [illegible] ဘာမှ စိုးရိမ်ကြောင့်ကြမနေပါနဲ့ .... "

ကျန်ချွမ်ရှယ်ခမျာ ဤစကားများကို ကြားရလေလေ ထုတ်[illegible]ပြောနိုင်ခွင့် မရှိသော သူ့ ဝတ္တရားများအတွက် ရင်နာရလေလေ ဖြစ်[illegible]ရသည်။

"ကျွန်တော်ဟာ ခင်ဗျားကို ကျေးဇူးရှင်တစ်ယောက် အနေနဲ့ [illegible]အသက်ကယ်ဖို့သာ မကဘူး၊ ဆေးသမားတစ်ယောက် အနေနဲ့လည်း [illegible]ဗျားအသက်ကို ကယ်သင့်ပါတယ်၊ ခင်ဗျားဟာ ကျွန်တော် လူ့နာ[illegible]ခဲ့တဲ့လူပဲ၊ ကျွန်တော်ဟာ ခင်ဗျား ဒုက္ခရောက်အောင် မလုပ်ခဲ့ဘူး၊ [illegible]ပေမယ့် ခင်ဗျားရဲ့ အသက်ကို ကယ်နိုင်တဲ့ နည်းလမ်းတစ်လမ်းကို

လည်း လစ်လျူပြုခဲ့တယ် .... ”

အလွန်အမင်း စိတ်ထိခိုက်နေသော ကျန်ချွမ်ရှယ်သည် တသိမ့်သိမ့် ရှိုက်ငိုနေသည်။

ရှန့်ရှောင်ဖုန်း အနေဖြင့် သည့်ထက်လည်း မနှစ်သိမ့်နိုင်တော့ပါ။ သည်ကိစ္စမှာ ကျန်ချွမ်ရှယ်၏ကိစ္စ ဖြစ်ပါသည်။ သူ့ဘာသာ ထုတ်ပြောပြီး သူ့ဘာသာ စိတ်သောက ရောက်နေသည့်ကိစ္စ ဖြစ်ပါသည်။

ကျန်ချွမ်ရှယ်က အံကြိတ်ပြီး ပြောသည်။

“ခင်ဗျား စေတနာကိုသိလို့ ခင်ဗျား မသေစေချင်လို့ ... ကျွန်တော် မပြောသင့်တဲ့ လျှို့ဝှက်ချက် တစ်ခုကို .... တစ်စွန်းတစ်စ ထုတ်ဖော်ပြောမိတယ်၊ တစ်ဘက်လူကိုလည်း ကျွန်တော် ကာကွယ်ပေးရမှာကလည်း ကျွန်တော့် တာဝန်ဝတ္တရားတစ်ခု ဖြစ်နေပါတယ်”

“မင်း စိတ်သက်သာသလို နေပါကွာ၊ ငါ့အတွက် ဘာပြဿနာမှ မရှိပါဘူး၊ မင်း ဒီအတိုင်းနေလိုက်ရင် ဟိုလူအတွက်လည်း ဘာမှ မဖြစ်တော့ပါဘူး”

“ကျွန်တော် နည်းလမ်းတစ်ခု တွေ့သွားပါပြီဗျာ”

“ဟုတ်လား၊ ဘာနည်းလမ်းလဲ .... ”

“ကျွန်တော်ဟာ ခင်ဗျားကိုလည်း ကယ်ချင်၊ ဟိုလူကိုလည်း စောင့်ရှောက်ချင်၊ ဖြစ်နေတာကို ခင်ဗျားသိအောင် လုပ်ပြရမယ့် နည်းလမ်းပါ .... ”

“ကိစ္စ မရှိပါဘူး၊ ငါက မင်း စေတနာကို နားလည်ပါတယ်၊ မင်း ထင်ကျွမ်းဘက်က ဆောင်ရွက်ခဲ့တာလေးဟာ အသေးအဖွဲလေးပါ။ ထင်ကျွမ်းဆိုရင် ငါ့အပေါ် အငြိုးမပြေ အခဲမကျေနိုင်ဘဲ ခဏခဏ လုပ်ကြံသတ်ဖြတ်နေတာပဲ၊ ဒါကိုတောင် ငါ ခွင့်လွှတ်ခဲ့ရတာပါ”



“ဒါပေမယ့် လူရိုးနဲ့ လူဆိုး မတူဘူးပေါ့ဗျာ .... ”

“မှန်တယ်၊ မတူပါဘူး၊ မင်း စိတ်အေးအေး ချမ်းချမ်းသာ ထားပါတော့၊ လူ့သက်တမ်းဆိုတာ တိုတိုကလေးပါ။ လူ့လောက ကောင်းရာကောင်းကြောင်း မင်းရဲ့ ဆေးပညာနဲ့ တစ်ဘက်တစ်လမ်းက ထောက်ကူပြုပါလို့ ငါ နောက်ဆုံး ပြောချင်ပါတယ် .... ”

ရှန့်ရှောင်ဖုန်းသည် ထိုမျှသာ ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့၏။

မသက်မသာ ထွက်ပေါ်လာသော အသံကြောင့် ရှန့်ရှောင်ဖုန်း ဖိုးရိမ်ထိတ်လန့်စွာ လှည့်ကြည့်မိသည်။

ကျန်ချွမ်ရှယ်သည် သူ့ရင်ဝသို့ သူ့ဘာသာ ဓားမြှောင်ဖြင့် ထိုးစိုက်လျက် ရှန့်ရှောင်ဖုန်းထံသို့ လှမ်းကြည့်နေသည်။

ဖြူဖွေးသော နှင်းပွင့်ကလေးများသည် နီရဲသော နှင်းပွင့်ကလေးများ အဖြစ်သို့ ပြောင်းလဲနေပါပြီ။

ကျန်ချွမ်ရှယ်က ပင်ပန်းကြီးစွာ ပြောသည်။

“ဒါဟာ ခင်ဗျား အပေါ်ထားတဲ့ ကျွန်တော့်မေတ္တာနဲ့ ဟိုလူ့ အပေါ်ထားတဲ့ ကျွန်တော့်သစ္စာကို ပြသတဲ့ သက်သေပါပဲ .... ”

ရှန့်ရှောင်ဖုန်း တကယ် စိတ်ထိခိုက်သွားသည်။

သူသည် ကျန်ချွမ်ရှယ်ကို ပြေး၍ မပွေ့ပါ။ သေတော့မည့်လူကို ပွေ့ခြင်း၊ လှုပ်ယမ်းခြင်းဖြင့် မသက်မသာ မဖြစ်စေလိုပါ။ သူသည် စိတ်နှလုံး ထိခိုက်စွာဖြင့် ခေါင်းယမ်းလိုက်ပါသည်။

“မင်းကို ပထမတော့ ငါ အကြီးအကျယ် ရှုံ့မုန်းတယ်၊ ဒါပေမယ့် သတ်ချင်တဲ့ အထိတော့ မဖြစ်ပါဘူး၊ နောက် မင်း အပြည့်အစုံ ပြောပြတော့ မင်းကို ငါ လေးစားမိခဲ့ပါတယ်၊ မင်းနဲ့ တွေ့ဆုံဆက်ဆံခဲ့

ရတဲ့ အချိန်ပိုင်းကလေးကို ငါ နောင်တ မရတော့ပါဘူး၊ မင်းဟာ မိ
ဆွေကောင်းတစ်ယောက်ပါ .... "

ရှန့်ရှောင်ဖုန်း၏ ထိုစကားကို ကြားလိုက်ရသောအခါ က
ချွမ်ရှယ်၏ မျက်နှာပေါ်၌ ပြုံးယောင်သမ်းလာ၏။

ထို့နောက် ရှေ့သို့ မှောက်ကျကာ အသက်ထွက်သွားေ
တော့သည်။

⁂



## အခန်း (၈)
## သေခြင်း ဝေဒနာ

မြူနှင်းများ အနည်းငယ် ပါးသွားလေပြီ။ တိုက်ခတ်နေသော လေသည်လည်း ငြိမ်သက်စ ပြုသွားလေပြီ။

ထို့ကြောင့် ပတ်ဝန်းကျင်ကို သိသိသာသာ ရှုမြင်နိုင်ခွင့် ရလာလေပြီ။

သို့သော် ရာသီဥတုကတော့ အေးစိမ့်လျက် ရှိပါသေး၏။

ထိုမြို့၏ အနောက်ဘက်တွင် ချောင်းတစ်ခု ရှိပြီး ရေများ တသွင်သွင် စီးဆင်းလျက် ရှိပါသည်။

ချောင်းငယ်ပေါ်တွင်မူ မြူငွေ့များ မပြယ့်တပြယ် ရှိနေပါသည်။

ရစ်ခွေ စီးဆင်းနေသော ထိုချောင်းငယ်သည် မြို့ထဲသို့ မဝင်ပါ။ မြို့ပြင်၌သာ ဦးနိုက် စီးဆင်းသွားသဖြင့် လူသူ ကင်းရှင်းပါသည်။

လုံးဝ ကင်းသည်ဟုတော့ မဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုစမ်းချောင်းနံဘေးတွင် ရှန့်ရှောင်ဖုန်း ထိုင်နေသောကြောင့်

ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်းသည် ချောင်းဘေး၌ ထိုင်ရင်း ရေစီးသံကို နားထောင်နေပါသည်။

ထိုအချိန်နှင့် တစ်ပြိုင်တည်း သူ့ နှလုံးခုန်သံများကိုလည်း သူ့ နားထဲ၌ ကြားနေရပါသည်။

သူသည် ရေစီးကိုကြည့်ရင်း သူ့နှလုံးခုန်သံကို ရှုမှတ်နေပါသည်။

ဤချောင်း၏ ရေအလျှင်သည် နှစ်ပေါင်းများစွာအထိ ကြာရှည်စွာ စီးဆင်းနေမည်မှာ သေချာပါသည်။ သူ့ နှလုံးသားကတော့ နှစ်ပေါင်းများစွာ ကြာသည်အထိ ခုန်နေမည်တော့ မဟုတ်တော့ပါ။ အချိန်မရွေး အခုန်ရပ်သွားနိုင်ပါသည်။ အလွန်ဆုံးခုန်လျှင်လည်း သုံးရက်အထိသာ ဖြစ်ပါသည်။ သိုင်းလောက၏ ဓားဘုရင်ကြီးသည် သူ တွေ့ရမည့် မရဏသေမင်း၏ မျက်နှာကို ခန့်မှန်းရသည်ဟု မည်သူကမျှ တွေးမိကြမည် မဟုတ်ပါ။ ယခု ကျန်ချွမ်ရှယ်သေသွားခဲ့ပါပြီ။ ကျန်ချွမ်ရှယ်နှင့်အတူ သူ့အသက် ရှင်သန်ခွင့်လည်း ပျောက်ဆုံးသွားခဲ့ပါပြီ။ သည်အတွက် ကျန်ချွမ်ရှယ်ကို သူ အပြစ်မတင်ပါ။ သူ၏ ကံကြမ္မာကိုလည်း အပြစ်မတင်ပါ။

တစ်နေ့ မွေးမည်။ တစ်နေ့ သေမည်။ ကံကောင်းလျှင် အသက်ရှည်ရှည် နေရမည်။ ကံဆိုးလျှင် အသက်ရှည်ရှည် မနေရ။ ဒါပဲ ဖြစ်သည်။

သို့ သေချိန်တန်၍ သေခြင်းဖြစ်၍ ဝမ်းနည်းစရာ မလိုဟု ခံယူသည်။

သေခါနီးလူများသည် တစ်စုံတစ်ယောက်ကို သတိရတတ်သည်။ သူသည်လည်း လူတစ်ယောက်ကို သတိရလာပါသည်။



သူ သတိရပုံမှာ အလွန်ဆန်းကြယ်ပါသည်။ ဤစမ်းချောင်းကလေးနံဘေး၌ ထိုလူနှင့် အေးအေးဆေးဆေး အလာပ သလာပ ပြောလိုခြင်း ဖြစ်ပါ၏။ ထို့ကြောင့် ရှန့်ရှောင်ဖုန်း၏ စိတ်သည် သေမည်ကိုတွေးပြီး ကမ္ဘာရှုးထိုး ဖြစ်နေခဲ့ခြင်း မဟုတ်ကြောင်း သေချာပါသည်။

ရှန့်ရှောင်ဖုန်းသည် ခံစား စံစားသင့်သမျှတို့ကို ခံစားနေရသည်ဟု ဆိုသော်လည်း များသောအားဖြင့် သူသည် အထီးကျန် ဖြစ်နေတတ်ပါသည်။ ယခင် ယခင်အချိန်က သူသည် စိတ်ထင်ရာ ရှောက်လုပ်ခဲ့သည်မှာ အသေအချာပင်။ သူ့ကိုယ်သူ ငြီးငွေ့သည်ဟု မထင်ခဲ့ချေ။

သူ့ဖခင် ရှန့်ဟွန်ကျွန်က သူ့ပြိုင်ဘက်များကို အသေသတ်ခဲ့ခြင်းအတွက် စိတ်ငြိုငြင်ဟန် ပြလာသည့်အခါတွင်မူ ရှန့်ကျန်ဂေဟာကို စွန့်ခွာခဲ့သည်။ ကျော်ကြားခြင်းနှင့် ချမ်းသာခြင်း ကင်းဝေးသောဘဝသည် လူတစ်ယောက်ကို အလွယ်ကူဆုံး အထီးကျန်ဘဝသို့ ပို့ဆောင်ပေးကြောင်း သူ လျင်မြန်စွာ တွေ့ရှိခဲ့ရပါသည်။

သူ့ကို အားကျိုးအဖြစ် သိထားကြသူများသည် သူ့အား ခွေးလေ ခွေးလွင့် တစ်ကောင်လိုသာ ဆက်ဆံကြသည်။ ရှန့်ရှောင်ဖုန်းဘဝက ခံစားခဲ့ရသော ရိုသေလေးစားမှုများသည် အားကျိုးဘဝ၌ နေလာနှင်းပျောက် ဖြစ်ရလေတော့သည်။

ရှန့်ရှောင်ဖုန်းသည် ထိုင်ရင်း သူ့ဘဝအဆစ်အပိုင်းများကို ပြန်လည်မြင်ယောင်လာသည်။

"သေရမယ်ဆိုလို့ စဉ်းစားလိုက်တော့ လူ့လောကဆိုတာဘာမှလဲ အနှစ်သာရ မရှိပါလား ...."

ရှန့်ရှောင်ဖုန်းသည် ထိုစကားကို စိတ်ထဲက ပြောမိလေ

ရှန့်ရှောင်ဖုန်း သက်ပြင်းချလိုက်၏။

ထိုစဉ် ချောင်းရေပြင်အထက် မြူငွေ့များအထဲ၌ မီးရော မှိတ်တုတ်မှိတ်တုတ် တွေ့ရသောအခါ ရှန့်ရှောင်ဖုန်း အံ့သြသွားတော သည်။

ထိုမီးရောင်သည် တစ်ဘက်ကမ်းမှ မဟုတ်ပါ။ ရေပေါ်၌ ပေ နေခြင်း ဖြစ်ပါသည်။ ထိုအခါ ရှန့်ရှောင်ဖုန်းသည် အတွေးများ ဖြတ်ပြီး ထိုမီးရောင်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေတော့သည်။ သေ နီးဖြစ်သော်လည်း သတိကြီးသူတို့၏ ဗီဇစရိုက်သည် ချက်ချင်း ပေ လာတော့၏။

လှေငယ်တစ်စင်းသည် ချောင်းထဲ၌ မျောလာ၏။ လှေပေ ၏ ရှေ့တွင် မြေနီဖြင့် ပြုလုပ်ထားသော မီးဖိုတစ်လုံးရှိနေကာ မီးဖိုနေ တွင် အဘိုးအိုတစ်ဦးထိုင်လျက် လိုက်ပါလာကြောင်း တွေ့ရှိရလေ၏

အနားကျယ်သော ခမောက်ကြီးတစ်လုံး ဆောင်းထားပြ ဖျင်ကြမ်းဝတ်စုံကို ဝတ်ဆင်ထားသော ထိုအဘိုးအိုသည် လှေပေါ် မလှုပ်မယှက် ပါလာ၏။ ခမောက်ကြီး၏အောက်မှ ဖိုးရိုးဖားရား ကျ သော ဆံပင်များ ဖြူဖွေးနေခြင်းကြောင့် ထိုလူကို အဘိုးအိုက ခန့်မှ ခြင်းသာ ဖြစ်ပါသည်။

ထိုစဉ် လေရူးတစ်ချက်သည် တိုက်ခတ်လိုက်ရာ ထူးခြ သော အနံ့အသက်ကြီးတစ်ခုသည် ရှန့်ရှောင်ဖုန်း၏နှာဝကို ချူသွား၏ ထိုအနံ့မျိုးသည် ဖန်ခါးခါးအရသာမျိုး ရှိတတ်ကြောင်း ရှန့်ရှောင်ဖုန် ကောင်းစွာ သိရှိပါသည်။

ထိုအနံ့အသက်ကြီးသည် မည်သည့်နေရာက ရောက်ရှိလာပါ



သနည်း။ လှေပေါ်ရှိ မြေနီမီးဖိုပေါ်ရှိ အိုးမှလွဲ၍ အခြား မဖြစ်နိုင်ပါ။ ဖန်ခါးသောအနံ့သည် ဆိုးဆိုးရွားရွားပင် ထွက်ပေါ်နေပါသည်။

လှေတစ်စီး၊ မီးတစ်ဖို၊ အိုးတစ်လုံးနှင့် အဘိုးအိုတစ်ယောက် သည် မှောင်ရီပျိုးစအချိန်၌ ချောင်းငယ်ထဲ၌ စီးမျောလိုက်ပါလာပါပြီ။

"အင်း .... ဒီအဘိုးအိုကတော့ လုပ်စရာရှိတယ်၊ အနည်းဆုံး မီးမွှေးရမယ်၊ အိုးကိုတည်ရမယ်၊ သူ စားဖို့သောက်ဖို့ လုပ်ရမယ်၊ ငါ ကတော့ ဘာမှလုပ်စရာ မရှိဘူး၊ သေဖို့ကလွဲရင်ပေါ့လေ .... "

ရှန့်ရှောင်ဖုန်း ဒါပဲ ရေရွတ်မိသည်။

သို့သော် သူ မတွေးမိသည်မှာ ထိုအဘိုးအိုသည် သူ့လို တစ် ကိုယ်တော် ဖြစ်နေခြင်းပင်။

လှေငယ်သည် ရေစီးနှင့် မျောလာခြင်း ဖြစ်၏။ ရေလယ်၌ မျောပါလာခြင်း ဖြစ်၏။ ရေလယ်၌ မျောပါနေသော်လည်း ချောင်းမှာ မကျယ်လှသဖြင့် အဘိုးအိုကို ကောင်းစွာ မြင်နေရသည်။ အဘိုးအို ကလည်း သူ့ကို မြင်မည်မှာ သေချာလှသည်။

တစ်ခု ထူးခြားသည်မှာ အဘိုးအိုသည် လှေကို လော်ခတ် လာခြင်း မဟုတ်ပေ။ ရေစုန်မျောပြီး ငုတ်တုတ်ကြီး ထိုင်လိုက်လာခြင်း ဖြစ်သော်လည်း ချက်ချင်းပင် စိတ်ကိုလျှော့လိုက်သည်။ သူသည် သုံ ရက်အတွင်း သေမည့်လူ မဟုတ်ပါလော။ ဘာကို ကြောက်နေရမည် နည်း။

ရှန့်ရှောင်ဖုန်း ပြုံးလိုက်၏။ သူ၏ နောက်ဆုံး ရက်ပိုင်းအတွင်း ၌ အဖော်အလှော်ကလေးနှင့် စကားမြည် ပြောဆိုပြီး သေခွင့်ရလျှင် မကောင်းပါသလော .... ။

"လှေပေါ်မှ ဆရာကြီး ခင်ဗျား .... ခင်ဗျား အနှောင့်အယှက်

မဖြစ်ဘူးဆိုရင် ကျွန်တော် ခရီးကြို လိုက်ပါရစေ ခင်ဗျာ .... "

"မင်းက ဘယ်သွားမှာမို့လို့လဲ .... "

ရှန့်ရှောင်ဖုန်း အဖြေရကျပ်သွား၏။

"ဘယ်လိုရယ်လို့ မဟုတ်ပါဘူးဗျာ .... ကျွန်တော် ဒီမှာ ပျင်းပျင်းနဲ့ ထိုင်နေရတာပါ .... ကျွန်တော့်ကို ခေါ်ချင်တဲ့နေရာသာ ခေါ်သွားပါ .... တင်ထားချင်တဲ့ ဆိပ်ကမ်းမှာ တင်ထားခဲ့ပါ .... အချိန်ကုန်ရင် ပြီးတာပါပဲ .... "

ရှန့်ရှောင်ဖုန်း၏စကားကို ကြားသောအခါ အဘိုးအိုသည် လှေဝမ်းမှ လှော်တက်ကို ဆွဲထုတ်ပြီး ရှန့်ရှောင်ဖုန်း ထိုင်နေသည့် ကမ်းသို့ လှော်ခတ်လာ၏။ အဘိုးအို လှော်ခတ်ပုံမှာ သွက်လက်မြန်ဆန်သည်။

"လူတွေဟာ မဆိုးပါဘူး၊ ကူညီချင်စိတ်တော့ ရှိကြတာချည်းပါပဲ၊ အခုကြည့် ဒီအဘိုးအိုက သူ့အတွက် ဘာမှ အကျိုးမရှိတဲ့ လူတစ်ယောက် စိတ်ချမ်းသာအောင် လှေပေါ် တင်ခေါ်ရှာတယ် .... "

ရှန့်ရှောင်ဖုန်း တွေးပြီး လှေပေါ် လှမ်းတက်လိုက်၏။

"ငါက လှေကိုလှော်မှာ မဟုတ်ဘူးနော်၊ ရေစုန်မျှောလိုက်မှာ၊ မင်း သွားချင်တဲ့ ခရီးကို ဆန့်ကျင်ချင် ဆန့်ကျင်နေလိမ့်မယ် .... "

"ရပါတယ်၊ ကိစ္စမရှိပါဘူး .... "

အဘိုးအိုသည် လှော်တက်ကို လှေဝမ်းထဲ ပစ်ချပြီး မူလနေရာ၌ပင် ငူငူကြီး ပြန်ထိုင်နေတော့၏။

ရှန့်ရှောင်ဖုန်းက လှေဦး၌ ထိုင်သည်။

သူသည် လှေပေါ် စတက်ကတည်းက မသေမီ စကားစမြည်ပြောရန်ဟူသော ရည်ရွယ်ချက် ရှိလေရာ ရှေ့ခရီးကို ကျော်ပေးပြီး



အဘိုးအိုနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

သို့သော် အဘိုးအိုသည် ထိုင်ပြီးကတည်းက ပါးစပ်မဟတော့သဖြင့် မျိုးကြီးရိုးကြီးဖြစ်သော ရှန့်ရှောင်ဖုန်းမှာ စကားပြောရန် ခက်သွား၏။

ဤသို့ဖြင့် လှေကလေးသည် ချောင်းရေနှင့် မျောပြီး အတော်အတန် ခရီးရောက်လာခဲ့၏။

မကြာမီ သူတို့အလယ်၌ ရှိနေသော မီးဖိုပေါ်မှ အိုးကလေးသည် ဆူပွက်လာသည်။ ကမ်းနဖူး၌ ထိုင်စဉ်က အနံ့ကြီးသည် ထိုအိုးကလေးထဲမှ ထောင်းထောင်းထတွက်ပေါ်လာတော့သည်။ ဖန်ခါးခါး အရသာရှိမည် ထင်ရသော အနံ့ကြီးသည် ရှန့်ရှောင်ဖုန်း၏ နှာညွန့်ကို ထပ်မံ ချူနေလေ၏။

"ဒါ လက်ဖက်ရည်လား၊ ဆေးလားခင်ဗျာ .... "

ရှန့်ရှောင်ဖုန်းက စကားစလိုက်၏။

"အခါးရည်လို့ခေါ်တဲ့ လက်ဖက်ရည် တစ်မျိုးပါပဲ .... ခင်ဗျားတို့ ကျုပ်တို့ သောက်နေကျ အဖန်ခြောက်ရည်တော့ မဟုတ်ပါဘူး"

အဘိုးအိုက ချေချောင်ငံပင် ဖြေသည်။ စိက်တိုတတ်သည့် လူမျိုးတော့ မဟုတ်ပါ။

မြေမီးဖိုမှ အလင်းရောင်ကြောင့် အဘိုးအို၏ မျက်နှာကို အတော်အသင့် မြင်ခွင့်ရသည်။ အိုမင်းရင့်ရော်နေသော်လည်း မျက်နှာမှာ ထူးခြားမှုရှိသဖြင့် ရှန့်ရှောင်ဖုန်း၏ စိတ်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။ အို ငါသေမယ့်လူပဲ ဟူသော စိတ်ကြောင့် ထိတ်သောစိတ်သည် ပပျောက်သွားပြန်၏။

အဘိုးအိုက တစ်လုံးချင်း လေးလေးလံလံ ပြောသည်။

"အခု ဒီမှာတည်းထားတဲ့ အခါးရှည်ဟာ တကယ့် အခါးရှည်ပါ။ မင်း သဘောပေါက်ချင်မှ ပေါက်မယ် ...."

လက်ဖက်ခြောက် ကောင်းကောင်းဖြင့် စိတ်ကြိုက် စည်းစိမ်ခံနိုင်သော ရှန့်မိသားစုဝင် လူချမ်းသာ တစ်ယောက်ကို အခါးရှည်အကြောင်း သဘောပေါက်ချင်မှ ပေါက်မည်ဟု မပြောသင့်ပါ။ လက်ဖက်ခြောက် အမျိုးမျိုး၏ အဖန်အခါးအရသာ အမျိုးမျိုးကို စောစောတို့ နှောကြေနေပါပြီ။

ရှန့်ရှောင်ဖုန်း ပြုံးလိုက်၏။

"ကျွန်တော် သောက်သုံးဖူးပါတယ်ဗျာ ...."

အဘိုးအိုက ခေါင်းယမ်းလိုက်၏။

"မင်း အသက်ငယ်ပါသေးတယ်၊ တကယ့် အခါးရှည်ကို မင်း မသောက်သုံးဘူးသေးပါဘူး၊ ငါ ကောင်းကောင်း သိတာပေါ့ ...."

"ကျွန်တော်ကတော့ သိတယ်ထင်တာပဲ .... ခါးတဲ့အရသာ နောက်မှာ ချိုတဲ့အရသာ၊ ဖန်တဲ့အရသာ အမြဲတမ်း ယှဉ်တွဲကပ်ပါလာတတ်ပါတယ် ...."

ရှန့်ရှောင်ဖုန်းက သူသည် အခါးအရသာကို ကောင်းစွာ ခံစားဖူးကြောင်း ဆက်လက်ရှင်းပြခြင်း ဖြစ်ပါသည်။

ထိုအခါ အဘိုးအို ပြုံးလေတော့၏။

ထိုအခါ အဘိုးအို၏မျက်နှာပေါ်မှ ပါးရေနားရေများ ပိုမိုတွန့်တက်လာတော့သည်။

"မင်း တကယ်အခါးရေ သောက်တတ်လို့လား ...."

"သောက်တတ်ပါတယ် ...၊ အခါးရဲ့သဘောကို ကျွန်တော် ကောင်းကောင်း သိတာပဲဥစ္စာ ...."



"ကောင်းပြီ၊ မင်းကို ငါ တစ်ခွက်တိုက်မယ် ...."

"တစ်ခွက်ပဲလား ...."

"အောင်မာ တစ်ခွက်ဆိုတာ နည်းနည်းနောနော အောက်မေ့လို့လား၊ မင်းက ငါ့ကို လျှံတစ်ထောင်ပေးပါ့မယ်ဆိုရင်တောင် ငါက တိုက်ချင်မှတိုက်မှာ ...."

"ဘုရားရေ .... ဒီအခါးရေက ဒီလောက်တောင် တန်ဖိုးကြီးလို့လား ...."

အဘိုးအို၏မျက်နှာသည် လွန်စွာ တည်ကြည်သွား၏။

"ငါပြောပါပကော၊ လျှံတစ်ထောင်နဲ့ ဒီတစ်ခွက်ကို မင်းပဲ ရှင်ချိန်ကြည့်ပါဦး၊ မင်းက အခါးအကြောင်း အတော်လေး အပြောကြီးလို့ ငါက တိုက်တာပဲ၊ မင်း ခံစားတတ်မတတ် ဒီမှာ သိရမှာပဲ ...."

"ဟဲ .... ဟဲ .... ဟဲ .... ဒီလိုဆိုရင်တော့ လုပ်လိုက်စမ်းပါလေ၊ ကျွန်တော်က တစ်ခွက်တစ်ဖလား မော့တာတော့ ဘာမှ ဝန်မလေးပါဘူး ...."

"အဆိပ်ဖြစ်နေရင်ကောကွာ ...."

"အဆိပ်ဖြစ်လည်း ဝန်မလေးပါဘူး ...."

"အားပါး .... အတော် အပြောကြီးတဲ့လူပါလား၊ ကောင်းပြီ"

အဘိုးအိုသည် ကျိုက်ကျိုက်ဆူနေသော အိုးလေးထဲမှ အခါးရည်များကို ပေကျုံမည်းညစ်နေသည့် အကြမ်းပန်းကန်ကလေး တစ်လုံးအတွင်းသို့ လောင်းထည့်လိုက်ပြီး ရှန့်ရှောင်ဖုန်းအား လှမ်းပေးလိုက်၏။

"ရော့ .... သောက်ကြည့်စမ်း ...."

ရှန့်ရှောင်ဖုန်းက ....

"ဆရာကြီးကော မသောက်ဘူးလား .... "

အဘိုးအိုက ပြုံးသည်။

"ဘာလဲ၊ ငါ့အခါးရည်ကို မယုံလို့လား၊ စောစောကပြောတေ အဆိပ်ရည် ဖြစ်နေတာတောင် သောက်ဝံ့ပါတယ်ဆို .... "

"ဟဲ .... ဟဲ .... ဟဲ .... ကျွန်တော်က တစ်ယောက်တည် သောက်ရတာ မကောင်းလို့ အဖော်အလှော်ဖြစ်အောင် မေးတာပ သောက်ဝံ့ပါတယ်ဗျ .... သောက်မှာပါ .... "

အဘိုးအိုက ခေါင်းယမ်းပြီး ....

"ငါကတော့ မသောက်ဘူးကွ .... "

"ဗျာ .... အခါးမကြိုက်ဘူးပေါ့ ဟုတ်လား .... "

"မကြိုက်လို့ မဟုတ်ပါဘူးကွ .... ငါက လူ့လောကထဲမှာ ရှိသမျှ အခါးအရသာ မှန်သမျှကို တစ်မျိုးမကျန် မြည်းစမ်းဖူးခဲ့လို့ပ ငါ့အတွက် အခါးဟာ လုံလောက်နေပါပြီ .... "

"အခါးဆိုတာ လိုအပ်သလားဗျာ .... "

အဘိုးအိုက ခေါင်းညိတ်၏။

"တကယ် လိုအပ်တာပေါ့ .... "

"အဝင်ဆိုးပေမယ့် အကျိုးရှိတယ် .... "

"နည်းနည်းလောက် ရှင်းမပြနိုင်ဘူးလား .... "

"လောကမှာ ချိုချဉ်ငံစပ်ဖန်ခါးဆိုတဲ့ အရသာတွေရှိကြတယ် အခါးကလွဲတဲ့ အရသာကို လူတွေက နှစ်နှစ်ခြိုက်ခြိုက် မက်မက်မော မော စားသောက်တတ်ကြတယ်၊ အလွန်အကျွံ စားသောက်တတ်ကြ တယ်၊ တကယ်တော့ အဲဒီအရသာတွေဟာ လူတွေကိုကောင်းကောင်း ဒုက္ခပေးတဲ့ အရသာတွေပဲ၊ ရောဂါအမျိုးမျိုး ရှိစေတတ်တယ်၊ အဲဒီ



...က လူတွေ မကြိုက်တဲ့ အခါးအရသာကတော့ လူကို အတော် ...ကျိုးပြုပါတယ်၊ ရောဂါကုတဲ့ ဆေးတွေအတော်များများရဲ့ အရသာ ...ဘယ်လိုနေသလဲ .... "

"ခါးတာ များပါတယ် .... "

"အဲဒါပဲ စဉ်းစားကြည့်တော့ပေါ့၊ လူ့ဘဝမှာကော၊ ဘယ်လို ...ခါးသီးတဲ့ အတွေ့အကြုံဟာ လူတွေကို သင်ခန်းစာ ရစေတယ်၊ ...နာင်တတရားရစေတယ်၊ ဆင်ခြင်တုံတရားကို ဖြစ်ပေါ်စေတယ်၊ ကဲ ...ခါးဟာ အကျိုးရှိတယ်ဆိုတာ လက်ခံရဲ့လား .... "

"လက်ခံရမှာပေါ့၊ ဆရာကြီး ရှင်းပြနေတာတွေဟာ လက်ခံ နိုင်လောက်စရာတွေ ဖြစ်နေတာကိုး .... "

"ငါဟာ အခါးမျိုးစုံ ကိုလုံခဲ့ပြီ၊ ဒီအခါးရည်ကို သူတစ်ပါးကို မက်မက်မောမော သောက်ဖို့တော့ မလိုတော့ဘူး .... "

အဘိုးအို၏ စကားသည် သံဝေဂ သဘောတရား ပါနေ ကြောင်း ရှန့်ရှောင်ဖုန်း ကောင်းစွာ ရိပ်မိပါသည်။

အဘိုးအိုသည် ထိုစကားကို အဝေးသို့ ငေးကြည့်ရင်း ပြော ခြင်း ဖြစ်ပါသည်။

အတွေ့အကြုံမျိုးစုံခဲ့ပြီဟု ဆိုလိုရင်း ဖြစ်ပါလိမ့်မည်။

ရှန့်ရှောင်ဖုန်းက သူ့လက်ထဲမှခွက်ကို မြှောက်ပြရင်း ....

"ကျွန်တော် သဘောမပေါက်ဘူးဗျာ၊ အခါးကိုသောက်ဖို့ မလို တော့ဘဲနဲ့ ခင်ဗျား ကျိုချက်နေတာဟာ ဘာအဓိပ္ပာယ်လဲ၊ ဘာဖြစ် လို့ ကျိုချက်နေရတာလဲ .... "

"အခါးရည် ကျိုချက်သူတိုင်း သူသောက်ဖို့ချည်း ဖြစ်မှာလား၊ မင်း ဆွတ်သမျှ သစ်သီးဟာ မင်း စားဖို့ချည်းပဲလား .... "

အဘိုးအို၏ မေးခွန်းကြောင့် ရှန့်ရှောင်ဖုန်း ပြုံးမိ၏။ အ[illegible] အိုကလည်း ပြုံးသည်။

"မင်း ငယ်ပါသေးတယ် .... အမြင်တစ်ခုတွေ့တာနဲ့ အရေ[illegible] တစ်ခုပဲ မပေါက်ပါနဲ့၊ အကြောင်းအမျိုးမျိုး ရှိတတ်ပါတယ် .... "

ရှန့်ရှောင်ဖုန်း ရယ်လိုက်ချင်သည်။

အဘိုးအိုသည် သူ့ကို သူငယ်နှပ်စားလေးများ မှတ်နေသလာ[illegible] သူ့အသက် သုံးဆယ့်လေးနှစ်ရှိပြီ။ ဤသက်လတ်အရွယ်ပိုင်း၌ သူ ရ[illegible] ခဲ့သော အတွေ့အကြုံများမှာ မနည်းလှတော့၊ သူကလည်း ပြန်ပြေ[illegible] ချင်သည်။

"အဘိုးကြီး .... ခင်ဗျား အသက်ကြီးပြီ၊ အတွေ့အကြုံများ[illegible] ဆိုပြီး ဦးဖိုးသိကြီး လုပ်မနေပါနဲ့၊ ကျုပ်လည်း ခင်ဗျားလောက်တော့[illegible] သိပါသေးတယ် .... "

ဟု သူ ပြောပစ်လိုက်ချင်သည်။

သို့သော် သူ မပြောနိုင်ပါ။ သူ လှေပေါ်တက်ထိုင်ပြီး သ[illegible] ပေးသည့် တန်ဖိုးကြီး အခါးရည်ကို သောက်မည့်လူသည် အဘိုးအိုအ[illegible] အဘယ်မှာလျှင် စော်စော်ကားကား ပြောသင့်ပါမည်နည်း။

ကိုယ်မကြိုက်လျှင် ရေငုံနှုတ်ပိတ်နေရုံပဲ မဟုတ်ပါလား။

[illegible]ည် ရေငုံနှုတ်ပိတ် နေလိုက်ပါသည်။ အခါးရည်ကို တစ်[illegible] ချက် ကြည့်လိုက်၏။

"အဆိပ်ရည် မဟုတ်ပါဘူးကွ .... "

အဘိုးအို စကားကြောင့် သူ ရုတ်တရက် ဒေါသထွက်မိသည်[illegible]

ဒေါသထွက်ခြင်းဖြင့် တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်သည်[illegible] အခါးရည်သည် အတော်ကလေး ပူလောင်နေပါသေးသည်။



သူ့ အာခေါင်များ အပူလောင်သလို ခံစားလိုက်ရသည်။

"အင်း .... မင်း သောက်ရဲသားပဲ .... "

"ဟုတ်တယ်၊ ကျွန်တော် သောက်ရဲပါတယ် .... "

"ကဲ .... အဆိပ်လား .... "

"မဟုတ်ပါဘူး .... "

"စိတ်ချပါ၊ ငါ မဟုတ်တာ မလုပ်ပါဘူး .... "

ရှန့်ရှောင်ဖုန်းသည် အူလှိုက်သည်းလှိုက် ရယ်လေတော့သည်။

"ဆရာကြီး .... ကျွန်တော့်ကို ဘယ်လိုလူ ထင်နေသလဲ"

"ငါက ဘယ်လို ထင်တတ်မှာလဲ .... "

"ကျွန်တော်က သေလုဆဲဆဲလူဗျ၊ ခင်ဗျားက အဆိပ်ရည်ပေး ရုံမကလို့ တစ်ကိုယ်လုံး ပြာကျသွားတဲ့ ဆေးပဲဖြစ်ဖြစ် သောက်ရဲပါ တယ် .... "

ထိုစကားကြောင့် အဘိုးအို အံ့ဩသွားမည်ဟု ရှန့်ရှောင်ဖုန်း ထင်သော်လည်း အဘိုးအိုသည် လုံး၀ အံ့ဩတုန်လှုပ်ခြင်း မရှိချေ။

"လူဆိုတာ သေမျိုးချည်းပဲကွ .... "

"ဒါကတော့ မှန်တာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားရဲ့ သေနေ့ကို ခင်ဗျား သိသလား .... "

"ဒါတော့ ဘယ်သိမလဲ .... "

"အဲဒါ ပြောတာပေါ့၊ ကျွန်တော်က အခုချက်ချင်းလည်း သေ နိုင်တယ်၊ နောက်နာရီ၀က်လည်း သေနိုင်တယ်၊ သုံးရက်အအတွင်းမှာ အချိန်မရွေး သေနိုင်တယ်၊ အဲဒါ ခင်ဗျားတို့နဲ့ မတူဘူးပေါ့၊ ကျွန်တော့် ကို ဘာဆေးပဲပေးပေး ကျုပ်က မကြောက်ဘူး၊ သေတော့မယ့်လူကိုး"

"ငါ သိပါတယ် .... "

"ဗျာ .... "

"ငါ သိပါတယ်လို့ ပြောတာ .... "

"ဒါဖြင့် ခင်ဗျားက ကျွန်တော့်ကို ပေ့ပေါ်က ဆင်းနိုင်းတော့ မလား .... "

"ဘာဖြစ်လို့ ဆင်းနိုင်းရမှာလဲ .... ငါ ဆင်းနိုင်းချင်စိတ် မ[ရှိ] သေးပါဘူး .... "

ရှန့်ရှောင်ဖုန်းက လေးလေးနက်နက် ပြောလေ၏။

"ခင်ဗျား လှေလေးက သေးသေးလေးပါ၊ အခု ကျွန်တော်တို့ နှစ်ယောက်နဲ့တင် ပြည့်နေပြီ၊ လူသေတစ်ယောက်ကို တင်ထားရရင် တော့ မလွယ်ဘူး၊ ကျွန်တော်က အချိန်မရွေး သေနိုင်တဲ့လူဗျ .... "

"ဘာစက်တာလိုက်လို့ကွာ၊ မင်း သေသွားရင် ရေထဲကိုး[ချ] လိုက်ရုံပေါ့၊ ဘာဖြစ်လို့ ရွှေကိုယ်လေး ငွေကိုယ်လေး အလောင်းကြီး ကို တယုတယ လုပ်နေမှာလဲ၊ တကယ်တော့ ဒါဟာ အကြောင်း မဟုတ်ပါဘူး .... "

"ဘာက အကြောင်းလဲ .... "

"ငါက လူသေကို မမြင်ဘူးတဲ့ လူမှ မဟုတ်ဘဲ၊ အသက်ထွက် ဆဲလူကိုလည်း ငါ မြင်ဖူးတယ်၊ အသက်ဝိညာဉ်မရှိတဲ့ လူကိုလည်း ငါ မြင်ဖူးတ[ယ်၊ င]ါက လူသေကို ကြောက်တဲ့လူ မဟုတ်ပါဘူး .... "

ရှန့်ရှောင်ဖုန်းက ခေါင်းယမ်း၏။

"ကျွန်တော်သာ ခင်ဗျားနေရာ ရောက်နေရင် ဘယ်လူစိမ်းကို မှ ကျွန်တော့်လှေပေါ် မသေစေချင်ဘူးဗျ၊ သေတယ်ဆိုတာ ပျော်စရာ အလုပ် မဟုတ်ပါဘူး .... "

"မင်းဟာ ငါမှ မဟုတ်တော့ ဒီလိုပဲ ဖြစ်ရမှာပေါ့ .... "



"လူချင်း စိတ်ချင်း မတူဘူးလို့ ဆိုလိုတာပေါ့၊ ဟုတ်ရဲ့လား [ဗျ] .... "

"ဒါပေါ့ .... လူချင်းတူပေမယ့် အသက်ရှူတာချင်း ကွဲပါသေး [တ]ယ်ဆိုတာ မကြားဖူးဘူးလား၊ လူတွေဟာ ဘယ်တော့မှ စိတ်ချင်း [တ]ပ်တူညီမျှ မဖြစ်ပါဘူး၊ ငါလုပ်ချင်တာကို မင်း လုပ်ချင်မှ လုပ်မှာပေါ့၊ မင်းလုပ်ချင်တာကိုလည်း ငါ လုပ်ချင်မှ လုပ်မှာပေါ့၊ အားလုံး တညီ [တ]ညွတ်တည်း လုပ်နေရင် လူ့လောကကြီး ဒုက္ခပေါ့ကွာ .... "

ရှန့်ရှောင်ဖုန်းသည် အဘိုးအိုကို သေချာစွာကြည့်ပြီး ပြော [လေ]သည်။

"ကျွန်တော် လူရွေးတာ မှန်တယ်ဗျာ .... "

"ဟေ .... "

အဘိုးအို အံ့ဩသွား၏။

"ဘာမှန်တာလဲ .... "

"ကျွန်တော်က မသေခင် စကားမြည်လေး ပြောချင်တယ်၊ [ဒါ]ကြောင့် ဆရာကြီးရဲ့ လှေကို တားပြီး တက်လာခဲ့တာပါ၊ ကျွန်တော် [စ]ကားပြောရတဲ့ လူဟာ ဗဟုသုတများပြီး အတွေ့အကြုံ များပြားတဲ့ လူဖြစ်နေတဲ့အတွက် ကျွန်တော်ဟာ တန်ဖိုးရှိတဲ့ စကားတွေကို [ကြ]ားခဲ့ရတယ်၊ ဒီတော့ ကျွန်တော် သေပျော်ပြီပေါ့ .... "

"ဟင့်အင်း .... မင်း မသေရသေးဘူး .... "

"ဖြစ်ပါတယ်၊ သုံးရက်အတွင်းတော့ ဖြစ်နိုင်ပါသေးတယ်"

"ဟင့်အင်း .... မင်း သေကို မသေရဘူး၊ ဒီသုံးရက်ထက်ကျော် [ပြီ]၊ အသက်ရှင်နေရမယ် .... "

"ဘာလဲ၊ ခင်ဗျားကို မရဏ ရှင်သေမင်းက လွှတ်လိုက်တာ

လား၊ ဒီကောင့်ကို မခေါ်ခဲ့နဲ့ဦးလို့ အမှာစကား ပါးလိုက်လို့လား"

"ဟုတ်တယ် .... "

"ဗျာ .... "

ရှန့်ရှောင်ဖုန်းသည် အဘိုးအိုကို အသေအချာ ကြည့်လိုက်၏။ ပထမပိုင်း စကားပြောစဉ်က အဘိုးအိုသည် ပုံမှန်မှုမှန်ပင်။ ယခုနောက်ပိုင်းကျမှ ကပေါက်တိ ကပေါက်ချာ ဖြစ်လာခြင်း ဖြစ်သည်။

"မင်းက ငါ့ကို ရူးနေတယ် ထင်လို့လား .... "

ရှန့်ရှောင်ဖုန်း အားနာသွား၏။ သူ့ အမူအရာ ရိုင်းပျသွားသည် မဟုတ်ပါလား။

"မဟုတ်ပါဘူး၊ ဒီသဘောမျိုး မဟုတ်ပါဘူး၊ အခု ဆရာကြီး ပြောတဲ့ စကားတွေဟာ နည်းနည်းဆန်းလာလို့ပါ .... "

"မင်း မသေရဘူးလို့ ပြောတာများ ဘာဆန်းလို့လဲ .... "

"ဆရာကြီးဟာ သမားတော်လည်း မဟုတ်၊ မရဏရှင်သေမင်းရဲ့ တမန်လဲ မဟုတ်ဘဲနဲ့ .... "

ရှန့်ရှောင်ဖုန်းက စကား မဆက်တော့ချေ။

အဘိုးအိုက ခေါင်းယမ်းလိုက်၏။

"အဲဒါကြောင့် မင်း ငယ်ပါသေးတယ်လို့ ပြောတာပေါ့"

သူသည် ရှန့်ရှောင်ဖုန်းကို စူးစူးစိုက်စိုက် ကြည့်ပြီး ....

"မင်း မှတ်ထားပါ၊ မင်း တကယ် သေချာသိပြီလို့ မသေချာသေးတဲ့ ကိစ္စကို မဟုတ်ဘူး မမှန်ဘူးလို့ ဘယ်တော့မှ မပြောပါနဲ့"

"ဒါဖြင့် ဆရာကြီးက သမားတော်ကြီးလား၊ ဒါမှမဟုတ် မရဏရှင်သေမင်းရဲ့ တမန်လား .... "

"တစ်ခုခု ဖြစ်ချင်ဖြစ်မှာပေါ့ .... "



"ဘုရားရေ .... ဖြစ်နိုင်ပါ့မလား .... "

"လာပြန်ပြီလား ဒီစကား .... "

အဘိုးအို၏ ဆုံးမစကားသည် ရှန့်ရှောင်ဖုန်း၏ နားထဲသို့ ပြန်ဝင်လာ၏။ သေသေချာချာ မသိသော ကိစ္စကို မဟုတ်ဘူး၊ မမှန်ဘူးလို့ မပြောရ။

## အခန်း (၉)

# ကယ်တင်ရှင်၏ အလဲအလှယ်

အဘိုးအိုက် အေးအေးဆေးဆေး ပြောသည်။

"မင်း သေမှာကို ငါက မပူပါဘူး၊ မင်းလည်း မပူသင့်ပါဘူး"

"ခင်ဗျားနဲ့ တွေ့တဲ့အတွက်ပေါ့၊ ဟုတ်လား .... "

"ဟုတ်တယ် .... "

ရှန့်ရှောင်ဖုန်း၏ မျက်ခုံးများ မြင့်တက်နေသည်။ နဖူးကြောများ ရှုံ့တွနေသည်။ အဘိုးအို နောက်ပြောင်နေခြင်း မဟုတ်ကြောင်း သူ ကောင်းစွာ သိသည်။

အဘိုးအိုက ....

"ငါနဲ့တွေ့ပြီဆိုရင် မင်း သေချင်ရင်တောင်မှ သေနိုင်ဖို့ ခက်သွားပြီ .... "

"ဘာကြောင့်များလဲဗျာ .... "

"အလောင်းကြီးကိုလှေပေါ်ကတွန်းချရတာကလည်း အလုပ်တစ်လုပ် မဟုတ်ဘူးလားကွာ .... "



"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

ရှန့်ရှောင်ဖုန်း ရယ်မောမိလေတော့၏ ....။ အဘိုးအိုသည် အတည်ပေါက်နှင့် နောက်ပြောင်နေပြီ မဟုတ်ပါလော။ ရှန့်ရှောင်ဖုန်းမှာ အတောမသတ်နိုင်အောင် ရယ်နိုင်ပါသည်။

အဘိုးအိုက ရှန့်ရှောင်ဖုန်းအား ရှုတည်တည်ဖြင့်ကြည့်ပြီး ....

"ဘာလဲ မင်းကို ငါ မကယ်နိုင်ဘူးလို့များ မင်းက ထင်နေသလား .... "

"မကယ်နိုင်ဘူးလို့ မပြောပါဘူး၊ ကျွန်တော့်ဒဏ်ရာ အတိမ်အနက်ကို ခင်ဗျား မသိနိုင်ပါဘူး၊ ကျွန်တော့်ရဲ့ အပရိကဒဏ်ရာ အပေါ်ယံဒဏ်ရာတွေကိုတော့ ခင်ဗျား ကုနိုင်မှာပါ၊ အတွင်းဒဏ်ရာကိုတော့"

အဘိုးအိုက ဘာမျှ ဝင်မမေးချေ။ ငြိမ်သက်စွာ နားထောင်နေသည်။ ထို့ကြောင့် ရှန့်ရှောင်ဖုန်းက အသေအချာ ရှင်းပြလိုက်၏။

"ကျွန်တော့်ဒဏ်ရာက ပေါ့သေးသေးဒဏ်ရာ မဟုတ်ပါဘူးဗျာ၊ အရိုးထဲမှာ အဆိပ်တစ်မျိုး သင့်နေတာပါ၊ ဒါကို ကျွန်တော်က လွယ်လွယ်ပြောတာ မဟုတ်ပါဘူး၊ လတ်တလော ထိခိုက်ရှတဲ့ ဒဏ်ရာကုသတဲ့သမားတော် ဆယ်ယောက်က အသေအချာ စစ်ဆေးပြီးမှ ပြောခဲ့တာပါ .... "

အဘိုးအို နှုတ်ဆိတ်နေလေ၏။ လုံးဝ တစ်ခွန်းမျှ ဝင်မပြော။ ရှန့်ရှောင်ဖုန်း မချိပြုံး ပြုံးလိုက်၏။

"ကျွန်တော် သေသေချာချာ သိပြီးပါပြီ၊ ဒီအဆိပ်ကို ဘယ်သူမှ မဖြေနိုင်ပါဘူး ခင်ဗျာ .... "

"ဖြေနိုင်တဲ့လူ တစ်ယောက်မှ မရှိဘူး ဟုတ်လား .... "

"တစ်ယောက်တော့ ရှိချင်ရှိလိမ့်မယ် .... "

"မင်းစကားက မသေမချာ မရေမရာကြီးပါလား .... "

"စသိကတည်းက မသေမချာ မရေမရာ သိထားခဲ့ရတာကိုး"

ရှန်ရှောင်ဖုန်းသည် လှေပေါ်ထရပ်လိုက်ပြီး သူ့အင်္ကျီပေါ်မှ နှင်းမှုန်များကို ခါထုတ်ပစ်လိုက်သည်။

"မရေမရာ ဟုတ်လား .... "

"ဟုတ်တယ်၊ ကျွန်တော့်ကို ပြောသွားတဲ့လူက ကျွန်တော့်ကို ကယ်နိုင်တဲ့လူ တစ်ယောက်တော့ ရှိနိုင်သတဲ့၊ သူက နည်းနည်းပါးပါး ပြောခဲ့တယ်၊ ဒါကလည်း ကျွန်တော့်အပေါ် စေတနာရှိလွန်းလို့ပါ၊ အဲ .... သူပြောတဲ့လူဟာ ခင်ဗျား မဖြစ်နိုင်တာတော့ အသေအချာပါပဲ .... "

ရှန်ရှောင်ဖုန်းက နိုင်မာစွာ ပြောလိုက်၏။

"မင်း ငါ့လောက ခွာချင်ပြီပေါ့ .... "

"ခွာချင်ပြီ၊ ခင်ဗျားနဲ့ ကျွန်တော် စကားတော်တော်များများ ပြောခွင့်ရပါတယ်၊ အခါးရည်တစ်ခွက်လည်း သောက်ခဲ့ရပါတယ် .... ခင်ဗျားကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်သာ သုံးရက်အတွင်း သေမယ့်သူ မဟုတ်ရင် ခင်ဗျားနဲ့ ကျွန်တော် စကားခပ်များများ ထပ်ပြောမိမှာပါ .... "

"မင်း ထပ်ပြောနိုင်ပါကယ် .... "

အဘိုးအိုက အလေးအနက် ပြော၏။

ရှန်ရှောင်ဖုန်းက ....

"မင်း .... မင်း မဆင်းရဘူးကွာ .... "

ရှန်ရှောင်ဖုန်း၏ မျက်ခုံးများ မြင့်တက်သွား၏။



"ကျွန်တော် ဆင်းချင်ပါပြီ၊ ကျွန်တော်တို့ မိတ်ဆွေအဖြစ် လမ်းခွဲရတာ ကောင်းပါတယ် .... "

"ငါ အမိန့်ပေးနေတယ်၊ မင်း မဆင်းရဘူး .... "

"ခင်ဗျား အမိန့်ပေးခွင့် မရှိပါဘူး .... "

"မင်းကို ဘယ်သူပြောသလဲ၊ ငါ အမိန့်ပေးခွင့် မရှိဘူးလို့"

"မရှိပါဘူး။ ကျွန်တော် ခင်ဗျား လှေပေါ်တက်လာတာ အဖိုးအခနဲ့ မဟုတ်ပေမယ့် ခင်ဗျားရဲ့ ခွင့်ပြုချက်ကို ရယူပြီးမှ တက်လာတာပါ၊ ခင်ဗျား မကျေနပ်ရင် အစကတည်းက မတင်နဲ့ပေါ့ .... "

"မင်း မလျော့နိုင်ပါဘူးကွ .... "

"ဟား .... ဟား .... ဟား .... လွှဲငွေတစ်ထောင် နှစ်ထောင်လောက်များ စကားထဲ ထည့်ပြောမနေစမ်းပါနဲ့ .... တစ်သောင်းနှစ်သောင်းလည်း ကျူပ် လျော့နိုင်တယ်ဗျ .... "

"မင်း မလျော့နိုင်ပါဘူး .... "

ရှန်ရှောင်ဖုန်း၏ မျက်လုံးများ အရောင်တောက်လာ၏။ အဘိုးအိုကို သူ စိတ်မဆိုးချင်သော်လည်း စိတ်ဆိုးရမလို ဖြစ်နေပြီ။

သူသည် ခြေထောက်ကို မ,လိုက်သောအခါ ထိတ်လန့်သွား၏။

အဘယ်ဆိုသော် သူ့ခြေထောက်များ ထုံကျဉ်ပြီး ရွှေ့မသလို ဖြစ်နေသောကြောင့်တည်း။

ရှန်ရှောင်ဖုန်း အဘိုးအိုအား အလန့်တကြား မေးလိုက်၏။

"ခင်ဗျား ကျူပ်ကို ဘာဆေးတွေ တိုက်လိုက်တာလဲ"

"ဟဲ .... ဟဲ .... ဟဲ .... မင်း ဘာဆေးတွေ သောက်ရသလဲ ဆိုတာ အခု သိချင်သွားပြီ မဟုတ်လား .... "

ရှန့်ရှောင်ဖုန်းသည် ဒေါသအမျက်ချောင်းချောင်း ထွက်သွား၏။

"ဘာအဆိပ်လဲ .... "

သူက အော်ဟစ်မေးလိုက်၏။

"ဒါဟာ ဝူမာဆန်းဆိုတဲ့ အခါးရည်ပေါ့ကွ .... "

"အဆိပ်ရည်လို့ ပြောစမ်းပါ .... "

"မဟုတ်ပါဘူးကွာ၊ မင်း အထင်မလွဲပါနဲ့၊ ဒါဟာ ဆေးရည်တစ်မျိုးပါကွ .... "

ရှန့်ရှောင်ဖုန်း ဒေါသထွက်ခြင်းမှာ သေရမည်ကို ကြောက်၍ မဟုတ်ပါ။ အလိမ်ခံရခြင်းအတွက် ဒေါသထွက်ခြင်း ဖြစ်ပါသည်။ ယခုတော့ ပြန်လည် စိတ်ပြေသွားသည်။ အဆိပ်ဆေး ဟုတ်ဟန်မတူ။ ထုံကျဉ်ခြင်း ခံစားရခြင်းကြောင့် သာမန် ထုံကျဉ်စေသော ဆေးဖြစ်နိုင်ပေသည်။ ယခု တဖြည်းဖြည်း ကိုယ်အထက်ပိုင်းသို့ တက်လာနေသည်။ လက်များပင် ထုံကျဉ်လာနေလေပြီ။

"ဝူမာဆန်း .... ဘာလဲ ဒီဆေးက ကျွန်တော်တော့ တစ်ခါမှ မကြားဖူးပါဘူး .... "

"ကောင်းပြီ .... ငါ ပြောပြမယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာလောက်က ဆေးပညာမှာ အလွန်ထူးချွန်တဲ့ သမားတော်ကြီးတစ်ဦး ပေါ်ပေါက်ခဲ့တယ်၊ သူ့နာမည်က ဟွာထိုတဲ့၊ ဒီ ဝူမာဆန်းဆိုတဲ့ အခါးရည်ဟာ သူ တီထွင်တဲ့ ဆေးရည်ပေါ့၊ မင်း ဒီအထ္ထုပ္ပတ္တိကို ကြားဖူးရဲ့လား .... "

"မကြားဖူးပါဘူး၊ သမားတော်တွေကတော့ ကြားဖူးချင်ကြားဖူးမှာပေါ့ .... "



"အင်း .... ဖြစ်နိုင်ပါတယ်၊ ဒီ သမားတော်ကြီး ဟွာထို သေဆုံးသွားတဲ့အခါမတော့ သူ ရှာဖွေတွေ့ရှိထားတဲ့ ဝူမာဆန်းအခါးရည်လည်း လုံးဝ ပျောက်ကွယ်သွားတော့တယ် .... "

"သူက ဆေးနည်းကို မထားခဲ့ဘူးလား၊ ဆရာကြီးကကော ဘယ်လိုကြောင့် ဒီဆေးနည်းကို ရထားတာလဲ .... "

"ပြောပါမယ်၊ ပြောပါမယ် .... "

"ဆေးမှတ်တမ်းတွေအရ သမားတော်ကြီး ဟွာထို ပေါ်ပေါက်တယ်၊ ဝူမာဆန်းဆေးရည်ကို တွေ့ရှိဖော်စပ်နိုင်တယ်၊ နောက်ဆုံးသမားတော်ကြီးလည်းသေ၊ ဝူမာဆန်း ဆေးနည်းလည်း တိမ်မြုပ်ဆိုတာအမှန်အကန်ပဲ၊ နောက် ပြန်တွေ့တာကတော့ နောက်ထပ် နှစ်ပေါင်းများစွာ အကြာမှာ ပြန်ပေါ်လာတဲ့ သမားတော်တစ်ဦးက ရှာဖွေလို့ ဒီ ဝူမာဆန်း ဆေးနည်းကို ပြန်တွေ့လာခဲ့ရတာပဲ .... "

"အံ့သြစရာပဲနော် .... "

"ဟင့်အင်း .... အံ့သြစရာ မရှိပါဘူး၊ လောကမှာ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အရာဆိုတာတွေဟာ ယခင်က ရှိပြီးသားတွေပါ၊ ရှာတွေ့လာတဲ့ လူကသာ သူ အစုမှ တွေ့ထားလို့ ထင်တတ်ကြတာပါ၊ ဒါတွေဟာ ယခင် ယခင့်က ရှိပြီးသားတွေပါ .... "

"နောက် ဆေးဆရာဟာလည်း တော်တော်ရှာဖွေခဲ့ရတာပဲ မဟုတ်လား .... "

"ရှာရပြီကော၊ သူဟာ ဒီ ဝူမာဆန်းဆေးကို ဆယ့်ခုနစ်နှစ်ကိုင်အောင် သုတေသနပြု ရှာဖွေခဲ့ရတယ်၊ အထပ်ထပ် စမ်းသပ်ခဲ့ရတယ်၊ ဒီဆေးဟာ သစ်မြစ်၊ သစ်ဥ၊ ဆေးရွက်မျိုးစုံကို သူ့ အချိုးအဆနဲ့ ချက်ပြုတ် ဖော်ထုတ်ရတဲ့ဆေးပါ .... "

"ဟို ဆရာကြီးဆီက ဆေးနည်းကို မရခဲ့လို့ သူ ဒီလောက် ပင်ပန်းတာပေါ့နော် .... "

"ဒါပေါ့၊ ဟို ဆေးနည်းသာရရင် သူ ဘယ် ဒီလောက် ဒုက္ခရောက်မလဲ၊ ဒီဆေး အာနိသင်ကိုရဖို့ သူဟာ ဇနီးနဲ့ သမီးကို အသုံးပြု စမ်းသပ်ခဲ့ရတယ် .... "

"ဗျာ .... ဒီနည်းနဲ့ အောင်မြင်ခဲ့တာလား .... "

"ဟုတ်တယ်၊ ဒီနည်းနဲ့ အောင်မြင်တာ၊ သမီးက မျက်စိစုံကန်း သွားတယ်၊ ဇနီးက ရူးသွားတယ်၊ ကဲ .... ဒီဆေးရဲ့ တန်ဖိုး ဘယ် လောက်ကြီးသလဲ ဟင် .... "

ရှန့်ရှောင်ဖုန်း အကြီးအကျယ် အံ့အားသင့်သွားသည်။

"ဒီလူဟာ ခင်ဗျားများလားဗျာ .... "

အဘိုးအိုက ခေါင်းခါ၏။

"မဟုတ်ဘူး၊ ငါ မဟုတ်ဘူး၊ ဒီလူ မြစ်ထဲ ခုန်ချလုဆဲဆဲမှာ သူ့ကို ငါ တွေ့လိုက်ရတာပါ၊ သူဟာ သူ့အဖြစ် အပျက်တွေကို ပြော ပြခဲ့တယ်။ သူ့ကိုယ်သူ သတ်မသေခင် ဝှမာဆန်းဆေးနည်းကို ငါ့ကို ပြောပြခဲ့ပါတယ် .... "

"ဒါဖြင့် သူဟာ သူ့ကိုယ်သူ မြစ်ထဲမှာ အဆုံးစီရင် လိုက်တာ ပေါ့နော် .... "

"အကယ်၍ မင်းကြောင့် မင်းရဲ့ ဇနီးနဲ့ သမီး အဲဒီလို ကြီးမား တဲ့ ဒုက္ခဝေဒနာကြီး ခံစားရမယ်ဆိုရင် မင်းလည်း သူ့လို မြစ်ထဲ ခုန်ချ ပြီး အဆုံးမစီရင်ဘဲ နေမှာလား .... "

ထို့နောက် သူကပင် အေးစက်မာကြောစွာ ဆက်ပြော၏။

"ဒီဆေးအတွက် မင်းက လျှံတစ်သောင်း ပေးနိုင်တယ်



လျှံနှစ်သောင်း ပေးနိုင်တယ်လို့ မင်း ပြောရက်သေးသလား၊ ဒီဆေး ကို လျှံတစ်သောင်း နှစ်သောင်းနဲ့ တန်ဖိုးဖြတ်သင့်တယ်လို့ မင်း ယူဆ သေးသလား .... "

ရှန့်ရှောင်ဖုန်း မျက်နှာပျက်သွား၏။ လူသုံးယောက်၏ ပျက်စီးဆုံးရှုံးမှုနှင့် တန်ဖိုး စက်ရှာဖွေထားသော ဤဆေးနည်းကို သူ ဤသို့ တန်ဖိုး မဖြတ်ရက်ပါ။ တန်ဖိုးမဖြတ်နိုင်ပါ။ ပထမက ပြောမိခြင်းမှာ မသိ၍ ပြောမိခြင်းသာ ဖြစ်ပါသည်။

"မယူဆပါဘူးဗျာ .... "

ရှန့်ရှောင်ဖုန်းသည် မချိတရိ ပြုံးပြီး ဆက်ပြောလိုက်၏။

"တကယ်လို့ ဒီဆေး ဒီလောက်တန်ဖိုးရှိမှန်း သိထားရင် ကျွန်တော် ဘယ်နည်းနဲ့မှ မသောက်ပါဘူးဗျာ .... "

အဘိုးအိုက ခေါင်းယမ်းလိုက်၏။

"ခက်တာက ဒီဆေးခါးရည်ဟာ မင်း ဝမ်းထဲ ရောက်သွားတာ ပါကွ၊ အခုတော့ သောက်ပြီးနေပြီ .... "

"ကျွန်တော် ဘာတတ်နိုင်မှာလဲဗျာ၊ ကျွန်တော် အပြစ်ရှိတယ် ဆိုရင် ခင်ဗျားက ကျွန်တော့်ထက် ပိုပြီး အပြစ်ရှိပါတယ် .... "

"ဘာဖြစ်လို့လဲ .... "

"ခင်ဗျားက ဓာတ်ကြောင်းမှ မပြောဘဲကိုးဗျ .... မသိလို့ မိုက်မှားတဲ့လူကို အပြစ်က ခွင့်လွှတ်ကောင်းပါတယ်ဗျာ .... တမင် လုပ်တာမှ မဟုတ်ဘဲ .... "

"အေး .... အခု မင်း ဘယ်လိုခံစားနေရတာလဲ .... "

"တစ်ကိုယ်လုံး ထုံထိုင်းနေပြီ .... "

"ဒီဆေး ဘာဆေးဆိုတာ မင်း သဘောပေါက်ပြီလား"

"နည်းနည်းတော့ သဘောပေါက်လာပါပြီ .... "

"အခု မင်းရဲက ခြေချောင်းလက်ချောင်းတွေ ထုံကျဉ်နေပြီ၊ မင်းရဲ့ ခြေချောင်းလက်ချောင်းတွေကို ဓားနဲ့ ဖြတ်ထုတ်ပစ်ရင် မင်း ရယ်မောပြီးတောင် ကြည့်နေနိုင်ပြီ .... "

"ခင်ဗျားရဲ့ ရည်ရွယ်ချက်က ဘာလဲ၊ ကျွန်တော့်ကို ဘာလုပ်ဖို့ ဒီဆေးရည်ကို တိုက်တာလဲ .... "

"တို့နှစ်ဦး သဘောတူတိုက်တာ၊ သောက်တာပါကွ .... "

"ဟုတ်ပါတယ်၊ ဝန်ခံပါတယ် .... "

အဘိုးအိုသည် သူ့နောက်ဘက် လှေဝမ်းထဲမှ သားရေအိတ်ကလေးတစ်လုံးကို ဆွဲထုတ်လိုက်သည်။ သားရေအိတ်ကလေးမှာ တစ်တောင်ပတ်လည်ခန့်ရှိပြီး ပြားချပ်ချပ် ရှိနေသည်။ အတော်ကလေး ဟောင်းနွမ်းနေကြောင်းကိုလည်း တွေ့ရှိရပါ၏။

အဘိုးအိုသည် သားရေအိတ်ကို ဖွင့်ပြီး အဝတ်ထုတ်ကလေး တစ်ထုတ်ကို ဆွဲထုတ်လိုက်၏။ ထိုအဝတ်ကို ဖြေလိုက်သောအခါ ဝိုးခနဲ ဝင်းခနဲ အလင်းရောင်များ ဖြာထွက်လာသည်ကို တွေ့လိုက်ရပါသည်။ မီးဖိုမီးရောင်ဖြင့် ဤသို့ အရောင်လက်သွားခြင်း ဖြစ်ပါသည်။

"ဓားငယ်ဆယ့်သုံးချောင်း .... "

အရွယ်အစား အမျိုးမျိုးသော ဓားငယ်ဆယ့်သုံးချောင်း ဖြစ်ပေသည်။ လက်နက်ပုန်းများပေလော။ မဟုတ်ပါ။ သံမဏိပြုလုပ်ထားသော ထိုဓားငယ် ဆယ့်သုံးချောင်းမှာ အချွန်၊ အကောက်၊ အကွေး အဝိုက် စသည်ဖြင့် ပုံသဏ္ဌာန်မျိုးစုံလှလေ၏။ လွှသဏ္ဌာန်၊ ချိတ်သဏ္ဌာန်အသွင်ဖြင့် စုံလင်လှ၏။

ထိုဓားငယ်များတွင် တူညီ၍နေသော အချက်တစ်ချက်တော့



ရှိပါသည်။ ထိုဓားအားလုံးသည် အလွန်ပါးလွှာပြီး အလွန်ထက်မြက်ခြင်း တည်း။ အဘိုးအိုသည် အဝတ်စပေါ်မှ ဓားသွားဆယ့်သုံးချောင်းကို စိတ်ပါဝင်စားစွာ ကြည့်နေသည်။ သူ့ မျက်လုံးများကလည်း အရောင် တောက်နေ၏။

ရှန့်ရှောင်ဖုန်းက ....

"ဓားငယ်တွေပါလား .... "

"ဟုတ်တယ် .... ဒါ မင်းဖို့ပဲ .... "

"ကျွန်တော့်ဖို့ .... "

"ဟုတ်တယ်၊ ဒါတွေနဲ့ မင်းရဲ့ခန္ဓာကိုယ်ကို လှီးဖြတ်ထုတ် ပယ်ခြင်း ပြုလုပ်ရမှာပါ .... "

ရှန့်ရှောင်ဖုန်းသည် ပြန်လည်တိုင်ချလိုက်လေ၏။

"အေး .... မင်း ထိုင်နေသင့်တယ်၊ တစ်ကိုယ်လုံး ထုံကျဉ်နေ တဲ့အခါ ခန္ဓာကိုယ်ဟန်ချက်ကို ထိန်းသိမ်းဖို့ ခက်ခဲပါတယ် .... "

မှန်ပါသည်။

ရှန့်ရှောင်ဖုန်၏ ပခုံးအထိ ထုံကျဉ်နေပါပြီ၊ လည်ပင်းနှင့် ဦး ခေါင်းသာ ကျန်ပါတော့သည်။ ထိုအစိတ်အပိုင်းများ ထုံကျဉ်သွားပြီဆို လျှင် ရှန့်ရှောင်ဖုန်း စကားပြောရန် ခက်ခဲသွားပါတော့မည်။

အဘိုးအိုသည် မီးဖိုကို နောက်သို့ရွှေ့ပြီး မီးစာများ၊ ထပ်ထည့် လိုက်ပါသည်။ မကြာမီ မီးရှိန်များတက်လာပြီး လှေကလေးပေါ်၌ လုံ လောက်သော အလင်းရောင် ရလာပါသည်။

အဘိုးအိုက ဓားများကို ရှန့်ရှောင်ဖုန်း မြင်သာအောင် မြှောက် ပြလိုက်ပါသည်။

"ဒါတွေဟာ လက်နက်ပုန်းတွေ မဟုတ်ပါဘူး၊ ခွဲစိတ်ကုသ

တဲ့ ဓားတွေပါ။ ပုံသဏ္ဌာန်တွေကို ကြည့်ပါလား .... "

"ဟုတ်ကဲ့၊ နောက်ပိုင်းမှာ ကျွန်တော် ရိပ်မိပါတယ်၊ ဆရာကြီး ရဲ့ ရည်ရွယ်ချက်ကို ပြောပါဦး .... "

အဘိုးအိုက အတော်အသင့်ကြီးသည့် ဓားငယ်တစ်ချောင်း ကို ဆွဲထုတ်ပြီး မြှောက်ပြလိုက်၏။

"ပထမဆုံး အသုံးပြုမယ့် ဓားကတော့၊ ဒီ ဓားပဲ .... "

"ဘယ်လိုသုံးမှာလဲ .... "

"အပေါ်ယံ အရေပြားနဲ့ အသားကို ခွဲဖွင့်ရင် ဒီဓားနဲ့ ခွဲဖွင့် ရမယ်၊ မင်းရဲ့ ကိုယ်ပေါ်မှာ ပုပ်သိုးဆွေးမြည့်နေတဲ့ အနာတွေ ရှိနေ ရင်လည်း ဒီဓားနဲ့ လှီးထုတ်ပစ်ရမှာပဲ .... "

"ပြီးရင်ကော .... "

အဘိုးအိုသည် ချိတ်ကောက်သဏ္ဌာန်ရှိသော ဓားတစ်ချောင်း ကို ထုတ်ယူပြသပြန်သည်။

"နောက်တစ်လှည့် အသုံးပြုရမှာက ချိတ်ကောက်သဏ္ဌာန် ရှိတဲ့ ဒီဓားပဲ၊ အရိုးပေါ်အောင် ဒီဓားနဲ့ ခွဲထုတ်ယူရမယ် .... "

"ခွဲထုတ်ပြီးရင် .... "

"မင်းပြောတယ် မဟုတ်လား၊ ကျွန်တော် အရိုးအထိ အဆိပ် ထိနေပြီလို့ ... အဆိပ်ထိနေတဲ့ အရိုးတွေကို လှီးတန်တာ လှီးရမယ်၊ ခြစ်ထုတ်တန်တာ ခြစ်ထုတ်ရမယ်၊ ဖြတ်တောက်ရမယ့်ကိစ္စတော့ မပါ ပါစေနဲ့လို့ ဆုတောင်းရမှာပဲ .... "

ရှန့်ရှောင်ဖုန်းသည် ထိုစကားများ ကြားရသဖြင့် ကြောက်ရွံ့ တုန်လှုပ်ခြင်း မဖြစ်ပါ။ သွက်ကြမ္မာကိုသာ အံ့သြနေပါသည်။ ကျန်ချမ် ရယ် ပြောခဲ့သည့် လူ၏သွင်ပြင်လက္ခဏာများမှာ ဤအဘိုးအို၏ သွင်



ပြင်လက္ခဏာမျိုး မဟုတ်ပါ။ သို့သော် ယခု ကုသမည့် ပိုင်ပိုင်နိုင်နိုင် ရှိနေကြောင်း သိရှိခွင့်ရခဲ့ပါသည်။ ဤအဘိုးအိုသည် မည်သို့သော အကြောင်းဖြင့် မိမိထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပါသနည်း။

အဘိုးအိုသည် မိမိအား ဤသို့ ခွဲစိတ်ကုသရန် ရေးမဆွကပင် ကြံစည်ထားပုံရသည်။ လှေပေါ်ရောက်ရောက်ချင်း မိမိအား ဝူမာဆန်း ဆေးခါးရည် သောက်စေရန် ကြံဆောင်ခဲ့သည် မဟုတ်ပါလား။ မည်သို့ ပင်ဖြစ်စေ ဤအဘိုးအိုသည် မိမိ၏ မိတ်ဆွေသာ ဖြစ်ရမည်ဟု ရှန့်ရှောင် ဖုန်း ဆုံးဖြတ်လေသည်။

အဘိုးအိုက ....

"အခု ငါ ခွဲစိတ်ကုရတဲ့ ကိစ္စကတော့ ရက်ရက်စက်စက်ကို လုပ်ရမယ့် ကိစ္စပဲ၊ အရိုးကို ခြစ်ထုတ်၊ လှီးထုတ်ရတယ်ဆိုကတည်းက ဝေဒနာကို မှန်းဆကြည့်လို့ ရပါတယ် .... "

"အတော့်ကို ခံစားရမယ့် ကိစ္စပါပဲဗျာ .... "

"ဒါပေမယ့် မင်း ဝေဒနာ မခံစားစေရဘူးလို့ ငါ ရဲရဲဝံ့ဝံ့အာ မခံပါတယ်၊ ဘာမှ မစိုးရိမ်ပါနဲ့ .... "

"အဲဒီလို မခံစားရအောင် ဝူမဆန်း ဆေးခါးရည်ကို တိုက်တာ မဟုတ်လား .... "

"ဝူမာဆန်းဆေးရည်ကို ထုံကျဉ်စေတဲ့ အစွမ်းသတ္တိတစ်ခုပဲ ရှိတယ်လို့ထင်ရင် မင်း မှားလိမ့်မယ်၊ သူဟာ အဆိပ်ကိုလည်း နိုင်တယ်၊ အဆိပ်စွဲနေတဲ့ အရိုးကို ခြစ်ထုတ်ရတဲ့ ကိစ္စကတော့ ရှေရှည်ရကောင်း ဖို့ ကိစ္စပါ။ တော်ရုံတန်ရုံ အဆိပ်ဟာ ဒီဆေးရည်ကို သောက်ရုံနဲ့ ပြေ နိုင်ပါတယ်၊ တချို့ အဆိပ်ဟာ ဒီဆေးရည်ကို သောက်ရုံနဲ့ ပြေနိုင်ပါ တယ်၊ တချို့ သမားတော်ကြီးတွေဟာ ငါလုပ်သလို မလုပ်နိုင်ပါဘူး၊

ဘာကြောင့်လဲ သိလား၊ သူတို့ဆီမှာ ဝူမာဆန်း ဆေးခါးရည် မရှိလို့ပေါ့"

ရှန့်ရှောင်ဖုန်းသည် ဝူမာဆန်း ဆေးခါးရည်၏ စွမ်းရည်ကို သဘောပေါက်သွား၏။

ရှန့်ရှောင်ဖုန်းသည် သူ စကားပြောနိုင်သည့် အချိန်အတွင်း အရေးကြီးသည့် အချက်ကို မေးမြန်းရန် ဆုံးဖြတ်လိုက်၏။

"ဆရာကြီး .... ကျွန်တော် ဒီဒဏ်ရာတွေ ရနေတယ်ဆိုတာကို ခင်ဗျား ကြိုတင်သိနေခဲ့တယ်ပေါ့နော် .... "

ရှန့်ရှောင်ဖုန်းက ဤသို့ မေးခြင်းမှာ ကျုန်ချွမ်ရှယ်အကြောင်းကို တွေးမိသောကြောင့် ဖြစ်လေ၏။ ကျုန်ချွမ်ရှယ်သည် ပထမအကြိမ် စားသောက်ဆိုင်ထဲမှ ထွက်ခွာခွင့်ရသောအခါ မည်သည့် နေရာသို့ သွားရောက်ခဲ့သနည်း။ သူသည် ဤအဘိုးအိုထံသို့ သွားခဲ့လေသလား၊ သို့တည်းမဟုတ် သူပြောသည့် ထူးဆန်းသော လူဆီသို့ သွားခဲ့လေသလား။ ထူးဆန်းသော လူဆီသွားပြီး အကျိုးအကြောင်း ပြောပြခဲ့သဖြင့် ထူးဆန်းသော လူက ဤအဘိုးအိုအား ကုသစေရန် စေလွှတ်လိုက်ခြင်း ဖြစ်လေသလား၊ ရှန့်ရှောင်ဖုန်း ထိုသို့ တွေးပြီး မေးလိုက်ခြင်း ဖြစ်ပါသည်။

အဘိုးအိုက ခေါင်းညိတ်၏။

"ဟုတ်တယ် .... ငါ ကြိုတင်သိနေခဲ့ပါတယ် .... "

"ကျွန်တော် ဒီချောင်းဆီ ရောက်မယ်ဆိုတာ ခင်ဗျား ဘယ်လိုသိသလဲ .... "

"မင်းသွားမယ့် ဦးတည်ရာလမ်းမှာ ဒီချောင်းရှိနေတာပါ။ မင်း မြို့ထဲကို ပြန်မကွေ့သမျှ ဒီချောင်းဆီကိုပဲ ဦးတည်ရောက်မှာပါ"

"ကျွန်တော့်လှုပ်ရှားမှုကို ခင်ဗျား ဘယ်လိုများ သိထားတာလဲဗျာ .... "



"ငါ့မှာ နက်မျက်စိ ရှိနေတာပဲ .... "

ရှန့်ရှောင်ဖုန်း အံ့သြသွား၏။ အဘိုးအို၏ မျက်နှာကို အသေအချာ စိုက်ကြည့်လိုက်သည်။ တစ်ခါတစ်ရံ အဘိုးအိုသည် အတည်ပေါက်နှင့် နောက်ပြောင်တတ်သည် မဟုတ်ပါလား။

အဘိုးအိုက ရယ်သွေးသွေးလိုက်ပြီး ....

"နတ်မျက်စိဆိုတာ အလကား နောက်ပြောင်ပြောတဲ့ စကားပါ။ မင်းကို ငါက တစ်ချိန်လုံး နောက်ယောင်ခံလိုက်ကြည့်တာပါ၊ ဒီတော့ မင်း ဘာလုပ်မယ်၊ ဘယ်သွားမယ်ဆိုတာ အကြမ်းဖျင်းတော့ ခန့်မှန်းလို့ ရပါတယ် .... "

"ဒီဆေးရည်တွေက .... "

"လှေ .... ဆေး .... မီးဖို .... အားလုံး ခက်ခဲတာ မဟုတ်ပါဘူး၊ ဒါတွေကို အသင့်လုပ်ထားတာပါ၊ အချိန်နည်းနည်းပဲရဖို့ လိုပါတယ် .... "

ရှန့်ရှောင်ဖုန်းသည် စစ်စစ်ပေါက်ပေါက် မေးမြန်းလေ၏။ အဘိုးအိုကလည်း စိတ်ရှည်လက်ရှည် ပြန်ဖြေနေသည်။

တကယ်တော့ အဘိုးအိုက အချိန်စောင့်နေခြင်း ဖြစ်သည်။ သူ၏ ဝူမာဆန်းဆေးခါးရည် တကယ် အစွမ်းပြပြီဆိုလျှင် ရှန့်ရှောင်ဖုန်း ဤသို့ စကားပြောနိုင်တော့မည် မဟုတ်ပါ။

ရှန့်ရှောင်ဖုန်း စကားသံ ရပ်သွားသည်အထိ သူ စကားပြောနေရပါသည်။ စကားသံရပ်သွားလျှင် သူ၏ ခွဲစိတ်ကုသမှုလုပ်ငန်းကို ဤလှေကလေးပေါ်တွင်ပင် လုပ်ဆောင်မည် ဖြစ်ပါ၏။

"ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ .... "

"အကြောင်းရှိလို့ပေါ့ကွာ၊ အကြောင်းမရှိရင် ဘယ်လိုလုပ်မှာလဲ .... "

"ကျွန်တော် သိချင်တယ်ဗျာ၊ သိခွင့်ရှိရင် သိပါရစေ"

"အခု မင်းကို ကုသပေးတဲ့ ကိစ္စကို မင်း ဘယ်လို သဘောပေါက်သလဲ .... "

"ကျွန်တော့်ကို သေလူအဖြစ် သတ်မှတ်ထားကြတာပဲ၊ ဒီလိုမျိုးကို အသက်ရှင်အောင် ပြန်ကုသရတဲ့ကိစ္စဟာ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ .... "

"အတော်တန်ဖိုးကြီးတဲ့ ကုသမှုလို့ မင်း လက်ခံတယ် မဟုတ်လား .... "

"အကြီးဆုံးသော တန်ဖိုးနဲ့ ယှဉ်လောက်တဲ့ ကုသမှုမျိုးပေါ့ဗျာ၊ ကျွန်တော့်အသက်ကို ကယ်နိုင်တဲ့ လူတွေဟာ လျှံငွေ သိန်းထောင်ချီပြီး ရနိုင်ပါတယ်၊ ရွှေ ငွေ ရတနာတွေ အပုံးလိုက်ရနိုင်ပါတယ်၊ တခြား လူတွေဟာ ဒါတွေရနိုင်မှန်း သိလျက်နဲ့ မကုနိုင်ခဲ့ကြပါဘူး၊ ဒီတော့ ခင်ဗျားရဲ့ ကုသမှု တန်ဖိုးကို သိမြင်လောက်ပြီပေါ့"

"ဟား .... ဟား .... ဟား .... ငါ ကျေနပ်တယ်၊ ငါ့ ကုသမှုတန်ဖိုးကို မင်း မသိမှာဘဲ ငါ စိုးရိမ်တယ် .... "

"ဆိုပါဦး .... ဒီတော့ .... "

"ငါ့ကုသမှု တန်ကြေးအတွက် မင်း ငါ့ကို ရွှေ ငွေ ရတနာတွေ ပုံပေးစရာတော့ မလိုပါဘူး .... "

"ဘာလိုချင်သလဲ ပြောပါ .... "

"ငါ့အတွက် လူတစ်ယောက်ငါ့ို သတ်ပေးရမယ်၊ လူတစ်ယောက်ရဲ့ ဇီဝိန်ကို နှုတ်ချွေပေးရမယ် ဆိုပါတော့ .... "



"ကျုပ်က ကြေးစားလူသတ်သမား မဟုတ်ဘူးဗျာ .... "

"ကြေးစားလူသတ်သမား မဟုတ်ဘူးဗျာ .... "

"ကြေးစားလူသတ်သမား တတ်နိုင်တဲ့ ကိစ္စဆိုရင် မင်းကို ငါ အခုလို ခက်ခက်ခဲခဲ ကုသပေးနေမှာ မဟုတ်ဘူးကွ .... "

ရှန့်ရှောင်ဖုန်း စဉ်းစားရပြီ၊ အဘိုးအိုအား ပြန်ပေးရမည့် တန်ဖိုးမှာ မသေးလှပါချေ။

ဤကိစ္စကို ခြေခြေမြစ်မြစ် မသိဘဲ သူ့အပေးအယူကို လက်ခံလိုက်လျှင် သေသည်ထက်ပင် ဆိုးကောင်းဆိုးသွားနိုင်သည်။

အဘိုးအိုက သူ့အား နောက်ယောင်ခံလိုက်နေသည်ဆိုသည့် စကားသည် တကယ်အမှန်အကန် စကားဖြစ်နေသည်။

သူ ငြင်းပယ်နိုင်ခြင်း မရှိသည့်အဖြစ်ရောက်အောင် အဘိုးအိုအဖို့ အချိန်ယူ ကြံစီးစားရမည်မှာ ကေန်ပင်။

ရှန့်ရှောင်ဖုန်းက ....

"ပြောပါ၊ ခင်ဗျားအတွက် ကျွန်တော်က ဘယ်သူ့ကို သတ်ပေးရမှာလဲ၊ ဒါဟာ ကြိုတင်သိဖို့ အရေးကြီးပါတယ်၊ ကျွန်တော်ဟာ ကြေးစားလူသတ်သမားလို ငွေရတိုင်း လျှောက်သတ်နေတာ မဟုတ်ပါဘူး၊ ကျွန်တော့်ကို စိန်ခေါ်တဲ့ လူနဲ့ ကျွန်တော့်ကို ရန်ပြုတဲ့လူကိုမှ သတ်တာပါ .... "

"မပူပါနဲ့ လူကောင်း မဖြစ်စေရပါဘူး၊ သူလည်း လူသတ်တဲ့ လူပါပဲ .... "

"ဟာ .... ဒီလိုလည်း ပြောလို့မရပါဘူး၊ လူသတ်တဲ့ လူတိုင်း လူကောင်း မဟုတ်ဘူးလို့ တရားသေပြောလို့ မရပါဘူး၊ ဒါဟာ သိုင်းလောကပါ၊ သိုင်းလောကဆိုတာ သွေးနဲ့ ဓားနဲ့ သံသရာလည်နေတာပါ၊

အကြောင်းမဲ့ လူသတ်တဲ့ လူဟာ ခပ်ရှားရှားပါ၊ သူ ဘယ်လိုလူမျိုးတွေကို သတ်ခဲ့ပါသလဲ .... "

"တချို့ဟာ သေသင့်တဲ့လူပါ၊ ဒါပေမယ့် တချို့ကျတော့ မသေသင့်တဲ့ လူတွေပါ။ သူဟာ အားလုံးကို သတ်ခဲ့တာပါပဲ .... "

ရှန့်ရှောင်ဖုန်း သက်ပြင်းချလိုက်၏။ စိတ်လည်း အေးသွားသည်။

"အင်း .... ဒီလိုဆိုရင်တော့ ဒီလူဟာလည်း သေသင့်တဲ့လူပဲပေါ့ ....

"ဒါကြောင့် ငါ ပြောတာပေါ့၊ မပူပါနဲ့လို့ ငါကလည်း မဖြစ်နိုင်တဲ့ အလုပ်ကို အလဲအလှယ် မလုပ်ပါဘူး .... "

"ခင်ဗျား အင်မတန်စေ့စပ်တာပဲ .... "

"မင်းလို လူမျိုးက ဈေးကျူးတာ ဂုဏ်ယူစရာပါပဲ၊ မင်းဟာ ငါ သတ်နိုင်းတိုင်း သတ်မယ့်လူ မဟုတ်ဘူးဆိုတာ ငါ ကောင်းကောင်းသိတာပေါ့၊ မင်း အသက်ကို မင်း တန်ဖိုးမထားတော့ ငါက သိပ်ချင့်ချိန် စဉ်းစားရတယ်၊ အသက်ကို တန်ဖိုးထားတဲ့လူဆိုရင် ငါ့အဖို့ သိပ်လွယ်တယ် .... "

အဘိုးအိုသည် ထိုစကားများကို လေးလေးနက်နက် ပြောနေခြင်း ဖြစ်သည်။

ထိုသို့ ပြောနေရင်း သူ့စကားများသည် တဖြည်းဖြည်းလေးလံလာ၏။ မျက်လုံးများထဲ၌ ထူးခြားသော အရိပ်အယောင်များ ပေါ်လာသည်။

သူ သတ်နိုင်းသည့်လူသည် ထိုအဘိုးအိုနှင့် ထူးထူးခြားခြား ပတ်သက်သူ ဖြစ်ရမည်ကို ခန့်မှန်းနိုင်သည်။



ရှန့်ရှောင်ဖုန်းသည် အလွန်တရာ လျှင်သူဖြစ်သောကြောင့် အဘိုးအို၏ မျက်လုံးများကိုကြည့်ပြီး ထိုအချက်ကို ကောင်းစွာ သဘောပေါက်သည်။

သူ့လည်ပင်းများလည်း ထုံကျဉ်လာခဲ့ပြီ၊ သူ စကားပြောဖို့ ခက်ခဲတော့မည်ကိုလည်း ရိပ်မိလာသည်။

ထိုစဉ် အဘိုးအိုက အက်ကွဲသော လေသံဖြင့် တီးတိုးပြောလာလေ၏။

"မင်း စိတ်ပူနေတယ် မဟုတ်လား၊ မင်းရဲ့ အဖေကို ငါ သတ်နိုင်းရင် မင်း ဒုက္ခရောက်ရမယ်ဆိုတဲ့ အဖြစ်မျိုးကို မင်း တွေးနေတယ် မဟုတ်လား၊ စိတ်ချပါ၊ ဒီလူကို သတ်လိုက်ရလို့ မင်းအတွက် ဘယ်လိုမှ နောင်တတရား မရစေရပါဘူး .... "

ထိုအချိန်မှာပင် ရှန့်ရှောင်ဖုန်း၏ လျှာများ ထုံကျဉ်စပြုလာလေတော့၏။ လည်ပင်းထုံကျဉ်ပြီးလျှင် မေးဖျားနှင့် လျှာများ ထုံကျဉ်ရမည်။ ဤသို့သော အလဲအလှယ်မျိုးကို သူ လုပ်နိုင်ကြောင်း ရှန့်ရှောင်ဖုန်း ပြောလိုက်သောအခါ စကားလုံးများ မပီမသ ထွက်လာပါသည်။ ရှန့်ရှောင်ဖုန်း စကားမပြောနိုင်တော့ပါ။ ထုံကျဉ်မှုသည် လျှာတစ်ချောင်းလုံးကို ပျံ့နှံ့သွားပါလေပြီ။

"မင်း သေချာသလား၊ မသေချာဘူးလား .... "

"ကျွန်တော် မသေချာပါဘူး .... "

ရှန့်ရှောင်ဖုန်းက ပြန်ဖြေပါသည်။ စကားသံလုံးဝ မထွက်တော့ပါ။ စိတ်ထဲကသာ ဖြေနိုင်ပါတော့၏။

"ကောင်းပြီ၊ တို့ သဘောတူညီချက်အတွက် ငါ့ဘက်က စရမယ့် လုပ်ငန်းကို စပြီ .... "

ထိုအသံကို နောက်ဆုံးကြားလိုက်ရပြီး သူ လှေဝမ်းထဲသို့ လဲကျသွား၏။ တဂျစ်ဂျစ်အသံများကို သူ့နားထဲ၌ ကြားနေရသည်မှာ ဓားဖြင့် အရိုးခြစ်သံများ ဖြစ်ပေလိမ့်မည်။

သူ နာကျင်မှုကို လုံးဝ မခံစားရသဖြင့် စိတ်ထဲ၌ ကျေနပ်သွား၏။

ထို့နောက် သူ လုံးဝ သတိလစ် မေ့မြောသွားလေသတည်း။

✻

## အခန်း (၁၀)

## သေမင်းပြည်မှ အလည်တစ်ခေါက်

ညဥ့်အမှောင်သည် ကုန်ဆုံးသွားပါပြီ။ ထူးထူးခြားခြား ကျဆင်းခဲ့သော နှင်းပွင့် နှင်းမှုန်များသည်လည်း ရပ်ဆိုင်းသွားခဲ့ပါပြီ။ နေမင်းကြီးသည်လည်း ရွှင်ရွှင်လန်းလန်း ဝင်းဝင်းပပ ထွက်ပေါ်လာခဲ့ပါပြီ။

သို့သော် တစ်ယောက်သော သူ့အတွက်ကား နေမင်းကြီး ထွန်းပနေသလား။ လမင်းကြီး ရွှန်းမြနေသလား၊ ကြယ်တာရာအပေါင်း လင်းလက်နေသလား မသိနိုင်ခဲ့ပါ။ သူသည် သတိလစ်ပြီး အမှောင်ထဲသို့ ကျဆင်းခဲ့သူ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ရှန်ရှောင်ဖုန်း မသေခဲ့ပါ၊ သူ့ကံကြမ္မာက သေမင်းအား ပြက်ရယ်ပြုခဲ့ပါသည်။ မရဏရှင်သေမင်းသည် ရှန်ရှောင်ဖုန်း၏ ဝိညာဉ်ကို သူ၏ ခန္ဓာကိုယ်ထဲမှ ဆွဲထုတ်အံ့ဟု တရွယ်ရွယ် လုပ်နေရာမှ နောက်ဆုတ်သွားခဲ့ပါပြီ။

ရှင်သန်ခြင်းသည် ပျော်ရွှင်စရာကောင်းသော ကိစ္စသာ ဖြစ်

ပါသည်။ သူ ရင်ဘတ်ပေါ်သို့ လူတစ်ဦး၏ လက်နှစ်ဖက်က အသာအယာ ဖိနှိပ်ကုသပေးနေကြောင်း ရှန့်ရှောင်ဖုန်း သိသည်။

ထိုလက်ဖဝါးများသည် ခြောက်သွေ့သော်လည်း နူးညံ့သိမ်မွေ့ခြင်း မရှိပါ။ လက်ဖဝါးနှစ်ခုစလုံး ကြမ်းတမ်းခက်ထရော်နေသည်။ ထိုလက်ဖဝါးများသည် မိမိ၏ နှလုံးသားများ သန်စွမ်းလှုပ်ရှားလာစေရန် တွန်းအားပေးကူညီနေခြင်း ဖြစ်ကြောင်း နားလည်သိရှိလာ၏။ ရှန့်ရှောင်ဖုန်း သတိပြန်လည်လာပါပြီ။

ရှန့်ရှောင်ဖုန်းသည် တဒိတ်ဒိတ် ခုန်နေသော သူ့ နှလုံးခုန်သံကို ကြားလိုက်ရသဖြင့် အလွန်တရာ ဝမ်းသာသွား၏။ နှလုံးခုန်သံသည် ပထမပိုင်း၌ အနည်းငယ် အားနည်းသော်လည်း မကြာမီ တဖြည်းဖြည်း အခုန်မြန်လာ၏။ သူ အသစ်တစ်ဖန် ပြန်လည် ရှင်သန်လာခဲ့ပါပြီ။

ရှန့်ရှောင်ဖုန်းသည် တောက်ပနေသော မျက်လုံးတစ်စုံကို ဖြုန်းခနဲ သတိပြုမိလိုက်၏။ ထိုမျက်လုံးများသည် သူ့ ရင်ခေါင်းအတွင်းသို့ပါ စူးဝင်နေကြောင်း သိရှိလိုက်သဖြင့် ရှန့်ရှောင်ဖုန်း ‘လန့်သွား၏။

မှန်ပါသည်။ အဘိုးအို၏ မျက်လုံးများပင် ဖြစ်ပါသည်။ အဘိုးအို၏ ပါးရေနားရေများက တွန့်နေသော်လည်း ဆံပင်များက ဖြူဆွတ်နေသော်လည်း မျက်လုံးများကမူ တဖိတ်ဖိတ် တလက်လက် တောက်ပနေလေသည်။ ဤမျက်လုံးများနှင့် အဘိုးအို၏ ရင့်ရော်မှုသည် မည်သို့မျှ မလိုက်ဖက်ချေ။

ထိုမျက်လုံးများသည် မိမိ၏ မျက်လုံးများထက်ပင် ပို၍ နုပျိုနေသည်သည်ဟု ရှန့်ရှောင်ဖုန်း ထင်မိလေ၏။

ရှန့်ရှောင်ဖုန်းက လှုပ်လှုပ်ရှားရှား လုပ်ရန်ဟန်ပြင်လိုက်၏။

“မလှုပ်ပါနဲ့၊ ငြိမ်ငြိမ်နေပါ၊ မင်း ကောင်းနေပါပြီ .... ”



ရှန့်ရှောင်ဖုန်း ငြိမ်နေလိုက်၏။

အတန်ကြာမှ အဘိုးအိုက သက်ပြင်းချပြီး ပြော၏။

“အခု မင်း ဆက်လက် အသက်ရှင်နိုင်ပါပြီ၊ မင်း သဘောရှိသိုင်းလောကထဲ ကျင်လည်နိုင်ခွင့် ရပါပြီ၊ အခု မင်းရဲ့ အရိုးတွေဟာ ယာတောထဲက သန်သန်စွမ်းစွမ်း ပေါက်နေတဲ့ ပြောင်းဖူးရိုးတွေလိုပဲ အင်မတန် သန်စွမ်းသွားပါပြီ .... ”

ရှန့်ရှောင်ဖုန်းအဖို့ ယခုမှ အကြီးအကျယ် ဒုက္ခရောက်ရတော့သည်။ ကျန့်ချွမ်ရှယ် ပြောခဲ့သည့် စကားများကို သူ ပြန်လည် သတိရပြီး စိတ်ဖြာနေရတော့၏။

“ဒီလောကကြီးထဲမှာ ခင်ဗျားကို ကယ်နိုင်တာ တစ်ယောက်ပဲ ရှိတယ် .... ”

ထိုတစ်ယောက်သည် ဤတစ်ယောက်ပင်လော။

“အကယ်၍ ဒီလူဟာ ခင်ဗျားကို ကယ်တင်ပြီးရင် သူဟာ ခင်ဗျားဓားအောက်မှာ သေဆုံးရမှာ မုချမလွဲပါပဲ .... ”

သည်အဘိုးအိုအား သူ့ဓားအောက်မှာ သေမည်ဆိုတာ။ သူသည် အဘိုးအိုကို အသေအချာ ကြည့်လိုက်ပါသည်။ တကယ့်အဘိုးအိုပါ။ မျက်လုံးများ ထူးခြားချက် ရှိတာတော့ ဝန်ခံရပါမည်။

မည်သို့ပင်ဖြစ်စေ ကျန့်ချွမ်ရှယ်၏ အယူအဆ မှားယွင်းနေပြီဟု မှတ်ယူလိုက်ပါသည်။ ဤ အဘိုးအိုကို သူ ယခင်က မမြင်ဖူးခဲ့ပေ။ ယခု သူ ကုသပေးသည်ကိုလည်း သံသယ ဝင်ရန်မလို။

အဘိုးအိုသည် သူ့ရန်သူ တစ်ယောက်ကို သုတ်သင်နိုင်းရန်အတွက်သာ သူ့ကို ကယ်တင် ကုသပေးခြင်းဖြစ်ရာ အဘယ်မှာလျှင် ဤအဘိုးအို သူ့ ဓားအောက်၌ သေဆုံးရပါအံ့နည်း။ သူကလည်း

အသက်သခင် ကျေးဇူးရှင်ကို ပြန်သတ်ပါမည်လော။

ထို့ကြောင့် ကျွန်ချွမ်ရှယ်၏ စကား မှားသွားပြီဟု သူ ယူဆခြင်း ဖြစ်ပါသည်။ ကျွန်ချွမ်ရှယ်သည် သူ သိထားသည့် လူတစ်ယောက်တည်းသာ မိမိအား ကုသနိုင်မည်ဟု ထင်ထားခြင်း ဖြစ်ဟန်ရှိသည်။ မိမိကို ကုသနိုင်သူသည် လောလောဆယ် နှစ်ယောက် ဖြစ်နေဟန်ရှိသည်။ ထို့ထက် ပိုကောင်း ပိုနိုင်သေးသည်။

ဤအဘိုးအိုက သမားတော်ကြီး ဟွာထို၏ ဝူမာဆန်းဆေးခါးရည်ကို ရထားသူ ဖြစ်နေသည်။ ကျွန်ချွမ်ရှယ်ပြောသည့်လူသည် ဝူမာဆန်းဆေးခါးရည်ကို ရထားသူဖြစ်ကောင်းမှ ဖြစ်မည်။ အခြားနည်းလမ်းဖြင့် ကုသသူဖြစ်ကောင်း ဖြစ်နိုင်သည်။

ထိုသို့ တွေးလိုက်မိသဖြင့် ရှန့်ရှောင်ဖုန်းသည် များစွာ စိတ်သက်သာရာ ရသွားပြီး ဟင်းခနဲ သက်ပြင်းချလိုက်မိလေ၏။

"ကျွန်တော် တကယ် အသက်ရှင်ပြီလား .... "

ရှန့်ရှောင်ဖုန်းက မေးလိုက်ရာ အဘိုးအိုက ပြုံးလေ၏။

"နောက်တပ်မွေးတဲ့လူတွေ အတော်များများ သေပြီးတာတောင် မင်းက အသက်ရှည်ရှည် ထပ်နေရဦးမှာပါ .... "

"ကျွန်တော် သေရမှာ မကြောက်ပါဘူး၊ ဒါပေမယ့် အသက်ဆက်ရှင်နေရမယ်ဆိုတဲ့အတွက် ဝမ်းသာမိတာလည်း အမှန်ပါပဲ"

"ငါ ယုံပါတယ်၊ လောကကြီးမှာ အင်မတန် ကုသိုလ်ကောင်းတဲ့ လူတစ်မျိုး ရှိပါတယ်၊ ရေထဲချ ရေခန်း၊ မီးထဲချ မီးငြိမ်းဆိုတဲ့ လူမျိုးပါ၊ အဲဒီလိုလူမျိုးကို ဘုရားက ဖန်ဆင်းပေးတတ်ပါတယ်၊ မင်းဟာ ဒီလိုလူမျိုးပါပဲ .... "

ထို့နောက် ဖြည်းညင်းစွာ ဆက်ပြော၏။



"မင်းရဲ့ ခန္ဓာကိုယ်ရဲ့ စွမ်းရည်ဟာလည်း တကယ့်ကို အံ့ဩရာကောင်းပါတယ်၊ ဒဏ်ရာတွေကို အံ့ဩလောက်အောင် ကျက်စေနိုင်တာပဲ .... "

ထိုစကားကို ရှန့်ရှောင်ဖုန်း များစွာ လက်ခံပါသည်။ သူသည် ခံနိုင်ရည်ရှိမှုတွင်လည်းကောင်း၊ ဉာဏ်စွမ်းဉာဏ်စရှိမှုတွင်လည်းကောင်း သူတစ်ပါးထက်သာသူ၊ ထူးခြားသူ ဖြစ်ပါသည်။ ထို့ကြောင့် သူ့ ခန္ဓာကိုယ်မှ ခံနိုင်ရည် သဘာဝစွမ်းအားများသည်လည်း သူတစ်ပါးထက်ပို၍ ထူးခြားနေပါလိမ့်မည်။ သူ၏ ထူးကဲသော လက္ခဏာများသည် သူ့အဖို့ အထူးခြားပါ။ အခြားသူများအတွက် အထူးအံ့ဩစရာများ ဖြစ်နိုင်ပါသည်။

"နောက်သုံးရက် အနားယူပြီးရင် မင်းဟာ ပကတိလူကောင်းတစ်ယောက် ဖြစ်သွားပါပြီ .... "

"မူလအတိုင်း နေထိုင်သွားလာနိုင်မယ်ပေါ့ .... "

"သိပ်သေချာပါတယ်၊ မူလအတိုင်း မဖြစ်ရင် ငါ့ရည်ရွယ်ချက်ဟာ အလကား ဖြစ်သွားမှာပေါ့ .... "

"ခင်ဗျားပြောတဲ့လူကို ကျုပ်က သွားသတ်ပေးရတော့မှာပေါ့နော် .... "

"သတ်ကို သတ်ရမယ် .... "

အဘိုးအိုက အံကြိတ်ပြီး ပြောလေ၏။

"သူ့ကိုငါက မပြေနိုင်တဲ့ အငြိုးရှိတယ်လေ၊ သူ သေကိုသေရမယ်၊ သူ သေသင့်တဲ့လူပါ .... "

"ဆရာကြီးကိုယ်တိုင် ဘာဖြစ်လို့ မသတ်တာလဲ .... "

"ဟား .... ဟား .... ဟား .... အဲဒီလူ ဘယ်လိုလူဆိုတာ

ကို မင်း တွေ့ရင် သိမှာပါ။ ငါက အငြိုးမကျေဘဲ ငှါလည်ပင်း သူ့ရှေ့ ခက်စင်းပေးရမှာလား .... "

"သူက ဒီလောက်စွမ်းသလား .... "

"မင်း တိုက်ကြည့်ပါလေ၊ ငါ ဘာကြောင့် မင်းကိုမှ ရွေးချယ်ရသလဲဆိုတာ အဲဒီအခါကျရင် မင်း သိပါလိမ့်မယ် .... "

"ကျွန်တော်ဟာ သိုင်းလောကရဲ့ ပြိုင်ဘက်ကင်း ဓားဘုရင်ကြီးဆိုတာကို ခင်ဗျား သိပါသလား .... "

"မသိဘဲနဲ့ ငါက ဒီလို ပင်ပင်ပန်းပန်း လာကုပေးပါ့မလား၊ အကြောင်းရှိမှ အကျိုးရဆိုတာကို ငါက မင်းကို ဒီလို ကူညီမှ မင်းက ငါ့ကို ပြန်ကူညီမှာပေါ့၊ သေရေးရှင်ရေးကိစ္စမှာ မကူညီဘဲနဲ့ မင်းကလည်း မင်းအသက်ရင်းပြီး ဘယ်မှာ ကူညီချင်ပါ့မလဲ .... "

အဘိုးအို၏ စကားများက သဘာဝကျသဖြင့် ဤအဘိုးအိုသည် ကျနံချွမ်ရှယ်ပြောသည့်လူ မဟုတ်နိုင်ဟု ရှန့်ရှောင်ဖုန်း ပို၍ စိတ်ချယုံကြည်သွားလေသတည်း။

"ကျွန်တော်ကလည်း ကတိမပျက်ပါဘူးဗျာ .... "

"ဟား .... ဟား .... ဟား .... ရှန့်ရှောင်ဖုန်း ကတိပျက်ပြီဆိုရင် သိုင်းလောကကြီး ပျက်စီးပြီပေါ့ကွာ၊ ငါက မင်း ကတိပျက်မှာကို လုံးဝ စိုးရိမ်ခြင်း မရှိပါဘူး .... "

"ကျွန်တော် လူသတ်ဖူးပါတယ်၊ မတော်မတရား လူတွေကို ထပ်သတ်ဖို့လည်း ဝန်မလေးပါဘူး .... "

"ငါ သိပါတယ် .... "

"ခင်ဗျားပြောတဲ့လူဟာ .... ကျုပ် တွေ့ဖူးတဲ့လူများ ဖြစ်နေမလား .... "



"လုံးဝ မဖြစ်နိုင်ပါဘူး၊ ငါ အာမခံပါတယ် .... "

"သူဟာ ကျွန်တော်သတ်ရမယ့်လူလို့ ဘယ်သိနိုင်မှာလဲ"

အဘိုးအိုက ပြုံးလိုက်၏။ ပါးရေနားရေများပါ တွန့်သွားလေရာ အဘိုးအို၏ ရောရုပ်မှာ လွန်စွာ ထင်ရှားလာသည်။ သို့သော် ထိုအပြုံး၌ လျှို့ဝှက်ချက်များ ပါသည်ကတော့ အမှန်ပင်။

"မင်း သိနိုင်ပါတယ်ကွာ .... "

"ဘယ်လိုလုပ် သိနိုင်မှာလဲ .... "

"သူ့ကို တွေ့တာနဲ့ မင်းမှာ သတ်ချင်ဖြတ်ချင်တဲ့စိတ်တွေပေါ်လာပါလိမ့်မယ်၊ ဒါဆိုရင် သူဟာ ငါပြောတဲ့လူလို့သာ မှတ်လိုက်ပါတော့ .... "

"ဗျာ .... "

အဘိုးအို၏ စကားများသည် သာမန်လူအတွက် မဆန်းသော်လည်း ရှန့်ရှောင်ဖုန်းလို ပါရမီရှင် ဓားသမားများအတွက် ဆန်းသည်။ ဤကဲ့သို့ အတွင်းစိတ်၌ ထူးထူးခြားခြား ခံစားလာရခြင်းကို ဆဋ္ဌမအာရုံဟု သူတို့ သတ်မှတ်သည်။ ထို့သို့ ကိုယ်က ခံစားနိုင်စွမ်းရှိလျှင် များသောအားဖြင့် တစ်ဘက်လူကလည်း ခံစားတတ်သူဖြစ်နေတတ်သည်။

"ခင်ဗျားက တကယ့်ဓားသမားနဲ့ တွေ့ခိုင်းတာပေါ့ .... "

"အေး .... တကယ့်ဓားသမား မဟုတ်ရင် ငါက မင်းကို အခုလို လာကုပေးမနေပါဘူး၊ ငါ့ဘာသာပဲ သွားတွေ့လိုက်တော့မှာပေါ့"

ရှန့်ရှောင်ဖုန်း ရယ်လိုက်၏။ ကျယ်လောင်စွာတော့ မဟုတ်နိုင်ပေ။ ခွဲစိတ်ထားသော ဒဏ်ရာများက နာကျင်စ ပြုလာသောကြောင့် ဖြစ်ပါသည်။

"ခင်ဗျား သူ့ကို သိပ်မုန်းနေတာပဲလား .... "

"ဘယ်လောက် မုန်းတယ်ဆိုတာ ငါ မင်းကို ပြောမပြတတ်အောင်ပါဘဲ .... "

"သူ ဘယ်လိုအပြစ်တွေ ကျူးလွန်ခဲ့သလဲဗျာ .... ခင်ဗျားပြောချင်မှ ပြောပါနော်၊ ကျုပ် စပ်စုသလို ဖြစ်နေရင်လည်း တောင်းပန်ပါတယ် .... "

"ငါကလည်း အသေးစိတ် မပြောနိုင်ပါဘူး၊ သူသာ ရှိမနေရင် ငါဟာ လူ့လောကကြီးထဲမှာ သည့်ထက် ပျော်ပျော်ရွှင်ရွှင် နေနိုင်မယ်လို့ ထင်ပါတယ်၊ ဒါဆို တော်လောက်ပါပြီ .... "

လှေကလေးသည် ရေထဲမျောနေလျက်ပင်။ အဘိုးအိုသည် အံ့ဩဖွယ်ကောင်းလောက်အောင် ရှန့်ရှောင်ဖုန်းအား လှေပေါ်တွင်ပင် ခွဲစိတ်ကုသပေးခဲ့သည်။

အဘိုးအိုက ညည်းညည်းညူညူ ရေရွတ်လိုက်၏။

"အင်း .... ဘာလိုလို့နဲ့ ဆယ့်တစ်ရက်တောင် ရောက်နေပြီကိုး .... "

ရှန့်ရှောင်ဖုန်း အလန့်တကြား ဖြစ်သွား၏။

"ဗျာ ... ဆယ့်တစ်ရက် ဟုတ်လား၊ ဒီနေ့ ဆယ့်တစ်ရက်လား .... "

ခံ့အားသင့်ရပါမည်။ အလန့်တကြား မေးရပါမည်။ သူ သတိလစ်မေ့မြောနေခဲ့သည်မှာ နှစ်ရက်တိတိ ရှိသွားပြီဖြစ်ကြောင်း သိလိုက်သောကြောင့် ဖြစ်ပါသည်။

"နောက်လေးရက်ကြာရင် မင်း ဟိုလူနဲ့ တွေ့ရမယ်၊ ဖြစ်ပါ့မလား .... "

"သူက ဒီကိုလာမှာလား .... "



"သူကတော့ ဒီကိုလာမယ် မထင်ဘူး၊ မင်းက သွားတွေ့ရမှာ .... "

"ဘယ်မှာ သွားတွေ့ရမှာလဲ .... "

အဘိုးအိုသည် လှေကို ကမ်းသို့ ထိုးဆိုက်လိုက်ပြီး ရှန့်ရှောင်ဖုန်းကို ထနိုင်ရန် ကူညီလိုက်၏။ ရှန့်ရှောင်ဖုန်း အံကြိတ်၍ ထလိုက်သည်။ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်နေသော်လည်း မခံမရပ်နိုင်အောင် မဟုတ်ပေ။ အဘိုးအို၏ ဆေးများသည် အံ့ဩဖွယ်ရာ အစွမ်းထက်လှပေသည်။

အဘိုးအိုက ရှန့်ရှောင်ဖုန်းကို ကမ်းပေါ်သို့ ထိုးတင်ပေးလိုက်၏။ သူ ကူညီမည့်သာ ကူညီသည်။ ရှန့်ရှောင်ဖုန်းက သူ့ဘာသာ ထိန်းသိမ်းနိုင်သည်။ ထို့နောက် အဘိုးအိုက ခါးကိုင်းကိုင်းဖြင့် ကမ်းပေါ် တက်လာ၏။ သူသည် ဤနေရာများကို အကျွမ်းတဝင်ဟန်တူသည်။

ရှည်လျားသော မြက်ပင်ရှည်ကြီးများ အကြားမှ လူသွားလမ်းကလေးကို တွေ့ရသည်။

"အဲဒီလမ်းကို မှတ်ထားပါ၊ လမ်းအတိုင်းသွားရင် ရှေ့မှာ မြက်ခင်းလွင်ပြင်ကြီး ရှိတယ်၊ မြက်တွေက ဒီလောက် မရှည်တော့ဘူး။ ကတ္တီပါကော်ဇော ခင်းထားသလား အောက်မေ့တယ်၊ သစ်ပင်ချုံနွယ် ဆိုတာ လုံးဝ မရှိဘူး၊ ဓားချင်းယှဉ်ပြိုင်လို့ အကောင်းဆုံးနေရာပါပဲ"

"သူက ဒီနေရာမှာ စောင့်နေမှာလား .... "

"စောင့်ချင်လည်း စောင့်မယ်၊ မင်း အရင်ရောက်လည်း မင်းက စောင့်ပေါ့၊ သူကတော့ သေချာပေါက် လာမှာပါပဲ .... "

"နောက်သုံးရက်မှပေါ့နော် .... "

"လေးရက်မြောက်နေ့မှာပါ၊ သုံးရက်ကတော့ မင်း ကောင်း

ကောင်း အနားယူရမှာပါ .... "

"အခု ကျွန်တော် ဘာလုပ်ရမှာလဲ .... "

"ဟောဒီလက်ဝဲဘက်မှာ လမ်းကလေးတွေ့လား၊ အဲဒီ လမ်း အတိုင်း လိုက်သွားပါ၊ တော်အုပ်ကလေးတစ်အုပ် တွေ့လိမ့်မယ်၊ တော အုပ်ရဲ့ အစွန်းမှာ အရက်ဆိုင်တစ်ဆိုင် ရှိတယ်၊ ဒီအရက်ဆိုင်ဟာ လူ မပြတ်ပါဘူး၊ အမဲလိုက်တဲ့လူတွေ၊ မြို့ထဲက အပျော်အပါးလာတဲ့လူ တွေနဲ့ ပြည့်နေတတ်တယ်၊ အဲဒီမှာ မင်း သုံးရက်လောက် ကောင်း ကောင်း အနားယူပါ၊ လေးရက်မြောက်နေ့မှာ ငါပြောတဲ့ မြက်ခင်းပြင် ကို သွားလိုက်ပေါ့၊ သိပ်မဝေးလှပါဘူး .... "

"အချိန်ကကော .... "

"အချိန်က လထွက်ချိန်ပေါ့၊ လဝန်းကြီး ထွက်လာချိန်ပေါ့၊ မင်းတို့လို လူမျိုးတွေအတွက် အဲဒီ လရောင်ဟာ ကောင်းကောင်းကြီး လုံလောက်ပါတယ် .... "

"လုံလောက်ပါတယ် .... "

"ခင်ဗျား သတ်စေချင်တဲ့လူ ဖြစ်မှာကော သေချာရဲ့လား"

"မင်း အန္တရာယ် အငွေ့အသက် ခံစားရရင် အဲဒီလူဖြစ်တာ သေချာပါပြီ၊ နောက်ပြီး ဒီလိုလထွက်ချိန်မှာ ဘယ်သူမှလည်း တိုက် တိုက်ဆိုင်ဆိုင် ထွက်လာမှာ မဟုတ်ပါဘူး၊ ဒီနေရာက လူသူမနီးတဲ့ နေရာပဲ .... "

လာပြန်ပြီ၊ အန္တရာယ် အငွေ့အသက်။ ရှန့်ရှောင်ဖုန်း တွေးနေ စဉ် အဘိုးအိုက ဆက်ပြောလေ၏။

"ထို့နည်းတူ သူဟာလည်း မင်းရဲ့ အန္တရာယ် အငွေ့အသက် ကို ခံစားမိမှာပါ၊ ဘာကြောင့်လဲဆိုတော့ မင်းဟာ သိုင်းလောကရဲ့



တေးဘုရင် ရှန့်ရှောင်ဖုန်း ဖြစ်နေလို့ပါပဲ .... "

"သူက ကျွန်တော့်အငွေ့အသက်ကို ခံစားနိုင်ပါ့မလား"

"စိတ်ချပါ၊ ခံစားနိုင်ပါတယ်၊ အဲဒီလိုလူမျိုး ဖြစ်နေလို့ ငါ နောက်ဆုတ်နေခဲ့တာပါ၊ သူ့ကိုတွေ့တာနဲ့ မင်း သူ့ကို သတ်ပေတော့၊ မသတ်ရင် .... "

"မသတ်ရင် ဘာဖြစ်မလဲ .... "

"သူက မင်းကို သတ်မှာပေါ့ .... "

"ခင်ဗျားက ဘာကြောင့် ဒီလောက် အသေအချာကြီး ပြော နိုင်ရတာလဲ၊ သူ ဒီလို မုချလာရမယ်လို့ ခင်ဗျားက ဘာကြောင့် ခိုင်ခိုင် မာမာကြီး ပြောနိုင်ရတာလဲ .... "

"ဟား .... ဟား .... ဟား .... ရှင်းရှင်းကလေးကို မင်းက ရှုပ်အောင် လုပ်နေပြန်ပြီ၊ သူနဲ့ ငါ ချိန်းထားလို့ပေါ့၊ အသေအချာ ချိန်း ထားလို့ပေါ့၊ မင်း မကူညီရင် အဲဒီနေ့မှာ ငါ သွားရမယ်၊ ငါ သူ့ဓား အောက်မှာ သေရမှာပဲ .... "

"ခင်ဗျား မဟုတ်ဘဲ ကျုပ်ဖြစ်နေရင် စိတ်ပြောင်းသွားမှာ လား .... "

"ငါ ပြောပါပကော၊ မင်းကို လွှတ်လိုက်ကတည်းက သူဟာ အန္တရာယ်အငွေ့အသက်ကို ခံစားရမယ်၊ မင်းဟာ အန္တရာယ်ကောင်ပဲ ဆိုတာ သူ ချက်ချင်း ရိပ်မိမယ်၊ မင်းကို မတိုက်ခိုက်ဘဲ သူ ရှောင်သွား မယ်လို့ ထင်သလား .... "

"အင်း .... ဖြစ်ရမှာပါ .... "

"ဖြစ်ကို ဖြစ်ရမှာပါ .... "

ထိုစကားကြောင့် ရှန့်ရှောင်ဖုန်း ထိတ်လန့်သွား၏။ အဘယ်

ကြောင့် ဤသို့ ဖြစ်သွားသည်ကို သူ မသိပေ။ ထို့ကြောင့် အဘိုးအိုကို ရုတ်တရက် ကြည့်လိုက်မိ၏။ အဘိုးအို၏ မျက်လုံးထဲ၌ ထူးဆန်းသော အရိပ်အယောင်များ ထိခိုက်ကြေကွဲနေသော အရိပ်အယောင်များကို ရုတ်တရက် တွေ့လိုက်ရ၏။ သို့သော် တစ်ခဏမျှသာ မကြာမီ ပျောက်သွားသည်။ အဘိုးအိုက တီးတိုးပြောသည်။

"ဒါဟာ ကံကြမ္မာပါ၊ ရှောင်လွှဲ၍မရသော ကံကြမ္မာပါ ...."

ထိုစကားကိုပြောလိုက်သည့် လေသံကလည်း ထူးခြားလှပါသည်။ ချောက်ကမ်းပါးမှ ခုန်ချခါနီး လူတစ်ယောက်က ပြောလိုက်သည့် အသံမျိုးလို ဖြစ်နေပါသည်။

ရှန့်ရှောင်ဖုန်းမှာ စိတ်များ နှောက်ကျို ရှုပ်ထွေးလာ၏။ အမြဲတမ်းရှိသော သတိများသည် တစ်ခါတစ်ရံ ပျောက်ကွယ်သွားပြီး တစ်ခါတစ်ရံ ပြန်ပေါ်လာသည်။ သို့သော် အဘိုးအိုထံမှ အခြားသော အရိပ်လက္ခဏာမျိုး။ ထိုကိစ္စကို သံသယဝင်သည်မှာ ရှုးခြင်းတစ်မျိုးဟာ ရှန့်ရှောင်ဖုန်း တွေးပါသည်။

သူ့အသက်ကို ကယ်တင်ခဲ့သော အဘိုးအိုသည် အဘယ်လျှင် သူ့ကို သတ်ပါမည်နည်း။ စကတည်းက မကယ်လျှင်လည်း ရှိမည်။ ဓိစိတ်ကုသစဉ်က ချက်ချင်းသေအောင် သတ်လျှင်လည်း သတ်မည်။ ယခုအခြေအနေမှာတော့ သူ့အား အန္တရာယ်ပေးမည် မထင်ပါ။

"ဟင်း ...."

ရှန့်ရှောင်ဖုန်းက သက်ပြင်းရှည်ကြီး ချလိုက်မိလေ၏။ ထိုအခါ အဘိုးအိုက ....

"ဘာလဲ မင်း ငါနဲ့ အလဲအလှယ် ကတိပေးခဲ့တာကို နောင်တရနေပြီလား၊ စိတ်ပျက်သွားပြီလား ...."



ရှန့်ရှောင်ဖုန်း ခေါင်းယမ်းလိုက်၏။

"ကျွန်တော် ကတိမဖျက်ပါဘူး၊ နောင်တလည်း မရပါဘူး၊ စိတ်တွေ ထူးထူးခြားခြား နှောက်ကျိုလာလို့ပါ ...."

"ဒါဟာ ခွဲစိတ်ထားလို့ စိတ်ခံစားမှုတွေ ပြောင်းလဲလာခြင်း ဖြစ်ပါလိမ့်မယ် ...."

"အဲဒီလို ဖြစ်လာတာလားတော့ မသိပါဘူး ...."

"ဒါမျိုး ဖြစ်တတ်ပါတယ် .... လူကောင်းတွေမှာတောင် ထူးခြားတဲ့ စိတ်ခံစားပုံတွေ ဖြစ်ပေါ်တတ်တာပဲဥစ္စာ ...."

"ဆရာကြီးကော ဒီလို ခံစားနေရလို့လား ...."

"ကံကြမ္မာရဲ့ လမ်းဆုံးကို တွေ့ခါနီးလူဟာ ဘယ်မှာခံစားမှု မပေါ်ဘဲ ရှိပါ့မလဲ ...."

ရှန့်ရှောင်ဖုန်းသည် အဘိုးအို၏ မျက်နှာကို သေချာစွာ ကြည့်လိုက်၏။ အိုမင်းရင့်ရော်သည်မှအပ ကံကြမ္မာဆိုး အရိပ်ထိုးနေသည်ဟု မထင်မြင်မိပါ။ အဘယ်ကြောင့် ဤအဘိုးအိုသည် ကံကြမ္မာကိုချည်း တဖွဖွ ရေရွတ်နေရပါသနည်း။

ဤအဘိုးအို၌ ဖော်၍ ပြောမပြနိုင်လောက်သည့် အတိတ်ဝေဒနာတစ်ခုခု ရှိခဲ့ပါသလော။ ဇနီးရှူး၊ သမီးကန်းခဲ့ရသည့် ဆရာကြီးမှာ ဤအဘိုးအိုပင် ဖြစ်နေပါသလော။ ဤအဖြစ်များကို သေသေချာချာ မေးမြန်း၍ မဖြစ်ပါ။ မေးမြန်းလျှင်လည်း အဘိုးအိုက ဖြေမည်မထင်ပါ။

သူသည် ယခုတိုင် အဘိုးအို၏ နာမည်ကို မမေးခဲ့သေးပါ။ နာမည်ကိုတောင် ဤအဘိုးအို ဖြေကောင်းမှ ဖြေပေလိမ့်မည်။ မည်သို့သော အကြောင်းများရှိနေသည်ဖြစ်စေ၊ ဤအဘိုးအိုသည် အသက်သခင် ကျေးဇူးရှင်ကား ကျေးဇူးရှင်သာ ဖြစ်ပါလေ၏။

"ကဲ .... မင်း သွားနိုင်ပါပြီ .... "

"ကျွန်တော် သွားရတော့မယ်၊ ဟုတ်လား .... "

"ကတိကဝတ်တွေ ပြီးစီးသွားပြီပဲ .... "

"ကျွန်တော်တို့ မိတ်ဆွေ အပေါင်းအသင်း မဖြစ်နိုင်တော့ဘူးလား .... "

"မဖြစ်နိုင်ပါဘူး .... "

"ဘာကြောင့်လဲဗျာ .... "

ရှန်ရှောင်ဖုန်းက ဝမ်းပန်းတနည်း မေးလိုက်၏။

အဘိုးအို အေးစက်စွာ ဖြေသည်။

"တချို့လူတွေဟာ မိတ်ဆွေအဖြစ် ပေါင်းသင်းလို့ မသင့်တဲ့ လူတွေ ဖြစ်လို့ပဲ .... "

ရှန်ရှောင်ဖုန်းက တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏။

"ခင်ဗျားမှာ မိတ်ဆွေမရှိဘူးလား .... "

"မရှိဘူး .... "

"မိတ်ဆွေ မရှာခဲ့ဘူးဆိုပါတော့ .... "

"ငါ ပြောပြီးပါပြကော၊ ကဲ .... ငါ မေးစမ်းပါရစေဦး၊ မင်းဆီမှာကော၊ မိတ်ဆွေဆိုတဲ့လူ ဘယ်နှစ်ယောက် ရှိခဲ့လို့လဲ .... "

ရှန်ရှောင်ဖုန်းသည် အပြေးအလွှား စဉ်းစားရာ သိုင်းလောက၌ မိတ်ဆွေစာရင်းပေါက်သူ တစ်ယောက်မျှ မရှိခဲ့ချေ။ သာမန်အရပ်သားထဲမှ လောင်မြောင်နှင့် ဝါးဝါးတို့ မောင်နှမသာ ရှိသည်။ ရှိသည်ဆိုလျှင် တော်သေးသည်ပေါ့။

"အရပ်သား မိတ်ဆွေတော့ ရှိခဲ့ဖူးပါတယ် .... "



"သိုင်းလောကမှာရော .... "

"တစ်ယောက်မှ မရှိပါဘူး .... "

"ငါ ကြားဖူးတယ်၊ ယန်ဆယ်စန်းဆိုတာလည်း မိတ်ဆွေ တစ်ယောက်မှ မထားဘူးတဲ့ .... "

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ကြားဖူးပါတယ် .... "

"ဒီတော့ ငါ့မှာ မိတ်ဆွေမရှိတာ ဘာများဆန်းလို့လဲ .... "

ရှန်ရှောင်ဖုန်း ပါးစပ်ပိတ်သွားလေ၏။

အကယ်၍ သူသည် အားကျိဘဝသို့ မရောက်လျှင် လောင်မြောင်တို့ မိသားစုနှင့် မိတ်ဆွေဖြစ်မည် မဟုတ်ချေ။

အဘိုးအိုက ဆက်ပြော၏။

"မိတ်ဆွေမရှိတာဟာ မကောင်းဘူး၊ မိတ်ဆွေရှိမှ ကောင်းတယ်ဆိုတဲ့ အယူအဆကို မင်း သိတယ် မဟုတ်လား .... "

"သိပါတယ် .... "

"ဒီ အယူအဆဟာ အထီးကျန်တွေအတွက် ဘာမှမလိုပါဘူး၊ အသိုင်းအဝိုင်းနဲ့နေတဲ့ လူတွေအတွက်လည်း လိုအပ်ပါတယ်၊ မိတ်ဆွေကို အတင်းအကျပ် ရှာနေဖို့ မလို၊ ရန်သူကိုလည်း အတင်းအကျပ် ရှာနေဖို့ မလိုဘူး .... "

"မိတ်ဆွေဟာ အလိုအလျောက် မလာပါဘူး၊ ရန်သူကတော့ အလိုအလျောက် ရောက်လာတတ်ပါတယ် .... "

"မင်း စိတ်ထင်လို့ပါ .... ကိုယ်က ဘာမှ မရှာရင် ဘာမှ မတွေ့ပါဘူး၊ ကိုယ်က ရှာရင် အကုန်တွေ့ပါတယ် .... "

အဘိုးအိုသည် လေးနက်စွာ ဆက်ပြော၏။

"ကံကြမ္မာဆိုတာ မွေးကတည်းက နဖူးမှာ မမြင်ရတဲ့ ဆေး

မင်းနဲ့ ရေးထိုးပါလာတာပါ။ ကံကြမ္မာ အတိုင်းသာလိုက်၊ သက်သာတယ်၊ ကံကြမ္မာကို ဆန့်ကျင်တဲ့လူဟာ ပိုပြီး ကိခိုက်နစ်နာတတ်ပါတယ်"

အဘိုးအို၏ မျက်လုံးများ လွန်စွာ အရောင်တောက်လာပြီး

"ဒါဟာ ဘဝအတွေ့အကြုံတွေထဲက ကောက်နုတ်ချက်ပဲ၊ မင်းအတွက် အကျိုးယုတ်စရာ ရှိမယ် မထင်ပါဘူး .... "

"မရှိပါဘူး .... "

အဘိုးအိုသည် ရှန့်ရှောင်ဖုန်းကို ထားပစ်ခဲ့ကာ လှေကားပေါ်သို့ ပြန်တက်သွား၏။ ခါးကုန်းကုန်း အဘိုးအိုသည် ခိုင်မြဲသော ခြေထောက်များကိုတော့ ပိုင်ဆိုင်နေသေးကြောင်း ရှန့်ရှောင်ဖုန်း သတိပြုမိသည်။

အဘိုးအိုက လှေပေါ်မှ လှမ်းပြော၏။

"ကဲ .... မင်းနဲ့ ငါ ခွဲကြစို့ .... မင်း ငါ ပြောသလို နှစ်ရက်သုံးရက်လောက် ကောင်းကောင်း အနားယူပါ၊ ဘာကြောင့်လဲဆိုတော့ ဟိုလူဟာ မင်းတွေ့ဖူးသမျှ ရန်သူတွေထဲမှာ အင်အားအကြီးမားဆုံး ဖြစ်လိမ့်မယ်လို့ ငါ ယုံကြည်လို့ပါပဲ၊ အတော်မှုံး သိုင်းသမားဖြစ်ပေမယ့်လည်း အလှေအကျင့် ပြတ်တောက်သွားတာနဲ့ ပစ်မှတ်ကို လွဲချော်တတ်သလို ပေါ့ပေါ့ဆဆ နေမိတဲ့အတွက် မင်း ဒုက္ခရောက်မှာ စိုးရိမ်လို့ပါပဲ .... "

ရှန့်ရှောင်ဖုန်းမှာ ထိုစကားကို ကြားလိုက်ရသောအခါ မျက်ရည်လည်မတတ် ဖြစ်သွားရသည်။ ဤသို့သော စေတနာ မေတ္တာမျိုးကို အဘယ်သူက မိမိအား ပေးအပ်နိုင်ပါမည်နည်း။ ထို့ကြောင့် သူ ရိုသေစွာ ဂါရဝပြု ဦးညွတ်လိုက်မိလေ၏။

"ကျွန်တော့်အတွက် နောက်ထပ် ဘာများ လိုအပ်ပါသေး



သလဲဗျာ .... "

ရှန့်ရှောင်ဖုန်းက မေးလိုက်၏။

"မင်းအတွက် နောက်ထပ် လိုအပ်တာကတော့ အလွန့်အလွန်ကောင်းတဲ့ ဓားတစ်လက်ပါပဲ .... "

အဘိုးအိုသည် စကားဆုံးသည်နှင့် လှေကို ကမ်းမှ ခွာသွားလေတော့၏။

## အခန်း (၁၁)

## အချိန်စောင့်သူ

ရှန့်ရှောင်ဖုန်းသည် ကမ်းစပ်မှနေ၍ အဘိုးအိုကို ငေးမျှော်ကြည့်နေမိ၏။ အဘိုးအိုသည် သည်တစ်ကြိမ်တော့ လှေကို လော်ခက်သွား၏။ ဖြည်းဖြည်းနှင့် မှန်မှန် လော်ခက်သွားခြင်း ဖြစ်သော်လည်း ရေစုန်ဖြစ်၍ သူ့ မြင်ကွင်းထဲမှ လျှင်မြန်စွာ ပျောက်ကွယ်သွားတော့သည်။

ရှန့်ရှောင်ဖုန်းသည် ထူးဆန်းသော အဘိုးအိုကို ငေးကြည့်နေရာမှ လူသွားလမ်းကလေးဘက်သို့ ခန္ဓာကိုယ်ကို လှည့်လိုက်၏။ သူ့အနေဖြင့် လမ်းညွှန်ခဲ့သည့် အရက်ဆိုင်သို့သာ ရောက်လိုနေတော့သည်။

ရှန့်ရှောင်ဖုန်းဆိုသည့် ရှန့်ရှောင်ဖုန်းမှာ အရက်ဆိုင်ရှိရာအရပ်သို့ ဦးလှည့်လိုက်သည်နှင့် အရက်အကြောင်းကို စတင် တွေးတောလေတော့၏။ သူသည် လက်ဝဲဘက် လူသွားလမ်းကြောင်းအတိုင်း ဖြည်းညင်းစွာ လမ်းလျှောက်သွားတော့။



သူသည် လမ်းလျှောက်ရင်း သူ့ ခန္ဓာကိုယ်ကို ပြန်လည်ဆန်းစစ်လာ၏။ ဝမ်းဟာနေသည်မှအပ ထူးထူးခြားခြား နာကျင်မှု မခံစားရကြောင်း တွေ့ရှိ သတိပြုမိသဖြင့် လွန်စွာဝမ်းသာသသည်။

သူ့ကို အသက်ရှင်စေလိုသော်လည်း သူ့ကိုယ်သူ တာဝန်ပျက်ကွက်သည်ဟု ယူဆပြီး သူ့ကိုယ်သူ အဆုံးစီရင်ခဲ့သော ကျန်ချွမ်ရှယ်အတွက်ပင် စိတ်မကောင်း ဖြစ်လိုက်မိသေးသည်။ ကျန်ချွမ်ရှယ်သည် သူ့ကို အတော်ကလေး ကြည်ညိုရှိသေကြောင်း ရှန့်ရှောင်ဖုန်း သိသည်။

ကျန်ချွမ်ရှယ်အကြောင်း တွေးနေရာမှ သူနှင့် ပြိုင်ရမည့် သက်ဝမ်းတစ်လျှောက် ဓားသိုင်းယှဉ်ပြိုင်ရာတွင် သူ့ကိုယ်သူ အမြဲတမ်းယုံကြည်မှုရှိခဲ့သလို ရန်သူကိုလည်း မည်သည့်အခါမျှ အထင်မသေးခဲ့ချေ။

သို့သော် ယခု အဘိုးအိုပြောသည့် စကားများအရတော့ ယခုရန်သူကို အထင်ကြီးရမလို ဖြစ်နေပေသည်။

သို့သော် ရှန့်ရှောင်ဖုန်းသည် သူ့ရန်သူကို ရေးရေးကလေးတော့ ခန့်မှန်းနိုင်စွမ်း ရှိပါသည်။ အပေါ်ယံကြောကလေးတော့ ခန့်မှန်း၍ ရပါသည်။

ကျား၊ ကျားသစ်၊ ခြင်္သေ့ အစရှိသော သားရဲတိရစ္ဆာန်များသည် အခြား ကျား၊ ကျားသစ်၊ ခြင်္သေ့ အစရှိသေ. တိရစ္ဆာန်များ၏ နောက်ယောင်ခံနိုင်စွမ်း ရှိကြပါသည်။ ထိုသတ္တဝါများ၏ တည်နေရာ နေရာမှန် စသည်တို့ကို မှန်ကန်စွာ အာရုံခံစားနိုင်ကြပါသည်။

အဘယ်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော် သူတို့သည် မျိုးတူသဏ္ဌာဝါများ ဖြစ်နေသောကြောင့်ပင်။ သူတို့လို အခြား သားရဲမျိုးမှ မဟုတ်လျှင် သူတို့

အား ဝါးမျိုတိုက်ခိုက်နိုင်စွမ်း ရှိကြမည်လည်း မဟုတ်ပါ။

ထို့အတူ သူတို့လို အခြားသော သားရဲတိရစ္ဆာန်များက နီးနီးကပ်ကပ် နေထိုင်ဝံ့ခြင်းလည်း မရှိကြပါချေ။ ခက်ကာက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်သော မြေခွေးမျိုးနှင့် အနီးကပ် မနေဝံ့ကြပါချေ။

ထို့ထက် ပိုထူးသည်မှာ ထို ကျား၊ ကျားသစ်၊ ခြင်္သေ့တို့သည်ပင် သူတို့ မျိုးတူသတ္တဝါချင်း ခပ်ကင်းကင်း နေထိုင်တတ်ကြခြင်းပင်တည်း။

ရှန့်ရှောင်ဖုန်းသည် တစ်ယောက်တည်း လမ်းလျှောက်ရင်း ကရွက်ကင်းလျှောက် အတောမသတ်အောင် စဉ်းစားလာခဲ့ပေသည်။

"ငါ မေးစမ်းပါရစေဦး၊ မင်းဆီမှာကော မိတ်ဆွေဆိုတဲ့ လူဘယ်နှစ်ယောက် ရှိခဲ့ဖူးလို့လဲ .... "

အဘိုးအို၏ အသံများကို နားထဲပြန်ကြားယောင်လာ၏။ မိမိ၌ မိတ်ဆွေ ဘယ်နှစ်ယောက် ရှိခဲ့သနည်း။ သိုင်းလောက၌ လောက်လောက်လားလား ဟူ၍လည်း တစ်ယောက်မျှ မရှိခဲ့ဘူးပါချေ။

ထန်နိုင်ချန်း ရှိခဲ့ဖူးသည်။ လောင်မြှောင်တို့ မောင်နှမရှိခဲ့ဖူး၏။ မုယုံချူးထိ ရှိခဲ့ဖူးသည်။ မည်သူ့ကိုမျှ နှစ်ကာလရှည်ကြာစွာ ပေါင်းသင်းခဲ့သည်တော့ မဟုတ်ပေ။

သူက သူတစ်ပါးအပေါ် အမှားအယွင်း ပြုခဲ့ခြင်းလော။ သူတစ်ပါးက သူ့အပေါ် အမှားအယွင်း ပြုခဲ့ခြင်းလော။ အတော် စဉ်းစားရခက်သည့် ပြဿနာပါပေ။ သူ ဆက်မတွေးဝံ့တော့ပေ။ ခါးသီးသော အရသာသည် တစ်ကိုယ်လုံး ပျံ့နှံ့လာသဖြင့် အတွေးစကို ဖြတ်တောက်ရန် ကြိုးစားသည်။

သူသည် ချိန်းဆိုချက်တစ်ခုကို ဖျက်ပစ်ခဲ့၏။ သူသည် သူ



အား စိန်ခေါ်လာသူ မှန်သမျှကို လက်ခံရန် အသင့်ရှိသည်။ သူ ကြောက်သူဟု မရှိခဲ့ချေ။ အချို့ လူများကသာ သူ့ကို ကြောက်ကြရပါသည်။

သူ သတင်းကြားထားရသမျှ သူ့လိုပင် ပြိုင်ဘက်မှန်သမျှကို အနိုင်ယူခဲ့သော ဓားသမား ရှိနေကြောင်းကို သူ သိလာသည်။ သူ့လိုပင် ဟိန်းထွက်အောင် ကြောက်လန့်အောင် လုပ်နိုင်သော လူတစ်ယောက် ဖြစ်ကြောင်း သူ သိနေ၏။

"သား .... မင်းဟာ တကယ့်ကို ကျော်ကြားတဲ့ ဓားသမားပါ၊ မင်းဟာ ပြိုင်ဘက်ကင်းပါ၊ ဒါပေမယ့် တစ်ယောက်သောသူနဲ့ မတွေ့ခင်အထိပေါ့ .... "

"သူ ဘယ်သူလဲ .... "

"သူဟာ မင်းနဲ့ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ တွေ့ရမှာပဲ .... "

"ဖေဖေ .... ကျွန်တော် ဘယ် သိုင်းသမားကိုမှ အထင်မသေးပါဘူး၊ ဒါပေမယ့် ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ပါဘူး .... "

"မင်း သူ့ကိုတော့ ဂရုစိုက်ရမှာပါ၊ သူဟာလည်း မင်းလို နာမည်ကျော်တဲ့ လူပါပဲ၊ ဒါပေမယ့် သူက မင်းထက်သာတဲ့အချက် ရှိတယ် .... "

"ဘာလဲ ဖေဖေ .... "

"သူဟာ သူ့ ပြိုင်ဘက်တိုင်းကို မသတ်ဖြတ်ခဲ့ဘူး .... "

ထိုစကားများကို ရှန့်ရှောင်ဖုန်းသည် ရှန့်ဂေဟာထဲ၌ သူ့ ဖခင်၌ သူ့ ဖခင်နှင့် အပြန်အလှန် ပြောဆိုခဲ့ခြင်း ဖြစ်၏။ သူ့ချွတ်ယွင်းချက်ကို ဖခင်က ချက်ကျလက်ကျ ထိုးညွှန်ပြခဲ့သဖြင့် သူသည် စိတ်ဆိုး

မာန်ဆိုးဖြစ်ကာ ရှန့်ဂေဟာမှ ထွက်ခွာခဲ့၏။ အားကိုးအဖြစ် ဘဝပြောင်းလဲခဲ့ရ၏။ ယခု ရှန့်ရှောင်ဖုန်း ပြန်ဖြစ်လာသောအခါ သူ့ အသည်းနှလုံးထဲ၌ စွဲနေသော ရန်သူသည် ပြန်ပေါ်လာပြန်၏။

ယန်ဆယ်စန်း ....

တစ်ကိုယ်တော် ဓားသမား ယန်ဆယ်စန်း။

ဖခင်ဖြစ်သူ ရှန့်ကျန်ဂေဟာ သခင်ကြီး ရှန့်ဟွန်စန်းက ရှန့်ရှောင်ဖုန်းနှင့် ယန်ဆယ်စန်းတို့သည် တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာတွင် မုချ တွေ့ဆုံရမည်ဟု ဆုခဲ့ပေသည်။

သူတို့နှစ်ယောက်တွေ့လျှင် တစ်ဦး၏ သွေးသည် တစ်ဦး၏ ဓား၌ စွန်းပေ သွားပါမည်။ နှစ်ဦးစလုံး၏ ဓား၌ သွေးများ စွန်းပေလျှင်လည်း စွန်းပေလိမ့်မည်။

ယခု မိမိသည် ယန်ဆယ်စန်းနှင့် မတွေ့ရသေးမီ အလွန်ထက်ထက်မြက်မြက် ရှိမည်ဟု ခန့်မှန်းရသော သိုင်းသမားတစ်ယောက်နှင့် တွေ့ရပါတော့မည်။

အဘိုးအို၏ အဆိုအရ ထိုလူမှာ မိမိထက် အပြတ်အလတ်ညံ့သူ မဟုတ်ဘဲ အဆင်မသင့်လျှင် မိမိက သတိမထားလျှင် မိမိပင် သေနိုင်စေသူဖြစ်ကြောင်း ရိပ်မိသိရှိခဲ့ရပါသည်။

မိမိသည် ယန်ဆယ်စန်းနှင့် တွေ့သည့် အချိန်အထိ အသက်နှင့် ခန္ဓာကိုယ် မြဲနေပါဦးမည်လော။

ရှန့်ရှောင်ဖုန်းသည် အတွေးစများကို ဖြတ်တောက်လိုက်ပြီး တောတန်းအရက်ဆိုင်ဆီသို့ အသော့နှင်လေတော့၏။



ပွေးသုံးကောင် အရက်ဆိုင်။

မြို့ကြီးပြကြီးများ၌ ရွှေနဂါးဆိုင်၊ ရွှေခြသေ့်ဆိုင် အစရှိသည့် နာမည်များကို ရွှေစာလုံးကြီးများဖြင့် ခမ်းခမ်းနားနား ဆိုင်းဘုတ်တင်သည်များကို အားကျလေသည်လား မသိ။ ဤတောစခန်း အရက်ဆိုင်ကလေး၌လည်း ခနော်နီခနော်နဲ့ ဆိုင်းဘုတ်ကလေးကို တင်ထားလေ၏။

တောစခန်းဖြစ်သည်နှင့် လျော်ညီစွာပင် နာမည်ပေးထားသည်က ပွေးသုံးကောင်တဲ့။

တောစခန်းအရက်ဆိုင်ကလေး ဖြစ်သော်လည်းအချက်အချာကျသော နေရာဖြစ်၍ လူသူ ပြတ်လပ်သည်တော့ မရှိပါပေ။ အနည်းနှင့်အများသာ ကွာခြားပါသည်။

ပျော်မြူးချင်သူများ၊ ပင်ပန်းနွမ်းနယ်သူများအတွက် အရက်သည် လိုအပ်ပါသည်။ မည်သူမျှ တစ်လစာ အရက်များကို မသယ်ယူနိုင်ပါ။ ထို့ကြောင့် အရက်သောက်တတ်သူသည် အရက်ဆိုင်ကို ရှာရပါသည်။ ယခု အရက်ဆိုင်သည် အသင့်ရှိနေပါလေပြီ။

ရှန့်ရှောင်ဖုန်းသည် ပွေးသုံးကောင် တောစခန်း အရက်ဆိုင်ကို လွယ်လွယ်ကူကူပင် ရှာဖွေ တွေ့ရှိပါသည်။ ရှန့်ရှောင်ဖုန်းရောက်ရှိချိန်တွင် အရက်သောက်မည့်သူ၊ အစားအစာ စားမည့်သူ တစ်ဦးတစ်ယောက်မျှ ရှိမနေပါချေ။

ဆိုင်ရှင်လင်မယားနှစ်ဦးနှင့် အလုပ်သမား နှစ်ဦးသာရှိသော ဆိုင်ကလေးသည် ရှန့်ရှောင်ဖုန်းအား ပျူပျူငှာငှာပင် ဆီးကြိုနှုတ်ဆက်ကြသည်။

ဆိုင်ရှင်ယောကျ်ားမှာ ဝဝဖိုင့်ဖိုင့် အဘိုးကြီးဖြစ်၍ သူ့ဇနီးမှာ လွန်စွာ ငယ်ရွယ်နုပျိုနေသူ ဖြစ်သည်။ မည်သို့မျှ လိုက်ဘက်ခြင်း မရှိသော လင်မယား ဖြစ်နေပေသည်။

မိန်းကလေး၏ မျက်လုံးအစုံသည် ကျဉ်းခြင်း၊ မှေးခြင်းလုံးဝ မရှိဘဲ သမင်မျက်လုံးကဲ့သို့ ပြူးကျယ် ဝိုင်းစက်လှပနေသည်။ ခန္ဓာကိုယ်ကလည်း အဖုအထစ်၊ အမို့အမောက် အရှိက်အဝန်းတို့ဖြင့် ပုရိသယောကျ်ားများ ငေးလောက်သည့် ခန္ဓာကိုယ်မျိုး ဖြစ်နေသည်။ ဖူးစာရေးနတ်က အလွန့်အလွန် အဆင်မပြေစွာ တွဲဘက်ပေါင်းစပ်ပေးထားသော အတွဲပါပေ။

သည်မိန်းကလေးသည် လှပသလောက် လုံးဝ ဖျက်လတ်သွက်လက်မှု မရှိသော မိန်းကလေး ဖြစ်နေသည်။ သူ့မျက်လုံးဝိုင်းကြီးများသည် ဆိုင်ပြင်သို့ ငေးနေတတ်ပြီး မည်သည့်အရာကို မျှော်တွေးနေမှန်း မသိ။ မျှော်တွေးနေတတ်ပေသည်။

သူမ၏ စိတ်ကူးထဲတွင်မူ မြင်းဖြူသခင် ရွှေမင်းသားလေးသည် သူ့အား ဤခြောက်သွေ့ ပျင်းရိဖွယ် အကျဉ်းထောင်မှ သယ်ဆောင်ခေါ်သွားလိမ့်မည်ဟု တွေးတော မျှော်လင့်နေသည်လားတော့ မပြောတတ်နိုင်ပါ။

ခုံ ႁႂႊ လူဝကြီးကား ဆိုင်ထဲ၌ လူရှင်းသည်နှင့် တစ်ခေါခေါဟောက်ကာ အိပ်ပျော်သွားတတ်သည်။ သူသည် ဆိုင်ရှင် ဖြစ်နေသော်လည်း သူ့ဆိုင်သည် သူနှင့် လုံးဝ မပတ်သက်သယောင် ဖြစ်နေပေသည်။

ဤဆိုင်ထဲတွင် ဆိုင်ရှင်နှစ်ယောက်က ပျင်းရိငြီးငွေ့နေသလောက် အလုပ်သမားနှစ်ယောက်က တက်တက်ကြွကြွနှင့် လွန်စွာ လှုံ့လဝီရိယရှိနေ၏။ ထိုနှစ်ယောက်မှာ ငယ်ရွယ်သော လူနှစ်ယောက်



ဖြစ်ပြီး သူတို့၏ ဘဝကို ဤလိုဆိုင်ငယ်မျိုးလေးထဲ၌ နစ်မြုပ်သင့်သည် မဟုတ်ပေ။ သို့သော် ထိုအလုပ်သမား လူငယ်နှစ်ယောက်သည် မိခင်က နို့စို့သားငယ်ကို ဂရုစိုက်သကဲ့သို့ ဆိုင်၏ ဗာဟီရကိစ္စ အဝဝကို လွန်စွာ ဂရုစိုက်လုပ်ဆောင်နေကြ၏။

တစ်ယောက်က ကြော်လှော်ချက်ပြုတ်လျှင် တစ်ယောက်က စားပွဲထိုးလုပ်သည်။ လူကျလာလျှင် ဆိုင်ရှင်ကတော်ကပါ စားပွဲထိုးအဖြစ် တာဝန်ယူလုပ်ဆောင်သည်။

တကယ်တော့ ဤလူငယ်နှစ်ဦး မပင်မပန်း မညည်းမညူ မနားတမ်း လုပ်ကိုင်နိုင်ခြင်းတို့မှာ ငယ်ရွယ်လှသော ဆိုင်ရှင်ကတော်ကြောင့်သာဖြစ်ကြောင်း ဤဆိုင်ထဲ တစ်နာရီ ထိုင်ကြည့်ရုံဖြင့် သိနိုင်ပေသည်။

ထိုသို့ အကဲခတ်သူသည် ထိုအလုပ်သမားနှစ်ယောက် ရရှိသည့်လုပ်ခကြေးငွေကို သိရှိလျှင် ပို၍ပင် အံ့သြသွားပေမည်။ အဘယ်ကြောင့်ဆိုသော် သူတို့ရရှိထားသည့် လုပ်ခကြေးငွေမှာ လွန်စွာနည်းပါးလှသောကြောင့်ပေတည်း။

ဆိုင်ရှင် လူဝကြီးက ခေါ်နိုင်းလျှင် နေးကွေး လေးလံလှသလောက် ဆိုင်ရှင်ကတော် မိန်းမလှလေးက ခေါ်နိုင်းသည့်အခါတွင်တော့ နတ်မြင်းပျံ မြူးကြွားသည့်အလား ဖေ့ါပါးစွာ အပြေးအလွှားလုပ်ကိုင်ပေးကြသည်မှာ မျက်စိနောက်စရာပင် ဖြစ်နေသည်။ ထို မိန်းကလေး၏ ဆွဲငင်အားက အတော့်ကို ကောင်းလှပါပေ၏။

ရှန့်ရှောင်ဖုန်းသည် ခေတ္တမျှထိုင်ပြီး အကဲခတ်လိုက်ရုံမျှဖြင့် ဆိုင်၏သဘော သဘာဝနှင့် အခြေအနေကို လုံးဝ နားလည် သဘောပေါက်သွားလေ၏။

ရှန့်ရှောင်ဖုန်း၏ စားပွဲပေါ်သို့ အစားအသောက်နှင့် အရက်များကို ချပေးသူမှာ ဆိုင်ရှင်ကတော်ဖြစ်သော လှပသော မိန်းကလေးပင် ဖြစ်လေသည်။ များသောအားဖြင့် လူသူရှင်းလင်းချိန်တွင် ဆိုင်ရှင်ကတော်သည် ဤသို့ စားပွဲထိုးရလေ့ မရှိပါ။ ရှန့်ရှောင်ဖုန်း ရောက်လာချိန်တွင်တော့ သူမသည် အလွန်တရာ တက်ကြွစွာ အစားအသောက်များ အရက်များကို ချပေးပါတော့၏။

မိန်းကလေး ထိုသို့ ပြုလုပ်ပေးသည်ကို ဆိုင်မှ အလုပ်သမားနှစ်ယောက်ကပင် အံ့အားသင့်နေကြပါသည်။ လူရှင်းချိန်တွင် သူမ လုပ်ပေးလေ့မရှိသည်ကို သူတို့ သိရှိထားကြပါသည်။

“ရှင်မှာထားတဲ့ အရက်ထဲမှာ ကျူယဲ့ချင်း အရက်လည်းပါတယ်နော် .... ”

“ပါတယ် .... ”

“အစားအသောက်တွေလည်း ခြောက်မျိုးတောင် .... တစ်ယောက်တည်းနဲ့ ကုန်နိုင်ပါ့မလား .... ”

“ဟင့်အင်း .... ဘယ်ကုန်ပါ့မလဲ၊ ဒါပေမယ့် တို့က ဟင်းခြောက်မျိုးကို နည်းနည်းစီ ရောင်းနိုင်မှာမှ မဟုတ်တာ၊ ငါကလည်း ဟင်းတစ်မျိုးတည်းနဲ့ မစားချင်ဘူး .... ”

“ .... သိပ်ဆာနေသလားဟင် .... ”

“ဆာတယ် .... ငါ နှစ်ရက်တောင် ထမင်း မစားရသေးဘူး”

“ရှင် ပျင်းနေမယ်ဆိုရင် ကျွန်မ အနားက ထိုင်ပေးပါ့မယ်၊ ရှင် သဘောတူတယ်ဆိုရင်ပေါ့ .... ”

ရှန့်ရှောင်ဖုန်းက ရယ်လိုက်ရင်း ....

“မင်းလို မိန်းမလှလေးတစ်ယောက် ကိုယ့်အနားလာထိုင်မှာကို ဘယ်ယောက်ျားက သဘောမကျဘဲ ရှိပါ့မလဲ .... ”

“ခစ် .... ခစ် .... ခစ် .... ”

မိန်းမလှလေး လွန်စွာသဘောကျသွား၏။

သူမသည် ခါးသေးရင်ချီပြီး လှပဝန်းသော တင်သားများ ရှိလေရာ ချပ်ချပ်ရပ်ရပ်ရှိသော ဝတ်စုံကို ဝတ်လိုက်သောအခါ မည်သည့်သကောင့်သားသည် သူမအား ငေးမကြည့်ဘဲ နေနိုင်ပါအံ့နည်း။ သူမက အစားအသောက်များ ချပေးသောအခါ ရှန့်ရှောင်ဖုန်းနှင့် မထိတထိဖြစ်အောင် တမင်ပြုလုပ်ပြီး ချပေးသည်။ ထိုအခါ ရှန့်ရှောင်ဖုန်းမှာ အသက်ရှူမြန်လာပြီး တစ်ကိုယ်လုံးရှိသွေးများ ဆူကြွလာလေတော့၏။

ထို့နောက် သူမသည် သွားချည်လာချည်ဖြင့် ရှန့်ရှောင်ဖုန်းက သူမအား အမြဲမပြတ်ကြည့်နေရန် အမျိုးမျိုး ကိုယ်ဟန်ပြနေလေရာ ရှန့်ရှောင်ဖုန်းမှာ သူဆာလောင်နေပါသည်ဆိုသည့် ထမင်းကို ကောင်းကောင်းမစားနိုင်ဘဲ အရက်ကိုသာ များများသောက်နေမိတော့သည်။

“ရှင်က ဆာတယ်လည်းပြောရဲ့ သိပ်လည်းမစားဘူး .... ”

“အေး .... ဆာလျက်နဲ့ မစားနိုင်အောင် ငါက ဖြစ်နေတာကိုး .... ”

“ရှင့်ကြည့်ရတာ နေမကောင်းသလိုဘဲ .... ”

“နေကောင်းပါတယ်၊ နေကောင်းတာက လွန်ခဲ့တဲ့ နှစ်ရက်လောက်ကပါ .... အခုတော့ ဒေါင်ဒေါင်မြည်ပါပဲ .... ”

“ဒါဖြင့်လည်း စားလေ၊ မစားလို့ ကျန်နေလဲ ရှင့်ကို ပိုက်ဆံတော့ လျှော့ယူမှာတော့ မဟုတ်ဘူးနော် .... ”

ရှန့်ရှောင်ဖုန်းက ရယ်လိုက်၏။

"ကိစ္စမရှိပါဘူးကွာ .... ယူပါ။ ငါကလည်း ပေးနိုင်ပါတယ်"

ရှန့်ရှောင်ဖုန်း မည်သည့်အရာများကို စိတ်ဝင်စားနေသည်ကို သူမ ကောင်းစွာသိပါသည်။ ထိုသို့ သိလေလေ၊ မြူဆွယ်သလိုလို လုပ်နေလေရာ ရှန့်ရှောင်ဖုန်း၏ရင်ထဲ၌ နှလုံးသွေးများ ဆောင့်တိုးလာပါတော့၏။

ရှန့်ရှောင်ဖုန်းသည် မိန်းကလေးများနှင့် ကင်းဝေးနေသည်မှာ အတော်ကြီး ကြာခဲ့ပါပြီ။ ယခုကဲ့သို့ သွေးကြွဖွယ်ရာ မိန်းမလှကလေးများနှင့် တွေ့ရသောအခါ သူ့စိတ်များကို မထိန်းချုပ်နိုင်သည်ကို အပြစ်တင်ဖွယ်ရာ မရှိလှပါ။

နောက်တစ်ချက်မှာ သူသည် သိုင်းလောက၏ ပထမစားသမားဆိုပြီး ဓားသိုင်းပညာကိုသာ တစိုက်မတ်မတ် လေ့ကျင့်နေသူလည်း မဟုတ်ပါ။ ကျော်ကြားခြင်း၊ ကြွယ်ဝချမ်းသာခြင်းတို့ကြောင့် မိန်းမပတ်လည်ဝိုင်းသည့်ဘဝ၌ ပျော်ပါးခဲ့သူဖြစ်၍ ထိုအတွေ့အကြုံမျိုးကို အချိန်အခါအားလျော်စွာ မွတ်သိပ်တောင့်တသူ ဖြစ်နေပါသည်။

ဤအဖြစ်အပျက်မှာ .... ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုးတို့ တွေ့ကြသည့် အဖြစ်မျိုး မဟုတ်ပါချေ။ ရှန့်ရှောင်ဖုန်းအနေဖြင့် မြို့ပေါ်တက်ပြီး သာယာမှု ရှာနိုင်သူဖြစ်သလို မိန်းမလှကလေးမှာလည်း ယောကျ်ားများ ဝိုင်းဝိုင်းလည် မျက်စိကျနိုင်သူ ဖြစ်ပါသည်။ ထို့ကြောင့် သူတို့သည် စိတ်သာယာမှုကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရှာနိုင်သူချည်း ဖြစ်ကြပါသည်။

ဆိုင်ရှင်ကတော်ဖြစ်သည့် မိန်းမလှကလေးမှာ 'ချင်ချင်' ဟု အမည်တွင်ပါသည်။ ချင်ချင်ကို ဆိုင်ရှင်လူဝကြီးက ငွေဖြင့်ဖိပြီး အပိုင်ယူထားခြင်း ဖြစ်ပါသည်။ တကယ်တော့ ဇရာအရွယ်ရောက်နေသော



အဘိုးကြီးများအနေဖြင့် အလွန့်အလွန် ငယ်ရွယ်သည့် မိန်းကလေးမျိုးနှင့် လုံးဝပေါင်းဖက်ရန် မသင့်ပါ။ ပျိုမျစ်ဆူအိသော အသားကို လူကြီးများ မစားသင့်သည့်သဘောမျိုးပင် ဖြစ်ပါသည်။ အကျိုးထက် အဆိုးက များပါသည်။

ရှန့်ရှောင်ဖုန်းသည် အစားအသောက်များကို လက်စသတ်လိုက်ပါသည်။

"မင်းတို့ဆိုင်မှာ ညအိပ်ညနေဌားတဲ့အခန်း မရှိဘူးလား"

မိန်းကလေးက တခစ်ခစ်ရယ်ပြီး ....

"ရှိပါရှင့် .... ဒီလိုတောစခန်းဆိုင်မျိုးမှာ ဒီလိုအိပ်ခန်းမျိုး မရှိလို့ ဘယ်ဖြစ်ပါ့မလဲ .... သိပ်ရှိတာပေါ့ .... "

"ငါ .... ဒီမှာ သုံးရက်လောက် တည်းခိုချင်တယ်"

"သုံးရက်မကလို့ သုံးလပဲတည်းတည်း တည်းခိုလို့ရပါတယ်၊ တည်းခပေးနိုင်ရင် ပြီးတာပဲ .... "

ရှန့်ရှောင်ဖုန်းသည် သူ့အတွင်းအိတ်ထဲမှ လျှံငွေအချို့ကို ထုတ်ပေးလိုက်ပါသည်။ ထိုလျှံငွေသည် သုံးရက်တည်းခိုခနှင့် အစားအသောက်များအတွက် လုံလောက်ပါသည်။

မိန်းမလှကလေးက ခပ်နွဲ့နွဲ့ ထရပ်လိုက်ပြီး ....

"လာလေ .... ကျွန်မက ရှင်နေမယ့်အခန်းကို လိုက်ပြပေးမယ်၊ အရင်ကတော့ ဆိုင်ကအလုပ်သမားတွေကပဲ နေရာချထားပေးလေ့ရှိတာပါ .... ရှင့်ကျတော့ ကျွန်မကိုယ်တိုင်ပဲ နေရာချထားပေးပါ့မယ် .... "

"ကောင်းတယ် .... ဒါ အကောင်းဆုံးပဲ"

ရှန့်ရှောင်ဖုန်းသည် သူမ၏နောက်မှ လိုက်သွား၏။ သူမသည်

တင်းကျပ်သောဝတ်စုံများ ဝတ်ဆင်ထားသည်ဖြစ်ရာ ရှေ့မှ လှုပ်လီလှုပ်လဲ့ လျှောက်လိုက်သောအခါ သူမ၏အလှအပများ အစွမ်းကုန်တုန်ခါလာတော့၏။ ရှန့်ရှောင်ဖုန်းမှာ တစ်ကိုယ်လုံး ပူရှိန်းရှိန်း ဖြစ်လာတော့သည်။

ရှန့်ရှောင်ဖုန်းသည် ကလေးငယ်တစ်ဦး မဟုတ်ပါ။ မ,ကျမ်းကြေနေသော လူရွယ်လူလတ်တစ်ဦး ဖြစ်ပါသည်။

"အဲဒါ .... ရှင်အိပ်ရမယ့် စုတင်ပဲ၊ စောင် ခေါင်းအုံး အားလုံးရှိတယ် .... လိုတာရှိရင်လည်း ပြောပါ .... "

သူမသည် ညှို့မြူသောအကြည့်ဖြင့် ကြည့်၍ ပြောလေရာ ရှန့်ရှောင်ဖုန်းက သူမ၏လက်မောင်းကို လှမ်းဆွဲလိုက်ပြီး ....

"မင်း ဒီလိုအိပ်ခန်းထဲ ဝင်မယ်ဆိုရင် အဝတ်ထူထူပွပွကို ဝတ်ပါ .... "

မိန်းမလှလေး ချင်ချင်က ရှန့်ရှောင်ဖုန်း ဆွဲသည့်ထက်ပင် သူမက ပို၍ တိုးကပ်လိုက်သည်။

"ဟင်း .... ဟင်း .... ရှင်လည်း လူကောင်းမှ မဟုတ်ဘဲကိုး"

"ငါ လူကောင်းပါလို့ မင်းကိုပြောခဲ့ဖူးလို့လား .... "

"ဒီလိုဆိုရင် ဟန်ကျတာပေါ့ .... ကျွန်မ အဝတ်ပါးပါးလည်း မဝတ်ချင်ဘူး၊ အဝတ်ထူထူလည်း မဝတ်ချင်ဘူးရှင့် .... "

သူမပြောသည့်စကား .... သူပြောသည့် စကားများသည် အဓိပ္ပာယ် ရှိုင်းပြသော်လည်း သူတို့၏ လတ်တလော အခြေအနေအရ မည်သူမဆို ထိုနေရာရောက်နေလျှင် ထိုသို့ပင် ပြောမိကြပါလိမ့်မည်။ သူတော်ကောင်းများမှ အရက်ဆိုင်ရှိသည့် တည်းခိုခန်း၌ တည်းခိုကြလိမ့်မည်မဟုတ်ပါ။



"မင်းမှာ ယောကျ်ားရှိတယ် မဟုတ်လား၊ ဟိုလူဝကြီးဟာ"

ချင်ချင်က ရှန့်ရှောင်ဖုန်း၏ပါးစပ်ကို လှမ်းပိတ်လိုက်၏။

"ယောကျ်ားရှိတာ မရှိတာ ကျွန်မအတွက် ဘာပြဿနာမှ မရှိပါဘူး .... "

"ဘာ .... ယောကျ်ားရှိတဲ့ မိန်းမတစ်ယောက်အနေနဲ့"

"တော်စမ်းပါ .... ရှင်က ဘာတွေလာပြောနေတာလဲ၊ ကျွန်မကတော့ ရှင့်ကိုမြူဆွယ်ဖို့ ရောက်လာတာရှင့် .... "

"မင်းဟာ ရဲတင်းလှချည်လား၊ မင်းဟာ ရုပ်ရည်လည်းလှတယ်၊ ငွေကြေးလည်း ချို့တဲ့ဟန်မတူဘူး .... ဒီဆိုင်ကို ပိုင်ထားတဲ့ ဆိုင်ရှင်တစ်ယောက်အနေနဲ့ သူဌေးကတော်လို မခေါ်နိုင်တာတောင် ငွေကြေးကြွယ်ဝမှုကတော့ အတော်အသင့်ရှိမှာပါ .... ငါ့ဆီရောက်လာတာ ငွေလိုမှုကြောင့်တော့ ဟုတ်မယ်မထင်ဘူး .... "

ထိုစကားကိုကြားရသော ချင်ချင်သည် တခစ်ခစ် ရယ်လေတော့၏။

"ခစ် .... ခစ် .... ခစ် .... ရှင့်ကိုယ်ရှင် လူကဲခတ် တော်တဲ့လူလို့များ ရှင် ထင်ခဲ့ဖူးသလားဟင် .... "

"ဘာဖြစ်လို့လဲ .... "

"အဲဒီလိုထင်ခဲ့ရင် ကိုယ့်ပါးကို ဆယ်ချက်လောက်ရိုက်ပြီး ငါ ဒီလောက် လူကဲခတ်ညံ့ရမလားဆိုပြီး အပြစ်ပေးသင့်လို့ပဲ .... "

"ဘာလဲ .... မင်းက ငါ့ဆီလာတာ ငွေရဖို့ အဓိကပေါ့ ဟုတ်လား .... "

ချင်ချင် အမည်ရှိသော မိန်းမလှကလေးက တခစ်ခစ်ရယ်ပြီး

"ဟုတ်ပါသတဲ့ရှင် .... ကျွန်မက ရှင့်ကို မြူဆွယ်နေတာဟာ

ငွေလိုလို့ပါရှင် .... တကယ့်ကို ငွေလိုလို့ပါပဲရှင် .... ”

ရှန့်ရှောင်ဖုန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။ မိန်းမလှလေး ချင်ချင် အတည်ပြောနေခြင်းဖြစ်ကြောင်း သူ ယုံလိုက်၍ ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်း မရယ်နိုင်တော့ပါ။

ထိုစကားမျိုး ပြောခဲ့ဖူးသော မိန်းကလေးတော်တော်များများကို သူတွေ့ဖူးပါသည်။ မိတ်ဆွေရင်းဖြစ်သော လောင်မြောင်၏ နှမကလေး ဝါးဝါးသည်ပင် ဤစကားမျိုး ပြောခဲ့ဖူးသည် မဟုတ်ပါလော။

ယခု မိန်းမလှကလေး ချင်ချင် ပြောနေသည့်အမူအရာမှာလည်း လှောင်ပြောင်မှုဟူ၍ လုံးဝမတွေ့ရချေ။ အလွန်တရာ တည်တည်ကြည်ကြည် ပြောနေခြင်း ဖြစ်ပါသည်။ ကတိသစ္စာ အလွန်တရာ တည်ကြည်သော ကုန်သည်ကြီးတစ်ယောက်က အရေးကြီးသော ကုန်ပစ္စည်း အရောင်းအဝယ် စကားပြောသကဲ့သို့ သူမက ပြောကြားနေပါသည်။

သူမသည် သွေးသားသောင်းကျန်းမှုကိစ္စကို ဖုံးကွယ်လိုသဖြင့် ဤသို့ ပြောခြင်းလားဟု ရှန့်ရှောင်ဖုန်း တွေးတောနေစိုက် ချင်ချင်၏ ရှင်းလင်းပြောကြားချက်ကို သူ ဆက်လက်ကြားလာရသည်။

“ဒီကိစ္စကို ကျွန်မယောကျ်ား မသိဘဲ ကျွန်မက လုပ်နေတယ်လို့များ ရှင် ထင်နေသလား .... ”

ရှန့်ရှောင်ဖုန်း မည်သို့မျှ မပြောပါ။ နားထောင်နေပါသည်။

“ဒီကိစ္စကို ကျွန်မယောကျ်ား သိတယ်ရှင့် .... ဒီဆိုင်လေးက အမြတ်အစွန်း မရှိမဟုတ်ပါဘူး၊ ထိုက်သင့်သလောက်တော့ မြတ်စွန်းပါတယ် .... ဒါပေမယ့် ဒီအမြတ်အစွန်းဟာ သူတစ်ယောက်တည်းသုံးတာနဲ့တောင် မလောက်ပါဘူး၊ သူဟာ အင်မတန် လောင်းကစားဝါသနာကြီးတယ်ရှင့်၊ ဒီတော့ သူက ကျွန်မ ဒီနည်းနဲ့ ငွေရှာဖို့ကို သူသဘောတူခဲ့တာပါပဲ .... ဟိုအလုပ်သမားနှစ်ယောက်ရဲ့ အခကြေးငွေကိုလည်း ကျွန်မက ဒီနည်းနဲ့ပဲ ဖြေရှင်းပေးရပါတယ် .... ”



ရှန့်ရှောင်ဖုန်းသည် ဤကိစ္စကို မယုံမရှိပါ။ အသုံးအဖြုန်းကြီးသူများ၏ လောကနှင့် အလွန်တရာ ဆင်းရဲကျပ်တည်းသော လောကများတွင် ဤသို့သော ပျက်စီးမှုများရှိကြောင်း သူ ကောင်းစွာ သိပါသည်။

တရုတ်ပြည်၏ အလွန့်အလွန် ဆင်းရဲကျပ်တည်းသော ဒေသများတွင် အချို့သောမိခင်များသည် သူတို့၏သမီးများကို ကျွန်အဖြစ် ရောင်းစားခြင်း၊ ပြည့်တန်ဆာ လုပ်စိုင်းခြင်းတို့ဖြင့် သူတို့၏ ဆင်းရဲကျပ်တည်းမှုကို ဖြေရှင်းကြပါသည်။ ဤသည်မှာ ကမ္ဘာမီးလောင် သားကောင်ချနင်းသည့် ကိစ္စမျိုးပင် ဖြစ်ပါလေ၏။

ယောကျ်ားကလေးများကား ဓားပြ၊ လူဆိုးလူသွမ်းများ ဖြစ်သွားကြရပါသည်။ ဤအဖြစ်များ၏ အခြေခံအကြောင်းတရားမှာ ဆင်းရဲကျပ်တည်းခြင်းနှင့် အစားအစာ ရှားပါးခေါင်းပါးခြင်းတို့ပင် ဖြစ်ပါသည်။

အကယ်၍ ထိုစကားကို အခြားသော အထက်တန်းစား ကြေးရတတ် သူဌေးသားတစ်ယောက်အား သွားပြောလျှင် ထိုသူက မိန်းမလှလေး ချင်ချင်အား ရွံရှာစက်ဆုပ်သွားကောင်း စက်ဆုပ်သွားနိုင်ပါသည်။

ရှန့်ရှောင်ဖုန်းကတော့ ချင်ချင်အား၊ လုံးဝအထင်သေး စက်ဆုပ်ခြင်း မရှိပါ။ နားလည်သဘောပေါက်စွာ နားထောင်နေပါသည်။

ချင်ချင်သည် အလုပ်သဘောကို ပြောပြနေခြင်းဖြစ်ရာ သူ့အနေဖြင့် နှိုးစက်ဆုပ်စရာမလိုဟု ယူဆပါ၏။

ဤသည်မှာလည်း အဘိုးအိုပြောခဲ့သည် ကံကြမ္မာပင် ဖြစ်ပါသည်။ ဤသို့ လုပ်ကိုင်စားသောက်ရမည့်သူမှာ ဤသို့ပင် ဖြစ်လာရပါမည်။ ဤမိန်းကလေးသည်·မလွှဲမရှောင်သာဘဲ ဆိုင်ရှင်အဘိုးအို လူ၀ကြီးကို လက်ထပ်ယူခဲ့ခြင်း ဖြစ်ပါသည်။ အဘိုးအိုလူ၀ကြီးသည် အသက်ကြီးသော်လည်း သူသည် အေးအေးချမ်းချမ်း ပြည့်ပြည့်စုံစုံ နေရမည်ဟု ယူဆခဲ့မည်သာ ဖြစ်ပါသည်။ သို့သော် ကံကြမ္မာက ဤသို့ မဖန်တီးပေးပါ။ အဘိုးအို၏ဇနီးမယား ဖြစ်စေသည့်အပြင် ပြည့်တန်ဆာအလုပ်ပါ ပူးတွဲလုပ်ကိုင်စေသည့်ဘ၀သို့ သူမအား ရောက်ရှိစေခဲ့ပါသည်။

"ရှင် စိတ်ပျက်သွားသလား ...."

"ငါက ဘာကို စိတ်ပျက်ရမှာလဲ ...."

"ရှင် ပြည့်ပြည့်စုံစုံ သိသွားရလို့ပေါ့ ...."

"မပျက်ပါဘူး .... ဘာဖြစ်လို့ ပျက်ရမှာလဲ၊ ဆိုးဆိုးကောင်းကောင်း အမှန်အတိုင်း သိရတာမျိုးကို ငါ ကျေနပ်ပါတယ် ...."

"ကျွန်မ သိတယ်၊ ရှင်ဟာ အင်မတန် ပြတ်သားတဲ့လူမျိုးဆိုတာ မြင်တာနဲ့ ကျွန်မသိပါတယ် .... တကယ်တော့ ဒီတောစခန်းအရောင်းဆိုင်လေးဟာ အင်မတန် ငြိမ်းချမ်းစရာကောင်းပါတယ်၊ ကျွန်မယောက်ျားက ပိုပြီးတောင် ငြိမ်းချမ်းဖို့ကောင်းသေးတယ် .... သူဟာ တကယ်အတွတရား ကြီးမားတဲ့လူပါ ...."

"မင်း ကြွားရှင်းနိုင်တာပဲ ...."

"ရှင်က ဒီလူ၀ကြီးအကြောင်း မသိသေးလို့ပါရှင် .... သူ့မှာ လူမိုက် တပည့်တပန်းတွေလည်း ရှိတယ်ရှင့်၊ သူ့ကို ဆန့်ကျင်ရင် သူ



ဟာ ခွေစဉ်မျိုးဆက် တစ်သက်လုံး ဒုက္ခပေးမှာရှင့် ...."

"မင်းသာ အလိုရှိရင် သူ အဲဒီလိုမလုပ်ရဲအောင် ငါ တားပေးနိုင်ပါတယ် ...."

"ရှိပါစေတော့ရှင် .... ခုတော့ ကျွန်မလည်း ဒီဘ၀မှာ ပျော်နေပါပြီ ...."

"ဒီလိုတော့ မရဘူးလေ၊ အလုပ်သဘောကို ရှင်သိသွားရင် ပြီးတာပါပဲ၊ ကျွန်မ ညကျရင် တစ်ခေါက်ပြန်လာခဲ့ပါမယ် .... တံခါးကို ချက်မချနဲ့၊ မီးမထွန်းနဲ့၊ မှောင်ချထားပါ၊ ကျွန်မတို့ဆိုင်ဟာ အရက်နဲ့ အစားအသောက်ရောင်းတဲ့ ရိုးသားသောဆိုင်အဖြစ် တခြားလူတွေ သိစေချင်ပါတယ် ...."

ရှန့်ရှောင်ဖုန်းသည် သွေးကြွဖွယ်ရာကောင်းသော ထိုမိန်းမလှလေးကို ငေးကြည့်နေ၏။ သူ ဘာမျှမတတ်နိုင်ပါ။ အချိန်စောင့်ရုံသာ ရှိပါတော့သည်။ အချိန်စောင့်ရသည့် အလုပ်မှာ ရှန့်ရှောင်ဖုန်းအတွက် အဆန်းမဟုတ်တော့ပါချေ။

## အခန်း (၁၂)

## ဆူး နှင်း ဆီ

သစ်ပင်တောတောင်နှင့် နီးသောအရပ်များသည် သာမန်မြို့ပြ လွင်ပြင်များထက် ပို၍ အမှောင်ကြီးစိုးလွယ်ပါသည်။ မွေးသုံးကောင်ဆိုင်ကလေးမှာလည်း လျှပ်မြန်စွာ အမှောင်ဖုံးအုပ်ခြင်း ခံလိုက်ရပါသည်။

ရှန်ရှောင်ဖုန်းအဖို့အား မှောင်လေကောင်းလေပါတည်း။ သူက အမှောင်ကို စောင့်နေခြင်း ဖြစ်ပါသည်။ သူသည် ချင်ချင်ကို စောင့်ဆိုင်းနေခြင်း ဖြစ်ပါသည်။

ရှန်ရှောင်ဖုန်းသည် အမြဲတမ်း သာမန်လူနှင့် တူသူမဟုတ်ပါ။ ထို့ကြောင့် သာမန်လူလို အမြဲတမ်း မတွေးပါ။ ချင်ချင်၏ အပြောနှင့် အလုပ်ကို သူလက်ခံပါသည်။

ချင်ချင်သည် လူမှုရေး ဖောက်ပြန်သော မိန်းကလေးမဟုတ်ဟု သူ ယူဆပါသည်။ ချင်ချင် အပြစ်မရှိဟု သူ မှတ်ယူပါသည်။ ဤသို့မှတ်ယူခြင်းသာ ကောင်းပါသည်။ အကြောင်းမှာ ချင်ချင် အပြစ်မရှိမှ



သူသည်လည်း အပြစ်လွတ်မည် မဟုတ်ပါလော။

ရှန်ရှောင်ဖုန်းသည် 'နို့ကျဲ'ဟူသော အရက်ကို သောက်ဖူးသည်။ နို့ကျဲ အရက်သည် သူချည်းသောက်၍မကောင်းပါ။ ရေနှင့် ရောလိုက်ပါမှ သင်းပျံ့သောရနံ့ ပိုမို၍ ထွက်ပါသည်။ မိန်းမနှင့် ယောကျ်ားပေါင်းဖက်ခြင်းသည်လည်း နို့ကျဲအရက်နှင့် ရေကို ရောခြင်းမျိုးနှင့် တူသည်ဟု ရှန်ရှောင်ဖုန်း ယူဆသည်။

ထို့ပြင် သူသည် နောက်လေးရက်မြောက်နေ့တွင် သေရေးရှင်ရေး တိုက်ပွဲတစ်ပွဲ တိုက်ခိုက်ရမည် ဖြစ်သည်။

သူသည် ရှန်ရှောင်ဖုန်း မဟုတ်ပါလား။ ရှန်ရှောင်ဖုန်း ဆိုသည့်လူသည် မည်သို့သောအခါမျှ ရှုံးနိမ့်ခြင်း မရှိစေရ။ အစစအရာရာအားလုံး အဆင်သင့် ဖြစ်စေရမည်။

✻

မိုးချုပ်ပြီဖြစ်၍ ရှန်ရှောင်ဖုန်း အခန်းတံခါး ပိတ်လိုက်၏။ မင်းတုပ်တော့ မချုပ်ပါ။ မီးကိုလည်း ငြိမ်းသတ်လိုက်ပါသည်။ သူသည် အမှောင်ထဲရှိ ခုတင်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းပြီး ဝင်လာမည့်သူကို စိတ်ရှည်စွာ စောင့်ဆိုင်းနေပါသည်။

ထိုစဉ် ထူးဆန်းသော ညဥ့်ငှက်အော်သံ တစ်သံကို သူ ကြားလိုက်ရလေသည်။ သာမန်အားဖြင့် သစ်တော၊ တောင်တောင်နှင့် နီးသောနေရာဖြစ်၍ ငှက်အော်သံသည် ထူးဆန်းနေသည်။ သူ၏ အာရုံများသည် ဖျတ်လတ်နိုးကြားလာပြီး မိန်းမလှလေး ချင်ချင်ကို လုံးဝမေ့သွားကာ နောက်ထပ် ငှက်အော်သံ ကြားရလေဦးမည်လားဟု နားစွင့်နေလေ၏။

"ကွတ် .... ကွတ် .... ကွတ် .... "

ဟော .... ကြားရပြန်လေပြီ။ ရှန့်ရှောင်ဖုန်းသည် နိုးနိုးကြား ကြား ခုန်ထလိုက်၏။ သူ့ခြေသံကို မည်သူမျှ ကြားရလိမ့်မည် မဟုတ်ပါ။ သူသည် ခေါင်းရင်းမှ ပြတင်းတံခါးကို အသံမမြည်အောင် ဖွင့်လိုက်၏။ ထို့နောက် ရိပ်ခနဲ ခုန်ထွက်လိုက်သည်။

သူသည် လရောင်ကျသည့်နေရာကို ရှောင်ကာ အမှောင်ရိပ်ရိပ်ကို လျှောက်လိုက်သည်။ သစ်ပင်တစ်ပင်အောက်မှ အခြားသစ်ပင်တစ်ပင်အောက်သို့ ရိပ်ခနဲ ကူးလိုက်ပြီး လုံးဝမှောင်မိုက်နေသည့် သစ်ပင်တစ်ပင်အောက်၌ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

သို့သော် .... သူ့ပတ်ဝန်းကျင်၌ မည်သည့်အရိပ်လက္ခဏာမျှ မတွေ့ရပါ။

သူ့အနီးအနား၌ မည်သို့မျှ မထူးခြားသော်လည်း တည်းခိုခန်းနှင့် အတော်ကွာဝေးသည့်နေရာ၌မူ တိုက်သံခိုက်သံများ ကြားလိုက်ရသည်။ ရှန့်ရှောင်ဖုန်းသည် ကိုယ်ဖော့ပညာသုံးပြီး ထိုနေရာသို့ ပြေးသွား၏။ သို့ရာတွင် တိုက်ခိုက်သူများကို မတွေ့ရတော့ပါ။ သူသည် စိတ်ပျက်သွားပြီး တည်းခိုခန်းဆီသို့ လရောင်အောက်မှပင် ပြန်လျှောက်ပါတော့သည်။

တကယ်တော့ သူ့ကို သတိကြီးစွာဖြင့် စောင့်ကြည့်နေသူ တစ်ဦးရှိပါသည်။ ထိုသူသည် လရောင် အစက်အပြောက် လုံးဝမရှိသည့် သစ်ပင်ကြီးတစ်ပင်အောက်မှနေ၍ ငြိမ်သက်စွာ ကြည့်နေပါသည်။ သူသည် လုံးဝလှုပ်ရှားခြင်း မရှိပါ။

ရှန့်ရှောင်ဖုန်း အနေဖြင့်လည်း ထိုသူကို လုံးဝမမြင်နိုင်ပါ။ သူ မည်မျှ အာရုံခံကောင်းသည်ဆိုစေ၊ ထိုသူကိုတော့ သူ အာရုံမခံနိုင်



ပါ။ သူသည် ထိုလူ၏ရှေ့မှပင် ဖြတ်လျှောက်ခဲ့ပါသည်။ အမှောင်ကြီး သော သစ်ပင်ရိပ်အောက်သို့လည်း မကြည့်မိခဲ့ပါ။

ထိုသူသည် ရှန့်ရှောင်ဖုန်း တည်းခိုခန်း ပြတင်းပေါက်မှ ဝင် သွားသည်အထိ သေချာစွာ စောင့်ကြည့်ပြီးမှ ထိုအမှောင်ထဲမှ ထွက် သွားခဲ့ပါသည်။

ရှန့်ရှောင်ဖုန်းကား အပြင်မှ အဖြစ်အပျက်များကို လုံးဝလျစ် လျူရှုလိုက်ပြီး ပြတင်းတံခါးကို ပိတ်လိုက်လေ၏။ ခုဟင်ပေါ် ပြန် ကာ မိန်းမလှလေးချင်ချင် လာမည့်အချိန်ကို စောင့်နေလိုက်တော့ သည်။ အခန်းထဲ၌ကား ပိန်းပိတ်အောင် မှောင်မည်းနေခဲ့ပါလေပြီ။

"ရှပ် .... ရှပ် .... ရှပ် .... ရှပ် .... "

ခြေသံမှာ တိုးညင်းလှပါသည်။ တော်ရုံတန်ရုံလူသည် ထို ခြေသံကို ကြားနိုင်မည်မဟုတ်ပါ။ ရှန့်ရှောင်ဖုန်းကတော့ ကြားပါသည်။ ထိုအခါ ရှန့်ရှောင်ဖုန်း ရင်ခုန်သံ နည်းနည်းမြန်လာပါတော့သည်။

ရှန့်ရှောင်ဖုန်း ကြာရှည်စွာ မစောင့်ရတော့ပါ။ အခန်းတံခါး ချီခနဲပွင့်သွားပြီး ရိပ်ခနဲ တံခါးပြန်ပိတ်သွားပါပြီ။ မည်းမှောင်သော ခန်းဖြစ်သော်လည်း ရှန့်ရှောင်ဖုန်းကတော့ ရိုးရိုးရိပ်ရိပ် လှုပ်ရှားမှု တော့ တွေ့မြင်နေပါသည်။

ရှန့်ရှောင်ဖုန်း အသံမထွက်ပါ။ ဝင်လာသူကလည်း အသံ ထွက်ပါ။ ဆိတ်ငြိမ်လှသော ညအခါဖြစ်သော်လည်း လူသားနှစ်ဦး၏ ပ်ရှားမှုမှာ လွန်စွာ ညင်သာလှပါသည်။

သူမသည် ခုတင်ပေါ်သို့ ဖြည်းညင်းစွာ ချဉ်းကပ်လာပါသည်။ ရာသို့ သူမ ကပ်လာနေကြောင်း ရှန့်ရှောင်ဖုန်း ခံစားနေမိပါသည်။ ကြာမီ သူမကိုယ်ပေါ်မှအင်္ကျီကို သူမက ခွာချပစ်လိုက်ကြောင်း ရှန့်

ရှောင်ဖုန်း သိလိုက်၏။ ထို့နောက် ခန္ဓာကိုယ်နှစ်ခု ပူးကပ်သွားပါတော့သည်။

"မင်းကိုး .... "

သူလေသံမှာ မဖျော့်လင့်သည့် လေသံပါသော်လည်း ဆေးသည့် အဓိပ္ပာယ်လည်း သက်ရောက်လျက် ရှိပါသည်။ 'မင်းဖြစ်နေသည့်အတွက် သူ အံ့ဩသော်လည်း 'မင်းဖြစ်နေခြင်းက သူ့အတွက် ဘေးရန်မရှိဟု ယူဆသည့်သဘောမျိုး ရှိနေပေ၏။

သူမကလည်း ထထိုင်ပြီး ....

"ဟင်း .... တော်သေးတာပေါ့။ ကျွန်မမှန်း ရှင် သိနိုင်သေးတာကို ကျွန်မက ရှင့်ကို ကျေးဇူးတင်ရမှာပေါ့ .... "

သူမသည် ထိုစကားကို ပြောပြီးသည်နှင့် မတ်တတ်ထရကာ ခေါင်းရင်းဘက်၌ရှိသော ပြတင်းတံခါးကို တွန်းဖွင့်လိုက်လေ၏။ ထိုအခါ လ၏ အလင်းရောင်ဖြင့် အခန်းထဲ၌ ထိုက်သင့်သလောက် မြင်နိုင်ခွင့် ရလာလေ၏။

သူမ၏ ရှည်လျားမည်းနက်သော ဆံကေသာများသည် ပခုံးပေါ်၌ ဖြန့်ကြဲလျက် ရှိသည်။ သူမ၏မျက်နှာမှာ အချစ်စိတ် စတင်မှုပွင့်သော မိန်းကလေးတစ်ယောက်ပမာ နုနယ်ပျိုမျစ်လျက် ရှိနေလေ၏။ တကယ်တော့ သူမသည် အပျိုစင် မိန်းကလေးတစ်ယောက်တော့ မဟုတ်ပေ။

"ရှင်ဟာ အခုအချိန်မှာ မိန်းမတစ်ယောက်ကို အသေအလဲ အလိုရှိနေတယ်ဆိုတာ ကျွန်မ ကောင်းကောင်း သိတယ်ရှင့် .... "

"မင်း သိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား .... ခန္ဓာကိုယ်က ငါ့ခန္ဓာကိုယ်ပဲ ဥစ္စာ .... "



"ဟင်း .... ဟင်း .... ဟင်း .... ရှင့်ခန္ဓာကိုယ် အကြောင်းမှ ကျွန်မ မသိရင် ကျွန်မလောက် အသုံးမကျတဲ့မိန်းမ ဒီလောကမှာ ရှိပါတော့မလား .... တစ်ခါတစ်ရံ ရှင် ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်မ ကောင်းကောင်းသိတယ် .... "

"ငါက မင်းကို တောင်းဆိုခဲ့တာ မဟုတ်ပါဘူး .... "

"ကျွန်မ သိတာပေါ့ .... ရှင်ဟာ ကျွန်မကို အလိုရှိတာ မဟုတ်ဘူးဆိုတာ၊ ရှင်ဟာ အခုမှ ကျွန်မကို အလိုမရှိတာမဟုတ်ဘူး၊ အရင်ကတည်းကပဲ .... ပျားပိတုန်းဟာ ဝတ်ရည်စုပ်သုံးပြီး ပန်းပွင့်ကို ဥပေက္ခာပြုသလို .... ရှင်ဟာလည်း ကျွန်မတို့အချစ်ကို လိုသလိုသုံးပြီး ပစ်ထားခဲ့တာပဲ မဟုတ်လား .... "

"မလိုအပ်တဲ့ စကားတွေ မပြောတာ အကောင်းဆုံးပါပဲ .... ခုအချိန်ဟာ ဒီစကားတွေပြောဖို့ မလိုအပ်တဲ့အချိန်ပါ .... "

"ရှင့်အဖို့တော့ ဟုတ်တာပေါ့ .... ရှင်က အားလုံးကို မေ့မေ့ပျောက်ပျောက်ပဲ၊ ပြီးရင် ပြီးတာပဲ၊ ဘာကိုမှ ရှင့်အသည်းနှလုံးထဲ ထည့်တာမှမဟုတ်ဘဲ .... အခုလည်း ဘာပဲဖြစ်ဖြစ် ဘယ်မိန်းမဆိုမဆို လက်ခံမယ်ဆိုတဲ့ အချိန်မျိုးမှာတောင် ကျွန်မကို ငြင်းပယ်ချင်နေသေးတယ်ဆိုတာ ကျွန်မ ကောင်းကောင်းသိတာပေါ့ .... ရှင့်အသည်းနှလုံးဟာ အခုထက်ထိ ခါးခါးသီးသီး ဖြစ်နေဖို့ မကောင်းပါဘူး .... "

"ငါ့အသည်းနှလုံးဟာ ဘယ်သူ့အတွက်ခါးမယ် .... ဘယ်သူ့အတွက် ချိုမယ်လို့ သတ်မှတ်မထားပါဘူး .... အားလုံးအတွက် တစ်သမတ်တည်းပါပဲ .... "

"ဒါကြောင့်မို့ ရှင့်ကို ရှန့်ရှောင်ဖုန်းလို့ ခေါ်ကြတာပဲပေါ့နော်"

"ဒါကတော့ လူတွေက သတ်မှတ်တာပါ .... မင်းက ဘာဖြစ်

လို့ ထင်ထင်ရှားရှားမလာဘဲနဲ့ တခြားမိန်းကလေးလို ပုံမှားရိုက်လာရတာလဲ .... "

"ဩော် .... ဒါကို ရှင်က သိချင်လို့လား ....

"အေး .... သိချင်တယ်"

"ကျွန်မက နဂိုပုံစံအတိုင်း ဝင်လာရင် ရှင်က လက်ခံမှာလား"

"မင်းက .... ငါ့ကို အမြဲတမ်း သတ်ဖို့စဉ်းစားနေတဲ့ မိန်းကလေးဆိုတာ သိထားနေတော့ ငါက မင်းကို မရှောင်လို့ ဖြစ်ပါ့မလား။ လူ့သတ်ဆိုတာ အမြဲတမ်း ရှိနေတတ်တာမျိုး မဟုတ်ဘူး"

"အေး .... အဲဒါလည်း စဉ်းစားကြည့်ပေါ့၊ ပုံမှားမရိုက်ရင် ရှင်နဲ့ ဒီလို အခန်းထဲမှာ အခုလိုနေနိုင်ပါတော့မလား .... "

"မင်း .... ဘာကြောင့် ဒီလိုလုပ်ရတာလဲ .... "

"ဘာကြောင့်လဲဆိုတာ ရှင် မသိဘူးလားဟင် .... "

"ငါသိသမျှကတော့ မင်းဟာ အမြဲတမ်း ငါ့ကို မကောင်းကြံနေတာဘဲ .... "

"အခု .... ရှင့်ကို ကျွန်မ ဘာဒုက္ခပေးလို့လဲ .... "

"အခုတော့ မပေးပါဘူး .... "

"ရှင့်ကို အမြဲတမ်း မုန်းနေတာ မဟုတ်ပါဘူးရှင် .... "

❋

မုယုံချူးထိကား အဆိပ်ဆူးရှိသော နှင်းဆီပွင့်တည်း။

ရှန့်ရှောင်ဖုန်းက ....

"ငါ အင်မတန် စိတ်လှုပ်ရှားနေတယ်"



မုယုံချူးထိက ရယ်၏။

"ကျွန်မ သိသားပဲ .... "

"မင်းမသိတာ ဘာများရှိသေးသလဲ .... "

"ကျွန်မသိတာ ဘာမှမဆန်းပါဘူး .... ရှင့်အပြုအမူက ရယ်စရာတောင် ဖြစ်နေတာပဲ .... "

"ငါက .... "

"ဟုတ်တယ် .... ရှင်သာ စိတ်မလှုပ်ရှားရင် ငါးသေကောင်လို ဟိုမိန်းမကို ရှင် ဘယ်စိတ်ဝင်စားလိမ့်မလဲ၊ အခုတော့ ရှင်က မိန်းမဆိုရင်ပြီးရော ချဉ်ချဉ်တူးတူး မူးရင်ပြီးရောဆိုတဲ့အစားထဲတောင် ရောက်နေကာပဲ .... "

သူမသည် ရှန့်ရှောင်ဖုန်းအနီးသို့ တိုးကပ်ပြီး ပူးပူးကပ်ကပ် ထိုင်လိုက်၏။

"ဒါပေမယ့် .... ရှင် ဘာဖြစ်လို့ အခုလောက် စိတ်လှုပ်ရှားနေရသလဲဆိုတာတော့ ကျွန်မ မသိရသေးပါဘူး .... "

သူမက ဆက်၍ ပြောလိုက်လေသည်။

ရှန့်ရှောင်ဖုန်းကတော့ အေးစက်စက်ပင်။ သူ၏ ဆူကြွနေသော သွေးသားများလည်း ငြိမ်သက်သွားခဲ့ပြီ။

"အင်း .... ငါက မင်းမသိတဲ့ကိစ္စ မရှိတော့ဘူး ထင်မှတ်နေတာ၊ အခုလို မင်းမသိတာ ရှိသေးတယ်ဆိုတော့ ငါ့အဖို့ နည်းနည်းပါးပါး စိတ်သက်သာရာ ရသေးတာပေါ့ .... "

မုယုံချူးထိက ခေါင်းယမ်းပြီး ....

"ရှင့်အဖြစ်ကို ကျွန်မက သေသေချာချာ မသုံးသပ်သေးလို့ပါ"

"သုံးသပ်ပြီးရင် မင်း သိနိုင်တယ်ဆိုပါတော့ .... "

"ဒါပေါ့ .... အခု နည်းနည်းစဉ်းစားလိုက်တာနဲ့တောင်အပေါ်ယံကြောတော့ သိနိုင်တာပဲ .... "

"ကဲ .... မင်း ဘာသိသလဲ"

"ရှင် သိပ်ကြောက်နေတယ် .... "

"ဘာ .... "

"ရှင် သိပ်ကြောက်ရွံ့နေတယ်၊ လူတွေဟာ တကယ်မထိတ်လန့်တဲ့အခါ တကယ်မကြောက်ရွံ့တဲ့အခါမှာသာ စိတ်မလှုပ်ရှားတာပါ၊ တကယ်ထိတ်လန့်တဲ့အခါ တကယ်ကြောက်ရွံ့တဲ့အခါမှာတော့ .... ဘယ်သူမဆို စိတ်လှုပ်ရှားကြတာပဲ၊ ကျွန်မ သိတယ် .... ရှင် သိပ်ကြောက်နေတယ် .... "

"ငါလို ဓားဘုရင်ကြီးက ဘယ်သူ့ကို ကြောက်ရမှာလဲ .... ဘာကို ကြောက်ရမှာလဲ၊ အဓိပ္ပာယ်မရှိတာ .... "

ရှန့်ရှောင်ဖုန်းက မခံချင်သည့်အမူအရာကို ထင်ထင်ရှားရှားပြသပြီး ငြင်းချက်ထုတ်လိုက်၏။

※

အခန်း (၁၃)

# အကြောက်တရား

"ဒီတစ်ခါ .... ငါနဲ့တွေ့မယ့်လူဟာ ယန်ဆယ်စန်း ဖြစ်လိမ့်မယ်လို့ မင်း မှန်းဆပြောတာလား .... အသေအချာသိလို့ ပြောတာလား .... "

ရှန့်ရှောင်ဖုန်းက သွယ်ဝိုက်၍ မမေးတော့ဘဲ ရှင်းရှင်းနှင့်ဘွင်းဘွင်းပင် မေးလိုက်တော့သည်။

မုယုံချူးထိက ရယ်ပြီး ....

"အိုး .... ဒါလား၊ ကျွန်မ ကောင်းကောင်းသိတာပေါ့"

"သိရင် ပြောစမ်း .... "

"ရှင် သိချင်ရင်တော့ ပြောပြရတာပေါ့ .... ရှင်တို့ဟာ ခြင်္သေ့နှစ်ကောင်လိုပါပဲ၊ တကယ့်ခြင်္သေ့ဘုရင်တွေဟာ တစ်ဂူထဲမှာ နှစ်ကောင်မအောင်းနိုင်ပါဘူး .... တစ်ကောင်ကောင် သေမှပဲ အေးငြိမ်းပါတယ်၊ ရှင်ကလည်း ရှန့်ရှောင်ဖုန်း ဖြစ်တဲ့အတွက် သူကလည်း ယန်ဆယ်စန်း ဖြစ်တဲ့အတွက် ရှင်တို့နှစ်ယောက်ဟာ မတွေ့လို့ကို မဖြစ်ဘူး၊ တစ်နေ့

ဘွဲ့ရမှာပဲ .... တစ်ယောက်ရဲ့ ဓားအောက်မှာ တစ်ယောက်သေပေးရမယ် .... "

မုယုံချူးထိသည် သက်ပြင်းချလိုက်ပြီး ဆက်ပြောပြန်လေ၏၊

"ရှင်တို့နှစ်ယောက် တွေ့ဖို့ ကံကြမ္မာက ဖန်တီးနေတာပဲ ရှင်တို့နှစ်ယောက်ကို တခြား ဘယ်သူမှ မသတ်နိုင်ဘူး .... ရှင်တို့ အချင်းချင်းပဲ သတ်နိုင်တယ်၊ ဒီတော့ ကံကြမ္မာက ရှင်တို့ကို ထိပ်တိုက်တွေ့အောင် ဖန်တီးပေးတော့တာပေါ့ .... ကံကြမ္မာရဲ့ ပြဋ္ဌာန်းချက်ကို ဘယ်သူမှ မပြုပြင် မပြောင်းလဲနိုင်ပါဘူး .... "

ရှန့်ရှောင်ဖုန်းသည် ငြိမ်သက်စွာ နားထောင်နေ၏။ မုယုံချူးထိ၏ လေးနက်သော စကားများကို သူ နားထောင်ခြင်းအားဖြင့် သူ့အဖို့ အကျိုးရှိနိုင်ကြောင်း သူ ကောင်းစွာ သိရှိပေသည်။

မုယုံချူးထိက ....

"ရှင် ကျွန်မစိတ်ဓာတ်ကို သိတယ်မဟုတ်လား .... "

"ဘာကို ဆိုလိုတာလဲ .... "

"ရှင့်ကို ကျွန်မက သိပ်သတ်ချင်တယ်၊ ဓားနဲ့ပဲဖြစ်ဖြစ် .... တုတ်နဲ့ပဲဖြစ်ဖြစ်၊ အဆိပ်နဲ့ပဲဖြစ်ဖြစ် ကျွန်မလက်ချက်နဲ့ သေစေချင်တယ် .... သေပြီလို့လည်း အောက်မေ့ခဲ့တယ်၊ ဘယ်သူမှ ကယ်နိုင်မယ်လို့ မထင်ဘူး .... "

⁂

"ငါ့စိတ်ထဲမှာ သူဟာ ယန်ဆယ်စန်းလို့ ထင်နေမိတယ်"

"ယန်ဆယ်စန်းဟာ ရှင်နဲ့ မတိမ်းမယိမ်းပဲ .... အခု ရှင့်ကို ကုပေးတဲ့လူဟာ လူငယ်မို့လို့လား .... "

"ဟင့်အင်း အသက်ကြီးပါပြီ၊ ဆံပင်တွေကလည်း ဖြူနေပါပြီ"

"ဆံပင်ဖြူတာကတော့ ယန်ဆယ်စန်းလည်း ဖြူနိုင်တာပဲ၊ ယန်ဆယ်စန်း သိုင်းလောကထဲက ပျောက်ကွယ်သွားတာ အတော်ကြာပြီ .... "

"ငါလည်း ကြားပါတယ် .... "

"ရှင် .... အားကျိဘဝနဲ့ မြုပ်နေသလောက်ကိုပဲ သူလည်း ပျောက်ကွယ်သွားတာပဲ .... ဟော ရှင် ရှန့်ရှောင်ဖုန်းအဖြစ်နဲ့ ပြန်ပေါ်လာတော့ သူလည်း ယန်ဆယ်စန်းဆိုပြီး ပြန်ပေါ်လာတာပဲ၊ ဒီအချိန်ကာလအတွင်းမှာ သူ့ဆံပင်တွေ ဖြူသွားနိုင်ပါတယ် .... ရှင်နဲ့ ကွဲကွဲပြားပြားဖြစ်သွားအောင်တော့ အိုမသွားနိုင်ပါဘူး .... "

"သူကတော့ အိုပါပြီ .... "

"ရှင် တစ်ခုလွဲနေပြီ၊ ယန်ဆယ်စန်းဟာ ရှင့်ကို သတ်ချင်နေတဲ့လူပဲ၊ ရှင် သေမယ့်ကိစ္စဆိုရင် သူက ရယ်ပြီး ကြည့်နေမှာပဲ .... ရှင့်အသက်ကိုတော့ မကယ်ပါဘူး .... "

"ဒါကတော့ မင်းစိတ်နဲ့ နှိုင်းတာကိုး .... "

"ဘာပြောတယ်ရှင့် .... "

"ဟုတ်တယ်လေ .... မင်းကတော့ ငါ့ကို သေစေချင်တာပဲရှိတယ်၊ ဘာနဲ့ပဲသေသေ ငါသေရင် မင်းကျေနပ်တာပဲ .... သူက ငါ့ကို ဒီလိုသေစေချင်တာ မဟုတ်ဘူးကွ၊ သူ့ဓားအောက်ကလွဲရင် သူဟာ ငါ့ကို ဘယ်နည်းနဲ့မှ မသေစေချင်ဘူး၊ သူဟာ ငါနဲ့ ဓားချင်းယှဉ်ပြိုင်ချင်လို့ ငါ့ကို ကယ်ခဲ့တာပဲလို့ ငါစိတ်ထဲထင်နေတာ .... အင်း .... တော်ပါသေးရဲ့ .... "

"ဘာတွေ တော်နေရပြန်တာလဲ .... "

"သူ ယန်ဆယ်စန်း မဟုတ်ဘူးဆိုတာကို သိလို့ပေါ့ .... "

"ဘာလဲ .... ရှင့်အသက်သခင်ကို ရှင်က ရှင့်ဓားအောက်မှာ မသေစေချင်ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ ဒီလိုပြောနေတာလား .... ဒါဆိုရင် ရှင် အသေခံလိုက်ပေါ့ .... "

"ဘာလဲ .... သူ ယန်ဆယ်စန်း ဖြစ်သွားပြန်ပြီလား"

"မဟုတ်ပါဘူး .... ရှင် ဒီအတွက်တော့ စိတ်ချယုံကြည်နိုင်ပါတယ်"

မုယုံချူးထိသည် ရှန့်ရှောင်ဖုန်း၏ရင်ဘတ်ကို သူမ၏ နူးညံ့သော လက်ဖဝါးများဖြင့် ပွတ်သပ်နေပြန်၏။

"ရှင်ဟာ တစ်ခါတစ်ရံမှာတော့ ကျေးဇူးတရားကို သိတတ်သားပဲ .... "

"ငါလား .... အဲသည်လိုထင်ထားရင်တော့ မင်းမှားပါပြီ၊ ငါဟာ ကျေးဇူးတရားကိုတော့ အမြဲတမ်း သိတတ်ခဲ့သူပါ"

"အင်း .... ထွန်ဆယ်စန်းကို ယန်ဆယ်စန်း ဖြစ်စေချင်လိုက်တာ .... "

"မင်းက ငါ့ကို ဒုက္ခရောက်အောင်ပေါ့လေ .... "

"ရှင် ဘာတွေစဉ်းစားနေပြန်ပြီလဲဟင် .... "

"ငါ စဉ်းစားတာ မင်းမသိရင် ကောင်းပါတယ် .... "

"ဘာဖြစ်လို့လဲ .... "

"မင်းသိရင် စိတ်မချမ်းမသာ ဖြစ်သွားမှာစိုးလို့ပါ .... "

မုယုံချူးထိ နှုတ်ခမ်းကိုကိုက်ပြီး ....



"ကျွန်မခံခဲ့ရတဲ့ ဒုက္ခတွေ မနည်းတော့ပါဘူး .... ရှင် ဒီတစ်ခွန်းလေး ပြောလိုက်လို့ ကျွန်မ လဲသေမသွားပါဘူး၊ ရပါတယ် .... ပြောစမ်းပါ .... "

"ဒီလိုဆိုရင်တော့ ငါ ပြောပါမယ် .... ငါ အိပ်လို့ရမယ့်နေရာ၊ ကောင်းကောင်းတစ်ခုရှာပြီး သွားအိပ်ချင်နေပါတယ် .... "

"ရှင် ဒီမှာ မအိပ်တော့ဘူးလား၊ ဒီလောက်အေးချမ်းတဲ့နေရာ ဘယ်ရှိပါ့မလဲ .... "

"မင်း ငါ့နားမှာ ရှိနေသရွေ့ ငါ ဘယ်လိုမှ အိပ်ပျော်နိုင်မှာ မဟုတ်ပါဘူး .... နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲဟင် .... "

"မင်းလက်ထဲမှာ ငါ မသေချင်သေးဘူး .... ငါ လုံးဝ မသေချင်သေးပါဘူး၊ ဒါကြောင့်ပါ .... မင်း သဘောပေါက်မှာပါ .... "

ရှန့်ရှောင်ဖုန်းသည် ပြောပြောဆိုဆို ထရပ်လေ၏။

မုယုံချူးထိသည် အတ္တနှင့်မာန အလွန်ကြီးသူ ဖြစ်သကဲ့သို့ အချစ်လည်း အလွန်ကြီးခဲ့၍ ယခုကဲ့သို့ ဘဝ တစ်ခဏ အချိန်ဖြုန်းခဲ့ခြင်း ဖြစ်ပါသည်။ ယခင်ယခင် အချိန်များကဆိုလျှင် ရှန့်ရှောင်ဖုန်း ထွက်သွားလျှင် ပြုံး၍ ကြည့်နေမည်သာ ဖြစ်ပါသည်။ ရှန့်ရှောင်ဖုန်း အနေကလည်း သူ ထွက်သွားမည်ဆိုလျှင် မည်သူ့ကိုမျှ လှည့်ကြည့်နေမည့်သူ မဟုတ်ပါ။ မည်သူတားတား ဂရုစိုက်မည့်သူ မဟုတ်ပါ။

အကယ်၍ သူ့လက်ကို ဖမ်းဆွဲထားပါက ဆွဲသူ၏လက်ကို မဖြတ်၊ သူ့လက် သူဖြတ်ပြီး ထွက်သွားမည်သာ ဖြစ်ပါသည်။ ခြေထောက်ကို ဆွဲထားပါကလည်း သူ့ခြေထောက် သူဖြတ်ပြီး လေးဘက်

ထောက် ထွက်ခွာသွားမည်မှာ သေချာလှပါသည်။ ရှန့်ရှောင်ဖုန်းဆို သူက သည်လိုလူမျိုး။

သို့သော် ဤညတွင်မူ မုယုံချူးထိသည် ရှန့်ရှောင်ဖုန်း၏လက်ကို ဆွဲထားခဲ့ပါသည်။

"ဒီညတော့ ရှင် ဒီမှာ စိတ်ချလက်ချ အိပ်စက်အနားယူနိုင်ပါတယ် .... "

ရှန့်ရှောင်ဖုန်းက အံ့ဩသောမျက်နှာဖြင့် လှည့်ကြည့်၏။ မုယုံချူးထိက တိုးညင်းစွာပြောသည်။

"အရင်တုန်းကတော့ ကျွန်မဟာ ရှင့်ကို တကယ့်ကိုမုန်းတီးခဲ့ပါတယ်ရှင် .... ဒါပေမယ့် အခု ဒီညတော့ ဒီလိုမဟုတ်တော့ပါဘူးရှင်၊ ရှင့်ကို ကျနော်မ သတ်ဖို့လည်း မကြိုးစားပါဘူး၊ ဒါကို ရှင်သိအောင် ပြောပြပါတယ် .... ရှင် နားလည်ပါ၊ ဒီမှာ ကောင်းကောင်းအနားယူပါနော်"

ရှန့်ရှောင်ဖုန်းသည် မုယုံချူးထိထံမှ ထူးခြားသောစကားကို ကြားရသဖြင့် ပြုံးမိလေ၏။

"ဘာ၂လဲ .... ဒီနေ့ဟာ ထူးခြားတဲ့နေ့တစ်နေ့ ဖြစ်နေလို့လား"

ရှန့်ရှောင်ဖုန်း ပြောသည့်အဓိပ္ပာယ်မှာ သူတို့ ချစ်တင်းနှီးနှောကြသည့်အချက်ကို ရည်ရွယ်ခြင်း ဖြစ်သည်။

မုယုံချူးထိက ခေါင်းခါ၏။

"မဟုတ်ပါဘူး .... ဒါပေမယ့်"

"ပြောပါ .... ပြောစရာရှိတာပြောမှ ငါသိရမှာပေါ့ .... "

"ဒီနေ့ ထူးခြားတဲ့လူတစ်ယောက် ရောက်လာနိုင်လို့ပါ"

ရှန့်ရှောင်ဖုန်း အံ့ဩသွား၏။

"ဘယ်သူလဲ .... ယန်ဆယ်စန်းတော့ ဟုတ်မယ်မထင်ပါဘူး"



"မဟုတ်ပါဘူး .... ယန်ဆယ်စန်း ရောက်လာချင် ရောက်လာမယ် .... သူက ရှင့်ကို ဝင်တွေ့သွားမှာတော့ မဟုတ်ဘူး၊ ရှင် ဒီမှာ ရှိမရှိ အကဲခတ်ပြီး ရှောင်ထွက်သွားမှာပဲ .... "

"ယန်ဆယ်စန်းက ဒီလိုလုပ်နိုင်သလား .... "

"လုပ်နိုင်တာပေါ့ .... ဒီကိစ္စ ထားစမ်းပါရှင်၊ ကျွန်မ ပြောချင်တာက သူမဟုတ်ပါဘူး၊ တခြားလူတစ်ယောက်ပါ .... "

"ဘယ်သူလဲ .... "

မုယုံချူးထိက သက်ပြင်းချလိုက်သည်။ သူမသည် ပြေကျနေသည့် ဆံပင်များကို ပြန်လည်ထုံးနှောင်လိုက်ပြီး ....

"ရှင် မမေ့သေးဘူးလို့ ထင်ပါတယ် .... ကျွန်မတို့မှာ သားတစ်ယောက် ရှိခဲ့တယ်လေ .... "

သူမသည် ယခင်ကဆိုလျှင် ဤစကားကို နာနာကြည်းကြည်း ပြောခဲ့မိမည်မှာ သေချာသည်။ သို့ရာတွင် ယနေ့တွင်တော့ သူမ မပြောတော့ပါ။ နာကြည်းရမည့် စကားများထက် ငြိမ်းချမ်းရေးစကားကိုသာ သူ ပြောချင်ပါသည်။ အေးချမ်းသာယာခဲ့သည့် တစ်ညတာကို နောက်တစ်နေ့အထိ ဆက်လက်အေးချမ်းသာယာစေချင်နေပါသည်။

"ကျွန်မတို့ သားလေးဟာ အရွယ်လည်း ရောက်နေပါပြီ"

မုယုံချူးထိက စကားလုံးကို သတိထား၍ ပြော၏။ ကျွန်မတို့ဟူသော စကားလုံးကို လေးလေးနက်နက်ပြော၏။ သူတို့နှစ်ဦးမှ ပေါက်ဖွားလာသည့် သားငယ်သည် အမိအဖတို့အတွက် ငြိမ်းချမ်းရေး တမန် ဖြစ်စေချင်သည်မှာ သူမ၏ဆန္ဒအမှန်ပင် ဖြစ်ပါလေ၏။

ဤကိစ္စကို ရှန့်ရှောင်ဖုန်း အဘယ်မှာလျှင် မေ့ပစ်နိုင်ပါ

မည်နည်း။ ရှောင်တီသည် သူ့သားဖြစ်သည်ကို သူသိသည်နှင့် သူ့ဘဝသည် ထူးထူးခြားခြား ပြောင်းလဲသွားခဲ့ရသည် မဟုတ်ပါလား။ ဤကိစ္စကို ရှန့်ရှောင်ဖုန်း ကောင်းစွာ မှတ်မိပါသည်။

ထို့နောက် ဤကိစ္စမှာ မေ့ပစ်သင့်သော ကိစ္စလည်း မဟုတ်ပါ။ ပထမတစ်ကြိမ် သူ မေ့ပစ်ခဲ့ပြီး၍ ရှောင်တီ၏ ရင်ထဲ၌ ဆူးကြီးတစ်ချောင်း ဝင်သကဲ့သို့ ခံစားနေရပြီမဟုတ်ပါလား။ သူသည် 'သား'ဟူသည့် စကားကို ကြားသည်နှင့် စနက်ထမတတ် ဖြစ်လေ၏။

"သူ .... သူ .... ဒီကို လာမယ် ဟုတ်လား"

မုယုံချူးထိက ခေါင်းညိတ်၏။

"သူ့ကို ကျွန်မ ခေါ်လာတာပါ .... "

"အခု သူ ဘယ်မှာလဲ .... "

"ရှင် ဒီမှာရှိကြောင်း သူ မသိသေးပါဘူး .... "

သူသည် ရှောင်တီကို သမားတော်ကိုးယောက်နှင့်အတူ ထားပစ်ခဲ့၏။ သူ သုံးရက်သာ အသက်ရှင်တော့မည်။ ထို့ကြောင့် မျှော်သလိုသာ နေတော့မည်ဟူသော သဘောဖြင့် အငယ်ဆုံးသမားတော် ကျန်ချွမ်ရှယ်ကို ခေါ်ထွက်လာခဲ့သည်။

ထို ကျန်ချွမ်ရှယ်သည် မမျှော်လင့်စွာ ထင်ကျွမ်း၏ သစ္စာခံဖြစ်နေပြီး သူ့အသက်ကို ကယ်တင်နိုင်မည့်သူကိုလည်း ဖုံးတစ်ဝက် ဖော်တစ်ဝက် ထုတ်ဖော်ပြောဆိုသွားသည်။ ယခုတော့ တကယ်သေရမည့်သူက မသေဘဲ လောက၌ အသက်ရှည်ရှည် နေထိုင်ရဦးမည်ဟု ထင်ထားသောလူက အရင်သေသွားခဲ့လေပြီ။

သူ ဘယ်စခန်းရောက်၍ ဘယ်စခန်းပေါက်သည်ကို မည်သူမျှ မသိနိုင်ပါ။ ရှောင်တီလည်း မသိနိုင်ပါ။



သို့သော် မုယုံချူးထိကတော့ သိနေခဲ့ပါသည်။ သူ့ကို ကောင်းစွာ ခြေရာခံလိုက်နိုင်ခဲ့ပါသည်။ ဤမိန်းမသည် ရှဟိုမျိုးရိုးမှ ခြေရာကောက် အတတ်ကိုများ တတ်နေခဲ့လေသလောဟု ရှန့်ရှောင်ဖုန်းသည် ရှည်လျားစွာ စဉ်းစားမိလေ၏။

မုယုံချူးထိက ဆက်ပြောသည်။

"ရှင့်စိတ်ထဲမှာ သူက ရှင့်ကို ရှာနေဦးမယ်လို့များ ထင်နေသေးသလား .... "

"ငါ ဘယ်လိုမှ မထင်တတ်ပါဘူး .... "

ရှောင်တီက သူ့အပေါ် အကောင်းမြင်လိမ့်မည်ဟု ထင်လျှင် သူ မတရားရာ ကျပါလိမ့်မည်။ သူက သူ့အပြစ်များကို သေသေချာချာ မတွေးရသေးမီ မုယုံချူးထိက ဆက်ပြောလေတော့၏။

"ရှင့်ကို သူ ဘယ်လောက် မုန်းတယ်ဆိုတာ ရှင် သိရဲ့လား"

"ငါ့ကို သူ ဆေးကုသဖို့တော့ ကြိုးစားပါသေးတယ် .... "

"ဟင်း .... ဒါက ရှင်နဲ့ ပက်ပင်းတွေ့နေတဲ့ ကိစ္စကို ချက်ချင်းလက်ငင်း ကိုယ့်ရှေ့ လူတစ်ယောက်သေမယ့်ကိစ္စမျိုးမှာ သူက ရှင့်ကို ဒီအတိုင်း ပစ်ထားလို့ တော်ပါ့မလား .... လူ့အသိုင်းအဝိုင်းထဲမှာနေရင် လူ့တာဝန် လူ့ကိစ္စတော့ သိရသေးတယ်ရှင့် .... "

ရှန့်ရှောင်ဖုန်း ရေငုံ့နှုတ်ပိတ် နေလိုက်ပါသည်။

မုယုံချူးထိက ....

"ရှင်ဟာ .... သူ့ကို သားအရင်းတစ်ယောက်အဖြစ် အသိအမှတ် ပြုခဲ့ရဲ့လား .... "

"ရှင်ဟာ သူ့အပေါ်မှာ ဖခင်တစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေ ကျေပွန်ခဲ့ရဲ့လား .... "

"ရှင်ဟာ သူ့ဖခင်ဖြစ်ကြောင်း လူပုံအလယ်မှာ ထုတ်ဖော်ပြောကြားရဲ့လား ...."

သူမ၏အသံသည် တဖြည်းဖြည်း ဓားချွန်နှင့် တူလာ၏။ နားထဲ၌ ကြားနေရသော အသံမှာလည်း ဓားချွန်နှင့် ထိုးသကဲ့သို့ ခံစားလာရ၏။ သူတစ်ကိုယ်လုံး အေးစိမ့်လာပြီး ဖျားချင်နာချင်သလို ဖြစ်လာတော့သည်။

သူမက စူးစူးဝါးဝါး ဆက်ပြောပြန်၏။

"ရှင်သာ ယှန်ဆယ်စန်းကို နိုင်အောင်ယှဉ်ပြိုင်ပါ .... ရှင် နိုင်ရင် သူ့ကို ရှင့်ဆီကို ခေါ်လာခဲ့မယ်၊ ရှင်ဟာ သူ့ဖခင်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ပြောပြလိုက်မယ် ...."

သူမ၏အသံသည် ရုတ်တရက် တိတ်သွားပြီး သူမ၏ မျက်လုံးများထဲ၌လည်း ကြေကွဲဝမ်းနည်းသော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

"ရှင် ဘာမှမသိဘူး .... ယောကျ်ားလေးတစ်ယောက်ဟာ သူ့ဖခင် မည်သူမည်ဝါလို့ မသိရရင် သူ ဘယ်လို ခံစားရမလဲ၊ သူ့ဘဝကို ဘယ်လိုလျှောက်လှမ်းမလဲ .... သူဟာ တစ်သက်လုံး စိတ်ဒုက္ခခံစားနေရမှာပါ .... သူ့မိခင်ဟာလည်း ဒီလိုပဲ စိတ်ဆင်းရဲနေရမှာပါ"

"မင်းက ငါ့ကိုချည်း အပြစ်တင်နေတယ် .... မင်းကကော မင်းဟာ သူ့အမေလို့ ဖွင့်ပြောခဲ့လို့လား ...."

ထိုအခါ မုယုံချူးထိက နာကြည်းစွာ ရယ်မောတော့သည်။

"ဟင်း .... ဟင်း .... ဟင်း .... ဘာလဲ၊ ကျွန်မက ပောဒီမှာ လင်ကောင်မပေါ်ဘဲနဲ့ သားတစ်ယောက် မွေးပြပါတော့မယ်လို့



ကြေညာမောင်းခတ်လိုက်ရမှာလား .... ရှင် ညဏ်ကောင်းတယ်ဆိုရင် ဒါတွေကို ရှင် စဉ်းစားပြီးမှ ကိုယ်ချင်းစာပြီးမှ ပြောဖို့သင့်ပါကယ်"

မုယုံချူးထိပြောသော စကားများမှာ အလွန်မှန်သည်။ ရှန့်ရှောင်ဖုန်းသည် ဝိတုန်းတစ်ကောင်ကဲ့သို့ ဝတ်ရည်သောက်သုံးပြီး ထွက်ခွာသွားခဲ့သူဖြစ်သည်။ ကျန်ရစ်သော မိန်းကလေးက ပတ်ဝန်းကျင်အား အရှက်မဲ့စွာ ရင်ဆိုင်ရမည်ဆိုသည်မှာ မကြားဝံ့ မနာသာစကားပင် ဖြစ်သည်။ ကိုယ်ချင်းစာတရား မရှိသော စကားပင် ဖြစ်၏။

မုယုံချူးထိ၏ ဒေါသများသည် ရုတ်တရက် ပြေငြိမ်းသွားပြီး တိုးညင်းစွာ ဆက်ပြောသည်။

"အခု .... ကျွန်မဟာ အသက်အရွယ်လည်း အတော်ရလာပါပြီ၊ ကျွန်မ လိုချင်တဲ့ ဆန္ဒအတော်များများလည်း ပြည့်စုံသလောက်ဖြစ်နေပြီ ဆိုလည်းဆိုနိုင်ပါတယ် .... ကျွန်မအတွက် အခုအချိန်မှာ အမိက လိုအပ်နေတဲ့ အရာကတော့ သားတစ်ယောက်ပါ .... တရားဝင် ပေါ်ပေါ်ထင်ထင် ကြေညာနိုင်တဲ့ သားတစ်ယောက်ပါရှင် ...."

ရှန့်ရှောင်ဖုန်းမှာ နှုတ်ဆိတ်နေသည်။ မုယုံချူးထိ အဘယ်ကြောင့် သူ့ကို ဤစကားများ ပြောနေကြရသည်ကို ရှန့်ရှောင်ဖုန်း နားလည်ပါသည်။ သားတစ်ယောက်ကို တစ်ဦးတည်း မွေး၍မရပါ။ မိဘနှစ်ပါးမှသာ မွေးဖွားနိုင်ပါ၏။

ဖခင်ဖြစ်သူက သူ ဖခင်ဖြစ်ကြောင်း၊ အဖြစ်အပျက်မှန်များကို ပြောမပြဘဲနှင့် သားဖြစ်သူက မိခင်၏စကားကို ကျေနပ်မည်မဟုတ်ပါ။ ထို့ပြင် ရှောင်တီသည် အခြေအနေ ဖြစ်ရပ်များကို လုံးဝ နားမလည်သော ကလေးငယ်တစ်ဦးလည်း မဟုတ်ပါ။ သူ့အဖေမည်သူ သူ့အမေမည်သူဆိုသည်ကို သူ သိပြီးဖြစ်နေပါသည်။ သူ့အား တရားမဝင် မွေး

မြားထားရသည့်အတွက် မည်သည့်ခွေမျိုးကမှ သူ့အား လူရာမသွင်း ကြသည်ကိုလည်း သိရှိနေပါသည်။

ရှန့်ရှောင်ဖုန်းက ခြောက်ကပ်စွာ ပြောသည်။

"အစ္ …. မင်းနဲ့ငါတို့ ဖြစ်ရပ်အားလုံးကို ရှင်းပြမယ်လို့ မင်း ဆုံးဖြတ်ထားတယ်ပေါ့ ဟုတ်လား …. "

မုယုံချူးထိက တဟင်းဟင်းရယ်လိုက်ပြီး ….

"ဟုတ်တယ် …. ဖြစ်ရပ်အားလုံးကို ပြောပြမယ်၊ ရှင်ဟာ ကျွန်မနဲ့ သူ့အပေါ် ဘယ်လိုရက်စက်ခဲ့တယ်ဆိုတာလည်း ပြည့်ပြည့်စုံစုံ ပြောပြမယ် …. သူ ခံစားရသလို ကျွန်မလည်း ဘယ်လောက်ခံစားခဲ့ ရတယ်ဆိုတာကို ပြောပြမယ်၊ ရှင်ကတော့ ပန်းလိပ်ပြာတစ်ကောင်လို လွတ်လွတ်လပ်လပ် ပျံ့ဝဲလို့ပေါ့လေ …. "

"အဲဒီလို ဆုံးဖြတ်ပြီးမှတော့ အခုပဲ ပြောလိုက်တော့ပါလား ဘာဖြစ်လို့ ယန်ဆယ်စန်းနဲ့ ငါ တိုက်ခိုက်ပြီးတဲ့အထိ စောင့်နေဦးမှာ လဲ …. ပြောသာ ပြောလိုက်ပါ …. "

"ဘာလဲ …. ရှင်က ရှင်နိုင်မယ်ထင်နေလို့လား …. "

"ငါဟာ ဘယ်တုန်းကမှ မရှုံးခဲ့ဖူးပါဘူး …. "

"ခစ် …. ခစ် …. ခစ် …. ယန်ဆယ်စန်းကို ရှင်က ဘယ်လို လူမျိုး ထင်လို့လဲ၊ ရှင့်ဓားကွက် တစ်ကွက်ပြတာနဲ့ ဘယ်နေရာမှာ ဟာကွက်ရှိတယ်ဆိုတာ သိတဲ့လူမျိုးရှင့် …. "

"မင်း …. ငါ့ဓားကွက်တွေကို ထုတ်ပြတဲ့သတင်းလည်း ငါ ကြားပြီးပါပြီ …. "

"ဒါပေမယ့် သူဟာ တွေ့ဝေသွားတယ်ရှင် …. "

သည်တစ်ကြိမ် တွေဝေသူက ရှန့်ရှောင်ဖုန်း ဖြစ်သွားပါသည်။



သူ့ဓားကွက်များကိုမြင်လျှင် ထိုသူ အားရဝမ်းသာ ဖြစ်သွားရပါမည်။ ဓားပညာ ထူးချွန်သူမှန်လျှင် သူ့ဓားကွက်ကိုလည်း မြင်ရပါမည်။ သိသာ ထင်ရှားလှသော ဟာကွက်လည်းမဟုတ်၊ ဓားပညာ ထူးချွန်မှသာ မြင် နိုင်မည့်အကွက်ကလေး ဖြစ်သည်။ ယခု ယန်ဆယ်စန်း တွေဝေသွား သည်တဲ့။

"သူ …. ပျော်ပျော်ရွှင်ရွှင် မဖြစ်ဘူးလား …. "

ရှန့်ရှောင်ဖုန်းက မေးလိုက်၏။

မုယုံချူးထိက ….

"သူဟာ အင်မတန် တည်ငြိမ်တယ် …. သူဟာ ကျွန်မကို လုံးဝလျှော့မတွက်ဘူး …. ရှင့်ဓားကွက်ကိုလည်း အသေအချာကြည့် တယ် …. နောက်ပြီး တွေဝေသွားတာပဲ …. "

"ဒီဟာကွက်ကို ဖျက်ဖို့ဖျက်ကွက် စဉ်းစားတာကော မဖြစ် နိုင်ဘူးလား …. "

"ဖြစ်နိုင်ပါတယ် …. "

"ဟင်း …. "

ဓားဘုရင်ကြီး ပထမဆုံးအကြိမ် သက်ပြင်းချမိလေ၏။

"ယန်ဆယ်စန်းကို ရှင် အရင်က တွေ့ခဲ့ဖူးတဲ့လူတွေနဲ့ တစ် တန်းစားတည်းထားပြီး မစဉ်းစားသင့်ဘူး …. ရှင်ဟာ ဓားဘုရင်ကြီး ဖြစ်နေပေမယ့် သူနဲ့ တွေ့ပြီးတဲ့အခါ ဓားဘုရင်ကြီး ဖြစ်ချင်မှ ဖြစ်တော့ မယ် …. "

"မင်းက ငါဟာ သူ့ဓားအောက်မှာ သေနိုင်တယ်လို့ ပြောနေ တာပေါ့လေ …. "

"ဒါပေါ့ …. ရှင်သာ သူ့ဓားအောက်မှာ သေခဲ့ရင် ကျွန်မတို့

အဖြစ်အပျက်တွေကို ကျွန်မသားဟာ ကျွန်မပါးစပ်က ပြောတာကို ဘယ်တော့မှ မကြားရစေတော့ဘူး။ သူ့မှာ ဒီလိုအဖေမျိုး ရှိခဲ့တယ်ဆိုတာ သူ မသိစေရတော့ဘူး .... တကယ်လို့ ကျွန်မက ပြောပြလိုက်ရင်လည်း သူ စိတ်ညစ်ရုံပဲ ရှိတော့မှာပေါ့။ စိတ်သိနိုက်သွားတော့မှာပေါ့။ သူ့ဘဝမှာ စိတ်ထိခိုက်စရာတွေ ခံစားနေရတာ များလှပါပြီ၊ တော်လောက်ပါပြီ .... ဒီလောက်ပဲ သူ ခံစားသင့်တော့တယ် .... သူ့ကို ထပ်မနှိပ်စက်သင့်တော့ပါဘူး .... "

သူမက စကားရပ်သွားသည်။

ထို့နောက် သူမက တင်းတင်းမာမာပင် ပြော၏။

"အမိက အချက်ကတော့ သောကဒုက္ခတွေ ခံစားခဲ့ရတဲ့ ကျွန်မတို့ရဲ့သားကို သူတစ်ပါးရဲ့ဓားအောက်မှာ ထပ်မသေစေချင်လို့ပဲ"

မုယုံချူးထိ၏ စကားများမှာ အလွန်သဘာဝကျလှပါသည်။ ရှန့်ရှောင်ဖုန်းသည် သူ့အပေါ် အဖေတစ်ယောက်အနေဖြင့် တာဝန်ကျေခဲ့သည်ဖြစ်စေ မကျေခဲ့သည်ဖြစ်စေ ဘုပစ်ပယ်၍ မရတော့ပါ။ အမှေအားသတ်သူကို ရင်ဆိုင်ရပါတော့မည်။ ပြန်လည်လက်စားချေရပါတော့မည်။

ဓားဘုရင်ကြီးတစ်ယောက်ကို အနိုင်ယူနိုင်သည့် ရန်သူသည် ဤကဲ့သို့ အတွေ့အကြုံ နုနယ်လှသည့် လူငယ်ဓားသမားတစ်ယောက်ကို အနိုင်မယူနိုင်ဘဲ ရှိပါမည်လော၊ ထိုရန်သူ၏ ဓား၌ သူတို့၏သားသည် အသက်ပျောက်သွားမည်မှာ သေချာလှပါတော့သည်။

ရှန့်ရှောင်ဖုန်း ခေါင်းငိုက်စိုက် ကျသွား၏။ သူသည် အတန်ကြာ တွေဝေနေသည်။

မုယုံချူးထိသည် ယခင် ယခင် ကာလများနှင့် အမူအရာ



ကွာခြားလှသော ရှန့်ရှောင်ဖုန်းကို ကြည့်ပြီး ပြုံးမိလေ၏။ သူမက ရှန့်ရှောင်ဖုန်း စိတ်ဓာတ်ကျအောင် တမင်ပြောနေခြင်းတော့ မဟုတ်ပါ။ ယန်ဆယ်စန်း ဘယ်လိုပုဂ္ဂိုလ်ဖြစ်သည်ဆိုသည်ကို သူမ ကောင်းစွာ သိခဲ့ပါသည်။

ယန်ဆယ်စန်း သိုင်းလောကမှ ဓာတ်မြုပ်သွားသည်မှာ အတော်ကြာပါပြီ။ ရှန့်ရှောင်ဖုန်းက သူ့ကိုယ်သူ ဓားဘုရင်ကြီးဟု ယူဆကာ မည်သည့်ဓားကွက်မျှ မထွင်ပါ။ လှေကျင့်မှုလည်း မရှိပါ။ ယန်ဆယ်စန်းက ဤသို့ နေပါမည်လား။ ရှန့်ရှောင်ဖုန်းက ဓားပါရမီရှင်ဖြစ်၏။ ယန်ဆယ်စန်းက ဓားပညာကို အရူးအမူး စွဲလမ်းသူဖြစ်၏။ ဓားနှင့် သူ့ဘဝသည် ခွဲခြား၍ ရကောင်းသူမဟုတ်။ ဤလိုလူမျိုးသည် ဓား၏လျှို့ဝှက်ချက်ကို တစ်နေ့ သိသွားမည်သာ ဖြစ်သည်။ ထိုအခါတွင် ပါရမီရှင်လည်း ယန်ဆယ်စန်းကို ခုခံနိုင်တော့မည် မဟုတ်ပေ။

မုယုံချူးထိက ....

"ဘာပဲဖြစ်ဖြစ် .... ရှင်ဟာ ရှင့်ရဲ့အစဉ်အလာကို အောင်မြင်စွာ ထိန်းသိမ်းနိုင်လိမ့်မယ်လို့ပဲ မျှော်လင့်ထားပါတယ်၊ ရှင်ဟာ ရှင့်ကိုယ်ရှင် ဘယ်လောက် ပိုင်နိုင်စိတ်ချတယ်ဆိုတာ ကျွန်မ ကောင်းကောင်းသိတာပေါ့ .... "

ရှန့်ရှောင်ဖုန်းက လေးပင်စွာ ခေါင်းကို ခါယမ်းပြီး ....

"ဒီတစ်ကြိမ်မှာတော့ ငါ .... ငါ .... ငါ့ကိုယ်ငါ ပိုင်ပိုင်နိုင်နိုင် စိတ်ချလက်ချ မရှိခဲ့ပါဘူး .... "

မုယုံချူးထိ လန့်သွားသည်။ ရှန့်ရှောင်ဖုန်း ကြောက်ချင်ကြောက်နေမည်။ သို့သော် စိတ်ထဲမှသာ ကြောက်မည်၊ အပြင်ဘက်မှာတော့ ထုတ်ဖော်ဝန်ခံမည် မဟုတ်ဟု ထင်နေသည်။

"ဘာ .... ရှင် .... ရှင် .... "

"ဟုတ်တယ် .... ငါ .... ငါ ကြောက်နေမိပါတယ် .... "

စားဘုရင်ကြီး၏ တိတိလင်းလင်း ဝန်ခံချက်ပင်တည်း။

## အခန်း (၁၄)

## ကြိုတင်တွက်ဆခြင်း

မုယုံချူးထိ အံ့ဩသွားသည်မှာ ပြောဖွယ်ရာ မရှိတော့ချေ။ ရှန့်ရှောင်ဖုန်းသည် စားပညာနှင့်ပတ်သက်၍ စကားများများပြောရလေ့ရှိသူ မဟုတ်ပေ။ အလွန်နှုတ်ငြိမ်သူ ဖြစ်သည်။

မုယုံချူးထိက ....

"ရှင် ရှင် ယန်ဆယ်စန်းရဲ့ မရဏစားဆယ့်သုံးကွက် စားသိုင်းကို မချေဖျက်နိုင်ဘူးလားဟင်"

"သူ့မရဏစားသိုင်း ဆယ့်သုံးကွက်က အကြောင်းမဟုတ်ပါဘူး .... "

"ဘာက အကြောင်းလဲ .... "

"ဆယ့်လေးကွက်မြောက် စားသိုင်းက အကြောင်းပါ။ ဝိညာဉ်လိပ်ပြာစားသိုင်းပါ။ စားသိုင်းဆယ့်သုံးကွက်ရဲ့ ဝိညာဉ်လိပ်ပြာလို့ခေါ်ရမှာပေါ့။ ဒီဝိညာဉ်လိပ်ပြာကိုချည်း သူတွေ့ထားရင်လည်း အကြောင်းမဟုတ်သေးပါဘူး။ သည့်ပြင်စားသိုင်းကွက်များ တွေ့နေလေမလား

အကြောင်းဖြစ်နေတယ် .... "

"ဩော် .... ရှင်က ဆယ့်လေးကွက်မြောက်စားသိုင်းကို တောင် တွေ့ထားတာပေါ့နော် .... "

"ဟုတ်တယ်၊ ငါတွေ့ထားပါတယ်"

"သူကော"

"ငါတောင် တွေ့နေမှတော့ ကာယက်ရှင်က ဘယ်မှာမတွေ့ ဘဲနေမှာလဲ၊ သူ မုချတွေ့မှာပါ"

"ကျွန်မ နားလည်ပြီ၊ သူ ဒီဆယ့်လေးကွက်မြောက် စားကွက် နဲ့တော့ ရှင့်ကို နိုင်နိုင်ဦးမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က ဒီစားကွက်ကို တွေ့ထားပြီကိုး၊ ဒါနဲ့ရှင့်ကို အပိုင်ချလို့ မရဘူးဆိုတာ ကျွန်မသိပါတယ် .... "

ယန်ဆယ်စန်းသည် ချက်ဆို နားခွက်က မီးတောက်သော လူမျိုးဖြစ်သကဲ့သို့ ရှန့်ရှောင်ဖုန်းသည်လည်း သူ့လိုလူမျိုးပင်ဖြစ်သည်။

သိုင်းကွက်ကို သူတွေ့ပြီးဖြစ်၍ ချေဖျက်နိုင်စရာအကြောင်းရှိ သည်။ ယန်ဆယ်စန်းလိုလူမျိုးက ထိုသိုင်းကွက်နှင့်ရပ်နေပါမည်လား၊ အခြားစားသိုင်းတစ်မျိုးကို မတီထွင်ဘဲနေပါမည်လား၊ ထိုတီထွင်ထား သော စားကွက်ရှိနေလျှင် သူမည်သို့ ကာကွယ်တားဆီးနိုင်မည်နည်း။

ရှန့်ရှောင်ဖုန်းသည် ထန်နိုင်ချန်းနှင့် တိုက်ခိုက်ခဲ့သည့်အဖြစ် ကို ပြန်လည်စဉ်းစားနေသည်။ မရဏစားသိုင်း ဆယ့်သုံးကွက်သည် ဒုကြောက်စရာကောင်းသော်လည်း သူ ကာကွယ်နိုင်ခဲ့သည်။ ထန်နိုင် ချန်း၌ ဆယ့်လေးကွက်မြောက် စားကွက်ရှိမနေသဖြင့် သူ့အား ရှုံးနိမ့် သွားခဲ့သည်။ သူသည် လျှပ်စီးလက်သကဲ့သို့ မြန်ဆန်လှသော ယန် ဆယ်စန်း၏ စားသိုင်းဆယ့်သုံးကွက်ကို အပြန်ပြန်အလှန်လှန် စဉ်းစား



ပြီး ထန်နိုင်ချန်းအား ဆယ့်လေးကွက်မြောက် စားသိုင်းကိုကစားပြ လိုက်သည်။ ကစားပြခဲ့သည့် စားသိုင်းဆယ့်သုံးကွက်၏ ဝိညာဉ်လိပ် ပြာကို သူ တွေ့ရှိခဲ့ပြီဖြစ်၍ ယန်ဆယ်စန်းက သူ့အား ထိုအကွက်ဖြင့် တိုက်မည်ကို သူ မကြောက်တော့ပေ။

သို့သော် အလွန်တရာ ကျစ်လျစ်သိပ်သည်းလှသော ထိုဆယ့် လေးကွက်မြောက် စားသိုင်း၏ ဖျက်ကွက်ကို သူ မစဉ်းစားခဲ့ရသေးပါ။

ယခုအချိန်ကျမှ စဉ်းစားရပါမည်။ သူသည် မျက်စိမှိတ်ရင်း စားဖျက်ကွက်များကို စဉ်းစားဖော်ထုတ်နေပါသည်။

အံ့မခန်း ထူးချွန်သော ဉာဏ်ရည်ကြောင့်သာ ထိုသိုင်းကွက် များ အစီအရီ ပြန်ပေါ်လာခြင်း ဖြစ်ပါသည်။ ဤသို့ပြန်လည်တွေးတော နိုင်သောအာရုံမျိုး ရရှိရန်မှာ မလွယ်ကူပါ။ စားပညာထဲသို့ စိတ်ရော ကိုယ်ပါ မြှုပ်နှံနိုင်သူများသာ ထိုအာရုံမျိုး ရနိုင်ပါသည်။ တစ်ပြိုင်နက် ဖျက်ကွက်ကို ပြန်စဉ်းစားခြင်းဖြစ်ရာ တော်ရုံတန်ရုံ စားသမားများ သည် ဤသို့ ပြုလုပ်နိုင်စွမ်းရှိမည် မဟုတ်ပါပေ။

ရှန့်ရှောင်ဖုန်း၏ မျက်နှာပေါ်မှ ပြောင်းလဲနေသော အမူအရာ ကိုကြည့်ပြီး မုယုံချူးထိက ဝမ်းသာအားရ ပြောလိုက်၏။

"ရှင် ယန်ဆယ်စန်းရဲ့ နိုင်ကွက် တွေ့သွားပြီ မဟုတ်လား"

"အင်း .... တွေ့တော့ တွေ့ပါရဲ့၊ ဒါပေမယ့်"

"ဘာ ဒါပေမယ့်လည်း ဘာများကြောက်စရာ ကျန်နေသေး လို့လဲ .... "

"တွေ့တယ်ဆိုတာက ဆယ့်လေးကွက်မြောက် ဝိညာဉ်လိပ် ပြာကို ဖျက်နိုင်တဲ့ စားသိုင်းပါ"

"ဒါဆိုရင် ပြီးတာပဲရှင်၊ ဒီစားသိုင်းဆယ့်သုံးကွက်ဟာ ယန်

ဆယ်စန်းရဲ့ လက်စွဲစားသိုင်းပဲဥစ္စာ .... "

"မင်း မသိပါဘူး"

"ဘာဖြစ်လို့ မသိရမှာလဲ၊ ကျွန်မက အရိုင်းမဟုတ်ပါဘူး၊ ထိပ်သီးသိုင်းသမားဆိုတာတွေကို ကျွန်မက မျက်စိထဲထည့်ထားတာ မဟုတ်ဘူးရှင့် .... ဓားပညာနဲ့ပတ်သက်ရင် နလပိန်းတုံးမဟုတ်ပါဘူး"

"ဘယ်ပညာမဆို ဆုံးတယ်၊ ကုန်တယ်ဆိုတာ မရှိဘူး၊ ဒီဆယ့်လေးကွက်မြောက်ဓားသိုင်းဟာ မရဏဓားသိုင်းရဲ့အဆုံးလို့ မင်း ဘယ့်နယ်ပြောနိုင်မှာလဲ၊ မင်းဟာ အနာဂတ်ကို ထိုးထွင်းမမြင်နိုင်ပါဘူး၊ ဒီဓားသိုင်းရဲ့အဆုံးကို မင်း ဘယ်လိုသိမြင်နိုင်မှာလဲ .... "

ရှန့်ရှောင်ဖုန်း၏အမူအရာနှင့် စကားသံမှာ လေးနက်လှသဖြင့် မုယုံ ကျူးထိပင် ထိတ်လန့်ချောက်ချားသွားသည်။

"ဆယ့်လေးကွက်မြောက်ဓားသိုင်းဟာ ပထမဓားသိုင်းဆယ့်သုံးကွက်ရဲ့ ဝိညာဉ်လိပ်ပြာလို့ ရှင်ပဲပြောခဲ့တာပဲ .... "

"ဒါက ငါ့အထင်ပြောတာပါ။ တကယ်တော့ ဆယ့်လေးကွက်မြောက်ဓားသိုင်းဟာ ဝိညာဉ်လိပ်ပြာဖြစ်ချင်မှ ဖြစ်မှာပေါ့။ ငါ၏စိတ်တွင် ထင်၏မလွဲ ဟုတ်တည်းကောန်လို့ သတ်သတ်မှတ်သင့်မှာလည်း ကိုယ့်အထင်ဟာ အမြဲတမ်း မမှန်နိုင်ပါဘူး .... "

"ဒါဖြင့် သူ့ဓားသိုင်းရဲ့ဝိညာဉ်ဟာ ဘယ်မှာရှိမှာလဲ"

"အဲဒီအချက်ကို ယန်ဆယ်စန်းရဲ့ဝိညာဉ်က ပူးကပ်ရှာဖွေမှာပဲ၊ ငါကတော့ ဘယ်သိနိုင်မှာလဲ"

"ရှင်ပဲ ဆယ့်လေးကွက်မြောက် ဓားသိုင်းကို သိနေတယ်လို့ ဝန်ခံခဲ့ပြီးပြီပဲဥစ္စာ .... "

"မရဏဓားသိုင်း ဆယ့်သုံးကွက်ဟာ သူတစ်သက်ပတ်လုံး



တီထွင်ကြိုးစားလာတဲ့ပညာပါ၊ ဒီဓားသိုင်းအားလုံးကို ငါဟာ သူ့လို အလွတ်မရနိုင်ပါဘူး။ ကွက်ပြောင်းတွေဟာ အင်မတန်မြန်ဆန်ပြီး သိမ်မွေ့နူးညံ့လာတယ်၊ ဓားသိုင်းပညာရှင်ကြီးလို့ လူအများက ငါ့ကိုသတ်မှတ်သော်လည်း အရေးကြီးတဲ့ဓားကွက် တချို့ကလွဲလို့ တခြားဘာကိုမှ မမှတ်မိပါဘူး .... "

"ကျွန်မ မေးမယ်၊ ယန်ဆယ်စန်းရဲ့ ဓားကွက်တွေဟာ ဆယ့်လေးကွက်နဲ့တင်မရပ်ဘဲ ဆယ့်ငါးကွက်အထိ ရှိနေတယ်လို့ ရှင် ထင်နေသလား .... "

"ရှိနိုင်တယ်လို့ ငါထင်တယ်၊ တကယ်လို့ သူသာ အမြင်သိပ်သန့်သူဖြစ်ရင် ဆယ့်ခြောက်ကွက်၊ ဆယ့်ခုနစ်ကွက် သိုင်းကွက်တွေကိုပါ တွေ့ကောင်းတွေ့သွားမယ် .... နောက်ဆုံး ဓားပညာသဘောကို အစ အလယ် အဆုံး ထိုးထွင်းသိမြင်ကောင်း သိမြင်သွားနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မရဏဓားသိုင်း ဆယ့်သုံးကွက်ဟာ အလွန့်အလွန် သိပ်သည်းကျစ်လျစ်တဲ့ ဓားသိုင်းကွက်တွေ ဖြစ်နေလို့ပါပဲ"

"ရှင့်ဓားသိုင်းပညာကရော မသိပ်သည်း မကျစ်လျစ်ဘူးလား၊ နောက်ပြီး သူ့မရဏဓားသိုင်း ဆယ့်သုံးကွက်ထက် မသာလွန်ဘူးလား၊ သူကရော .... ရှင့်ကို ဘယ်လိုသတ်မှတ်ယူဆထားမလဲ၊ ရှင့်ကို ဓားကဝေကြီးတစ်ယောက်အဖြစ် သတ်မှတ်မထားနိုင်ဘူးလား .... "

မုယုံချူးထိ၏ မေးခွန်းများမှာ မေးသင့် မေးထိုက်သော မေးခွန်းများ ဖြစ်ပါသည်။

"ငါ့ဓားသိုင်းမှာ ဟာကွက်မရှိပါဘူး .... ဟာကွက်မရှိဘူးလို့ဘဲ ငါ ထင်ထားပါတယ် .... "

ရှိနေသော ဟာကွက်မှာ ဟာကွက်အစစ်မဟုတ်၊ ထောင်

ချောက်ဆင်ထားသော ဟာကွက်သာဖြစ်ကြောင်း ယန်ဆယ်စန်းက သိထားခဲ့ပြီးပြီ။ ရှန့်ရှောင်ဖုန်းကတော့ ကာယကံရှင်ဖြစ်၍ သူ့ဓားကွက်အကြောင်း သူ သိထားပြီးပြီ။

"အဲဒါကတော့ ငါ့အထင်ပါ။ ဥပမာအားဖြင့် .... ငါ ငါးနှစ်သားအရွယ်မှာ သိရတာတွေကို ငါအားလုံးသိပြီလို့ ထင်ထားတာတွေဟာ ဆယ်နှစ်သားအရွယ်ကျတော့ မှားမှန်းသိလာရတယ် .... ဒီလိုပဲ ဆယ့်ငါးနှစ်သားအရွယ်ကျတော့ ဆယ်နှစ်သားအရွယ်က ထင်ထားတာတွေ မှားမှန်းသိတယ်၊ နှစ်တွေကြီးရင့်လာလေလေ ငါသိလာတာတွေ များလေလေ ဖြစ်လာတယ်၊ ငါဆိုလိုတာက ငါ့အခြေအနေအရ ငါ့ဓားသိုင်းမှာ ဟာကွက်မရှိဘူးလို့ ထင်ထားပေမယ့် သည့်ထက် ပိုမောက်လာတဲ့ အခြေအနေမှာ ငါ့ဓားသိုင်းမှာ ဟာကွက်တွေ့ကောင်းတွေ့လာနိုင်တယ် .... ယန်ဆယ်စန်းက ငါ့ဓားသိုင်းအခြေအနေကို ထွင်းဖောက်မသိမြင်နိုင်ဘူးလို့ မင်း တပ်အပ်သေချာ ပြောနိုင်မှာလား .... "

"ကျွန်မ သဘောပေါက်ပါပြီ .... သူ့ဓားသိုင်းရဲ့ ဆယ်ငါးကွက်မြောက် ဓားသိုင်းဆိုတာကရော .... "

ရှန့်ရှောင်ဖုန်း ငိုင်သွား၏။ သူသည် မုယုံချူးထိအား မည်သို့ ရှင်းပြနိုင်မည်ကို စဉ်းစားနေခြင်းသာ ဖြစ်သည်။

အတန်ကြာမှ သူသည် ဥပမာတစ်ခုကို စဉ်းစားမိသည်။

"ငါ စဉ်းစားလို့ရပါပြီ .... မင်း ပန်းပင်တစ်ပင်ကိုတော့ တွေ့ဖူးမှာပါ .... "

"တစ်ပင်မကဘူး အများကြီး တွေ့ဖူးပါတယ် .... "

"သူတို့ဟာ ပန်းတစ်ပွင့် ပွင့်ပြီးတာနဲ့ သေရောလား .... "

"များသောအားဖြင့် တစ်ပွင့်မက ပွင့်ကြပါတယ် .... တချို့ဆိုရင် နှစ်ရှည်လများ ပွင့်ကြတာပဲ .... "



"တစ်ပွင့် ပွင့်ပြီးရင် နောက်တစ်ပွင့် ပွင့်တာပဲ .... ပန်းပင်ချင်း မတူကြဘူး။ တချို့ပန်းပင်ဟာ ဆယ့်သုံးပွင့်ပဲ ပွင့်တယ်ဆိုပါတော့၊ တချို့အပင်ဟာ အပွင့်နှစ်ဆယ်ထိ ပွင့်တတ်ကြတယ် .... မရဏဓားသိုင်းဟာ ဆယ့်သုံးပွင့်ပဲ ပွင့်တယ်လို့ ထင်ရပေမယ့် တစ်ပွင့်တိုးပြီး ဆယ့်လေးပွင့် ပွင့်ခဲ့ပြီး .... နောက် ဆယ့်ငါးပွင့်မြောက် ပွင့်ချင်ပွင့်ဦးမယ်၊ ဆယ့်ခုနစ်ပွင့် ဆယ့်ရှစ်ပွင့် ပွင့်ချင်လည်းပွင့်မယ် .... ပွင့်ပြီးရင် ဒီပန်းပင်ရဲ့ သက်တမ်းဟာ ပြီးဆုံးသွားပြီပေါ့၊ မရဏဓားသိုင်းရဲ့ 'သိုင်းစွမ်းအား' ကုန်သွားပြီပေါ့ .... "

မုယုံချူးထိက ....

"နောက်ကျပြီးမှရတဲ့ သားသမီးဟာ ကြိုက်တတ်သာတဲ့ .... နောက်ကျမှပွင့်တဲ့ အပွင့်ဟာလည်း ကြိုက်မှာပဲ၊ ဆယ့်ငါးကွက်မြောက် ဓားကွက်ဟာ အစွမ်းထက်ဆုံးဓားကွက် ဖြစ်ပါ့မလား .... "

"ကြိုက်တဲ့အပွင့်ဖြစ်ပေမယ့် အဆင်းရန့်ကတော့ ပြည့်စုံတယ်၊ ငြိမ်းခါနီး ဆီမီးဟာ အစွမ်းကုန် တောက်ပသလိုပေါ့ .... သူ့ရဲ့ ဆယ့်ငါးကွက်မြောက် ဓားသိုင်းကို ဘယ်လိုနည်းနဲ့မှ အထင်သေးလို့ မရနိုင်ပါဘူး .... "

မုယုံချူးထိ ဘာမှ မပြောနိုင်ပေ။ ရှန့်ရှောင်ဖုန်း၏ ဥပမာစကားကို စဉ်းစားနေသည်။ ရှန့်ရှောင်ဖုန်း ပြောသည့်စကားအတိုင်းသာ ဖြစ်လာလျှင် ဓားဘုရင်အသစ် ပေါ်ထွန်းလာဦးမည့်သဘောပဲဟု တွေးနေသည်။ ရှန့်ရှောင်ဖုန်းအတွက် သူမ အမှန်တကယ် ဝမ်းနည်းမိပါသည်။

ရှန့်ရှောင်ဖုန်းက ....

"ငါ သူ့ကို ကြောက်ပေမယ့် ထူးခြားတဲ့ သိုင်းကွက်ကြောင့် ငါ သေရမယ်ဆိုရင် ငါ သေရဲပါတယ် .... သူ့ဓားချက်နဲ့ သေရဲပါတယ်၊ ဒီအခါမှာ ယန်ဆယ်စန်းကို ဘယ်သူမှ ယှဉ်နိုင်တော့မှာလဲ မဟုတ်ဘူး၊ ငါလိုလူမျိုးကတောင် သူ့ကိုမနိုင်ရင် ဘယ်လိုလူမျိုးကမှ သူ့ကို မနိုင်နိုင်တော့ပါဘူး .... သူဟာ ဓားဧကရာဇ်ကြီး ဖြစ်သွားပါပြီ .... "

တကယ်တော့ ဓားပညာသည် အခြားအခြားသော ပညာများနှင့်လည်းကောင်း၊ အခြား အခြားသော ပညာများထက်လည်းကောင်း တန်းတူလျှို့ဝှက်နက်နဲခြင်း၊ ပို၍ လျှို့ဝှက်နက်နဲခြင်းများ ရှိပါသည်။ ထိုနက်နဲမှုကို ရှာဖွေရာ၌ ပေးဆပ်ရသော တန်ဖိုးမှာ အလွန့်အလွန် ကြီးမားပါသည်။ ထိုအရာများမှာ သွေးနှင့်အသက် ဖြစ်ပါ၏။

ဓားပညာရှင်တို့သည် ဓားပညာ၏ လျှို့ဝှက်နက်နဲခြင်းကို ရှာဖွေရာ၌ အချို့လည်း ဒေရသာရှိရှိ တွေ့ထိခံစားခဲ့ရပြီး အချို့ကား အသက်သွေးချွေးပေးကာ အသက်စတေးသွားကြရသည်။ ဓားပညာ၏ လျှို့ဝှက်နက်နဲမှုကို ရှာဖွေတွေ့ရှိသူဆို၍ တစ်ခေတ်တွင် တစ်ယောက် ပင်ရှိရန် ခက်ခဲလှသည်။ ဓားသမားတစ်ထောင်တွင် ထိုသို့ စွမ်းရည် တစ်ယောက် ပါဝင်ရန် လွန်စွာ ခဲယဉ်းလှပါသည်။

"ယန်ဆယ်စန်းဟာ ဆယ့်ငါးကွက်မြောက် ဓားသိုင်းကို တွေ့ပြီးပြီလို့ ရှင် ထင်နေသလားဟင် .... "

ရှန့်ရှောင်ဖုန်း မဖြေနိုင်ပါ။ သည်မေးခွန်းသည် သူမေးချင်သော မေးခွန်းဖြစ်ပါသည်။ ယန်ဆယ်စန်း ကိုယ်တိုင်မှလွဲ၍ မည်သူမျှလည်း ဖြေနိုင်မည်မဟုတ်ပါ။ ယန်ဆယ်စန်းကိုလည်း လွှော့တွက်၍ မရနိုင်သဖြင့် ရှန့်ရှောင်ဖုန်း ကြောက်စိတ်ဝင်မည်ဆိုသည်ကလည်း ဖြစ်နိုင်ပါသည်။



ရှန့်ရှောင်ဖုန်းသည် ထန်နိုင်ချန်းပြောသည့် စကားများကို ပြန်လည် ကြားယောင်လာ၏။

"သူဟာ ဆယ့်လေးကွက်မြောက်ဓားကွက်ကို သိပြီးသလိုလိုပါ။ ကျွန်တော့်ကို သင်မပေးတာကတော့ အဲဒီဓားကွက်ကိုကျွန်တော် တတ်မြောက်သွားရင် ခင်ဗျားကို လိုက်ရှာပြီး ပြိုင်မှာစိုးလို့ပဲနဲ့ တူပါတယ် .... "

ဆယ့်လေးကွက်မြောက် ဓားကွက်ကိုသိပြီးရင် ဆယ့်ငါးကွက်မြောက် ဓားကွက်နှင့် အလွန်နီးကပ်သွားပါပြီ။ မိမိက သားကိစ္စ၊ ထင်ကျွမ်းကိစ္စ သုံးရက်အတွင်း သေမည့်ကိစ္စများဖြင့် အလုပ်များနေစဉ် ကာလများအတွင်း ယန်ဆယ်စန်းအနေဖြင့် ထိုဆယ့်ငါးကွက်မြောက် ဓားကွက်ကို ခေါင်းအေးအေးထား ဖော်ထုတ်နေပါလိမ့်မည်။ သို့မဟုတ် အခြားဓားသိုင်းအသစ်တစ်ခုကို တီထွင်ကောင်း တီထွင်နေပါလိမ့်မည်။

မုယုံချူးထိသည် ရှန့်ရှောင်ဖုန်း စကားမပြောနိုင်ဘဲ အတွေးနက်နေသောအခါ အလွန့်အလွန် အရေးကြီးသည့် အစိတ်အပိုင်းသို့ ရောက်နေကြောင်း သူမ သိရှိသွားပါတော့သည်။ သူမ စကားရိပ်သမ်းခဲ့သည့်အတိုင်း သူချည်း အသာစီးရနိုင်သော အခြေအနေမဟုတ်၊ ယန်ဆယ်စန်း၏ ဓားအောက်၌ တကယ်တမ်း သေနိုင်ကြောင်း အသေအချာ သဘောပေါက်နားလည်သွားပါတော့သည်။

"ရှင် ရှုံးနိုင်တယ်ပေါ့နော် .... "

"ငါ ရှုံးနိုင်ပါတယ်၊ မင်းက ယန်ဆယ်စန်းအကြောင်း ငါ့ထက် ပိုသိနိုင်ခဲ့တာပဲ .... "

မုယုံချူးထိ ဘာမျှ မပြောနိုင်တော့ပါ။ ရှန့်ရှောင်ဖုန်း သေနိုင်

ပါသည်။ ရှန့်ရှောင်ဖုန်း သေသွားလျှင်တော့ သူမသည် ရှောင်တိအား ဘာမျှဖွင့်ပြောတော့မည် မဟုတ်ပါ။ ကံဆိုးသည့် သားငယ်အား ဖြစ်သလိုပင် ဘဝရေယာဉ်ကြော မျှောလိုက်ဖို့သာ ရှိပါတော့၏။

"ကျွန်မဘဝမှာ ပြည့်စုံခြင်း ဆိုတာတွေကို အရေအတွက်အများကြီးရခဲ့ပါတယ် .... မပြည့်စုံခြင်းကတော့ အတော်ကလေး နည်းပါးပါတယ် .... ဒါပေမယ့် ပြည့်စုံခြင်းဆိုတာက လက်သည်းခွံ အရွယ်လောက်ကလေးတွေ ဖြစ်နေပြီး မပြည့်စုံခြင်းဆိုတာကတော့ ရောမမှို့ပွင့်ကြီးတွေလောက် ဖြစ်နေခဲ့ပါတယ် ရှင့်ရယ် .... "

မုယုံချူးထိအတွက် သာယာအေးချမ်းသော သားနှင့် လင်နှင့် ဘဝထူထောင်ရန်ကိစ္စမှာ ဖြစ်နိုင်ရန် အတော်ကြီး ခက်ခဲသော အရာသာ ဖြစ်နေပါသည်။ သူ မျှော်လင့်ထားသည့်အရာရှေ့တွင် ဖျက်ဆီးမည့် အင်အားကြီးများက အဆင်သင့် စောင့်နေကြသည် မဟုတ်ပါလား။

တစဉ် (၇) ပြီး၏။

တစဉ် (၈) ကို ဆက်လက်ဖတ်ရှုပါရန်။

**တက္ကသိုလ်နေလင်းအောင်**